www.burmeseclassic.com

BURMESE CLASSIC

သျှင်
ဥက္ကာ

ရေးသော

# ပုဒ္ဓထကျော်

www.burmeseclassic.com

www.burmeseclassic.com

၁၉၆၃-၃၊ ဒီဇင်ဘာ
အုပ်ရေ-၃၀၀၀
*

ထုတ်ဝေသူ- ဦးမိုးဝင်း (မှတ်ပုံတင် အမှတ် ၉၃)
မြန်မာ့ဗျူဟာစာအုပ်တိုက်၊
၆၂-ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ပုံနှိပ်သူ- ဦးမိုးဝင်း (မှတ်ပုံတင် အမှတ် ၀၀၆)
မြန်မာ့ဗျူဟာစာပုံနှိပ်တိုက်၊
လုပ်သားတိုက်ပိုင်အုပ်ချုပ်ရေးကော်မီတီ
၆၂-ဗိုလ်ချုပ်လမ်း၊ ရန်ကုန်မြို့။

ဖြန့်ဝေသူ- ရွှေပြည်တန်စာပေတိုက်၊ (မှတ်ပုံတင် အမှတ်
၁၂-နှင်းဝန်းလမ်း၊ ရေကျော်-ရန်ကုန်မြို့။

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| စကားဦး | ၁ |
| အစနီးသွား | ၈၂ |
| **မှတ်စုမှတ်ကျောက်** | |
| နောက်ခံကားတချပ် | ၂၇ |
| နတ်ဘုရားဇာတ် | ၂၉ |
| အမှတ်အသား၊ လက္ခဏာတွေ | ၃၃ |
| မြွှေအစ | ၃၄ |
| ပြိုင်ကြဆိုင်ကြနဲ့ | ၄၅ |
| အဖျက်အသီးအမျိုးမျိုး | ၄၄ |
| ဘုရားခြေတော်ဆု | ၄၇ |
| လျှောက်ထားကြပြီ | ၅၁ |
| တဆင့်ကြား မယုံလေနဲ့ | ၅၄ |
| မိရိုးဖလာမို့လဲ မယုံနဲ့ | ၅၇ |
| ထဆင့်ကြားတဲ့ | ၀၀ |
| မနေ့ကထရားဆက် | ၉၆ |
| တွေးတောဆင်ခြင်မှု | ၁၁၃ |
| တိထေယာတို စစ်ဆေးကြည့်မှု | ၀၄၀ |
| အရင်းထဲပေယုံရ၊ အရင်းလဲပေယ်ရ | ၀၂၀ |
| အမှန်ထင်ယုံနဲ့ထဲ စွဲယူရ | ၁၃၁ |
| ဂုဏ်စွဲ၊ ပုဂ္ဂိုလ်စွဲသက်သက် | ၉၃၉ |
| ဗိုဓဘုန်းကြီးမှ ဆိုထဲ့အဖွဲ့ | ၀၃၉ |


www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **ဗုဒ္ဓ၏ထူးခြားပုံ** | |
| ၁၉။ | သ-နိုရာဝေကွ ကင်းခြင်း | ၁၆၉ |
| ၂၀။ | သဘာဝအမှန်သည် ဗုဒ္ဓအတွက်ဖြစ်ခြင်း | ၁၇၁ |
| ၂၁။ | ဗုဒ္ဓသည် သဘာဝ မှန်ကန်ရေးမဟုတ် | ၁၇၁ |
| ၂၂။ | အနုပါဒါနတရား ထင်ရှားခဲ့ပုံ | ၁၇၂ |
| ၂၃။ | ဗုဒ္ဓကပြန်ထည့် မပြကြားထဲသည့်တရား | ၁၇၂ |
| ၂၄။ | အနုပါဒါနမိန့်ခွန်း | ၁၇၃ |
| ၂၅။ | ယနေ့ဘိက္ခုတို့ စဉ်းစားရန် | ၁၇၄ |
| ၂၆။ | ဗုဒ္ဓစကားမှန်က ဥပါဒါန်လုံးဝမပါ | ၁၇၄ |
| ၂၇။ | ယနေ့ဝိနည်း | ၁၇၅ |
| ၂၈။ | ဗုဒ္ဓ၏ထူးခြားချက် | ၁၇၅ |
| ၂၉။ | ဗုဒ္ဓ၏မိန့်ကြားချက် | ၁၈၀ |
| ၃၀။ | ဗုဒ္ဓနှင့် လူ သဘာဝ | ၁၈၃ |
| ၃၁။ | ဗုဒ္ဓဝေဖျောင်း အထိမ်းအမှတ် | ၁၈၃ |
| ၃၂။ | ပြင်ခဲ့မှုတို့ အလိုခရှိတဲ့ဗုဒ္ဓ | ၁၈၄ |
| ၃၃။ | ရှင်ခြင်းထက် သေခြင်းကို မြင့်မြတ်သည်ဟု ယူဆကြသောဗုဒ္ဓ | ၁၈၅ |


# စကားဦး

ဤစာအုပ်ကို ရိုက်နှိပ်ခြင်းမပြုမီ အချိန် အတော်ကြာက ၌ ဆရာတော်အား အသျှင်ဥက္ကဋ္ဌသည် မအားမလပ်ပေ။

ရန်ကုန် နယ်နိမိတ် ထဲကျောက်မှာဝင် ဆရာတော်၏ တရားပွဲများ ကြားရတ်မရှိအောင် ဖထစ်ထိုထို ဖြစ်နေ၏။

ဆရာတော် အမြဲ သီတင်း သုံးရာ တောင်တွင်းကြီး နတ်ဗိုဏ်တောရထိုပြန်သည် မချဉ်းကပ်နိုင်သည်ဝင် အတော်ကြာလျှင်မြို့၊ ရန်ကုန်မှ ရှင်ကြွက်အာဘော်များများက တရားပွဲများ ချီးမြှင့်ရန် ပင့်မိတ်ထားကြရာ အစီအစဉ်များမှာ ဆက်တိုက်ကြီးထိုဖြစ်နေ၏။

ထိုအတွင်းနှတ်မြို့အရပ်ရပ်မှလည်း ဝင့်ကျောက်စာများ ရောက်ဝန်၏၊ အချို့မြို့များက လူကိုယ်တိုင် ထိုက်ထာပြီး ဆရာတော်ကို ကြွရောက် ဟောပြောရန် ဝင့်ကျောက်ကြပြန်သည်၊ အလွန်ဝေးသော ရှမ်းပြည်မြောက်ပိုင်း လာရှိုး မြို့မှဝင် ကျောက်ထားနေကြသဲဖြစ်၏။

တရားပွဲများ စီစဉ်ရေးအတွက် တော်ပိတ်ထရုတိုဝင် ဖွဲ့၍ ထွဲအပ်ထားရသည်အထိဆက်ခန်သည်၊ ထိုတော်မိထိထားသဆရာတော်

၏ တရားပွဲများကို ဦးဆောင်စီစဉ်လျက်ရှိ၏။ ရန်ကုန် နယ်နိမိတ်ထက် လွန်သော တရားပွဲများကိုဤစာအုပ် စက်ထင်ပုံနှိပ်နေသည့် အချိန်အထိကား ဝမ်းနည်းစွာနှင့် ဆိုင်းငံ့ထားနေရသည်။

ထို့ကြောင့် ယခု စာအုပ်ပါ စာသားများကိုပင် ဆရာတော်သည် ကောင်းစွာတည်းဖြတ်ရန် အချိန် မရရှာပေ။

ယခုစာအုပ်ပါတရားစာသားများကား လွန်ခဲ့သော ၁၉၆၂-ခုနှစ် နွေဦး ကာလက ဒေးဖရဲမြို့ တွင်းကျောင်း၌ ဟောခဲ့သော တရားထဲမှ ကောက်နုတ်ချက် တရားတပုဒ်ဖြစ်၏။

ထိုဒေးဖရဲ၌ ဆရာတော်သည် ရက်ပေါင်း ၂၀ မျှ ဆက်တိုက်လို ညစဉ် ဓမ္မစကြာ တရားတော်များကို ဟောပြောခဲ့၏၊

ထိုတရားထဲမှပင်လွန်ခဲ့သော နိုဝင်ဘာလက "မသင်လှသား အားမှားနေသလဲ" ဟူသောအမည်ဖြင့် တရားတပုဒ်ကို ကောက်နုတ် ပုံနှိပ်ခဲ့ပြီးဖြစ်သည်။

ယခုတဖန်လည်း ထိုဒေးဖရဲမြို့ တရားထဲမှပင် နောက်ထပ်တပုဒ် ကောက်နုတ်ထင်ပြတိုက်ရပြန်သည်၊ဤတရားကို "ဓမ္မမှတ်ကျောက်" ဟု တပ်ဆွန်း ထပ်ထိုက် ရ၏၊ အမှန်ကား ကေသမုတ္တိသုတ်ခေါ် ကာလာမ-မင်းသားတို့အား ဗုဒ္ဓဘုရားရှင် ဟောတော် မူခဲ့သော တရားအသီးသီး ဟောသမျှပြောသမျှတွေကို မှတ်တိုက်ကြည့်နိုင်ရန် ဟောသော အစွဲအယ်ချုတ် တိုက်ဖျက်ရေး တရားတော်ကြီး ဖြစ်ပါသည်။

ဆရာတော်သည် အမြဲအားဖြင့် ဓမ္မစကြာ တရားတော်ကိုသာ အဓိကထား၍ ဟောလေ့ရှိ၏၊ ထို့ကြောင့်လည်း ဓမ္မစကြာဆရာတော် ဟူ၍ပင် အချို့ကခေါ်ကြသည်။

ယင်းသို့ ဓမ္မစကြာကို ဆရာတော်သည် ဦးထည့်၍ဟောရခြင်းဖြင့် အဖွင့်အဓိပ္ပါယ် သီးခြား မဖြစ်စေရဘဲ ဘုရားသုတ်ပေါင်း များစွာကို သိနိုင်သလို သွင်းညှပ် ဟောပြော သွားလေ့ရှိပေသည်။

* * *



ယခု ကေသမုတ္တိ သုတ်သည်လည်း ဆရာတော် ဓမ္မစကြာကို ဟောစဉ်က သွင်းညှပ်ဟောပြောသွားသော အတိုင်း အသံသွင်းစက်မှတဆင့် ကူးယူ ထင်ပြတိုက်ရခြင်းဖြစ်ပါသည်။

ထို့ကြောင့် ယခု "ဓမ္မမှတ်ကျောက်" တရားသည်ဆရာတော်ရေးခဲ့သော ဗုဒ္ဓစာချုပ်တော်နှင့် တရားမူချင်း ထူထဲကပင်ဖြစ်ပါ၏၊ ထို့ရာတွင် အဖွင့်အဟောတွင် အရေးနှင့် မတူဘဲ ဆရာတော်ဟောနေစဉ် နာယူကြရသကဲ့သို့သာ ဖြစ်နေပေလိမ့်မည်။

ဗုဒ္ဓဘာသာသည် ကမ္ဘာလူသားထုအတွင်းသို့ တစိမ့်စိမ့် ပြန့်ပွားနေလျက် ရှိနေပြီ၊ ဗုဒ္ဓဘုရားရှင်၏ တရားအသွင်နှင့် ဆင်တူ မှိုးမှားတွေသည်လည်း ထိုတစိမ့်စိမ့်ပြန့်ပွားနေသော တရားတော်များ၏နောက်မှ တတောက်ကောက် လိုက်ပါ နှောင့်ယှက်လျက် ရောနှောစွက်ဖက်လျက် ရှိနေသည်။

ဧကန်အားဖြင့် ဗုဒ္ဓဘုရားရှင်၏အဓိက တရားတော်သည် သံသရာမှ လွတ်မြောက်ရေး သာလျှင် ပဓာန အရင်းခံဖြစ်၏၊ ဗုဒ္ဓ၏ပဌမဆုံး ဟောချတော်မူလိုက်သော မိဂဒါဝုန် တရားတော် ဖြစ်သည့် ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ၂-ပုဒ်သည် သံသရာမှ ထွက်မြောက်ရေး၊ကိလေသာမှ ဖြတ်စင်ရေး သက်သက် တွေချည်းသာလျှင်ဖြစ်သည်။

သို့ရာတွင် မသိမသာ ပါဦးသံပါပါနှင့်ဝင်လာသော သံသရာ၌ လျှင်လည်ရေးနှင့် ကိလေသာ၌ ခံစားရေးတရားတွေလည်း ဒုနှင့်ထပ်၍ ပေါ်ပေါက်ခဲ့လေသည်၊ တနည်း ထိုးသွင်း လိုက်ကြလေသည်။

သံသရာဟူသည် ဒုက္ခ၏စပြုရာသာဖြစ်၏၊ သံသရာက မလွတ်သမျှ ဒုက္ခမှ မလွတ်မြောက်ဖြစ်သည်၊ အဆိုလိုနှင့် လွတ်မြောက်နိုင်ရသည့် ထဲဝလယ်ယယ် ပြဿနာတွင် ကိလေသာ အစွဲ နယ်ရှိ တရားတွေက ဝန်ထုပ်ဝန်ပိုးဝမာ ထပ်ဆင့် တွယ်ကပ်လာကြသော အခါ စုံစုံမြှုပ်မှဘဝါး အခြားဘာမျှမရှိနိုင်တော့ပေ။

www.burmeseclassic.com

ထို့ကြောင့် ဆရာတော်သည် တိမ်ထသာ ဝန်တုပ်တွေ တဖွေးကြီး ဆင့်ခါဆင့်ခါ ထင်ပြီး သံသရာဝဲဂယက်၌ ကျက်သွတ် လယ်ဆောင် စုံးစုံးမြုပ်တုန်ရမည့် အရေးထိပ္ပတို့ ထွန်းလှန်းသော အားဖြင့် မဂ္ဂင်နှင့်သစ္စာတို့ အဓိက ထားသော ဓမ္မကို အရေးတကြီး ဖွင့်ထုတ် ဟောပြောနေရခြင်း ဖြစ်လေသည်။

ဆရာတော်၏ တရားပွဲ ပုံသဏ္ဌာန်သည် အကဲခတ် ထက်လျှပ် ရှင်းနေ၏။ ထန်ဆောင်ပွဲတွင် ဗထာ၊ ဓမ္မစက်ချုပ်၌ နတ္ထိ၊ သုဓေး သုတောင်းတွင် ဝေထားဝေး၊ မျှော်ထင့်ချက်တွင် တခုမျှမဟော၊ အချောက်အတွန့်တွင် ထဟိုး ထပါဒမျှ မသွင်၊ အမှန်ကို အမှန် အတိုင်းသာလျှင် ထိရန်ဖြစ်သော ခွထက်သက်တို့သာ ထင်ထင် ထင်းထင်းရှင်းရှင်းကြီး ဟောပြောသွားတော့ရှိပေသည်။

တရားနာ ဝရိသတ်ဘက်မှလည်း အလွန်ထိစွအေးလှ၏၊ လွတ်လွတ် ထင်ထင် ဗိဗိတို့ အနေအထိုင် ချမ်းသာသလို နာယူနိုင်၏။ ထိုထို့ကြောင့်ထထတ်သား ဂုဏ္ဍိလ်များ၏ ငြိုငြင်ဆင်းရဲမှု၊ မကျေ နပ်မှု တစုံတရာတို့မျှ ဆရာတော်သည် မဖြစ်စေလိုပေ။

ဆရာတော်၏ ဤမျှ မပြတ်မနား ဟောဆိုရခြင်း၏ အရင်းခံ အာသီသကား အမှန်လား၊ အမှားလား၊ အတ္တလား၊ အနတ္တလား ဆိုတာ ... သဘောပေါက်ရန်သာ အရေးတကြီးထားပေသည်။

ဟိုင်ငယ်ထုတ်မှ စကားသန စွတ်ဖတ်မှုမျိုးဟူသည်ကား အရိပ် အငွေ့မျှမသန်းပေ။

မိုးမိုးရှစ်ရှင်းနှင့် ပြတတေ့ သွင်းတွင်းကြီးဖြစ်၏၊ ဟောသမျှ တရား၊ ထုတ်ဆောင်သမျှ သာဓကတွေသည် ဘုရားရှင်၏ မဂ္ဂင်နှင့် ထစ္စာ ၄-ချက်၏ ဘောင်မှထချက်မျှမလွတ် ဖြစ်သည်။

ဆရာတော်သည် ဓမ္မစကြာတို့သာ ထတ်စွဲ တရားတော် အဖြစ် အစဉ်ဟောတော်လည်း ထနေရာနှင့်ထနေရာ အခွင့်ဝဏ္ဏနာချင်း မတူဖြစ်သည်။



မှုရင်းအနေနှင့်သာ မဂ္ဂင်နှင့်သစ္စာတို့မှုသည်သော်လည်း ထင်းသို့ ဓမ္မစကြာတို့ ဖွင့်ဆိုဟောပြောရင်းအကြားမှ တရားတော်ဝါဒ အစရှိသည်များသာလျှင် ဖြစ်သော သုတ်ပေါင်း များစွာတို့ သာဓက ထင်ဆောင် ဖော်ထုတ်ထားတော့ရှိ၏။

ဆရာတော်၏တရားပွဲများ၌ ထူးခြားချက် တခုရှိ၏၊ ၎င်းမှာ တရားနိဂုံးချုပ်ပြီးသော အချိန်တွင် ဗုဒ္ဓတရားတော်များမှ မရှင်း သော ပြဿနာများ၊ ဝိဝါဒဖြစ်နေသောအချက်များတို့ လျှောက်ထား ဆွေးနွေးခွင့် ပြုထားသည်။

ဤကိစ္စကား လွယ်ကူသေးငယ်သော ကိစ္စမဟုတ်ချေ၊ တင်ပြ သမျှ ပြဿနာအနှစ်ရှိသည် အလွန်ရှုပ်ထွေးနက်နဲသောသဘော များ ပါလေ့ရှိပေသည်။

တနေ့ရာ၌ တကာတဦးသည် လျှောက်ထား မေးမြန်း၏။

ဆရာတော်ဘုရား-မြတ်စွာဘုရားအလောင်းတော် ဘုရားမဖြစ်မီ ဘဝက ဟိုတုသိတာနတ်ပြည်မှာ သေတကေတု နတ်သား ဖြစ်တယ်တဲ့၊ ဘုရားပွင့်ဖို့အချိန်တန်လာတော့ နတ်မင်း၊ ဗြဟ္မာမင်း၊ များက ပိုင်းရံတောင်းပန်တော့မှ မယ်တော်မာယာရဲ့ ဝမ်းဗိုက် သို့ ဘုရားဖြစ်ရန် လူ့ပြည်သို့ ကူးပြောင်း ရတယ်လို့ ဆိုတော့ ဘုရားအလောင်းဟာ ဝိညာဏ်ကူးလာကြောင်း ထင်ရှားသလို ဖြစ်နေပါတယ်။

ယခု တပည့်တော်များ သိရ မြင်တာက သက်မှား၊ ဖြတ်မှား ခွာနှစ်မှားဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိနဲ့ သဿတဒိဋ္ဌိ နှစ်မျိုးနဲ့ ဗုဒ္ဓဝစ် ဝါ စကားသွားဟာ ဘယ်လိုပွတ်ပါမလဲဘုရား-တဲ့။

ထိုအခါ မျိုးဆွင် ဆရာတော်သည် လွယ်လွယ်လေး ဖြေချ ထိုက်၏။

ဒကာကြီး ဗုဒ္ဓဝင်ဆိုတာက ဘုရားပွင့်ပြီးနောက် နှစ်ပေါင်း ၉၀၀-လောက်ရှိမှ သီဟိုဠ် ရှင်ဗုဒ္ဓဃောသဆိုတဲ့ ရဟန်းတော် ရေးပါး ရေးတဲ့စာတဲ့၊ ဒကာကြီး အဲဒီ ရှင်ဗုဒ္ဓဃောသဆိုတာလဲ ဘုရားပွင့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ထာ ရှိတဲ့ပုဂ္ဂိုလ်မဟုတ်ဘူး၊ ရွှေမှုန့်ဝင် ဝါဦးတော်အချို့ကို မှီပြီး ရေးထားတာသဲ။

အဲဒါကို ဒီမဟာပြည်က ကျိုးသဲ့ဆေးထင် ဆရာတော်ကြီးတို့ က ထခါ ဗမာလိုပြန်ကြထားတာလဲရှိရဲ့၊ တကာကြီး ကြိုက်သလိုသာ ဆုံးဖြတ်၊ ချုပ်အနေနဲ့တတော့ နတ်ပြည်၊ ဗြဟ္မာပြည်၊ ငရဲပြည် ဆိုတာ ရှိတယ်လို့ ထတ်ခံယုံကြည်နေတဲ့ ဘုန်းကြီးလဲမဟုတ်ဘူး။ "လူသေလူဖြစ်" ဆိုတဲ့ ဘုန်းကြီးမို့ ထောင်ထဲထောင် ၁၀-လ၊ ၁၁-လလောက် ရောက်သွားခဲ့ရတဲ့ ဘုန်းကြီးဆိုတော့ ဒီစကားမျိုး ချုပ်ထိုမေးရင် တကာကြီးကြိုက်တဲ့ အဖြေကိုရမယ် မဟုတ်ဘူး။ အဲဒီဘုန်းကြီး (ထို့မဟုတ်) စာအုပ်ရေးတဲ့ ပုဂ္ဂိုလ်များသာ မေးပေရော့။

ဤသို့ ဖြေလိုက်သောအခါ တတာထည်း မလှုပ်သာ မထတ်သာ ခတော့ပေ၊ အတတ်ရှိသော ဤခနရာမျိုး၌ ဆရာတော်အလျှင် ဥက္ကဌမှလို ရေကဲ့နိုင်သစ္စာ ထောင်ဝင်သော တရားမှအဝ အမြား အထိမ်းမှုများကို ဝယ်စွန့်ထားသဲ့ စာအုပ်ဝါ စကားများ၌ အစွဲ အယူသန်နေသော ပုဂ္ဂိုလ်မျိုးဖြစ်ပါက အတော်ကြီးသော အခက် အခဲမျိုးနှင့် ရင်ဆိုင်ရလောက် ရှိနိုင်ပေလိမ့်မည်၊ ဆရာတော်၏အလို အားဖြင့်မှု ရှုထုတ်နေသော ထေသာလျှင် တပြင်တည်း ဆက် စပ်နေခြင်းသာ ဖြစ်ပေသည်။

ထိုထေနှင့်ထဆက်ထည်း တောဘုတ ရုပ်များထည် စားယောက် စွန့်ပယ်ခြင်း စမြဲသာ တိရ္ဆာန် လူမြို့ယမ္ဘ ရုပ်အဖြစ်နှင့် အနိမ့်ယ မ္ဘ ရုပ်များ အပြန်ပြန် အလှန်လှန် ချာလည်လိုက်ခါ ရုပ်-နာမ် မျှသာ်ရဲလို့ ဖြစ်ပျက် ပြိပြင် ပြောင်းလဲနေသည်ကို ဟောပြပေ ရှိ၏။

**နောက်ထနေရာ၌** လူငယ်တဦးက မျှောက်ပြန်သည်။

ယနေ့ အစထား ဗြဟ္မာကြီးတွေက စထယ်လို့ ဆိုပါသယ် ဟုတ်ပါသလား ဆရာတော်။



တ-ဗြဟ္မာက စတယ်၊ ဘာထယ်-တဲ့ တရားတွေက ဘုရားမပွင့်မီ နှစ်ပေါင်း ၁၀၀၀-လောက်က ရှေးဝေဒပုံရယ် ကျမ်းတွေအထိုသဲကွ၊ အဲဒါမျိုးတွေကို ဗုဒ္ဓ ဘုရားရဲ့ ခမည်းတော် သုဒ္ဓေါဒန မင်းကြီး ထဲ ယုံထာတဲ၊ အဲဒါ ဘုရားသတ်ထက်ကျတော့ ပုဏ္ဏားတွေရော မာလုကျပုတ္တတို့ရော ဘုရားကို တမ္ဗာ ဘာကစသလဲ ထိရဲ့ထား ဆိုတဲ့ အဓနနဲ့ မေးခဲ့၊ မျှောက်ခဲ့ဘူးတယ်ကွ-။

ဒီတုန်းက ဘုရားက ဘာမျှမဖြေဘူး၊ အဲဘုရားဖြေတာက ဘာ ထဲ-အခုမင်းမေးနေတဲ့ အမေးဟာ ဒီလူတွေ အခုတွေကြ ခံစား နေရတဲ့ ဒုက္ခက လွတ်မြောက်ရေးနဲ့ ဘာဆိုင်ယလဲတဲ့၊ ဥပမာ- မင်းရင်ဝကို မြားထခုလာစိုက်မှန်ရင် ဒီမြားဟာ ဘာသားနဲ့ ထုပ် ထာထဲ၊ ဘာဝါးမျိုးဖြစ်ထာသဲ၊ အရှေ့ တဝစ်သလား၊ အနောက် က လာသလား၊ ပစ်တဲ့လူ ထာပုဏ္ဏားမျိုးထဲ၊ ယောကျ်ားထား၊ မိန်းမထား ဆိုတာတွေ လုပ်မနေနဲ့၊ အဲဒါတွေ ထုပ်နေရင် သေ သွားလိမ့်မယ်၊ မြားကိုသာ မြန်မြန်နှုတ်ပြီး ဆေးကုလိုက်တဲ့ ဓါသဲ၊ ဲ-အခုလဲ မင်းတို့ဟာဘာ မာလုကျပုတ္တမေးသလိုဖြစ်နေပြီ။

ဒီလောက လူသားတွေမှာ ဒုက္ခတွေပိုင်းနေတဲ့ ဘဝဖြစ်တယ်၊ ဒုက္ခတွေ ပိုင်းပြီးခံနေရတဲ့ဒီဘဝသရာက မင်းလွတ်မြောက်ဖို့အလျှင် ဆိုသာ မင်းအားထုတ်၊ မြန်မြန်ကိုလေသာကိုဖြတ်၊ မြန်မြန် ဒီဘဝသ ရာက လွတ်ဘို့သို့ ဘာထုပ်-ဒါသဲ။

အဲနောက်ထခု ဘုရားဟောတာက ခေါင်းပေါ်က ဆံပင်ကို မီးလောင်ထားရင် ရှာခရနဲ့ မြန်မြန်ခလောင်းငြိမ်းလိုက်ကြ ဓါသဲ၊ ရေကတယ်နဲ့ရဲ့လား၊ အမီးစိတ္တင်းဓရ ဟုတ်ရဲ့လား စစ်ပြီးလားလား၊ ပြောင်းထဲကရေလား၊ မြွေးခံထဲက ထာတွေလား ဆိုတာ မျိုးတွေ လုပ်မနေနဲ့၊ ခေါင်းပေါ်က မီးငြိမ်းအောင်သာ မြန်မြန်ထေးပေး လိုက်၊ ဘာရေဖြစ်ဖြစ် နောက်တော့မှ ရေမျိုးပစ်လိုက် သေတာ သာနဲ့တဲ ပန်းပင်းဂေါ်ဂ္ဂ-မီးငြိမ်းဘို့က ဓေကနဖေတ်သား။

www.burmeseclassic.com

www.burmeseclassic.com



တာပြန်ချောသေးသည်၊

နို့-ဆရာတော် ဟိုရှေးတုန်းကဆိုတဲ့ ဝတ္ထုတွေ၊ ဇာတ်တော်တွေမှာ ဘုရားလောင်းဟာ ငှန်းဖြစ်လိုက်၊ ဆင်ဖြစ်လိုက်၊ မျောက်ဖြစ်လိုက်ဆိုတာတွေဟာ ဟုတ်ရဲ့လား၊

အဲဒါတွေ ငါ့မေးတို့ ဘယ်လိုပြောရမလဲ၊ "ငါကလူသေလူဖြစ်"ဘုန်းကြီးသဲတွ၊ မင်းဘို့စိတ်ညစ်အောင် ငါကဘာမှမပြောဘူး၊ ထိပ်အောင် ကြောက်အောင် လုပ်ပြီး ဒါနတွေ ပြုတုန်းအောင်လဲ ငါကဘာမှပြောတာမဟုတ်ဘူး၊

အေးတခုတော့ရှိရဲ့၊ ဒီပင်္ကရာဘုရား လက်ထက်က ဗျာဒိတ်ရ ပါတယ်၊ ဘုရားဖြစ်မှာသဲ့လို့၊ ကဲအရေးပိုင်ရာထူးအတွက်ဂေဇက် ထုတ်ပြီးသား ပုဂ္ဂိုလ်မျိုးက ပြာတာ ဝင်လုပ်တယ်၊ တံငါသယ် ဖြစ်စားနေရတယ်ဆိုရင် မင်းယုံမလား၊

ဤသို့ပြန်မေးချေ လူငယ်သည် ထိုင်ခါရယ်၍ နေလေသည်၊

ဤဆရာတော်၏တရားပွဲများ၌ထူးခြားသော အသွင်တမျိုးတခု ရှိ၏၊ ငှင်းမှာအခြားမဟုတ်၊ လူငယ်လေးတွေ အတော်များများ သည့် စိတ်ပါလက်ပါ လိုက်လိုက်ရှဲ့ရှဲ့တရားကို အာရုံစိုက်နာလှ မှတ်သားကြခြင်း ဖြစ်လေသည်၊

ထို့နောက် ဖိုးဖိုးဓါတ်ဓါတ် စိတ်ထဲရှိသလိုမေးနိုင်၊ မြန်းနိုင် လျှောက်ထားနိုင်ကြလေသည်၊

မေးသမျှကိုလည်း ဆရာတော်သည် စိတ်ရှေလက်ရှေနှင့် ပြောကြားလေ၏၊

ဆရာတော်က ဖြေချလိုက်သောအခါ ရှင်းရှင်းလင်းလင်း ဖြစ်သွားကြဟန်တူသည်၊ ထို့ကြောင့် ဆရာတော်၏ တရားပွဲ များကို ချပ်ကွက်ဆိုင်ရာ လူငယ်များတဝဝ ဦးဆောင်ရှေ့ရှုတ် လှုံ့ဆော်၍ ဆရာတော်ကို ပင့်လျှောက်ကျင်းပကြသည်ကို ရန်ကုန်နယ်နိမိတ်၌ အများဆုံးတွေ့ရသည်၊

ဤအရိပ်နိမိတ်သည် တနည်းအားဖြင့် စိတ်ပျက် အားလျော့



စရာ ကောင်းနေသော ဗုဒ္ဓဘာသာသည် ထခုတဖန် အားသစ် လန်းသစ်ယူနေခြင်း၏ လက္ခဏာဝင် ဖြစ်ဟန်ရှိပေသည်၊

ထိုခုတွင် ဤဆရာတော် အသျှင်ဥက္ကဋ္ဌအား သက်ကြီးရွယ်အိုပိုင်းနှင့် အချို့သောအစိတ်အပိုင်းတို့ထံမှ "ကွန်မြူနစ်ဘုန်းကြီး၊ ဘုရားတရားတွေ ဝတ်တဲ့ဘုန်းကြီး" စသည်ဖြင့်ပြောသံ ဆိုသံလည်း သဲ့သဲ့ကြားရတုန်းရှိခဲ့သေး၏၊

ဤသို့ကား ကွယ်ရာ၌ ပြောနေကြသော်လည်း တရားပွဲများသို့မူ ထိုထိုစွပ်စွဲ ပြောဆိုချက်များကို ပြေပြေလည်လည် ယဉ်ယဉ် ကျေးကျေး တက်ရောက် မေးမြန်းသည် တဦး မရှိပေ၊ ဆရာတော်၏ တရားများက သစ္စာလေးပါး၏ ဘောင်ထဲမှ အပြင်သို့ ထွက်မှု မထွက်သေးပေ ၊ ဤသို့စင်လျက် ပြောချင်ရာ ပြောကြတုန်း ရှိသေး၏၊

ဆရာတော်အနေနှင့် မည်သူကမေးမေး၊ ပုဂ္ဂိုလ်နိမ့်၊ မြင့်၊ ကြီး ငယ် ခွဲခြား သတ်မှတ်ခြင်းမရှိ၊ မေးသမျှ ဖြေသော ဆရာတော် ဖြစ်၏၊

မေးသမျှ ဖြေသော ဆရာတော်ကား လူငယ်တူ လွန်းလှသည်၊ အချို့တလျှောက်ကြသည်၊ "ဆရာတော်တရားတလဲ လျှော့ရှေး ကြီးဘဲ" တဲ့၊

ယနေ့လူငယ်တွေသည် မနေ့က လူငယ်တွေ မဟုတ်တော့ချေ၊ ဟောသမျှလုံသောခေတ်သည် ပြည်ဖုံးကား ချပြီးနေပြီ၊ စဉ်းစား ဝေဖန်သောခေတ်သို့ ထရွေ့ရွေ့ကူးပြောင်းနေချေပြီ၊

ဆရာတော်သည် သံယုတ် ပါဠိတော်ဝါ သုဂတာဝါ-တရား ဂုဏ်တော်၊ သံဃာဂုဏ်တော်များတို့ မြဲမြဲမြံမြံ လက်ဆုပ် လက်ကိုင် ပြုခါ ထိုထိုသော တရားအမျိုးမျိုးတို့ကို တိုက်ဖျက်လျက် ရှိပေ၏၊

လက်စရာထိမ်မရှိသဲ တွေ့တားဟောင်ပြနေသော တရားသည် ယနေ့ ရောက်လာသော လူသား၏ အမေးအမြန်းကို ဖြေအောင် ဖြေနိုင်မှ လည်နိုင်စရာရှိပေမည်၊

www.burmeseclassic.com

www.burmeseclassic.com



ယနေ့လူကြီးတွေ၏ နေရာသို့ ယနေ့လူငယ်တွေသည် နက်ဖြန်တွင် ဝင်၍ထိုင်ကြပေတော့မည်။

ဤသို့ပင် လူ့သမိုင်း၌ အဟောင်းကြွေရာသို့ အသစ်ဖြစ်သော ရွက်နုတို့သည် အစားထိုးခါ ဤလူ့သမိုင်း သံသရာကိုဆက်ခဲ့သည်မှာ အနန္တ ကာလသို့ပင် တိုင်ခဲ့၍ ယနေ့ ဤအဆက်သို့ ရောက်ခဲ့ကြပြီ။

သင်္ခါရတို့သည် အနိစ္စတွေသာဖြစ်ကြကုန်၏၊ ဒုက္ခတွေသာ ဖြစ်ကြကုန်၏၊ အနတ္တတွေသာဖြစ်ကြကုန်၏။

မရှိတရား အထင်ယောင်အတ္တဒိဋ္ဌိစွဲတို့သာ ဤမမြဲသော သင်္ခါရ နယ်တွင် ငါတွေသော အတ္တစွဲတန်းလန်းနှင့် ခက်ရခဲရမ်း လောဘ တွေ၊ ဒေါသတွေ၊ မောဟတွေ ပိတ်ပုံးခါ အမြင်မှားနေကြခြင်း ဖြစ်၏၊ အမြင်မှားခြင်း၏ အကြောင်းရင်းကား မျက်စေ့လယ်ခြင်း ကြောင့် ဖြစ်သည်။

မျက်စေ့လယ်နေသူတို့က မျက်စေ့လယ်နေသူတို့အား လမ်းပြ နေသမျှ ကာလပတ်လုံး ဤသံသရာ၏ ထွက်လမ်းတံခါးဆီသို့ နီး လျက်သာ ဝေးကုန်ကြရချေတော့သည်။

ထို့ကြောင့် ဒုက္ခမှ ကုန်ရာ၌ သန္တိသုခသာလျှင် ရှိနေသည်ကို လူတွေသည် လွယ်လွယ်နှင့် မတွေ့နိုင်ကြဘဲ ယောင်ယောင်ယယ် ဖြစ်နေ ကြသည်။

အဝိဇ္ဇာဟူသည် မသိနားမလည်မှုပင်ဖြစ်ကြ၏၊ မသိနားမလည် သေးသမျှကား ပြောသမျှ၊ ကြားသမျှကို မှန်အုံနီးနီး ဆင်ကန်း တောတိုး ဥပမာ ဖြစ်ကြရသည်မှာလည်း ဓမ္မတာပင်ဖြစ်ပေမည်။

ဤလူသားများအတွက် ယခုဆရာတော် အသျှင်ဥတ္တမ၏စာများ၊ တရားများသည် အထူးအကူအညီ ရလျက်ရှိပေလိမ့်မည်။

အကြောင်းမှုကား၊ ဆရာတော်၏ တရားများသည် ကိုယ်ကျိုး ဟူ၍ ဘာသာခွဲမှုမပါသော အမျှော်လွှတ်၊ အကြောက်လွှတ်တရား များချည်းသာ ဖြစ်ကြသောကြောင့်ဖြစ်၏။



အမျှော်နှင့်အကြောက်သည် ဝိစိကိစ္ဆာတွေကို ဆင့်ပိုးပွားများ လာစေသော တရားများသာ ဖြစ်ပေသည်။

မျှော်အောင်ပြောသောကြောင့် မျှော်ရခြင်း၊ ကြောက်အောင် ချောက်ထားသဖြင့် ကြောက်ရ၍ ထိတ်လန့်နေရခြင်း မှန်သမျှသည် အထကားနေရင်း ပိတ်တုတ်က ဝိစိကိစ္ဆာတွေ ထွေ့ကြီး ရင်ဝယ် ပွေ့ပိုက်ထား သလိုဖြစ်ရ၏။

ယင်းသည့် ဝိစိကိစ္ဆာတို့မှ မဝယ်နိုင်အောင် သောတတွေ ယောင်တင်ခံနေရသမျှ ကာလပတ်လုံး ဗုဒ္ဓသာသနာတိုင်း၏အမိက ထာဝန် ပဌမအဆင့်ဖြစ်သော၊ သောတာပတ္တိမဂ်ကို စာရင်းဝင်ဘို့ မဆိုထားဘိ နံပါတ်ပင် ချိတ်မိဘို့ အခက်သား ဖြစ်ကြပေလိမ့်မည်။

စေ့စေ့တွေး၍ ဗုဒ္ဓဘုရားရှင်၏ တရားတော်နှင့် ဆရာတော် ဟောပြောချက်များ သောင်ဝင်၊ ဓဝင်ကို သေချာစွာ ဆေ့ထား ကြပါလေကုန်။

ဆရာတော်အား ကွန်မြူနစ်ဆိုဆို၊ ဘာဆိုဆို၊ ဆိုတာက အရေး မကြီး၊ ဗုဒ္ဓ၏ သစ္စာ ၄-ပါး အနန္တ တရားတို့နှင့် အံကိုက်၊ မကိုက် ဆိုသော အချက်သာ လေးလေးနက်နက် အကဲခတ်ကြပါလေကုန်။

အဆွေလူသား....

နိဗ္ဗာန်တွင်သည် အဆွေ၏ ရှုပ်နာခမ်း၌ သာရှိသော တရားဖြစ်၏။ အဆွေ မတွေ့သည်ကား အခြား၌ ရှာနေသော ကြောင့်သာလျှင် ဖြစ်ပေလိမ့်မည်သာတည်း။

လျှင်သာသန

နတ်မှီတောရ ကျောင်းတိုက်

www.burmeseclassic.com

www.burmeseclassic.com



# အပန်းလွှာ

"လာလှည့်-ကြည့်လှည့်" ဟူ၍ မြန်မာဘာသာ ပြန်ဆိုကြတဲ့ "ဧဟိ-ပဿိကော" ကား ဗုဒ္ဓ၏ မွေ့ဂုဏ်ပုဒ် တခု ဖြစ်သည်၊ ဗုဒ္ဓ၏ လက်သုံးစကားလည်းဖြစ်သည်။

၎င်းသည် ကမ္ဘာ၏ တက္ကသိုလ်ခေါ်တဲ့ လောကဂျစ် (ဝါ) ကျိုးကြောင်း ဆင်ခြင်တုံပညာကို မွေးထုတ်၍ ပေးခဲ့ပြီ။

ထိုမျှမကသေး—ခေတ်ပေါ် အတွေးအခေါ်များ၊ အာနုံပဋိ လောမ ရှုပ်ဝါဒများ၊ ရှုပ်နာမ် နှစ်ပါး တွဲသော အညမည သဘောတရား များနှင့်တကွ ပစ္စယာကာရ သဘောတရားတွေကို မွေးထုတ်၍ ပေးခဲ့လေပြီ။

သို့ဖြစ်ရာ လွန်ခဲ့သော နှစ် ပေါင်း ၂၅၀၀-အချိန်ကာလ တည်းဟူသော ကမ္ဘာ့သမိုင်းစဉ်တလျှောက်လုံးတွင် ၎င်း "ဧဟိ ပဿိက" သည် အထက်မြက်ဆုံး၊ အတောက်ပဆုံး သမိုင်းဝင် စကားအလုံးဖြစ်ခဲ့ပြီ။

၎င်း သည် ကမ္ဘာ့သူကမ္ဘာ့သား လူတန်းစား အား လုံး ကို လက်ရပ်၍ ခေါ်ခဲ့သည်။

ထို့ ကြောင့် ကမ္ဘာ့အဘိဓာန်များတွင် အရဲရင့်ဆုံး စကားလုံး ဖြစ်ခဲ့သည်။

ဤစကားလုံးသည် ကမ္ဘာ့ သမိုင်းတွင် ဘုရား စာ ရင်း ဝင် ပုဂ္ဂိုလ်ထူးကြီးများအနက်မှ ဗုဒ္ဓ ကို သီး ခြား ၍ ခွဲထုတ် ရာ၌ ပဓာန လက်သယ်ဖြစ်ခဲ့ပြီ၊ ကမ္ဘာ့ရှိ အများဆုံး ဘုရားတို့ကား ဧဘိဘုရားတို့သာ ဖြစ်ကြကုန်၍ အနန္တဉာဏ်တော်ရှင်၊ အနန္တ တန်ခိုးတော်ရှင်များ ဖြစ်ကြကုန်၏။

ထိုကြောင့် ၎င်းတို့သည် ခေတ်သုံးစကားဖြင့် ပြောရလျှင် ကမ္ဘာ့အာဏာရှင်ကြီးတွေ ဖြစ်ခဲ့ကြကုန်ပြီ။

သို့ဖြစ်ရာ လူသားမှာ သူတို့ပြောသမျှ၊ ဟောသမျှကိုအခြား အခွင့်အလမ်းမရှိတော့ချေ။

ဆိုလိုရင်းကား-ထိုသည့် အနန္တတန်ခိုးတော်ရှင် ဘုရားသခင် တို့၏ မုက္ခပါဌ် မှန်သမျှကို မချွတ်ဆိပ် ပရမတ် အမှန်တွေ ဘဲဟု စွဲစွဲမြဲမြဲ ယုံကြည်ရမည်တဲ့ ဆိုလိုသည်။

သို့ရာတွင် ဗုဒ္ဓကား လူသားဘုရားဖြစ်ရာ လူသား၏ ကိုယ်၊ နှုတ်၊ စိတ်တို့၌ ခိုင်မြဲစွာ တုတ်နှောင်ခတ်ချည်၍ ထားအပ်သော လက်ထိပ်၊ သံခြေကျင်းဆိုတဲ့ အနှောင်အဖွဲ့ အားလုံးကို ရိုက် ချိုး၍ ပစ်လိုက်လျှင် လူ သား တိုင်း ကိုယ် ထိ လက် ရောက် လွတ်လပ်စွာ ဆောင်ရွက်လုပ်ကိုင်နိုင်ရေး အခွင့်၊ အကြောက် ကင်းကင်းနှင့် စိတ်တွင်းမှာ ရှိသမျှကို အထားအသီးမရှိဘဲ ဖွင့် ထုတ်ပြောဆိုနိုင်ရေး၊ ဟိုနှုယ်၊ သည်နှုယ် ချုတ်အချယ်နှင့် အ ညှယ် အဝိုက်တို့မှ ကင်းသော ဝတွေးခေါ် မြော်မြင်ရေး ဆိုတဲ့ လူသား၏ လမ်းစဉ် သုံးခုကို ဖွင့်ထုတ်ပေါ်ခဲ့လေပြီ။

မှန်လှ၏။ လူသား၏ လိုလားချက်နှင့် ခံစားရ ချက်တို့ကို

www.burmeseclassic.com

www.burmeseclassic.com



လူသားဘုရားသာလျှင် အတိအကျ သိမြင်နိုင်သည်၊ ကောင်းကင်ဘုံသားနတ်ဘုရားတို့ကား လောကလူသား၏ ထွေပြားသော လိုအင်ဆန္ဒနှင့် ခံစားမှု အဝဝတို့ကို အဘယ်မှာ ဂဃနဏ သိမြင်နိုင်ကြပေမည်နည်း။

မုက္ခပါဠိတော်များကို မဝေဘန်ရ၊ ငါတို့ပြောသမျှ ဟောသမျှကို ဓောဒကမတက်ဘဲ ယုံကြည်ရမည် ဆိုတဲ့ စကားလုံးတို့ကား နတ်ဘုရားတို့၏ လက်သုံးများ ဖြစ်ခဲ့ပြီ။

ဘာသာတရား တည်ထောင်သူ နတ်ဘုရားနှင့် ၎င်းတို့ရဲ့ တမန်တော်များကလဲ ထိုသည့် ထုံးကိုပင် လက် သုံး ပြု တော် မူခဲ့ကြလေပြီ။

သို့ရာတွင် ဗုဒ္ဓကား လူသားတို့၏ လုံ့လဝီရိယဖြင့် လူသားအားလုံးကို သိမ်းကြုံးကယ်တင်ရန် ကြိုး ပမ်း အား ထုတ် ခြင်းကြောင့် လူတို့တွင် အမြင့်ဆုံးအဆင့်ဟူ၍ အ သိ အ မှတ် ပြု ၍ ထားအပ်သော ဘုရားဘွဲ့ထူးကို ဆွတ်ခူးပန်ဆင်နိုင်ခဲ့တဲ့လူသားစစ်စစ်ပင် ဖြစ်သည်။

ထို့ကြောင့်ပင် "ဧဟိ ပဿိကော" လာ၍ ကြည့်လော့ (ဝါ) မသေချာစေ့ ငုံ့ကြည့်ရှုလုပ်လော့၊ (ဝါ) လက်တွေ့၊ မျက်တွေ့ အချက်စေ့အောင် ဓောဒကတက်လော့ (ဝါ) အမှား၊ အမှန် ဤနှစ်တန်နှင့်တကွ ကောင်းကျိုး ဆိုးပြစ်တို့ကို စစ်ဆေးဝေဘန်လော့ ဟူ၍ လူသားအားလုံးကို လက်ရဲ၍ ခေါ်ခဲ့လေပြီ

ဟောသမျှတရားနှင့် ပြောသမျှစကားတို့ကို ဝေဘန် ဆန်းစစ်ရန် အာမခံနှင့် ဖိတ်ခေါ် ခဲ့လေပြီ။

အမှန်သည် ရဲရင့်၏၊ ( ၂ + ၂ = ) ဟူသော အမှန်သည်



ဝေဘန်မှု၊ စစ်ဆေးမှု၊ စမ်းသပ်မှု ဟူသမျှကို အနုမြူမျှကြောက်၍ လိမ့်မည်မဟုတ်၊ ထိပ်လန့်လိမ့်မည်မဟုတ်ချေ။

စမ်းသပ်စစ်ဆေးရန် ဆွေးနွေးဝေဘန်ရန် အမြဲတစေ ဖိတ်ခေါ်နေသလို ရှိနေချိမ့်မည်။

ဗုဒ္ဓသည် အမှန်တရားကို ထင်ရှားအောင် ဖော်ထုတ်ခဲ့သည်၊ ထိုတရားကို အကြိမ်ကြိမ်အထပ်ထပ်ပတ်ပတ်နှပ်နှပ်ကြီး သုံးသပ်ဝေဘန်ခဲ့လေပြီ။

လက်တွေ့ မျက်တွေ့ နည်းအမျိုးမျိုးတို့ဖြင့် ဖိုချင်ထိုးသလို ထိုး၍ စမ်းသပ်ခဲ့လေပြီ။

ထို့ကြောင့်သည်း ဗုဒ္ဓသည် သူ့ခေတ် ပေါက်ဖွား ပညာရှင်များကို သာမက ယနေ့ ကပ္ပါ၊ ယနေ့ အခါ၌ဖြစ်ပေါ်လာကြသော ပညာရှင်တို့ကိုပါ သူ၏တရားနှင့် သူ၏ စကားတို့ကို စမ်းသပ်ကြရန်၊ ဝေဘန်ကြရန် ဖိတ်မန္တက ပြုနိုင်ခဲ့လေပြီ။

ကမ္ဘာ့သမိုင်းစဉ်၌ ဗုဒ္ဓတပါးသည်း သာလျှင် လူသားကို အရေးပေး၍ အလေးတင်ခဲ့သည်။

မနုဿတ္တဘာဝေါ ဒုလ္လဘော-ဟု မပြတ်မလပ် အထပ်ထပ် ဟောခဲ့သည်မဟုတ်တုံလော။

လူသားတို့၏ စဉ်းစားဉာဏ်နှင့် ဝေဘန်ဉာဏ်တို့ကို အစွမ်းကုန် ကွန့်မြူး၍ ကမ်းစုံအောင် လန့်လူးခွင့်ကို ပေးခဲ့သည်။

သို့ဖြစ်ရာ "ဧဟိ ပဿိက" "လာကြည့်" ဆိုတဲ့ ဗုဒ္ဓ ရဲ့ စကားတလုံးသည် တကမ္ဘာလုံးကို အုန်းအုန်းကြွက်ကြွက်အမြင့်အထန် ဂယက်ရိုက်ပြီး ဆူပွက်၍ သွားစေခဲ့လေပြီ။

ကမ္ဘာ၏သမိုင်းအစဉ်၌ အသက်ဝင်ခဲ့သမျှသော ကမ္ဘာတော်

www.burmeseclassic.com

www.burmeseclassic.com



လှန်ရေးအားလုံးတို့ကား "ပေဟိပဿိကော" ဆိုတဲ့ စကားလုံးရဲ့ ကောင်းမှုတို့သာ ဖြစ်ခဲ့ကြကုန်ပြီ။

မှန်လှ၏။ ဗုဒ္ဓကိုယ်တိုင်ပင် "လာကြည့်" ဆိုတဲ့ တော်လှန်ရေး အလံကို ကိုင်ဆောင်ပြီးလျှင် ဗုဒ္ဓခေတ် အိန္ဒိယနိုင်ငံ၌ လူကြိုက်များပြီး တာစားလျက် ရှိသော အတွေးအခေါ်များနှင့် တကူ လူတန်းစား ခွဲခြားမှုများကို တော်လှန်ရာ၌ ဦးဆောင်ခဲ့လေပြီ။

ထိုသည့် "လာ-ကြည့်" ဆိုတဲ့ဗုဒ္ဓရဲ့ စကားလုံးကြောင့်(ဝ၊) ထိုစကားလုံးကို လိုက်နာကျင့်သုံးခြင်းကြောင့် အိန္ဒိယနိုင်ငံကြီး ဖွံ့ဖြိုးတိုးတက်ခဲ့သည်၊ ကမ္ဘာဝင်၌ အထက်သို့ ရောက်ခဲ့သည်။

ငင်းစကားလုံးကို ကားမဲကြီးနှင့် ဖုံးပြီး အသုံးမပြုတော့တဲ့ နေ့မှစ၍ အိန္ဒိယနိုင်ငံကြီး ကျဆင်းခဲ့သည်ဟု ရာဇဝင်ဆရာတို့က ဆိုသည်။

ယနေ့ကမ္ဘာကိုကြည့်ပါဦး၊ ယနေ့ကမ္ဘာ၌လည်း ဤ "လာ-ကြည့်" ဆိုတဲ့ ပြဿဒါအတိုင်း စုံစမ်းသော၊ စစ်ဆေးသော၊ ဝေဖန်သော လူမျိုးများသည် ကမ္ဘာ့အထွဋ်အထိပ်သို့ မရောက် အရောက် တက်လှမ်းနေကြပြီ။

ဤကမ္ဘာ့မြေကြီးကို အပတ်ပေါင်းများစွာ လှည့်ပတ်ပြီးကြလေပြီ၊ ယခုနောက်ဆုံး လကမ္ဘာသို့ပင် လူကိုယ်တိုင် သွားရောက်နိုင်ရန် ကြိုးပမ်းလျက် နေလေပြီ။

တနေ့သောအခါ ထိုကြိုးပမ်းချက်များ အောင်ပန်းဆွတ်ခူးနိုင်လိမ့်မည်ဟူ၍ ယနေ့လူသားက အခိုင်အမာ ယုံကြည်လျက် နေချေပြီ။

တိုတိုကျဉ်းကျဉ်းနှင့် လိုရင်း ကို ချုပ်ရလျှင် "ထိုလာ-ကြည့်" ဆိုတဲ့ ဗုဒ္ဓရဲ့ စကားကလေး နှစ်လုံးသည် ကမ္ဘာနှင့်



ကမ္ဘာ့သူ-ကမ္ဘာ့သားတို့၏ လွတ်လပ်မှု၊ တိုးတက်မှု၊ ငြိမ်းသာယာမှုတို့ကို မွေးထုတ်ပေးတဲ့ မိခင်အစစ်ဖြစ်ခဲ့လေသည်။

ထိုမျှကပါရိုးလား၊ ဗုဒ္ဓခေတ်မှစ၍ ဤမှာဖက် ကမ္ဘာ့သမိုင်း အစဉ်၌ဖြစ်ပေါ်ခဲ့သမျှသော ကမ္ဘာ့တော်လှန်ရေး ကြီးတွေကို မွေးထုတ်ပေးခဲ့တဲ့ စကားကလေး နှစ်လုံး ဖြစ်ကြောင်းကို လူတိုင်းက ဝန်ခံရချေပြီ။

ဒါပေမယ်လို့ ကမ္ဘာတွင် ဤစကားလုံးကို လက်ခံကျင့်သုံးရန် ငြင်းဆန်နေကြတဲ့ လူအများကြီးရှိ၍နေသေးသည်။

အဲဒီအများကြီးဆိုတဲ့ လူတွေထဲမှာ ဗုဒ္ဓဘာသာဝင်တွေ ပါနေခြင်းကား အလွန်ရင်နင့်ဘွယ် ကောင်းလှချေသည်။

အမှန်မှာ ဗုဒ္ဓ၏တပည့်တော်များသည် အယောင်း မှန်သမျှကို (ဝ၊)တနည်းသော်ကား အမှားကြား၍အမှန်ထင်နေရသော အရာဟူသမျှကို ဆန်းစစ်သူဖြစ်ရမည်၊ စစ်ဆေးဝေဖန်သူ ဖြစ်ရမည်။

ဆိုလိုရင်းမှာ အရင်းအမြစ်မကျန် တော်လှန်သူ ဖြစ်ရမည်။ တဖန် ထိုသည့် တော်လှန်ရေးသမားသည် ကိုယ့်အားကိုယ်ကိုးသူ ဖြစ်ရမည်။

အဓိပ္ပါယ်ကား-ကိုယ့်မျက်စိ၊ ကိုယ့်နား၊ ကိုယ့်နှာခေါင်း၊ ကိုယ့်လျှာ၊ ကိုယ့်ကိုယ်ကို အားကိုးသူဖြစ်ရမည်။

ထိုတွင် မျက်စိသည် ကြည့်ရန်၊ နားသည် နားထောင်ရန်၊ နှာခေါင်းသည်နမ်းရှုရန်၊ လျှာသည် လျက်ရန်၊ အရသာခံရန်၊ ကိုယ်သည် ထိတွေ့ရန်ဖြစ်သည်။

ဗုဒ္ဓ၏ "လာ-ကြည့်" ဆိုတဲ့စကားကို မျက်စိ၌သာ ထပ်ဆင်နိုင်ရာ အခြား ပသာဒရုပ်များကိုလဲ ဤနည်းကိုမှီ၍ "လာ-



www.burmeseclassic.com

www.burmeseclassic.com



နားထောင်၊ လာ-နမ်း၊ လာ-လျက်၊ လာတွေ့"ဟူ၍ ကျွန်ုပ်တို့ ထင်ဆင်လျှင် ဗုဒ္ဓ၏အလိုနှင့် ထောင်လင်ကန့်ကန့် ဖြစ်လိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့ယုံကြည်သည်။

ဤနည်းအတိုင်း တပ်ဆင်ပြီး ကျင့်သုံးမှသာလျှင် ကျွန်ုပ်တို့သည် အမှားနယ်ကို လွန်မြောက်နိုင်ပေလိမ့်မည်။

ကျွန်ုပ်တို့၏ မျက်စိနှစ်လုံးကို အဖုံး အကာ စအကွယ် မထားဘဲ ဖွင့်၍ကြည့်မှမြင်ရသော ရူပါရုံသာလျှင် အမှန်ဖြစ်နိုင်သည်။

သို့ရာတွင် မျက်စိကိုစုံမှိတ်ပြီး (ဝါ) လက်နှစ်ဘက်နှင့် အုပ်ပြီး ကြည့်မှမြင်ရတဲ့ရူပါရုံမျိုး ရှိသေးသည်ဟု ပြောသူ၊ ယောသူ၊ ယုံကြည်သူများ ယနေ့ကမ္ဘာ၌ ထင်ရှား ရှိနေသေးခြင်းကား အံ့ဩဘွယ် တရပ်ပင်။

ဒါဖြင့်ရင် ယနေ့ကမ္ဘာတွင် မျက်စိနှင့် မမြင်ရတာတွေ မရှိပြီလော။

လူသားမျက်စိနှင့် မမြင်ရတာ၊ မမြင်နိုင်တာကတော့ ကျွန်ုပ်တို့ လူသားရဲ့ မျက်စိမြင်ကွင်းကို ကျော်လွန် နေသောကြောင့်၎င်း၊ လူသားရဲ့ ကြမ်းတမ်းသော ဩဠာရိက မျက်စိနှင့် ကိုက်ညီ၊ ဆီလျော်ခြင်း မရှိလောက်အောင် နူးညံ့သေးငယ်၍ နေသောကြောင့်၎င်း ဖြစ်ချေသည်။

အကယ်တစေ အဝေးကြည့်မှန်ပြောင်းတို့ဖြင့်၎င်း၊ အကြီးချဲ့မှန်ဘီလူးတို့ဖြင့်၎င်း၊ လူသား၏မျက်စိကို ကူညီဘပ်ဆင်၍ပေးလိုက်ချေလျှင် ထိုမျှဝေး၍ ထိုမျှ သေးငယ်သော ရူပါရုံ တို့ကို မျက်ပါးထင်ထင် လူသား၏မျက်စိဖြင့် မြင်နိုင်ပါလိမ့်မည်။

လူသား၏ အတွင်း ကိုယ်ယာယဟု ဆိုအပ်သော မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ် - တို့သည် ဗဟိဒ္ဓအပြင်ပ၌ ရှိ၍နေသော



ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖေါဋ္ဌဗ္ဗာရုံတို့နှင့် အမြဲတစေ တိုက်ရိုက် အဆက်အသွယ် ပြုလုပ်လျက် နေမြဲဖြစ်ချေသည်။

သို့မှသာလျှင် လူသားသည် တိကျသော အမှန်ကိုသိမြင်နိုင်ပေလိမ့်မည်။

အဓိပ္ပါယ်ကား - မျက်စိဖြင့် တိုက်ရိုက် မြင်ရသော ရူပါရုံသာလျှင် အမှန်ဖြစ်နိုင်သည်။ သွယ်ဝိုက်မြင်(သို့မဟုတ်) တဆင့်မြင်တို့ဖြင့် ထိုရူပါရုံ အမှန်မဖြစ်နိုင်ချေ။

ထိုနည်းအတူပင် တဆင့်ကြား၊ တဆင့်နံ၊ တဆင့်မြင်၊ တဆင့်တွေ့တို့ဖြင့် ထိုသဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ များကို အမှန်ဟူ၍ မဆုံးဖြတ်နိုင်ချေ။

ကိုယ်တိုင်ကိုယ်ကျ ကိုယ့်မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်-တို့ဖြင့် တိုက်ရိုက်မြင်ရမှု၊ ကြားရမှု၊ နံရမှု၊ လျက်ရမှု၊ တွေ့ရမှုတို့ကို အခြေပြုမှသာလျှင်"ဧဟိ-ပဿိက" "လာ-ကြည့်"ဆိုတဲ့ လက်တွေ့သဘာဝဖြစ်နိုင်သည်။ ထို့ကြောင့်လည်း ငြင်းဆန်၍မရတဲ့ အမှန်ဖြစ်နိုင်ချေသည်။

သို့ဖြစ်ရာ "ဧဟိပဿိက" သည် ဗုဒ္ဓဓမ္မ၏ အမြုတေဖြစ်သည်။ မလှုပ်မယိုင် အခြေခိုင်တဲ့ ဗဟိုမဏ္ဍိုင်လည်း ဖြစ်သည်။

၎င်းမဏ္ဍိုင်၏အခြေ့ဘက်၌"သန္ဒိဋ္ဌိက"နှင့် "အကာလိက" ဆိုတဲ့ ဂုဏ်ပုဒ် နှစ်ခုကို တွေ့ရသည်။

သန္ဒိဋ္ဌိက (ဝါ) မြန်မာဘာသာသို့ ပြန်ဆိုရသော် "မျက်မှောက်" အဲဒီနေရာမှာ မျက်မှောက်ဆိုတာ ဘာလဲ။

"မျက်မှောက်" ကား မျက်စိအောက် (သို့မဟုတ်) မျက်စိရှေ့တည့်တည့်ဆိုတဲ့ သဘောကိုဖေါ်ထုတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာ - မျက်စိနှစ်လုံးအကြားရှိ နှာတံရိုးနှင့် တည့်တည့်ဟု ဆိုလိုသည်။

ယင်းနှာတန်နှင့် တည့်တည့်တည်ရှိသော အရာကို ဘယ်-ညာ (ဝါ) လက်ဝဲ-လကျာ မျက်စိနှစ်လုံးကပင် အားထုတ်မှု မရှိဘဲ မြင်နိုင်သည်။

၎င်းကို လက်ဝဲမျက်လုံးနှင့် မြင်သည်၊ (သို့မဟုတ်) လကျာမျက်လုံးနှင့်မြင်သည်-ဟူ၍ အငြင်းပွါးနေရန် မလိုပြီ။

နှာတံရိုးနှင့် တည့်နေသည်နှင့်တပြိုင်နက် ဘယ်ညာမျက်လုံး အစုံကမြင်လေတော့သည်။

အဲသလိုမြင်ရသော်သာ တကယ်ရှိ၊ အဟုတ် ရှိတဲ့ အရာဟူ၍ ဆိုနိုင်သည်။

သို့ဖြစ်ရာ မျက်စိကွယ်နှင့် မျက်နောက်ကို မလိုက်ဘဲ "မျက်မှောက်" ဆိုတဲ့ "သန္ဒိဋ္ဌိက" ကိုသာ လက်ဆုပ် လက်ကိုင် ထား၍ အသုံးပြုသွားရမည်ဟု ဗုဒ္ဓဘုရားက မှာကြားခဲ့လေပြီ။

မာသန္ဒိဋ္ဌိတံ ဟိတွာ ကာလိကံ အနုဓါဝ၊

အနက်သော်ကား - "မျက်မှောက်စွန့်ပြီး မျက်ကွယ်နောက် သို့ မလိုက်လေနဲ့" ဟု သံယုတ်ပါဠိတော်၌ ဟောခဲ့သည် မဟုတ်ပါလော။

မျက်ကွယ်ကား လွန်ပြီးသော (ဝါ) ကွယ်ပျောက် လေပြီးသော အတိတ်ကာလကို ဆိုသည်။

ယင်းသို့ ချုပ်ငြိမ်းခြင်းသို့ ရောက်လေပြီးသော အတိတ်ကာ ယနေ့လူသား(ဝါ)မျက်မှောက် လူသားအတွက် အကျိုးထူ ဆောင် ကူညီနိုင်ပါသေးသလော။



အမှန်ဆိုရလျှင် ငြိမ်းအေး၍ သွားလေပြီးသော မီးခြစ်ဆံမှ မီးတောက် ကလေးသည် ဆေးလိပ် မီးညှိရေးကိုပင် အကူအညီ မပေးနိုင်သကဲ့သို့ဖြစ်၍ နေပေလိမ့်မည်။

အတိတ် ဆိုတာ လွန်သွားပြီ၊ ချုပ်ပျောက်၍ သွား ခဲ့ပြီ။ ၎င်းကို ပြန်လည်ကာ တွေးပြီး ဆွေးနွေးစရာမလိုတော့ပြီ။အနာဂတ်ကား အတွေးနယ်၊ အပြောနယ်၌သာ ကျက်စားသည်။ အကောင်အထည်မပေါ်သေး၊ ဖြစ်ကို မဆောင်နိုင်သေး။

ယနေ့ ငတ်ပြတ်နေသော လူသားအတွက် ရှေ့နှစ်ခါတပို့တွဲရောက်မှ စားရမဲ့ နှမ်းချင်းဆီရွှဲရွဲနှင့် ထမနဲကား အလကား အချည်းနှီးပင် ဖြစ်ပေလိမ့်မည်။

ထိုကြောင့် ကုန်လွန်ပြီး၍ ဘာမှ သုံး၍မရသော အတိတ်နှင့် မဖြစ်ပေါ်သေး၊ မရောက်လာသေးတဲ့ အနာဂတ်အတွက်ရတက် မအေး မျှော်လို့၊ ဆွေးလို့မနေကြဘဲ၊ ယနေ့(ဝါ)မျက်မှောက် ဆိုတဲ့ "သန္ဒိဋ္ဌိက-ဓမ္မ"ကိုသာ အာရုံစိုက်၍ ထခဲနက် လုံးပမ်းကြကုန်ရာသည်။

နောက်တခုကား "အကာလိက" ဖြစ်သည်၊ ၎င်း၏အနက်ကား အချိန်မဆိုင်း၊ ကာလမဆိုင်း၊ ဗျူး-ဒိုင်း မကြာ ချက်ခြင်းလက်ငင်း အခါဟု ဆိုလိုသည်။ အခါမဖင့်၊ အချိန်မလင့်ဟူသည်၊ ပြန်ဆိုကြကုန်သေးသည်။

ဥပမာ- ထုံးအိုးတွင်းသို့၎င်း (သို့မဟုတ်) ကတ္တရာစေး အိုးထဲသို့၎င်း၊ မိမိ၏ လက်ဝဲ-လကျာတို့ကို ထိုးနှိုက် ပြီးနောက် ဆွဲနှုတ်လိုက်သည်နှင့် တပြိုင်နက် အဖြူနှင့်အမဲ လက်မှာ စွဲပေါ်လာကဲ့သို့ ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ယနေ့ကပ္ပါ၌ ကျီးအိုနှင့် ကတ္တရာစေး အိုးတို့မှ နှုတ်ယူလိုက်တဲ့ လက်များဟာ နှုတ်လျှင် နှုတ်ခြင်း အဖြူ အမဲ မစွဲသေးဘဲ အိမ်ရောက်အောင် အချိန်ဆွဲပြီးမှ မည်းမယ်၊ ဖြူမယ်-လို့ ယုံကြည် ဟောပြော နေသူတွေ ဒုနှင့်ဒေး ရှိနေကြချေသေးသည်။

အဲဒါလို ငရုပ်သီးကို ယခုစား ယမခုစပ်သေးဘဲ အိမ်ပြန်ရောက်မှ ကျကျနန စပ်မယ်လို့ ယုံကြည်နေသူတွေ ယနေ့တိုင် ဗမာလောကမှာ တောထအောင် ပေါများနေကြသေးရင် မြန်မာ့ တိုးတက်ရေးနှင့် ဆိုရှယ်လစ်လမ်းစဉ် အောင်မြင်ရေးတို့ကို တွေးလိုက်တိုင်း ရင်မအေးစရာဖြစ်၍ နေမည်ကား မြေလက်ခတ်ပင်။

ယနေ့ကပ္ပါသားဖြစ်တဲ့ လူမျိုးစုကြီးသည် ပုခက်နှင့်ခေါင်း ကြား ကာလကိုသာ အာရုံပြု၍ လာကြလေပြီ၊ ပုခက်တွင်းသို့ မရောက်မီ အတိတ်ကို တွေးပြီးတော့လဲ ဆွေးနေရန်မလို။

ထို့ပြင် လုပ်တိုင်းကုန်း ဟိုမှာဘက်ကိုကြောက်ပြီးတော့မြော် နေရန်လည်း မလိုတော့ပြီဟု သိမြင်လာစ ပြုခဲ့လေပြီ။

ဗုဒ္ဓဘုရား၏ မွေဂုဏ်ဖြစ်တဲ့ "သန္ဒိဋ္ဌိကော" နှင့် အကာလိက ထို့ကလဲ ယနေ့ခေတ်ပေါ် အသစ်အတွေးအခေါ်များကို လက်ရပ်၍ ခေါ်နေသလို ရှိနေချေပြီ။

ဂုဏ်တော်များ၏ ဗဟိုမဏ္ဍိုင်ကား "ဟေဟိပဿိက" ဂုဏ် ဖြစ်သည်။

၎င်း၏နောက်တွင် "ဩပနေယျိက" နှင့် ပစ္စတ္တံ ဝေဒိတဗ္ဗ ဆိုတဲ့ ဂုဏ်နှစ်ခုကို တွေ့ရသည်။



ဩပနေယျိကဆိုတဲ့ ဂုဏ်ကား ကပ်၍ (ဝ၁) မကွာမကွဲဘဲ (ဝ၁) ဆက်လျက်၊ စပ်လျက် ဆောင်တတ်သော သဘောပင် ဖြစ်သည်။

ပစ္စတ္တံဝေဒိတဗ္ဗမှာ နောက်ဆုံးဂုဏ်ပုဒ်ဖြစ်၍၊ ကြောင်းကျိုးဆင်ခြင်၊ အမြော်အမြင် ပညာရှိသူ လူသားတိုင်း လက်တွေ့သိရှိအပ်တယ်ဆိုတဲ့ အနက်ကို ဟောသည်။

ဤသို့အားဖြင့် ဟေဟိပဿိက "လာကြည့်ဆိုတဲ့ ဂုဏ်ပုဒ်ကို ဗဟိုပြု၍ နေသော မွေဂုဏ်များကို သေချာစေ့ငုံကြည့်ရှုလေ့ လာခဲ့သော် အနာဂတ်နှင့် အတိတ်အတွက် အရိပ် နိမိတ် စိုးစဉ်းမျှ မပါဝင်သည်ကို တွေ့ရပေလိမ့်မည်။

အကြောင်းမှုနှင့် အကျိုးမှုတို့သည် အပြန်ပြန်၊ အလှန်လှန် အကြောင်းဖြစ်ပြန်၊ အကျိုးဖြစ်ပြန်နှင့် အချင်းချင်းကျေးဇူးပြု၍ နေမြဲမှုတာ ဖြစ်ချေသည်။

ဥပမာ-ချိန်သီးတခုကို မြောက်အရပ်သို့ အစွမ်းကုန် ဆွဲပြီးလျှင် လွှတ်လိုက်ပါ၊ ဆွဲသွားမှုသည် အကြောင်းမှုဖြစ်သည်၊

ထိုချိန်သီးသည် ဆွဲသွားပြီး လွှတ်လိုက်သော နေရာတွင် ရပ်၍ နေလိမ့်မည် မဟုတ်ချေ။

စင်စစ်မှာ ဆွဲသွားတဲ့လမ်းအတိုင်း ပြန်လာရုံမျှပင် မကဘဲ ပို၍ သွားပေလိမ့်ဦးမည်၊

မူလ စ၍ ဆွဲသောနေရာမှာ တောင်ဘက်သို့ ကျော်လွန်သွားတဲ့ အကျိုးမှုသည် အကြောင်းမှု တဖန် ပြန်ဖြစ်ပေါ် စေပြန်သကဲ့သို့ မှတ်ရာသည်။

ယင်းသို့အားဖြင့် အကြောင်းမှုနှင့် အကျိုးမှုတို့ ဆက်သွယ်နေပုံကား အလွန်သိမ်မွေ့လှရာ သေချာစေ့ငု သတိပြု၍

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရှုဝေဘန်မှသာလျှင် ၎င်းတို့ရဲ့ သဘောသဘာဝ အမှန်ကို တိကျစွာ သိမြင်နိုင်ပေလိမ့်မည်။

အထက်ပါ ချိန်သီးကို ဆွဲတဲ့ဥပမာ၌ မြောက်သို့ ဆွဲမှုသည် အကြောင်း၊ တောင်အရပ်သို့ ပြန်မှုသည် အကျိုး-ဟု ဆိုရာတွင် မြောက်နှင့်တောင်ကား အရပ်ဌာနကို ညွှန်ပြသော ပညတ်သာ ဖြစ်၏၊ ချိန်သီးရဲ့ လမ်းကြောင်းကား ပရမတ်ဖြစ်၍ တခုတည်းသာ ဖြစ်သည် (ဝါ) လမ်းကြောင်း အတူတူပင်ဖြစ်သည်။

"Acton and reaction are the same but quite opposite"

အကြောင်းနှင့် အကျိုး တို့ သည် အတူတူပင် ဖြစ်သည် ဟုဆိုရာတွင် မြောင့် မြောင့် ကြီး ဆန့်ကျင်ဘက်ကလည်း ဖြစ်သည်-ဟူသော သိပ္ပံပညာ ပရိဘာသာ ဆောင်ပုဒ် အားလျော်စွာ အထက်၌ ကျွန်ုပ်တို့ ဖွင့်ဆိုခဲ့သော ဗုဒ္ဓ၏ မေ့ဂုဏ်တို့တွင် အကြောင်းမေ့နှင့် အကျိုးမေ့ နှစ်ခုလုံး အကြုံး ဝင်သည်ဟု မှတ်ယူထိုက်လေသည်။

ဗုဒ္ဓ၏ မေ့ဂုဏ်ဘို့ကား ဗုဒ္ဓဘုရားရှင်၏ မေ့မှတ်ကျောက်ဖြစ်သည်၊ မည်သည့် မေ့ကိုမဆို ဤမှတ်ကျောက်များဖြင့် တိုက်၍ ကြည့်နိုင်သည်။

သို့မှသာလျှင် မေ့တခု၏ အသေးအရည် မှို-မမှိုကို အတည်တကျ ဆုံးဖြတ်ချက် ချမှတ်နိုင်ပေလိမ့်မည်။

အများသော လူစုကား ဘောသ မုတ္တိသုတ်၌ ဗုဒ္ဓဘုရားမှ ညွှန်ပြခဲ့သော အစွဲဆယ်မျိုးကို အခြေခံ၍သာလျှင် မေ့တခု မှန်သည်ဟူ၍ ယုံကြည်လေ့ရှိခဲ့သည်။

သို့ရာတွင် ဤသို့သော အစွဲတမျိုးမျိုးကြောင့်မှန်သည်-ဟူ၍ ယုံကြည်နေကြသော အချက်အလက်များကို ယခုကျွန်ုပ်တို့ဖေ



ာ်ထုတ်ခဲ့သော ဗုဒ္ဓ၏ မှတ်ကျောက်တွင် မှတ်တင်၍ ကြည့်ရန် လိုသည်။

ယနေ့လူသားသည် မနေ့ကလူသားနှင့် များစွာကွဲပြားခြားနားသော အခြေအနေ၊ အဆင့်အတန်းသို့ ရောက်၍ နေပြီဖြစ်ရာ ကြောက်၍သော်၎င်း၊ ချစ်၍သော်၎င်း မေ့တခုကို မှန်သည်ဟူ၍ ယုံကြည်နိုင်ရန် အလွန်မတန် ခက်ခဲလျက် ရှိချေပြီ။

ထိုသို့သော ယနေ့လူသားအတွက် ဗုဒ္ဓ မှတ်ကျောက်အမည် ပါကျမ်းစာကို ထုတ်ဝေလိုက်ခြင်းဖြစ်ပါသည်။

ယင်းသို့သော ရည်မှန်းချက်ဖြင့် ထုတ်ဝေခြင်းဖြစ်ရာ မြန်မာနိုင်ငံဖွား ယနေ့လူသားတိုင်း ဤဗုဒ္ဓမှတ်ကျောက်ကို လက်ကိုင်ထားပါ မျက်မှောက်ချင်းဆိုင်လာသော ယနေ့ လူသား၏ ဘာဝပြဿနာများနှင့်တကွ အယူအဆ ယုံကြည်မှုဆိုတဲ့ ဘာသာရေးပြဿနာများကို အနည်းနှင့်အများ ဖြေရှင်း၍ သွားနိုင်ကြလျှင် ကျွန်ုပ်တို့၏ မျှော်လင့်ချက် ပြည့်ဝပြီဟူ၍ ယူဆမည်ဖြစ်ပါသည်။

ထိုမျှမက စာတတ်သူ ယနေ့လူသား၏ အမှန်မေ့ကို အမှန်အတိုင်း သဘာဝကျကျ လက်ခံ ယုံကြည်လိုတဲ့ အာသာဆန္ဒလည်း တလုံးတဝတည်း ပြည့်စုံလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

အသျှင်ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com

# မုဒ္ဒမှတ်ကျောက်

**နောက်ခံကားချပ်**

လူတိုင်းမှာ အရေးကြီးတဲ့ ကိစ္စတခုကရှိနေကြတယ်။

ဒီနေ့ပြောရမှာက ကေသမုတ္တိသုတ်ပဲ။

ဘာကြောင့် အရေးကြီးသလဲဆိုတော့ ကေသမုတ္တိသုတ်တွင် ဘုရားရှင်ကိုယ်တော်မြတ်ဟာအပြင်အထန် မိမ္မအမှန်ကိုရအောင် ရှာဖွေတဲ့လူများ အတွက် နည်းလမ်းညွှန်ပြတဲ့ နည်းဖြစ်တယ်။

ဒါကြောင့်မှတ်ယူဘို့ အရေးကြီးတယ်၊ သုတ်နာမည်ရင်းက ကေသမုတ္တိသုတ်လို့ ခေါ်တယ်၊ ကာလာမသုတ် မဟုတ်ပါဘူး။ ဒီသုတ္တင် ကာလာမ မင်းသားများကို ဟောတဲ့ သုတ်လို့မှတ်မယ်။

ဒီတော့ ဒီသုတ်ရဲ့နောက်ခံကားဖြစ်တဲ့ အိန္ဒိယနိုင်ငံမှာ မဇ္ဈိမဒေသလို့ခေါ်တဲ့ အိန္ဒိယနိုင်ငံရဲ့ ရှေးခေတ်ကာလ ဘာသာရေး နောက်ခံ ကားချပ်ကို သိဘို့လိုတယ်၊ ရှေးရှေး အဖြစ်အပျက် အစဉ်အလာတွေကို နားလည်မှ ကာလာမသုတ်ရဲ့ ရည်စူးချက်ဟာ ဘာကို ရည်စူးတယ်ဆိုတာ နားလည်မယ်။

စာင်ပါရာရား။

www.burmeseclassic.com

www.burmeseclassic.com



ဒို့တကာကြီးတွေ - တကာမ ကြီးတွေ နားလည်ကြဘို့ လိုတယ်ဆိုတာက ဘာသာရေးတရား ဘယ်အချိန်အခါ လောကက စပြီး ပေါ်သလဲဆိုတာဖြစ်တယ်။

ဒါက ဦးပဉ္ဇင်းတို့ ဂေါတမ ဘုရားရှင် ကိုယ်တော်မြတ် ပွင့်တော်မမူခင် နှစ်ပေါင်းထောင်ခန့်အခါကစပြီးတော့ အိန္ဒိယမှာ ဘာသာရေးစကား အသုံးအနှုန်းမျိုးတွေ ပေါ်ပေါက်လာကြတာဘဲ၊ အဲဒီခေတ် အခါတုန်းကစပြီးတော့ အင်မတန် ကြီးကျယ်တဲ့ ပုဂ္ဂိုလ်ကြီးတွေ ပေါ်ပေါက်လာခဲ့ကြတယ်၊

အားလုံးတို့တွင် အထင်အရှားဆုံးဖြစ်တဲ့ ကြာရဝါက ဆိုတဲ့ အာဘိဓမ္မာဆရာကြီးဟာ အိန္ဒိယရာဇဝင်မှာ အင်မတန် နာမည်ကြီးတဲ့ ဆရာကြီးပေါ့။

နို့ သူ့ဝါဒက ဘာလဲ။

ဘာသာရေးဆိုင်ရာတရားတွေက အခုလောက် သိတ်မများလှသေးဘူး၊ အဲဒီအခါတုန်းကတော့ ဟိုဘက်ဘဝ၊ ဒီဘက်ဘဝ ဆိုတဲ့ ကိစ္စတွေလဲ မပေါ်သေးဘူး၊ မပေါ် သေးတော့ သူ့တရားဟာ အိန္ဒိယနိုင်ငံကြီးမှာ တကောင်ထဲ ပြေးရတဲ့မြင်းလို နှစ်ပေါင်းများစွာ အင်မတန် လူကြိုက်များတဲ့ တရား ဖြစ်လာတယ်။

သူ့တရားက ဘာလဲဆိုတော့ ယထာသုခံဘုဉ္ဇေ-စိတ်တိုင်းကျ သဘောရှိသလို စားကြတဲ့၊ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

အဲ - ယထာသုခံ နှာယေ - စိတ်တိုင်းကျ သဘောရှိ မိမိဖို့ကြိုက်သလို ရေချိုးကြတဲ့။

ပြီးတော့ ကျကျနန မင်းတို့ကြိုက်သလို ကာမဂုဏ် ခံစားကြတဲ့၊ သူ့အလုပ်ပေးတာကလဲ ဒါဘဲ။ ဒီအလုပ်သုံးခုဘဲ ရှိတယ်။ နောက်ပိတ်ဆုံးကျတော့ သူက ဘာပြောသလဲ၊ ဘဿာဘူတာဿ ဒေဟဿ ပုနရာဂမနံ ကုတော၊

ဘဿာဘူတဿ၊ သေချိမ်းရို့သဖြင့် ပြာကျလေပြီးသော။ ဒေဟဿ၊ ကိုယ်၏။ ပုနရာဂမနံ၊ တဖန်ပြန်၍ လာခြင်းသည်။ ကုတော၊ ဘယ်မှာရှိနိုင်ပါမလဲတဲ့၊ ဟုတ်လား။

မှန်ပါဘုရား။

အဲဒီသေပြီးမီးရှို့လို့ ပြာဖြစ်တဲ့အခါကျမဲ့ဟာဘဲ၊ ဒီအတွက်တော့ မင်းတို့ဘာမှပူမနေနဲ့တဲ့၊ စားကြ- သောက်ကြ-ပျော်ကြ-ရေချိုးကြ - အိပ်ကြ၊ ဟုတ်လား။

တင်ပါဘုရား။

အဲဒါပြီးတာဘဲ၊ သေတဲ့နောက် ပြာဖြစ်တာဘဲဆိုတဲ့ ဝါဒ ဦးပဉ္ဇင်းတို့ ဂေါတမ ဘုရားရှင် မပေါ်မီ - မပွင့်မီ နှစ်ပေါင်းထောင်ကျော်က ကြာရဝါကဆိုတဲ့ ဆရာကြီးရဲ့ အာဘိဓမ္မာ ပေါ်ခဲ့တယ်၊ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

## ကော်ဘုရားခေတ်

ဒီနောက်ပိုင်း ဆက်ရောက်လာတဲ့ အခါကျတော့ ဥပနိသာဒ ခေတ်ဆိုတာ ဖြစ်လာတယ်။ အဲဒါက အခုဟိန္ဒူ လူမျိုးများ ရဲ့ကျမ်းစာအဖြစ်နဲ့ ကိုးကွယ်တဲ့ ဗေဒ ကျမ်းစာကြီးတွေဘဲ။

အဲဒီမှာ ဝေဒကျမ်းကြီး လေးကျမ်းဆိုတာ ရိဂဝေဒ၊ ယဇု

www.burmeseclassic.com

www.burmeseclassic.com



ဝေဒ၊ သာမဝေဒ၊ အထဗ္ဗဝေဒ ဆိုတဲ့ ကျမ်းတွေပဲ။ အဲဒီ ဝေဒကျမ်းကြီး လေးကျမ်း ပေါ်တဲ့ခေတ်က ဦးပဉ္ဇင်းတို့ ဂေါတမဘုရားနှင့် နှစ်ပေါင်း ၆၀၀-ကျော် ၇၀၀-ခန့်ကွာ အရင်ကျနိုင်တယ်၊ အဲဒီဝေဒခေတ်ပြီးတဲ့နောက်မှ ပေါ်တဲ့ ဥပနိသျှာဒ ကျမ်းပေါင်း ၁၈-ကျမ်း အခုထင်ရှားရှိတယ်။

အဲဒီဝေဒခေတ်ကို ရောက်လာတဲ့အခါကျတော့ ဘာသာရေးတွေ ပေါ်လာပြီး၊ အဲဒီ ဘာသာရေးက ဘယ်လို ပေါ်ထွန်းလာသလဲဆိုတော့ ရိဂဝေဒဆိုတဲ့ နံပါတ်တစ်ဝေဒမှာက ဘုရားဆိုတဲ့ ပရမီသွား၊ အဲဒီ ထာဝရဘုရားရဲ့ ဂုဏ်ကျေးဇူး တွေကို ဖွဲ့ကာနွဲ့ကာ ရေးပြီးတော့ ထားတဲ့ အင်မတန် အတန်းမြင့်ပြီး ပြောင်မြောက်တဲ့ သက္ကတဘာသာဆိုင်ရာ ဂီတကြီးတွေပါတယ်။

အဲဒီကနောက် ယဇုဝေဒခေတ် ရောက်လာတဲ့ အခါကျတော့ အဲဒီနတ်ဘုရားကြီးတွေကို ကျေနပ်အောင်၊ သဘောကျအောင် ဆိုပြီးတော့ ယဇ်ပူဇော်တဲ့ ခေတ်တွေ ရောက်လာတယ်။

အဲဒီယဇ်ပူဇော်တဲ့ခေတ်တွေရောက်လာတဲ့အခါကျတော့ လူသတ္တဝါတွေမှာ အမျိုးမျိုး အစားစား အယူအဆတွေ ကွဲပြားလာခဲ့တယ်။

အတ္တခေတ်၊ ဥပနိသျှာဒ ခေတ်ကျတော့ အတ္တဝါဒ ထွန်းကားလာတယ်။

အဲဒီ အတ္တဝါဒက လဲဘဲ မိမိကိုယ်မှာ ရှိတယ် ဆိုတဲ့ အတ္တ တင်မကဘဲနဲ့ အားလုံးသော သတ္တဝါတွေမှာ ဒီအတ္တကလေးတွေ ကိုယ်စီရှိကြတယ်တဲ့၊ ကမြင်းနီကောင်ကစပြီး ဗြဟ္မာမင်းကြီးအထိ အတ္တတွေ ကိုယ်စီရှိကြသတဲ့။



အချို့ ကျမ်းများမှာကျတော့ အသက်မရှိတဲ့ သစ်ပင်တွေ သည့်တို့ မှာတောင် အဲဒီအတ္တဟာ ရှိသေးတယ် စသည်ဖြင့် အဲဒီလို အယူအဆတွေ အမျိုးမျိုးကွဲပြားပြီး ခြားနား လာကြတယ်။

အဲဒီလို ခြားနားနေလို့ နှစ်ပေါင်း ၇၀၀ - ၈၀၀ - လောက် ရောက်လာတဲ့အခါကျတော့ အိန္ဒိယနိုင်ငံမှာ ဘာသာရေး တရားနှင့် ဆိုင်ရာမှာ ကံတရားတွေ၊ ကံ၏အကျိုးတရားတွေ စသည်ဖြင့် အတွေး အခေါ်တွေ ထွန်းကားလာတယ်၊ အဲဒီထွန်းကားလာတဲ့ အခါ ကျတော့ ကံကိုဝေဘန် လာကြတယ်၊ ကံသည် ကောင်းမှုကံ၊ မကောင်းမှု ကံရယ်လို့ ကံကို နှစ်မျိုး ခွဲခြား လာကြတယ်။

အဲဒီကံနှစ်မျိုးကို ပြုပြင် စီမံပြီးတော့ လိုက်နာ ကျင့်သုံးရတာက လူသားက ကျင့်သုံးရမယ်၊ အဲဒီ လူသားဟာ ဒီကံ၏ အကျိုးတရားကို ခံစားတဲ့နေရာမှာ ကမ္မသကတလမ်းစဉ်ဆိုတာ ပေါ်လာခဲ့တယ်။

ဦးပဉ္ဇင်းတို့ သာသာဝမ္မအဆိုင်းကတော့ ဒီကံက ဖြစ်ပေါ်လာခြင်းကြောင့် ခံစားရတာမဟုတ်ဘူး။

သို့ရာတွင် အဲဒီ ကမ္မသကတလမ်းစဉ်ပါ တရားများ အရကတော့ ဒီလူရဲ့ ကံကြမ္မာ ဆိုတာဟာ ဘယ်သူက နေပြီးတော့ အကျိုးအပြစ်ကို ပေးသလဲဆိုတော့ ထာဝရ ဘုရားက အကျိုးအပြစ်ကို ပေးတယ်တဲ့၊ အဲဒီ ထာဝရဘုရားက ကောင်းတဲ့လူ ကောင်းရာရောက်အောင်၊ မကောင်းတဲ့လူ မကောင်းတဲ့ နေရာရောက်အောင် ပို့ပေးတယ်တဲ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအခါကျတော့မှ ဦးပဉ္စင်းတို့ ကမ္ဘာ့ဘာသာတရားတို့ရဲ့ အစဉ်အလာဖြစ်သော ဘာသာရေး သမိုင်းစဉ်မှာ ကောင်းတဲ့ ဘုံရယ်၊ မကောင်းတဲ့ဘုံရယ်လို့ ခွဲခြားမှုတွေ ပေါ်ပေါက်လာခဲ့တာဘဲ။

အဲဒီလို ဘုံတွေ ပေါ်လာတဲ့ အခါကျတော့မှ ကောင်းတဲ့ ဘုံအတွက် စောင့်ရှောက်တဲ့ ပုဂ္ဂိုလ် နတ်သိကြားကို ဖန်တီးကြရတယ်၊ မကောင်းတဲ့ ငရဲဘုံများအတွက် ယမဒေါ—ယမကတို့ ယမတို့ဆိုတဲ့ အယူအဆတွေ ပေါ်ပေါက်လာရတယ်။

ပုရဏ်ခေတ် ရောက်လာတဲ့အခါကျတော့ ပုရဏ်ကျမ်းကြီး တဆယ့်ရှစ်ကျမ်း ပေါ်ပေါက်လာခဲ့တယ်၊ အဲဒီတော့ ဝါဒကွဲပြား ခြားနားမှုတွေလဲ ပေါ်ပေါက်လာကြပြီ။

အဲဒီလိုပေါ်ပေါက်လာကြတဲ့ အခါကျတော့ အဲဒီဘာသာ ခေါင်းဆောင်တွေက မိမိတို့ရဲ့ ဝါဒ စည်းမျဉ်းကို လူအများ လိုက်နာနိုင်အောင်လို့ ဆိုပြီးတော့ အိန္ဒိယနိုင်ငံကြီးရဲ့ ထုံးတမ်း စဉ်လာအတိုင်း လိုက်ဟောကြတယ်။

တကာကြီး ဦးဘမောင်တို့လို လူတယောက်က ကာမဂုဏ် ဘောင်တွင်းမှ အတင်း ရုန်းထွက်သွားပြီးတော့ သားတွေ၊ မယားတွေ၊ စည်းစိမ် ဥစ္စာတွေကို အကုန်လုံး စွန့်လွှတ်ပြီး သကာလ အဝတ်တထည်၊ ကိုယ်တခုနဲ့ တောထွက်ပြီး ကျင့်ကြံ ကြိုးကုတ် အားထုတ်ပြီး ဘု့ဟာသူ ဆရာကြီးဖြစ်၊ နောက် ဂိုဏ်းဂဏဆရာကြီး တယောက် လုပ်ပြီး သကာလ သူ့ဟာသူ တောင်ဝှေး တချောင်းနဲ့ လျှောက်လည်ပြီးတော့ တရားဟော တော့တာဘဲ။

## အမှတ်အသားလက္ခဏာတွေ

အဲဒီတောင်ဝှေးဟာ နောက်ခေတ် ရောက်လာတော့ ဘာ ဖြစ်လာသလဲဆိုရင် ဝါဒရဲ့ အထိမ်းအမှတ်ဖြစ်လာတယ်၊ ဝါဒ အထိမ်းအမှတ်၊ တချို့က တိသလ္လဆိုပြီးတော့ သုံးခွလှံတပ်ထား တဲ့တောင်ဝှေးကိုင်တယ်၊ တချို့က နှစ်ခွနဲ့၊ တချို့က ခွမပါ သံစူးဘဲ။

အဲဒီလို ဆရာကြီးတွေဟာ အိန္ဒိယနိုင်ငံတဝှန်းလုံး မြေလျှင် လျှောက်လည်ပြီးတော့ ကိုယ့်ဝါဒကိုယ်ဖြန့်တဲ့ ခေတ်ရောက်လာ တယ်၊ အဲဒီလို ခေတ်ရောက်လာတဲ့အခါကျတော့ ဒို့တကာကြီး ဦးဘမောင်တို့ ကြားဘူးမှာပေါ့၊ သစ္စကပရိဗိုဇ်ကြီးတို့ ဆိုတာ။

အဲဒီသစ္စကပရိဗိုဇ်ကြီးရဲ့ နှမတယောက်ဟာ ရသေ့မပေါ့ လေ၊ ဘိက္ခုနီမလို့ သူတို့က ခေါ်ကြတယ်၊ ဒို့ မြန်မာ နိုင်ငံအ ခေါ်တော့ ဖွားသီလဟာမျိုးပေါ့ ဟုတ်လား။

မှန်ပါဘုရား။

အဲဒီ သီလရှင်မဟာ ရပ်တကာ ရွာတကာ လှည့်ပြီးတော့ ဝါဒတရားဟောနေတာဘဲ၊ ပြိုင်မဲ့လူတွေ ပြိုင်ဖို့ဘဲ ဥပမာ- ဒေးဒရဲမြို့ထဲကို သူဝင်လိုက်တယ်ဆိုရင် သူဒီရောက်နေတဲ့ အထိမ်း အမှတ်အဖြစ်ဖြင့် ဒေးဒရဲမြို့ တံခါးဝမှာ တံမြက်စည်းတချောင်း ကို ထောင်စိုက်ပစ်ခဲ့တယ်ဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီတံမြက်စည်းကိုတွေ့ရင် သူရောက်နေပြီ၊ အဲဒီဖွားသီလ ရှင် ရောက်နေပြီဆိုတာ လူတွေက သိရတယ်၊ အဲဒီတံမြက်စည်း ကို သွားပြီးတော့ စိုက်ထောင်ထားတာကို ယူပြီးတော့ လှဲ့ဝံ့တဲ့

www.burmeseclassic.com



သူပေါ်ပေါက်ရင် လှဲကြလော့လို့ သူကပြောထားတယ်။ အဲဒါက သူက စိန်ခေါ်လိုက်ခြင်းဖြစ်တယ်။ ဦးဘမောင် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီခေတ်ရောက်လာတော့ ဦးပဉ္ဇင်းတို့ ဂေါတမဘုရား ပွင့်တဲ့ ခေတ်ရောက်လာပြီ။

မှန်ပါဘုရား။

အဲဒီ ဘုရား ပွင့်တဲ့ခေတ်မှာ ဒီဘိက္ခုနီမရဲ့ ဆိုပါတော့ ဒီမသေမရဲ့ တံမြက်စည်းကို ဘယ်သူမှ လှဲစံ့တဲ့သူ မပေါ်သေးဘူးတဲ့ ဦးဘမောင်။

တင်ပါဘုရား။

တနေ့သောအခါ အဲဒီရသေ့မ ရောက်နေတဲ့ရွာကို ရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး ဆွမ်းခံကြွလာတဲ့အခါကျတော့မှ အဲဒီရွာထဲခါးစိုက်ထောင်ထားတဲ့တံမြက်စည်းတွေလို့ ရွာသူရွာသားများကို အကျိုးအကြောင်း မေးကြည့်တော်မူတယ်။ ရွာသားများက ဒီလိုဘဲ သစ္စက ဆရာကြီးရဲ့ နှမတော်တယောက် ဒီရွာထဲကို ရောက်နေပါတယ်၊ ဒီတံမြက်စည်းကိုယူပြီး လှဲစံ့တဲ့သူဟာ သူနဲ့ ဝါဒပြိုင်ရမယ်လို့ အဆိုရှိပါတယ်ဘုရားလို့ လျှောက်ထားတဲ့အခါကျတော့ ရှင်သာရိပုတ္တရာက ထို တံ မြက် စည်းကို အသာချွတ်လှဲပစ်ခဲ့တယ်။

**စမ္ပူဏ်ဒေ**

အဲဒါနဲ့ ရှင်သာရိပုတ္တရာနဲ့ အဲဒီရသေ့မနဲ့ အပြိုင်အဆိုင် စကားပြော တဲ့ အခါကျတော့ သူ့ခမျာရှုံးပြီးတော့ ဘုရားရှင်ရဲ့ သာသနာတော်ထမ်းတဲ့ ရဟန်းမကြီး ဖြစ်လာတယ်။



အဲဒီလောက် ဘာသာရေး ထွန်းကားတဲ့ ခေတ်ဘဲ၊ သစ္စက ဆရာကြီးဆိုတာကလဲဘဲ တကာကြီး ဦးဘမောင်တို့ ကြားဘူးတဲ့ အတိုင်း ကုလားဗိုက်ရွှဲကြီးနဲ့ တူပါတယ်။

အဲဒီဗိုက်ရွှဲကုလားဆရာကြီးက အဝတ်အစားတောင် ဝတ်တာမဟုတ်၊ လက်ကွက်တီ ဝတ်ပြီးသကာလ ဗိုက်ရွှဲကြီးကို သံပြားကြီးတွေနဲ့ ပတ်ထားတာဆိုဘဲ။

အဲဒီ သံပြားကြီးတွေနဲ့ ပတ်ထားတဲ့အခါကျတော့ လူတွေက မေးကြတယ်၊ ခင်ဗျားဟာ ဘယ့်နှာကြောင့် ဗိုက်ရွှဲကြီးကို သံပြားနဲ့ ပတ်ထားရတာလဲလို့ မေးတော့ ငါ့ဗိုက်ထဲမှာ ရှိတဲ့ ပညာတွေ ပေါက်ထွက်ကုန်မှာ စိုးလို့–လို့ ပြန်ပြီးပြောတယ်။

## ပြိုင်ကြဆိုင်ကြနဲ့

အဲဒါလဲဘဲ တနေ့ကျတော့ သူ့တပည့် သားမြေး အစုံနှင့် သွားပြီး၊ ဘုရားရှင်ကိုယ်တော်မြတ်နဲ့ ဝါဒပြိုင်ပွဲ ကျင်းပရသေးတယ်၊ အဲဒီသစ္စက ဆရာကြီးနဲ့ပြိုင်လို့ ဝါဒနိုင်တဲ့ အခါကျတော့မှ ဂေါတမဘုရားရှင်ထံမှောက်သို့ အခြား ပရိုဗိုက်ကြီးတွေလဲ လာရောက်ပြီး ဝါဒပြိုင်ကြတယ်၊ သူတို့လဲ ရှုံးသွားကြတာဘဲ။

အဲဒီလောက် ဘာသာရေး ခေတ်စားတဲ့ နိုင်ငံကြီးမှာ ဘာသာတရားတွေ ဘယ်လောက် ပေါများမလဲ ဆိုတာကို ဒို့တကာတွေ တကာမကြီးတွေ စဉ်းစားကြည့်ကြ။

အယူတွေ အမျိုးမျိုး၊ ကိုးကွယ်မှုတွေအဖုံဖုံ၊ ဘယ်လောက်အထိ မျိုးစုံနေသလဲဆိုတော့ အိမ်ရှေ့မှာ စိုက်ထားတဲ့ ပင်စိမ်းပင်ကို ရှိခိုးတဲ့အလေ့ကစပြီးတော့ ဟို-ထာဝရဘုရားသခင်

www.burmeseclassic.com

www.burmeseclassic.com



အထိ ကိုးကွယ်တဲ့ဝါဒတွေ အမျိုးမျိုးပေါ်ခဲ့တယ်၊ အဲဒီ ထေရဝါဒဘုရားသခင်မှာလဲဘဲ တချို့က သာကာရဘုရားတဲ့။

သာကာရ ဘုရားဆိုတာ ရုပ်သဏ္ဌာန် အကောင်အထည် ရှိတဲ့ ဘုရား။ ဒီထက် အဆင့်အတန်း မြင့်လာတဲ့ ဝေဒန္တ-အဆင့် ရောက်လာတဲ့ အခါကျတော့ နိရာကာရဘုရားတဲ့၊ ဘုရားသာ ခေါ်တယ်၊ အဆင်းသဏ္ဌာန် ပုံပြင်လက္ခဏာအားဖြင့် သဏ္ဌာန် ပညတ် လုံးဝမရှိ။

အဲဒီတွေးခေါ်တဲ့ သဘာဝဓမ္မကို ဘုရားလို့ခေါ်ပြီးတော့ ကိုးကွယ်တဲ့ အင်မတန်အဆင့်အတန်း မြင့်မားလှတဲ့ ဝေဒန္တ အဘိဓမ္မာအထိ ရင့်ကျက်လာခဲ့တယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီလောက် မြားမြောင်တဲ့၊ အဲဒီလောယ် ပွေ ရှုပ် လှ တဲ့ အဲဒီလောက် ထူးခြားတဲ့ ယူဆချက်တွေ၊ အယူဝါဒတွေ၊ ဘာသာတွေ၊ ကိုးကွယ်မှုတွေကို အကုန်လုံး သိမ်းကြုံးပြီးတော့ အခြေခံအနေနဲ့ သိထားဘို့ လိုပေလိမ့်မယ်၊ အဲဒီလောက်များပြားတဲ့ အထဲမှာ ဂေါတမဘုရားရှင်ကိုယ်တော်မြတ် ပွင့်ပေါ်လာရတာ ဖြစ်တယ်။

အဲဒါကြောင့် ဒီကေသမုတ္တိခေါ် ကာလာမသုတ်၌ ဘုရားရှင်ကိုယ်တော်မြတ်က ဘာသာဝါဒတွေနှင့် ပတ်သက်ပြီး အပြင်းအထန် ဝေဖန်မှုကို ပြုလုပ်ဖို့ ဟောကြားတော်မူရတယ်။

ဒီလိုမူရင်း အခြေခံကို ကြည့်လိုက်တော့ ဘုရားရှင် ကိုယ်တော်မြတ် မပွင့်ပေါ်မီကတဲက အဲဒီဝါဒတွေ အမျိုးမျိုး ထွန်းကားနေတယ်ဆိုတာ သိလောက်ပါပြီ။

မှန်ပါဘုရား။



အဲဒီ ထွန်းကားနေကြတဲ့ ဝါဒတွေဟာ ဘယ်လောက်များ သလဲဆိုတော့ ဦးပဉ္ဇင်းတို့ ဒီအိန္ဒိယနိုင်ငံမှာ အခုခေတ် ရာဇဝင်များမှာ ရေးသားချက်အရ သူတို့ကိုးကွယ်တဲ့ နတ်ပေါင်းဟာ သုံးဆယ်နဲ့ သုံးကုဋေရှိတယ် မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီ သုံးဆယ် သုံးကုဋေသော နတ်တွေကို ကိုးကွယ်ထဲ့ လူ အသီးသီးတွေဟာ အယူအဆတွေ အမျိုးမျိုး၊ ကိုးကွယ်မှုတွေ အဝေ၊ ပသမှုတွေအမှုံဖို့ ဘယ်လောက်ကဲ့ပြားပြီး စုံနေလိမ့်မယ် ဆိုတာကို တကာကြီးဦးဘမောင်တို့ တွေးကြည့်ရင် သိနိုင်တယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ထို့ပြင်အကျင့်ကျင့်တဲ့ နေရာမှာလဲဘဲ ဒီဘာသာရေးနဲ့ ပတ်သက်တဲ့ အကျင့်တွေဟာ ဘယ်လောက်ပြင်းပြင်းထန်ထန်ကျင့်ကြရတယ်ဆိုတာ တကာကြီးတွေ ကြားဘူးကြလိမ့်မယ် ဟုတ်လား။

တင်ပါဘုရား။

ဂေါတမဘုရား အလောင်းတော်သည်ပင် ခြောက်နှစ်တိုင်တိုင် ဒုက္ကရစရိယာ ကျင့်ရတယ်ဆိုတာ ဘာကြောင့်လဲ။

အဲဒီလို ထူးထူးချွန်ချွန် ပြင်းပြင်း ထန်ထန် ဆင်းဆင်းရဲရဲ ခံနစ်နာခံပြီးတော့ ကျင့်ကြကြ၊ အားထုတ်ကြတဲ့ ပုဂ္ဂိုလ်တွေ ထဲမှာ နံပါတ်တစ်က နေပြီးတော့ ချိပ်နိုင်အောင် ဂေါတမရှင် အားထုတ်တော်မူရတယ်လို့ ဆိုရမယ် ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီတော့ တရားမှန်တာ၊ မမှန်တာဖယ်ထား၊ အချောင်ရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့ တရားဆိုရင် ဟိုဘက်ခေတ်ကလူတွေက လိုက်နာချင်ကြတာ မဟုတ်ဘူး။

အဲဒါကြောင့် ဘုရားကိုယ်တော်မြတ် အလောင်းတော်ကြီး သည်ပင် အင်မတန် ပြင်းထန်တဲ့ ဒုက္ကရစရိယာကို ကျင့်၍ ပြုတော်မူခဲ့ရတယ်။

အဲဒီလို ကျင့်တော်မူလို့ အပြီးအဆုံးမှာမှ ပဋိမ ပဋိပဒါ ခေါ်တဲ့ အလယ်-အလတ် လမ်းစဉ်ကို စထင် တွေ့မြင်တော်မူရခြင်းကြောင့် သဗ္ဗညုတ ဉာဏ်ကို ရခဲ့တယ် မဟုတ်လား။

တင်ပါဘုရား။

အဲဒီလို ရတော်မူပြီးသည့် နောက်လဲဘဲ အခုနက ပြောတဲ့ ဝါဒအမျိုးမျိုးကို ကိုင်စွဲပြီးသကာလ အယူအဆအဖုံဖုံ ကို စုံနေအောင် ယောပြောကြတဲ့ ဓမ္မကထိကတွေ၊ ဘာသာရေး ဆရာတွေဟာ လောကကြီးထဲမှာ အိန္ဒိယ နိုင်ငံမှာ အင်မတန်များ တယ်။

ဒီပြင်ဟာမကြည့်နှင့်၊ ဘုရားရှင်ကိုယ်တော်မြတ် တောထွက် သွားတဲ့အခါကျတော့ အာဠာရ-ဥဒကတို့ဆိုတဲ့ ရသေ့ကြီးတွေ ဆီမှာ ချဉ်းကပ်ပြီး သူတော်ကောင်းတရား အားထုတ်နည်း၊ နိဗ္ဗာန်မဂ်ဖိုလ် ရဖို့ရကြောင်း အားထုတ်နည်း စသည်ဖြင့် အဲဒီ ဟာတွေ လိုက်လံရှာဖွေခဲ့ရတယ် မဟုတ်လား။

ဒီဆရာကြီးတွေဆီမှာ ရှိတာက ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်၊ စတုတ္ထဈာန်အထိတော့ဖြင့် ညွှန်ပြနိုင်တဲ့ လမ်း ရှိတယ်။

ဒါပေမဲ့ မဂ်လမ်း၊ ဖိုလ်လမ်း မတွေ့ရလို့ ဘုရားရှင်ကိုယ် တော်မြတ် အလောင်းတော်ကြီးဟာ လူတို့ဆီက နှုတ်ခွာပြီး



သကာလ ဥရုဝေလတောထဲမှာ တပါးထီးထီး ယောကျ်ားတို့ အစွမ်းကုန် ကျင့်တော်မူခဲ့ရတယ်။

ဘာ့ကြောင့် ဒီလောက်ကျင့်ရသလဲဆိုတော့ သေးက ကျင့် တဲ့လူတွေ ရနေတဲ့တရားကို သူကိုယ်တိုင် ရအောင် ကျင့်တယ်။ သူကိုယ်တိုင် ရအောင်ကြံတယ်။ သူကိုယ်တိုင် ရအောင် အား ထုတ်တယ်။ အဲဒီလို အားထုတ်လို့ အများကျင့်ကြတဲ့ အတိုင်း ချပြီးတဲ့အခါမှာလဲဘဲ သူလိုလားတဲ့ အာသဝေါကင်းကွာမှု၊ ဥပါ ဒါန်ပြတ်မှု၊ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းမှုဆိုတဲ့ သန္တိသုခကို လက် ဆုပ်လက်ကိုင် မရသေးဘူး။

အဲဒီလိုမရသဖြင့် ဒီလမ်းစဉ်ဟာမမှန်ဘူး၊ ပဉ္စဝဂ္ဂီတို့-မင်းတို့ လမ်းစဉ်တွေဟာ မှားနေတယ် ဆိုပြီးတော့ ဒီလမ်းစဉ်က ခွဲပြီး ထွက်သွားတယ်။

အဲဒီလိုခွဲထွက်ပြီးတဲ့နောက်မှ သဗ္ဗညုတအစစ် ဘုရားအဖြစ် သို့ ရောက်ခဲ့တယ်။

ရောက်ပြီးတဲ့နောက် ဗေါဓိပင်က နေပြီးတော့ မိဂဒါဝုန် အကြမှာ လမ်းကြား၌ ဥပက အမည်ရှိတဲ့ တက္ကဒွန်းကြီးနှင့် တွေ့တယ်ဆိုတာ ဦးဘမောင်တို့ ကြားဘူးတယ် မဟုတ်လား။

မှန်လှပါဘုရား၊ ကြားဘူးပါတယ်ဘုရား။

အဲဒီ တက္ကဒွန်းကြီးဟာ ဘာလဲဆိုတော့ ဂေါတမ ဘုရား အရင်ပွင့်ပြီးတော့နေနှင့်ကြရတဲ့ဘုရားကြီး ခြောက်ဆူတို့အနက်မှ နိဂဏ္ဌနာဋပုတ္တလို့ ခေါ်တဲ့ ဦးပဉ္ဇင်းတို့ စာပေခေါ် ရာဇဝင်မှာ တော့ အဲဒီနိဂဏ္ဌနာဋပုတ္တရဲ့ ဘွဲ့ဟာ မဟာဝီရတဲ့ ဟုတ်ကဲ့လား။

တင်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ခုခေတ်ဘာသာရေး မှတ်တမ်းအရတော့ ဂျိမ်းဘာသာလို့ ခေါ်ကြတယ်။ "ဇိန" ဆိုပါတော့၊ အသံမှန်ရင်းက ဂျိနလို့ခေါ်တယ်၊ နောက် "ဂျိန်း"လို ဖြစ်တယ်။

ဥပကဟာ အဲဒီဂျိန်းဘုရားရဲ့ သာဝကကြီးပေါ့လေ။

အဲဒီ နိဂဏ္ဌနာဋ္ဌ ပုတ္တ ဆိုတာက ဦးပဥ္စင်းတို့ ဂေါတမ ဘုရားထက် အသက် နှစ်ပေါင်း ၂၀ - ကြီးတယ်၊ အဲဒီနိဂဏ္ဌနာဋ္ဌပုတ္တရဲ့ တပည့်ကြီးဖြစ်တဲ့ ဥပက တက္ကဒွန်းကြီး ဆိုတာကို လမ်းမှာတွေ့သည်နှင့် တပြိုင်နက် သူ့မှာ အဝတ် အစားကလဲ မပါဘူး၊ တက္ကဒွန်းဆိုတဲ့ အတိုင်း တကိုယ်လုံး ဗလာ ဟုတ်လား။

မှန်ပါဘုရား။

အဲဒါနဲ့ ဘုရားနဲ့ တွေ့တဲ့အခါကျတော့ ဘုရားကို သူက မေးလား၊ မြန်းလား၊ စမ်းလား လုပ်တယ်ဆိုတာက အဲဒါ ... ဟိုခေတ်တုန်းက ထုံးစံအတိုင်း ဦးပဥ္စင်းတို့ ဂေါတမ ဘုရားက လဲ ဘုရား ဖြစ်ပြီးတော့ ဖန်ရည်ဆိုးတဲ့ သင်္ကန်းဖြင့် ဝတ်သွား တဲ့အခါ လူမြင်လိုက်ထာနှင့် ဒီဟာသူတော်ကောင်ဘဲ၊ ဘာသာ ရေးတရား အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်ဘဲ ဆိုတာ မပြောဘဲ နှင့် သိတယ်ဟုတ်လား။

တင်ပါဘုရား။

အဲဒီတော့ ဘုရားရှင်ကို ဥပကကြီးက ဘာမေးသလဲ။

ခင်ဗျား ကြည့်ရတာ အိန္ဒြေ သိက္ခာတွေလဲ ကောင်းတယ် သွားပုံ၊ လာပုံလဲဘဲ၊ သပ်သပ်ယပ်ယပ် ရှိပါတယ်၊ ဒီတော့ ခင် ထား ဘယ်တရားများကို အားထုတ်သလဲ၊ ဘယ်သူ့ကို ဆရာ ဗျားပြီးတော့ အားထုတ်ပါသလဲလို့ မေးတယ်။



အဲဒီလို မေးတာက ဘာသဘောလဲ ဆိုရင်လဲ အဓိပ္ပါယ်က ... အကျင့်တရား၊ သူ့ရဲ့ မြင့်မြတ်သော လွတ်မြောက်ခြင်း ...များကို ကြားနာရလို့ သဘောကျရင် သူ့ဘက်လိုက်ပြီး ...ာလ သူ့တပည့်ခံသင့်ခံဘို့ (သို့မဟုတ်) သူက သာပုံပေါ် ...ဘဲ ဂေါတမဘုရားကို သူ့နောက်လိုက်ဖြစ်အောင် တရား ...ာဘို့ အဲဒီလိုရည်ရွယ်ချက်တွေရှိတယ်။

အဲဒီလိုဘုရားရှင် ကိုယ်တော်မြတ် မပွင့်မီကထဲက ဘာသာ ...ဝိုင်ရာတရားတွေထဲမှာ အင်မတန်ပြင်းထန်တဲ့ အငြင်းအခုံ ...ဖြစ်နေသေ့ရှိကြပါတယ်။

ဘယ်လို အငြင်း အခုံတွေ ဖြစ်ကြသလဲ ဆိုရင် ဦးပဥ္စင်းတို့ ...ားမပွင့်မီ ကလေးခေတ်မှာ ဥပနိသာဒ ခေတ်ဆိုတဲ့ အခါ ...်းကလို ဘာသာရေးဆိုင်ရာ၌ အယူအဆတွေထဲမှာ အဒွိတ္တ ...ာ်ရောက်လာတဲ့ဝါဒတမျိုး ပေါ်လာတယ်။

အဒွိတ္တဝါဒဆိုတာ နှစ်ခုမရှိ၊ တခုထဲသာရှိသော ဝါဒလို့ ...တယ်ဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

နှစ်ခုမရှိ တခုထဲသာရှိသော ဝါဒကို ဆန္ဒောဂျ ဥပနိသာဒ ...မ်းများမှာ အကြီးအကျယ်ဖွင့်ထားတယ်။ ဘယ်လို နှစ်ခုမရှိ ...သလဲဆိုတော့ ထာဝရ ဘုရားသခင်လို့ ဆိုတဲ့ ပရမေ သွကာ၊ ...သာရ နိမ္မာန တခုထဲသာ ရှိတယ်တဲ့။

အဲဒါက အကုန်လုံး လူတွေရော၊ သစ်ပင်တွေရော၊ တော ...တောင်ရော၊ သမုဒ္ဒရာရော၊ ရေမြေရှိသမျှ အရာဝတ္ထုတွေ သတ် ...ရော၊ သက်မဲ့ရော၊ အကုန် အဲဒါတွေဟာ ဘုရားသခင်ဖျည့်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



လို့ အယူရှိတဲ့ ဝါဒဖြစ်တယ်၊ မြင်မြင်သမျှ တွေဟာ ဘုရား တဆူချည့် သက်သက်ပဲ။

အဲတခုထဲသာ ရှိတယ်၊ နှစ်ခုမရှိဘူးတဲ့၊ အဲဒီနောက် အဲဒီ တခုထဲသာရှိတယ်ဆိုတဲ့ အဒွိတ္တဝါဒီကနေပြီး ဆင်းသက် လာ လိုက်တော့ ဒွိတ္တဝါဒ ရောက်လာတယ်၊ အဓိပ္ပါယ်က နှစ်ခုရှိ တယ်တဲ့။

အဲဒီနှစ်ခုရှိတာက ဘာနှင့်ခုလဲဆိုတော့ ဘုရား သခင်ရယ် ကမ္ဘာလောကကြီးရယ်၊ နှစ်ခုရှိတယ်၊ အဲဒီမှာ ကမ္ဘာ လောက ကြီး အတွင်းမှာရှိတဲ့ သက်ရှိရော၊ သက်မဲ့ရော၊ အားလုံးသော ပစ္စည်းတွေကတဖက်၊ ထာဝရဘုရားသခင်ကတဖက်၊ ဒီလိုနှစ်ခု ရှိ တယ်လို့ ယူတယ်။

ဘုရားသခင်က ကတ္တား၊ အဲဒီ ကမ္ဘာလောကကြီးနှင့် တကွ ကမ္ဘာ လောကကြီး အတွင်းမှာ ရှိနေကြတဲ့ သက်ရှိ၊ သက်မဲ့ ပစ္စည်းတွေက "ကံ"၊ အဲဒီ "ကတ္တား" က အဖြစ်နဲ့ ပြည့်စုံ မှသာလျှင် ဘာသာရေးတရားဆိုတာ ဖြစ်နိုင်သည်တဲ့။

အဲဒီလိုဝါဒတွေ ထွန်းကားလာခဲ့တယ်၊ အဲဒီဝါဒတွေထွန်း ကားလာပြီးတဲ့ နောက်ခေတ် ကျတော့ ဘဖြစ် လာပြန်သတဲ့ ဆိုရင် ထာဝရ ဘုရားသခင်က ဖန်ဆင်းလိုက်တဲ့ အားလုံးသော သတ္တဝါတွေမှာ အတ္တဆိုတာရှိရမယ်၊ အဲဒီအတ္တ သည်သာလျှင် ခိုင်မြဲတယ်၊ ဘယ်အခါမှ ပျက်စီးခြင်းမရှိဘဲ အမြဲတည်တယ်၊ အဲဒီအတ္တကလေးဟာ တဖြေးဖြေး သူတော်ကောင်းတို့၏တရား ကို အားထုတ်ခြင်းဖြင့် ပထမ မူရင်းပင်မ စပြီးတော့ ထွက်လာ ရာဖြစ်တဲ့ ပရမတ္တမခေါ်ဖြစ်တဲ့ အင်မတန် ကြီးကျယ်တဲ့ ဘုရား



သခင်ရဲ့ အတ္တကြီးနှင့် ပြန်ပြီးတော့ ပေါင်းမိအောင် အား ထုတ်ရမယ်ဆိုတဲ့ ဝါဒတွေဘဲ၊

တရားတွေထွန်းကားလာတယ်၊ ခုအထိ ဒီဝါဒဟာ နာမည် ကြီးမျိုးနဲ့ ခေတ်စားတုန်းဘဲ၊ အဲဒီထွန်းကားလာတဲ့အခါကျ တော့ ဒီအတ္တကလေး စားကျက်က ဘယ်မှာလဲ၊ အဲဒီအတ္တက လေးရဲ့ စားကျက်ဟာ တဖြေးဖြေးနဲ့ ကျယ်လာတယ်၊ ဟုတ် ကဲ့လား တကာကြီး ဦးဘမောင်။

တင်ပါဘုရား။

လူ့ပြည်က လူဖြစ်နေတဲ့ သတ္တဝါတယောက်ရဲ့ အတ္တဆိုတဲ့ ဟာ သူလှည့်လည်နေတဲ့ စားကျက်တွေက ရှိရတော့မယ်။ နတ် ပြည်၊ ဗြဟ္မာပြည်၊ ငရဲပြည်၊ တိရစ္ဆာန်ပြည်၊ အသူရကာယ်ပြည် စသည်ဖြင့် အတ္တစားကျက် ကျယ်လာခဲ့တယ်။

အဲဒါတွေဟာ ဦးပဉ္ဇင်းတို့ ဂေါတမဘုရား ပွင့်တော်မမူမီ နှစ်ပေါင်း လေး-ငါးရာလောက်ကစပြီး ပေါ်ပေါက် လာတဲ့ အယူဝါဒဟောင်းတွေ ဖြစ်တယ်။

အဲဒီလိုဖြစ်လာတော့ကာ ဒီအတ္တချည့်ဘဲ လူကစွဲစွဲပြီး လာ ကြတော့ အတ္တဝါဒဟာ တဖြေးဖြေးနဲ့ အိန္ဒိယ နိုင်ငံကြီးမှာ ထွန်းမိုးလူမတတ် အင်မတန်ကြီးစိုး တွင်ကျယ်လာတဲ့ ဝါဒကြီး တရပ်ဖြစ်လာတယ် ဦးဘမောင်။

မှန်ပါဘုရား။

ဘယ်အထိ ကြီးစိုးလာသလဲဆိုတော့ ဦးပဉ္ဇင်းတို့ ဂေါတမ ဘုရားအလောင်းတော် သိဒ္ဓတ္ထ မင်းသား၏ခမည်းတော်၊ မယ် တော်ဖြစ်ကြတဲ့ သုဒ္ဓေါဒနနဲ့ မာယာဒေဝီတို့ အထိ အတ္တဝါဒီ တွေ ဖြစ်ခဲ့တယ်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



မှန်ပါဘုရား။

သူတို့ဟာ ဟိန္ဒူဝါဒ ကိုးကွယ်ကြတဲ့ လူတွေဘဲ မဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

အဲဒီကမှ သိဒ္ဓတ္ထ မင်းသားမွေးတယ်၊ ပြီးတော့ သိဒ္ဓတ္ထမင်းသားဟာ သက်တော် ၂၉-နှစ်အရွယ်ကျတော့ တောထွက်ပြီး သကာလ ဒုက္ကရစရိယာ ခြောက်နှစ် ကျင့်လို့ ဘုရား အဖြစ်သို့ ရောက်တော်မူခဲ့တယ်။

အဲဒီလိုဘုရားအဖြစ်သို့ ရောက်တော်မူတဲ့အခါကျတော့မှ ဒီမွေစကြာရယ်၊ အနတ္တ လက္ခဏာသုတ်ရယ်ဆိုတဲ့ မိဂဒါဝုန်တရားတို့ကို ဟောထယ်။

မိဂဒါဝုန် တရားတို့တွင် ဒီအနတ္တ လက္ခဏာသုတ်ကို ဟောတော်မူတဲ့ အခါကျတော့မှ လောကကြီးရှိကြတဲ့ သတ္တဝါတွေအကုန်လုံးက အတ္တကြီးစွဲပြီး နေကြတော့ အဲဒီ အတ္တဝါဒကို အင်မတန်မြတ်နိုးတဲ့ပုဂ္ဂိုလ်တွေ၊ အင်မတန်ယုံကြည်တဲ့ သတ္တဝါတွေရဲ့အလယ်မှာ ဒီဘုရားရှင် ကိုယ်တော်မြတ်က-

ရူပံ ဘိက္ခဝေ အနတ္တာ-တဲ့၊

ဒီစကားသုံးကလေး တ လုံး ကို ဟော လိုက် တဲ့ အတွက်ဦးပဥ္ဇင်းတို့ အိန္ဒိယနိုင်ငံရှိဘာသာရေး ခလောကကြီး တခုလုံးတုန်လှုပ် ချောက်ချား ၍ သွားခဲ့တယ် ဦးဘမောင်ရဲ့။

မှန်ပါဘုရား။

**အဖျက်အဆီး အမျိုးမျိုး။**

အဲဒီတော့ ဘယ်အထိ တုန်လှုပ် ချောက်ချားသလဲဆိုတော့



အဲဒီ "အနတ္တဝါဒ" ကို ကြေငြာနိုင်ဘို့အတွက် ဦးပဥ္စင်းတို့ ဂေါတမဘုရားဟာ အင်မတန် ပြင်းထန်တဲ့ ဒုက္ခ ဝေဒနာတွေ ခံတော်မူခဲ့ရတယ် ဦးဘမောင်။

မှန်ပါဘုရား။

ခနော်-သေသေချာချာတွက်ကြည့်၊ ဦးပဥ္စင်းတို့။

ဝေဘာရတောင်ခေါင်း၊ ကျောက်မောင်းဆင်ကာ။

ဒေဝဒတ်ယုတ်၊ ခလုပ်အသာ – ဆိုတဲ့အတိုင်း ဒေဝဒတ်ကကျောက်ခဲနဲ့ ကျောက်မောင်းဆင်ပြီး တော့ချတဲ့ကိစ္စဟာ ဘုရားရှင်ကို အသေသတ်ဘို့ ကြံတာဘဲ မဟုတ်လား။

မှန်ပါဘုရား။

အဲထို့နောက် နာဠာဂီရိဆင်ကြီးကို အရက်ကိုးမောင်းတိုက်ပြီး ရာဇဂြိုဟ်မြို့တွင်း ဆွမ်းခံကြွတဲ့ အချိန်မှာ လွှတ်လိုက်တဲ့ကိစ္စဟာလဲ ဘုရားရှင် ကိုယ်တော်မြတ်ကို အသေသတ်ဘို့ဆိုတဲ့ ကြံရည်ချက်ဘဲ မဟုတ်လား။

မှန်ပါဘုရား။

အဲဒီတော့ ဘုရားရှင် ကိုယ်တော် မြတ်ဟာ ပေါ့ပေါ့စား၊ ပေါ့ပေါ့သွားပြီးတော့ သူများတကာဟောတဲ့ အတ္တကိုအသာလိုက်ဟောလိုက်ရင် ဒီဒုက္ခတွေ ခံရပါမလား။

မခံရပါဘုရား။

မခံရဘူး၊ အဲဒါ အသက်တိုင်အောင် အကြံခံရတဲ့ ဒုက္ခဘဲ၊ အဲသို့ အသက်တိုင်အောင် ကြံစည်ခြင်းကို ခံရတဲ့အပြင် အဲဒီလိုအသက်ကို သေကြောင်းကြံလို့ မရတဲ့အခါကျတော့ အရှက်နဲ့ကြံစည်ခဲ့ရတာကို တွေ့တယ်မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ပါတယ်ဘုရား။

စိဥ္စမာအတို့၊ သုန္ဒရီပရိုဗိုဇ်မတို့လေ၊ အဲဒီ ကိစ္စတွေဟာ ဘာ့ကြောင့် ပေါ်သလဲဆိုတော့ အမှန်ကို ထုတ်ပြီးတော့ ရဲရဲဝံ့ဝံ့ ရှင်းရှင်းစားစား အသက်နဲ့ စည်းစိမ်ကိုပင် ပမာဏမထားဘဲနှင့် ဟောကြားသောသတ္တိကြောင့် ဤကဲ့သို့ဒုက္ခတွေ၊ ဤကဲ့သို့သော ကြံစည်မှုတွေကို ခံခဲ့ရခြင်းဖြစ်တယ် မဟုတ်လား။

တင်ပါဘုရား။

ဒါ့ပမယ်လို့ ဂေါတမဘုရားက လူတွေ အကုန်လုံးက ယုံကြည်နေတယ်၊ မြတ်နိုးနေတယ်၊ ရှိခိုးနေတယ်၊ ပူဇော်နေတယ်၊ နေ့စဉ် နေ့စဉ် အိမ်တိုင်း၊ ရွာတိုင်း၊ မြို့တိုင်းမှာ ပူဇော်ပသမှုတွေ၊ ယဇ်ပွဲတွေ အမျိုးမျိုး ဆင်ပြီးတော့နေကြတဲ့ ဗြဟ္မာမင်းကြီး၊ ထို့ပြင် ဝိဿနိုးနတ်ကြီး၊ ပြီးတော့ မဟာဒေဝ နတ်ကြီး ဆိုတဲ့ အိန္ဒိယနိုင်ငံရဲ့ နတ်ကြီးသုံးပါးကို ဘုရားရှင် ကိုတော်မြတ်က အမြတ်မ်း ပျက်ရယ်ပြုတော်မူခဲ့တယ် မဟုတ်လား။

တင်ပါဘုရား။

အဓိပ္ပါယ်က ရယ်စရာတွေလုပ်ခဲ့တယ်၊ အဲဒီလောက် ဘုရားရှင်ကိုယ်တော်မြတ်က ရဲရဲဝံ့ဝံ့နှင့် လောကရှိလူသားအားလုံးရဲ့ အစွဲဥပါဒါန်တွေကို အင်မတန် ချွတ်ချင်လွန်းလို့၊ အင်မတန် သန့်ရှင်းစေချင်လွန်းလို့ ဒီလောက် ဒုက္ခစရိယာ ခြောက်နှစ်ကြာအောင် ခံပြီးသကာလ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးသည့် နောက်ကာလ၌ အားလုံးသောသူထုရဲ့အကျိုးငှာ အနတ္တဝါဒကိုစတင်ပြီးတော့ ဟောတော်မူခဲ့တယ်။

အဲဒီလိုဟောတဲ့အတွက် ဖြစ်ပေါ်လတံ့သော ဘေးဒုက္ခတွေကို တာဘာခုမျှ ဂရုမပြုဘဲနှင့် အတိအလင်း ဖွင့်တော်မူခဲ့တယ်။



ဝေဖန်စရာရှိရင် ဦးပဥ္စင်းတို့ ဂေါတမဘုရားဟာ ရက်ရက် စက်စက် ဝေဖန်ခဲ့တဲ့ ဘုရားမဟုတ်လား။

တင်ပါဘုရား။

အဲဒါကြောင့် လူတွေဟာ ရဟန်းကြီး ဂေါတမ ကြွလာပြီဆိုမှဖြင့် ဦးပဥ္စင်းတို့စာထဲမှာ လာသည့် အတိုင်းဆိုရင် တကာထဲ အုပ်အော်သောင်းတင်း ဖြစ်သွားတယ် မဟုတ်လား။

တင်ပါဘုရား။

အဲဒီလို အုပ်အော်သဲလဲ ဖြစ်ထာက ဘာ့ကြောင့်လဲလို့ ဆိုတော့ ပုဂ္ဂိုလ်ထူးတယောက် ပေါ်လာတဲ့အခါမှာ တချို့က အကောင်းပြော၊ တချို့က အဆိုးပြော - အဲဒီလို နေတဲ့ ခေတ်ကြီး ဖြစ်ခဲ့တယ်။

## ဘုရား ၆ – ဆူ

အဲဒီအခါမှာ ဦးပဥ္စင်းတို့ ဘုရားရှင် လက်ထက်တော် အခါကျတော့ ဒီဘာသာ အဋ္ဌဝါဒ တွေမှာ ထွန်းကား တုန်းဘဲ မဟုတ်လား။

ဘင်ပါ့ဘုရား

ဘုရားကြီး ခြောက်ဆူဆိုတာလဲ ကြားဘူးတယ်မဟုတ်လား။

ကြားဘူးပါတယ်ဘုရား၊

သိဥ္စည်းတို့၊ နိဂဏ္ဌနာဋပုတ္တတို့၊ ပကုဓကစ္စာယနတို့၊ အဇိတကေသကမ္ဗလတို့၊ မက္ခလိဂေါသာလတို့ အစရှိတဲ့ ဘုရားကြီး ခြောက်ဆူက ဦးပဥ္စင်းတို့ ဘုရားရှင် မပွင့်ခင်ကလေး အောက သူတို့ဟာသူတို့ ဂိုဏ်းဆရာ ကြီး တွေ ဘဲ၊ တပည့် အပန်းတွေ

www.burmeseclassic.com

www.burmeseclassic.com



မြောက်မြားစွာနဲ့ သူတို့ရဲ့တရားတွေကို သူတို့ ဟောပြီးတော့ သူတို့နိဗ္ဗာန် သူတို့ပို့ဆောင်နေကြတာမဟုတ်လား။

မှန်ပါဘုရား။

အဲဒီအခါ ဦးပဥ္စင်းတို့ ဘုရားပွင့်လာပြီးတော့ ဒါတွေမှား တယ်လို့ ပြောလိုက်တယ် ဟုတ်ကဲ့လား။

မှန်ပါရာရား။

အဲဒီဘုရားကြီး ခြောက်ဆူပွင့်ပေါ်လာပြီးသကာလဟောခဲ့တဲ့ ဟောနေကျဖြစ်တဲ့ တရားတွေကို ဦးပဥ္စင်းတို့ ဘုရားက ရက်ရက်စက်စက် ဝေဘန်ပြီးသကာလ ဒါတွေဟာ အေးငြိမ်းကြောင်းတရားမဟုတ်၊ နိဗ္ဗာန် ရောက်ကြောင်း တရားမဟုတ် ကိလေသာ တဏှာကုန်ခမ်းကြောင်း တရားမဟုတ်၊ အမှန်မှာ ကိလေသာ တိုးပွါးကြောင်းသာ ဖြစ်တယ်လို့ ဟောခဲ့တယ် မဟုတ်လား။

တင်ပါဘုရား။

အဲဒီလို ခေတ်ကြီး ဖြစ်တဲ့ အတွက် ဦးပဥ္စင်းတို့ ယခုဟော ပြမဲ့ ဗုဒ္ဓမှတ်ကျောက်ကို ဆောင်ထားဘို့ လိုလာတယ်၊ ကေသ မုတ္တိဆိုတာ ရွာနာမည်ဖြစ်ခဲ့တယ်၊ အဲဒီကေသမုတ္တိရွာမှာ ကာလာမဆိုတဲ့ မင်းမျိုးတွေ နေကြတယ်၊ အဲဒီအခါမှာ အခုနက ပြောခဲ့တဲ့အတိုင်းရပ်ရွာလှည့်ပြီးသကာလ တောင်မှေးတချောင်း ကိုင်ပြီးတော့ တရားမှ ဟောပြောနေကြတဲ့ ဓမ္မ ဆရာတွေလ တဦးပြီးတဦး ကေသမုတ္တိရွာသို့ ရောက်ကြတယ်။

အဲ ရောက်လာ ကြတဲ့အခါကျတော့ ကေသမုတ္တိ ရွာသား ကာလာမ မင်းမျိုးတို့ကလဲဘဲ လာသမျှ ဓမ္မကထိကတွေကို အ လွှတ်မပေးဘဲနဲ့ တကာထဲ ပင့်ပင့်ပြီးတော့ တရားနာကြတယ်။

အဲသလိုတရားနာတဲ့အခါကျတော့ ဟောတဲ့ ပုဂ္ဂိုလ်တွေဟာ ဘယ်လိုဟောသလဲဆိုတော့-

ဟော-ကာလာမတို့-

အခုငါဟောတဲ့ တရားတွေကို မင်းတို့ နာကြ၊ မှတ်ကြ၊ ငါ ဟောတဲ့ တရားတွေကို မင်းတို့ကျင့်ကြံကြ၊ ဘာပြုလို့ လဲဆိုတော့ ငါဟောတဲ့တရားဟာ အမှန်ဖြစ်တယ်၊ မနေ့တနေ့က မင်းတို့ဆီ ကိုလာပြီး ဟောသွားတဲ့ ပုဂ္ဂိုလ်ရဲ့ တရားကတော့ မှားနေတယ် ကွာ၊ အဲဒါမင်းတို့မလိုက်နာကြနှင့်တဲ့။

ဒီလိုချည့်ဘဲ ဟောဟော သွားကြတယ်၊ နောက်တပါး လာ ဟောပြန်တော့လဲ ဒီအတိုင်းဘဲ၊ ငါဟောတာ မှန်တယ်၊ သူ ဟောတာ လိုက်နာကျင့်သုံးကြ ဟောပြန်တယ်။

အဲဒီတော့ ဓမ္မကထိက ဆိုတော့လဲဘဲ ကိုယ်ဟောတာကိုယ် မှန်နေမှာပေါ့ ဟုတ်လား၊ ဦးဘမောင်။

မှန်ပါဘုရား။

ကိုယ်ဟောတာမှ ကိုယ်မမှန်ရင် ဒီပြင်ဂ… …အတွက် ခက်ခက် ချည့် ဖြစ်မနေဘူးလား။

အဲဒါနဲ့ ကေသမုတ္တိရွာ ရောက်လာကြသော ဓမ္မကထိကနှင့် တရားဟောဆရာတိုင်းက ဘာဟောသွားသလဲဆိုတော့ သူတို့ ဟောတာသာမှန်သည်၊ အခြားပုဂ္ဂိုလ်ဟောတဲ့ တရား တွေဟာ မမှန်ဘူးလို့ အဲသလိုချည့် ဟောဟောသွားကြတော့ အဲဒီကေသ မုတ္တိရွာသား ကာလာမ မင်းများရဲ့ စိတ်ထဲမှာ သံသယ ဖြစ် လာတယ်။

ဘယ်နှယ် ဖြစ်သလဲဆိုတော့ ဟိုကိုယ်တော်ကလဲ သူ့ဟာ မှန်တယ်၊ တခြားဟာတွေဟာ မှားတယ်၊ နောက်ကိုယ်တော်

www.burmeseclassic.com



ကျပြန်တော့ အရင်ဟာမှားတယ်၊ သူ့ဟာမှန်တယ်၊ အဲဒီလိုဆိုတော့ ဘယ်သူ့ဟာ မှန်ပါလိမ့်မလဲ-လို့ သံသယ ဖြစ်နေရာ မကောင်းဘူးလား ဦးဘာမောင်။

ကောင်းပါတယ်ဘုရား။

အဲ အခုလဲဘဲ ဒီလိုဘဲဦးပဥ္စင်းက ဒီအတိုင်းဟောပစ်ခဲ့မယ်၊ ဒီဟာမှန်တယ်၊ သူများဟာ မှားတယ်လို့ ပြောရင် တကာကြီးတို့စိတ်ထဲ သံသယဖြစ်မှာဘဲ၊ ဘယ်လောက် မှန်ပါလိမ့် မတုန်းလို့ ဖြစ်မှာဘဲမဟုတ်လား။

မှန်ပါဘုရား။

အဲဒီလို သံသယဖြစ်ပြီးတော့ လူတွေဟာ မကျေမနပ်နဲ့ ပေါ့လေ၊ ဘယ့်နှယ်လဲတွယ်တို့၊ ဓမ္မကထိက ဆရာတော်တွေ ဟောဟောသွားကြတာ သူတို့ဟောတာမှန်တယ်၊ ဒိပြင်လူဟောတာတွေမမှန်ဘူးလို့ ပြောပြော သွားတော့ ခက်ခက်ရချည်ရဲ့လို့ ဆိုပြီး ဘယ်သင်းလိုက်နာရပမလဲ၊ ဘယ်ဟာကို အမှန်လို့ ယူဆရပမလဲ၊ ဘယ်သင်းကျင့်ကြံရပမလဲလို့ စသည်ဖြင့် သံသယတွေ၊ ကုက္ကုစ္စတွေ ဖြစ်ပြီးတော့နေကြတယ်။

အဲဒီလို ဖြစ်ပြီးတော့ နေကြတဲ့အခိုက်အတန့်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကလဲ ကောသလတိုင်းမှာ ဒေသစာရီလှည့်လည်ကြွသွားတော်မူ၍ အဲဒီကေသမုတ္တိရွာသို့ ရောက်တော်မူတယ်။

ကေသမုတ္တိရွာ ရောက်လာတဲ့အခါ ထက်ထဲ အုပ်ဖအော်သောင်းလဲ ဖြစ်ထာပေါ့၊

သာကီဝင် မင်းမျိုးထဲမှ နန်းမသုံးဆောင်နှင့်တကူ ယသော်ဓရာ အစရှိသော မောင်းမမိဿံ ခြွေရံသင်းပင်း ဟူသမျှနှင့် လောက စည်းစိမ်တွေ အကုန်လုံး စွန့်ပြီးတော့ ထွက်လာဘဲ့



သိဒ္ဓတ္ထကဖြစ်တဲ့ ဂေါတမ၊ ရဟန်းကြီးဂေါတမ ရောက်လာပြန်ပတဲ့ဟ -ရောက်လာပြန်ပတဲ့လို့ အရင်ထဲကကြေးကြော်ပြီးတော့ ဘုရားရှင်ဆီ အကုန်လုံး စုဝေးရောက်လာ ကြတာပေါ့။ ကာလာမမင်းများက ရောက်ရောက်ခြင်းဘဲ ဘုရားရှင်အား အဲဒီလို လျှောက်ထာဘဲ။

## လျှောက်ထားကြပြီ

တပည့်တော်တို့တော့ ဒုက္ခ ဖြစ်နေပါပြီ၊ တပည့်တော် တို့ရွာရောက်လာတဲ့ တရားဟော ဆရာတွေဟာ သူတို့ဟောတာသာမှန်တယ်၊ ဒိပြင်လူတွေဟောတာ မမှန်ဘူးလို့ ဟောကြပါတယ် ဘုရား။

အဲဒါကြောင့် တပည့်တော်တို့မှာ သူတို့ ပြန်သွားတဲ့အခါကျတော့ ဘယ်တရားလိုက်နာရမလဲ၊ ဘယ်တရားက အမှန်လဲ၊ ဟိုတရားက မှားတယ်၊ ဒီတရားက မှန်တယ်။

အဲဒီလို ဝေဖန် ပိုင်းခြားဘို့ အတွက် အခက် ကြုံနေကြပါတယ်ဘုရား။ တပည့်တော်တို့ မယုံကြည်တတ်အောင် ဖြစ်လာပါတယ်ဘုရား၊ သံသယ ကုက္ကုစ္စတွေ ဖြစ်လာပါတယ် ဘုရား၊ ဝိစိကိစ္ဆာတွေ ဖြစ်လာပါတယ်ဘုရား၊ အဲဒါနဲ့ ပတ်သက်လို့ တပည့်တော်များ ဘယ့်နှယ်လုပ်ရမလဲ၊ အဲဒီလို လျှောက်ထားတယ်။

ဒီတော့ ဘုရားသခင်က-

ကာလာမတို့-

မင်းတို့ သံသယဖြစ်ထာလဲ အပြစ်ဆိုစရာမရှိဘူး၊ ဖြစ်ထိုက်ပါတယ်၊ ဝိစိကိစ္ဆာဖြစ်ထာလဲ အပြစ်ဆိုစရာမရှိဘူး။

www.burmeseclassic.com

www.burmeseclassic.com



ဘာပြုလို့လဲဆိုတော့ကာ ရပ်ရွာသို့ ရောက်လာပြီးသကာလ တရားဓမ္မ ဟောပြပြီး သွားကြတဲ့ ဓမ္မဆရာ အသီးအသီးတို့က အဲဒီ သူ ဟောတဲ့တရားသာ မှန်တယ်၊ အခြား တရား မှားတယ်လို့ ပြောသွားရင် ဒါ လေးကထုံးစံအတိုင်းဘဲ၊ သံသယတွေ ကုက္ကုစ္စတွေ၊ ဝိစိကိစ္ဆာတွေ မင်းတို့ရဲ့ စိတ်ထဲမှာ ဖြစ်ရမှာ အမှန်ဘဲ၊ အဲဒါ မလွဲနိုင်ဘူး။

ဒီတော့ ''ဘုရားတပည့်တော်များ ဘယ်လိုတရားများ လိုက်နာကျင့်သုံးရပါမလဲ၊ ဘယ်လိုတရားကို အမှန်လို့ တပည့်တော်များ မှတ်ယူရပါမလဲ။

အဲဒီလို အမှန် မှတ်ယူနိုင်အောင် အမှန် ဆိုတဲ့တရား တပည့်တော်များ မှတ်ယူနိုင်အောင် နည်းလမ်း ညွှန်ပြပြီး သကာလ ဥပဒေသလေးများ ပေးတော်မူပါဘုရား''လို့ ကာလာမ မင်းသားတွေက ဘုရားရှင်ကိုယ်တော်မြတ်အား၊ လျှောက်ထားကြတဲ့အခါကျတော့မှ ယခု ယနေ့ညဟောမဲ့ ကေသမုတ္တိ သုတ်ကို ဘုရားရှင်ကိုက်တော်မြတ် စချီပြီးဟောတော်မူတယ် ဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

အဲဒီတော့ ဒီသုတ်က ဘာလုပ်ဖို့ ဘုရားက ဟောသလဲလို့ ဆိုတော့ ဒီတရားနာတဲ့ပရိသတ်တွေ၊ တရားနာတဲ့လူတွေ၊ တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ချင်တဲ့လူတွေ၊ အမှန်တရားကို ရလို-ရောက်လိုတဲ့လူတွေအတွက် မှတ်ကျောက်အဖြစ်ဖြင့် ဘုရားရှင် ကိုယ်တော်မြတ်က ပေးတော်မူတယ် ဟုတ်ကဲ့လား ဦးဘမောင်။

တင်ပါဘုရား။



အဲဒီတော့ တကာကြီးဦးဘမောင်တို့ လောကမှာ ရွှေရောင်း ရွှေဝယ်လုပ်တဲ့ ပုဂ္ဂိုလ်များမှာ မှတ်ကျောက်ကလေး ရှိရတယ် မဟုတ်လား။

ရှိရပါတယ်ဘုရား။

အဲမှတ်ကျောက်မရှိရင် အဲဒီ ရွှေရောင်းရွှေဝယ်လုပ်တဲ့လူဟာ မုချ အလိမ်ခံရပြီး သွားဘဲ မဟုတ်ဘူးလား။

တင်ပါဘုရား။

အဲဒီတော့ ရွှေကောင်းတယ် မကောင်းဘူး ကိစ္စနှင့် ရွှေက အရည်မှီတယ်၊ မမှီဘူးဆိုတဲ့ ကိစ္စတွေကို ဘယ်သူက ဘယ်လို ဆုံးဖြတ်ပေးသလဲဆိုတော့ အဲဒီမှတ်ကျောက်ကလေးကဘဲ။

အဲဒီမှတ်ကျောက်ကလေးနဲ့ ကျ၊ကျနန တိုက်ကြည့်ပြီးသော့ ဝယ်မှ၊ အဲဒီလို မဝယ်လို့ရှိရင် မှတ်ကျောက်နဲ့ပါလို့ရှိရင် ရွှေတု၊ ရွှေလိမ်၊ ရွှေညာ (သို့မဟုတ်) အရည်မမှီ၊ အရည်မကိုက်တဲ့ ရွှေတွေကို မင်းတို့ရကြတော့မှာ အမှန်ဘဲ။

ဒါကြောင့် ကာလာမမင်းတို့-

မင်းတို့ တသက်လုံးအတွက်၊ ခင်းတို့ တဘဝလုံး အတွက် နောက်နောင်အခါ ဘယ်ကဲ့သို့သော တရားဟောဆရာက ဟောစေကာမူ အဲဒီ တရားမှန်၊ မမှန်၊ အဲဒီတရားဟာ အကျိုးရှိ၊ မရှိ၊ အဲဒီတရားဟာကုသိုလ်လား၊ အကုသိုလ်လား၊ အဲဒီတရားဟာ ပစ္စုပ္ပန်တမလွန်စသော ဘဝတို့၌ လက်ထိ လက်ရောက် အကျိုးပေးနိုင်တဲ့တရား ဟုတ်၊ မဟုတ် စသည်ဖြင့် စစ်ဆေးဘို့ရာ မင်းတို့လိုက်နာကျင့်သုံးနိုင်အောင် ကျင့်ကြံကြိုးကုတ်အားထုတ်နိုင်အောင် ဟောဒီက ငါ ယခုဟောမဲ့ တရားတော်ကို မှတ်ကျောက်အဖြစ်ဖြင့် မင်းတို့ ဆောင်ထားကြပါလော့၊ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထားရင် မမွဘက်ဆိုင်ရာ အမှားနှင့်အမှန်နှင့် ပတ်သက်ပြီး မင်းတို့ အညာ အဝါ အလိမ်မခံရတော့ဘူး၊ မှတ်ကျောက်ဆောင်ထားတဲ့ ရွှေပန်းတိမ်သည်များလို မင်းတို့မှာ မှန်ကန်သောရွှေကို ရရာရကြောင်း နည်းကောင်းတွေ ဖြစ်လိမ့်မယ်လို့ ဘုရားရှင်ကိုယ်တော်မြတ်က ပထမဆုံး နံပါတ်တစ်အနေနဲ့ ဘာဟောသလဲ

## တဆင့်ကြားမယုံလေနဲ့

နံပါတ်(၁)က-

မာ အနုဿဝေန ဂတ္တာ၊

အနုဿဝေန၊ တဆင့်စကား တဆင့် ကြားခြင်းဖြင့်လည်း။ မာဂတ္တာ မှန်ပြီဟူ၍ မင်းတို့ မမှတ်ယူကြကုန်လင့်လို့ ဟောခဲ့တယ်၊ တောဒီ နံပါတ် တစ်ကို ဦးပဥ္စင်းဘို့ နားလည်ဘို့ အရေးကြီးတယ်၊ တဆင့်စကား တဆင့်နားဆိုတော့ ဦးပဥ္စင်းတို့ရဲ့ ကပ္ပါမှာ လူမျိုးတိုင်း၊ တိုင်းပြည်တိုင်း၊ နိုင်ငံတိုင်းမှာ ရှိတယ်ဟုတ်လား ဦးဘခမောင်။

မှန်ပါဘုရား။

ဘာပြုလို့လဲဆိုတော့ ရှေးလူကြီးတွေက ရှေး စကား တွေ ပြောပစ်ခဲ့တာ အများကြီးအရှိသားကိုး။ ဦးပဥ္စင်းတို့ဗမာနိုင်ငံမှာလဲ ရှိသားဘဲ။

ဘာလဲဆိုတော့ ဒီပဥ္စင်းတို့အညာဘော့ရှိတယ်၊ ရွှေယုန်နဲ့ ရွှေကျား သက်ကယ်ရိတ်သွားတုန်းကဆိုတဲ့ ဝဏ္ဏ ပုံ ပြင် ကလေး တွေလေ ဒီမှာကော ရှိသလား။

ရှိပါတယ်ဘုရား။



ပြီးတော့-

ဟိုရွှေလမှာ ယုန်ထပ်လို့၊ ဆန်ဖွတ်တဲ့ အဖိုးအို၊ ဟောကြည့်ပါဆို၊ ဒါလဲရှိတယ်မို့လား။

အဲဒီလို ဇာတ္တာရိုပုံပြင်ကလေးတွေကို ရှေးလူတွေက ဟောပြောပစ်ခဲ့တယ်၊ ရှေးလူကြီးတွေက တဆင့်ပြီး တဆင့်၊ တဆင့်ပြီးတဆင့် ဆက်ခါဆက်ခါ ဟောပစ်ခဲ့တယ်။

အဲဒီလို ဟောပစ်ခဲ့တော့ကာ လူတွေရဲ့ စိတ်ထဲမှာ ဘာဖြစ်သလဲဆိုတော့ ဒါတွေဟာ ရှေးစကားဘဲ၊ ရှေးက ပုဂ္ဂိုလ်ကြီးတွေဟာ အေရာမပုဂ္ဂိုလ်ကြီးတွေဖြစ်တယ်၊ အောရာမ ပညာရှိကြီးတွေ ဖြစ်ခဲ့ကြတယ်။

ဤသို့ဖြစ်ခဲ့တဲ့အတွက် ဟိုကတဆင့် ကြား လာ ဒါ ဖြစ် ပေ မယ်လို့ အဲဒီဟာတွေ အကုန်မှန်တယ်ဆိုတာကို လူ ထု ကြီး တရပ်လုံး ယုံကြည်နေကြတယ် မဟုတ်လား။

တင်ပါဘုရား။

အိန္ဒိယနိုင်ငံကြီးမှာ အဲဒီအခါတုန်းက အနုဿဝ တဆင့်ကြားဖြင့် မှန်တယ်လို့ ယုံကြည်နေတဲ့ ဘာသာတွေ၊ အယူဝါဒတွေ အများကြီး ရှိခဲ့ပါတယ်တဲ့။

အဲဒီတော့ ရှေးတုန်းက တဆင့်စကား၊ တဆင့်နားနှင့်ကြားကြားပြီးတော့ လာခဲ့တဲ့ ကိစ္စတွေကို မင်းတို့မှန်တယ်လို့ မယုံနဲ့တဲ့။

ဘာပြုလို့လဲဆိုတော့ ဒီတဆင့် စကားဟာ မှန်နိုင်တဲ့ အကြောင်းအခြင်းအရာရှိပမလား၊ အခြေခံရှိပမလားဦးဘခမောင်။

မရှိနိုင်ပါဘုရား။

www.burmeseclassic.com



အဲဒီတော့ ဝေါဟာရမှာရှိတဲ့ ဆိုလိုရင်းကတော့ ဒီဦးပဉ္စင်းတို့ မွေ့ကြရမှာပါတဲ့ သစ္စာလေးပါးတရားမှတပါး အခြားတရားတွေနဲ့ ပတ်သက်လာရင် သတိရှိဘို့လိုတယ်၊ အကယ်၍ ဦးထမောင်ရဲ့ နားထဲမှာ တစုံတရာ ကြားလိုက်ရပြီး ဆိုပါတော့၊ ရန်ကုန်က ပြန်လာတဲ့လူထံပြောလို့ဘဲ ဖြစ်ဖြစ်၊ ပြီးတော့ မန္တလေးက ဘုရားဖူးပြီး ပြန်လာတဲ့သူက ပြောလို့ဘဲ ဖြစ်ဖြစ်၊ (သို့မဟုတ်) ဟသာတနယ်ဘက်မှာ ပေါ်နေတဲ့ မယ်ကုဝဏ်ဆီက ပြန်လာတဲ့ လူကဘဲဖြစ်ဖြစ် ပြောလို့ တဆင့်ကြားနဲ့ မယုံနဲ့ ဟုတ်လား။

ဖမာဆိုကြပါစို့ -မယ်ကုဝဏ်ဆီ သွားပြီးတော့ ဘာလေး၊ ညာလေး လုပ်လိုက်ထာနဲ့ ဘာရောဂါ၊ညာရောဂါပျောက်လာခဲ့တယ်ဆိုတာ တဆင့်စကားတဆင့်နားမကြားပေဘူးလား။

ကြားပါတယ်ဘုရား။

အဲဒီလို တဆင့်စကား တဆင့်နားကြား ရုံနဲ့တော့ ဖြင့်ရင်သင်ကာလာမတို့၊ မင်းတို့အမှန်လို့ မယုံကြည်ကြနဲ့လို့ ဆိုလိုတယ် ဟုတ်လား။

အဲဒီတဆင့်စကား၊ တဆင့်နားကိုမှန်တယ်လို့ မင်းတို့မယုံရင် ဘာလုပ်ရမလဲ ညွှန်ပြချက်လိုမနေဘူးလား။

အဲညွှန်ပြချက်က အဲဒီလိုတဆင့်စကား တဆင့်နားကြားရင် တကယ်လို့ မင်းစိတ်ထဲမှာ ယုံကြည်ချင်ရင်၊ အားထားချင်ရင်၊ အဲဒီကြားရဘဲ့စကားအတိုင်း ကျင့်ကြံလိုရင်၊ အားထားလိုရင်၊ အဲဒီမင်းကြားထဲနေရာကို မင်းတို့ ကိုယ်တိုင် သွားပြီးတော့၊ လက်တွေ့ စုံစမ်း ကြည့်ပါတဲ့ သဘော ပေါက်ရဲ့လား ဦးဘမောင်။



ပေါက်ပါတယ်ဘုရား။

(သို့မဟုတ်) အနုဿဝ - ထဆင့် စကားတွေကို၊ တဆင့်ကြား တရားတွေကို၊ တဆင့်ကြားဖြစ်တဲ့ ကိစ္စတွေကို ကိုယ်တိုင်လိုက်ကိုယ်တွေ့လဲ မစုံစမ်းနိုင်သေးဘူး၊ အလုပ်ကိစ္စများလို့ မသွားနိုင်သေးဘူးဆိုရင် နောက်တနည်းက ယခုတင်ကပြောခဲ့တဲ့ သစ္စာလေးပါးထဲ ထည့်ကြည့်လိုက် ဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီတော့ တဆင့်စကားကို သစ္စာလေးပါးထဲ ထည့်ကြည့်လိုက်လို့ ဒုက္ခသစ္စာထဲ ဝင်မယ်၊ သမုဒယသစ္စာထဲ ဝင်မယ်၊ နိရောဓ၊ မဂ္ဂဆိုတဲ့ သစ္စာလေးပါး တပါးပါးထဲ သွပ်သွင်းနိုင်မဲ့ အရည်အချင်း ရှိလာတဲ့ အနုဿဝ တဆင့်ကြား ဆိုရင်းကို မှန်ပြီလို့သာ မင်းတို့ယုံကြည်နိုင်တယ်၊ သို့မဟုတ်ဘဲနဲ့ အနုဿဝ တခုသက်သက်၊ တဆင့်ကြား သက်သက်ကိုတော့ မုချကေန် တကယ်မှန်ပြီဟူ၍ ငါ၏ချစ်သား ကာလာမများတို့ မင်းတို့ မယုံကြကုန်လင့်လို့ ဘုရားရှင်က ဟောခဲ့တယ်။

## ဒိရိုးဖလာမို့လဲမယုံကြနဲ့

မာအနုဿဝေန၊ ပြီးတော့ နံပါတ် ၂-က ဘာ လာ လဲ၊
မာ ပရမ္ပရာယ ဂုဏ်တ္တ။

ပရမ္ပရာယ၊ ဆရာစဉ်ဆက် မိရိုးဖလာ ဘိုးဘေး ဘီဘင် အစဉ်အဆက်က မှန်သည်ဟူ ယုံကြည် လာ ကာမျှနှင့်။ မာဂဏှိတ္ထ တကယ်မှန်ပြီဟူ မယုံကြည်ကြကုန်လင့်တဲ့ ဟုတ်လား။

တင်ပါဘုရား။

www.burmeseclassic.com



အဲဒီ ပရမ္မရဆိုတာ အစဉ်အလာ ယုံကြည်မှုကို ဆိုတယ်၊ အဓိပ္ပါယ်က တဆက်ပြီးတဆက်၊ တဆက်ပြီးတဆက်၊ ဆက်ဆက်ပြီးလာတဲ့ ဘိုးဘေးဘီဘင် အစဉ်အဆက်တွေရှိတယ်။ ငါတို့ရဲ့ ဘိုးက ပြောခဲ့တယ်၊ ငါတို့ရဲ့အဘက ဆုံးမခဲ့တယ်၊ ဟိုဘိုးရဲ့ ဆွေခုနစ်ဆက်တွင် ဘယ်သူက ပြောခဲ့တယ် ဘယ်ဝါက ဒဟာ ခဲ့တယ်။ အဲဒီကိစ္စ တွေ မှာ သူတို့က ပြောခဲ့တယ် ဆိုတာနဲ့ မယုံလေနဲ့၊ မင်းတို့က မှန်တယ်လို့ ယုံမနေကြနဲ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ဒီနေရာကျတော့ တော်တော် ပြင်းထန်လာပြီ၊ ဦးပဥ္စင်းတို့ဆီမှာ ရှိတဲ့ မိရိုးဖလာစဲ့ကို ဆိုတာမဟုတ်လားလို့။

မှန်ပါဘုရား။

အဲဒီတော့ ဦးဘမောင်တို့ ဦးပဥ္စင်းတို့မှာ မြန်မာ လူမျိုးဖြစ်သည်အားလျော်စွာ မြန်မာပြည်၌ ဖြစ်တဲ့ မိရိုးဖလာ အစွဲတွေ မနဲဘူးရှိကြပါလိမ့်မယ် ဟုတ်လား။

မှန်ပါဘုရား။

အဲကုလားပြည် ရောက်ပြန်တော့လဲ အတူတူဘဲ။ ကုလားလူမျိုးကလဲဘဲ ကုလားထုံးစံအရ ကုလားရဲ့ သဘာဝ အတိုင်း ကုလားတို့ရဲ့အစွဲတွေ၊ ဥပဒါန်တွေ အဲဒီပရမ္မရ ကိစ္စအစဉ် အဆက်က ယူလာခဲ့တဲ့ အစွဲတွေအများကြီး သူတို့မှာလဲ ရှိကြပါတယ်။

အဲဒီတော့ လူမျိုးတိုင်း၊ လူမျိုးတိုင်းမှာ အစွဲ အမျိုးမျိုးရှိကြတာဘဲ၊ အင်္ဂလန်ပြည် သွားကြည့်လဲ ရှိတာဘဲဟုတ်ကဲ့လား။

အမေရိကန် တိုက်ကြီးဟာ အင်မတန်တိုးတက် နေတယ်ဆိုမဟုတ်လား၊ အဲဒီကိုသွားကြည့်လဲဘဲ သူတို့မှာလဲ မနဲဘူး၊ အဲ



ဒီပရမ္မရကဟာတွေ ယုံကြည်နေကြတာတွေ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အင်္ဂလိပ်လူမျိုးတို့ အမေရိကန်လူမျိုးတို့ဆိုလဲ သူတို့ဟာ သူတို့ ယုံကြည်ချက်နဲ့ သူတို့ရှိတယ် ဦးဘမောင်ရ။

တင်ပါဘုရား။

ဒီပြင်ဟာမကြည့်နဲ့အင်္ဂလိပ်အိမ်ဖြစ်ဖြစ်၊ ကုလားအိမ်ဖြစ်ဖြစ် သွားတဲ့ အခါကျတော့ ဟိုလို ဝံခါးပေါက်မှာ အပေါ်ထဲ့တဲ့ တံခါးဘောင်မှာ မြင်းခွါကြီး ရိုက်ထားတတ်တယ်၊ ဘာပြုလို့ တုန်းဆိုတော့ ကြက်သရေတိုးအောင်၊ မင်္ဂလာရှိအောင်၊ စည်းစိမ်တိုးအောင်တဲ့ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီလို သူတို့မှာလဲ အစွဲဥပါဒါန်တွေနဲ့ဘဲ၊ ပရမ္မရ အစဉ်အလာမျိုးနဲ့ ဒါမှန်တယ်၊ ဒီဟာလုပ်လို့ သာလျှင် စည်းစိမ်ဥစ္စာတွေတက်လို့ တကယ်ယုံကြည်နေတာ မဟုတ်လား။

တင်ပါဘုရား။

အဲဒီပရမ္မရ အစဉ်အဆက်က မိရိုးဖလာကနေပြီးတော့ လုပ်လာတာတွေကို ကြည့်ရင် အများကြီးဘဲ၊ ပြီးတော့ ဦးရင်ဘိုင်မှာ ဘာလုပ်ရသလဲ နတ်အုန်းသီး ဆွဲရတယ်၊ ပရမ္မရ မဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

အစဉ်အဆက်က လုပ်လာတဲ့ဥစ္စာ မဖျက်ကောင်း ဘူးတဲ့၊ ဟောဒီဦးပဥ္စင်းတို့ မြန်မာ နိုင်ငံမှာလဲ ဒီအတိုင်းဘဲ၊ ဒီအစဉ်အလာတွေကို မဖျက်ကောင်းဘူး၊ ဖျက် တဲ့ ကောင် မိစ္ဆာဒိဋ္ဌိဘဲ၊ အစီစီချိုးကို ကပ်မဲ့ကောင်ဘဲဆိုပြီးတော့ အများလော လူကြီး

www.burmeseclassic.com



မိဘတွေက ဒီအတိုင်းကို နှိပ်စက်ပြီးတော့ ချထားလိုက်ကြတာ၊ အဲဒီလူဟာ လွှန့်ကိုမလွန်ရဲဘူး မဟုတ်လား။

တင်ပါဘုရား။

သို့ရာတွင်ဘုရားကတော့ ဘယ်လိုဟောခဲ့သလဲ။

မာ ပရံပရာယ ဂဏှိတ္တ-

ပရမ္ပရာယ၊ အစဉ်အဆက်က နှစ်သက်ပြီးတော့ စွဲမြဲပြီးတော့၊ ယုံကြည် ပြီးတော့ လာခဲ့ကြတဲ့ အစဉ်အလာ ဖြစ်တဲ့ အတွက် ဒီဟာတော့ မုချကောင်း ကကယ်ဘဲ မှန်သည်ဟူ၍။ မာဂဏှိတ္ထ၊ မစွဲယူကြကုန်လင့်-လို့ ဟောခဲ့တယ်။

အဲဒီတော့ လူတွေမှာ ခက်နေတာက ဦးပဉ္ဇင်းတို့ရဲ့ မိဘ ဘိုးဘွားတွေက ယူလာခဲ့တဲ့အယူကို ဘယ်နည်းနဲ့မှ မစွန့်ရဲကြဘူး၊ မစွန့်လိုကြဘူး ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီတော့ ဒီစကားတောက်ကြည့်သဖြင့် ဦးပဉ္ဇင်းတို့ လူစုမိနားက တရားဟောတဲ့ ဘုန်းကြီးက စပြီးတော့ တရားနာနေတဲ့ လူတွေထဲမှာ ပါဝင်နေတဲ့ ဥပသကာတွေကို (သို့မဟုတ်) အကြောသိ၊အချစ်မပါဘဲ မှတ်ထိုက် ဆန်းစစ်လိုက်ရင်-

နံပါတ် ၂-ကာလေးနဲ့ တိုက်ကြည့်လိုက်ရင် ဘယ်နှယ်နေပမလဲ ဦးဘမောင်၊ တဲတဲကြီးကို တိုးနေတယ်၊ ကျုပ်တို့ကလဲဘဲ ဗုဒ္ဓဘာသာဖြစ်လာခဲ့ကြတာ၊ ဘာဖြူလို့ဖြစ်လာသလဲ ဆိုရင် အမေနဲ့ အဖေက ဗုဒ္ဓဘာသာဖြစ်လို့ ဖြစ်လာခဲ့ကြတာဘဲ။

အမှန်ကတော့ ဒီအတိုင်းဘဲမဟုတ်လား။

မှန်ပါဘုရား။



ဟိုအမေနဲ့ အဖေတို့က ဟိန္ဒူ ဖြစ်ခဲ့ကြရင်လဲဘဲ ဟိန္ဒူဘဲ ဖြစ်လာတာဘဲ၊ သူ့အမေနဲ့ အဖေဟာ ခရစ်ယာန်ဖြစ်ရင် သားသမီး ခရစ်ယာန် ဖြစ်လာတာဘဲ၊ အဲဒါထုံးစံဘဲမဟုတ်လား။

တင်ပါဘုရား။

အဲဒီတော့ ဦးပဉ္ဇင်းတို့ ဘုရားရှင်က ဦးပဉ္ဇင်းတို့လူစု မိရိုးဖလာဗုဒ္ဓဘာသာဖြစ်လာတာကိုသိပ်ကြိုက်ပုံမရဘူးဟုတ်ကဲ့လား။

တင်ပါဘုရား။

မာပရမ္ပရာယ၊ အစဉ် အဆက်က ယူမှု၊ စွဲမှု၊ ကိုးကွယ် မှုကို အကြောင်းပြုပြီးသကာလ အဲဒါလေးကို မပစ်ရက်ဘဲနဲ့၊ မစွန့်ရက်ဘဲနဲ့၊ တကကဲ လိပ်ခဲ တင်းသင်း ယုံကြည်ခြင်း အမှုကို မင်းတို့မပြုနဲ့လို့ ဆိုလိုတယ်။ အောင်ဒိုဘိုးဘေး ဘိဘင်က ကိုးကွယ်လာခဲ့တယ်။ ရွာရှေ့က ညောင်ပင်ကြီးမှာ လေးတိုင်စင်ကလေးဆောက်လို့၊ ရေချင်အိုးလေးဘာလေးထားလို့၊ သပြေခက်ကလေး ထိုးလို့၊ ဖျင်ဖြူ ဖျင်နီကလေးတွေခင်းလို့ တွေ့ရတယ်။

တကာကြီးတို့ဆီမှာတော့ ဘာနတ်ရုပ် ထားတယ် မပြောတတ်ဘူး၊ ကျုပ်တို့ဆီမှာတော့ မြင်းဖြူစီးတဲ့ နတ်ဘဲ၊ အထက် မြန်မာနိုင်ငံကျတော့ မြင်းဖြူစီးတဲ့မြင်းဖြူရှင်ဘဲ။ အဲဒီ မြင်းဖြူရှင် ခေါ်တဲ့နတ်က ရွာဦးတိုင်းရွာဦးတိုင်းမှာရှိတယ်။

ဒါဟာ ရွာတည်တဲ့အခါက စခဲ့တာဘဲ၊ ရွာတည်ရင် ရှေး က ရွာမိရွာဖတွေ စုဝေးတဲ့အခါကျတော့ ဘာပြောသလဲ ဆိုတော့-

www.burmeseclassic.com



ဟော့ လူတို-

ဒီနတ်စင်တော့ အရင်ဆုံး လုပ်မှတဲ့။

ဘာပြုလို့လဲဆိုတော့ ဒို့ရှေ့လူကြီး အစဉ်အဆက်က စပြီး တော့ လုပ်လာတာ အခုဒို့ကျမှ မလုပ်ရင်မဖြစ်ဘူးလို့ ပြောကြတယ် ဟုတ်လား။

တင်ပါဘုရား။

အဲဒါ ပရမ္မရာယဘဲ၊ အဲဒီ ပရမ္မရစွဲဆိုတာ အင်မတန် အားကြီးတယ်နော် ဦးဘမောင်။

မှန်လှပါဘုရား။

အဲဒီ အစွဲကြောင့် တကာကြီး ဦးဘမောင်ကို ဆီမှာ လယ် လုပ်ချိန် ရောက်တဲ့အခါကျတော့ လယ်တွန် မဆင်းခင် နတ်ပူဇော်ဟာ ရှိတယ်မဟုတ်လား။

ရှိပါတယ်ဘုရား။

ဟဲ့မှုတွေကော လုပ်ကြသလား။

လုပ်ပါတယ် ဘုရား။

တလင်းဆင်းကျတော့ကော လုပ်ကြရတာဘဲ မဟုတ်လား။

မှန်ပါ၊ တလင်းထဲကျတော့လဲ လုပ်ကြရပါတယ်ဘုရား။

တသင်းက နေပြီးတော့ စပါးသိမ်းတဲ့ အခါကျတော့လဲ လုပ်သေးတယ် ပုန်းမကျိနတ်တဲ့။

အဲဒီလိုအမျိုးမျိုးပေါ့လေ၊ ဒါတွေလုပ်မှစပါးရမယ်၊ဒါတွေ လုပ်မှ ကောက်ပင်တွေ သန်မယ်၊ အဲဒီလို ယုံကြည်ချက်တွေဟာ ပရမ္မရက ယုံကြည်လာတာ မဟုတ်ဘူးလား။

ဟုတ်ပါတယ် ဘုရား။



အဲခုခေတ် ရောက်လာ ကြတော့ မိုးဦးကလဲခေါင်၊ မိုးလယ် ရေကြီး၊ နောက်မိုးကလဲမကောင်း၊ ကြွက်ကလဲကိုက်၊ ဘာဖြစ်၊ ညာဖြစ်နဲ့ တချို့နယ်တွေမှာ စပါးမအောင်ဘူး မဟုတ်လား။

အဲမအောင်တော့ ဘာလုပ်ဖို့လိုသလဲ ဆိုရင်တော့ ပရမ္မရက ပြုရိုးပြုစဉ်၊ ပသရိုး၊ ပသစဉ်ဖြစ်တဲ့ လုပ်ငန်းတွေ မလုပ်ကြလို့ ဘဲ ပျက်ထာလား။ (သို့မဟုတ်) မိုးကိုက တကယ်မရွာလို့ ပျက်ထာလား ဆိုတာတွေကို စဉ်းစားကြည့်ရမယ်။

အဲဒီတော့ ဦးပဥ္စင်းတို့လူစုက မစဉ်းစားဘူး၊ မိုးမရွာတာဟာ တကယ်ကို ဒီကဘာမှမလုပ်လို့ ပရမ္မရတွေ ချို့ယွင်းလို့ ဆိုပြီး တော့ ယုံကြည်နေကြတယ်။ အဲဒီလိုယုံကြည်မှုတွေကိုမလုပ်ကြနဲ့ ဒီတိစ္ဆဟာ အင်မတန်ပြင်းထန်တယ်။

ဘုရားရှင် ကိုယ်တော်မြတ်က တကာကြီးတွေရော၊ တကာမ ကြီးတွေပါ စဉ်းစားရမှာက ဒီဂရမ္မရကိစ္စဟာ ဝဋ်ဒုက္ခမှ လွတ် မြောက်ကြောင်း၊ မြတ်သန္တိသုခ ရကြောင်းဖြစ်တဲ့ တရားမှန်၊ မှန် သစ္စာလေးပါးနှင့် ကိုက်ကြည့်ရမယ်။

အဲဒီ ပရမ္မရ လုပ်ငန်းတွေ ဘာပြုလို့ လုပ်ကြသလဲ ဆိုရင် ကြောက်လို့လုပ်ကြတာတွေမဟုတ်လား ဦးဘမောင်။

မှန်ပါ ဘုရား။

ဘာပြုလို့ ကြောက်သလဲဆိုတော့ နတ်တို့ ကြုပ်သို့၊ သိုလ္လုံတို ဆိုတာ ဖမ်းစားတတ်တယ်၊ ပြုစားတတ်တယ်လို့ ယုံနေလို့ပေါ့၊ နတ်ဆိုတာ ကောင်းကျိုးကိုသာ မပေးနိုင် ရှိရမယ်၊ မကောင်း တာကျတော့ ချက်ခြင်း အ ညှိုး ပေး ကတတ်တယ် ဆိုပြီးတော့ ဦးဘမောင်တို့ ကြောက်နေကြတာ မဟုတ်လား။

မှန်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ကြောက်မှုကြောင့် ပရမ္ပရအစဉ်အဆက်က ဘိုးဘွား ဘီဘင်တွေက ဘာတွေကြောက်လာခဲ့သလဲကြည့်စမ်း၊ တခါထဲ အဲဒါတွေကို အကုန်ကြောက်၊ နောက်ဆုံးပိတ် ဦးပဥ္စင်းတို့ဆီမှာ တော့ ကိုယ့်ဟာကို ဈေးဆိုင်က ဝယ်လာကဲ့ လဘက်ကလေးကို သုတ်ပြီးစားတယ်၊ တခါထဲတန်းမစားဝံ့သေးဘူး၊ ဟောသည် လို တိုယ့် ခေါင်း ပေါ် ကျော်ပြီးတော့ "အရှင်ကြီး အရှင် ကောင်း များ တော် စား တော် ခေါ် ပါ"လို့ ဆိုပြီး တော့မှ အဲဒါကို စားရဲတယ်။

အဲဒီအထိဖြစ်တဲ့ဖြစ်ရပ်တွေရဲ့ အကြောင်းက ဘာလဲဆိုတော့ အဲဒီလိုမလုပ်ရင်၊ အဲဒီလိုမတင်မြှောက်ရင်၊ သူ့မှာ မမာမကျန်း ဖြစ်လာမယ်၊ခေါင်းကိုက်မယ်၊ သူခိုးခိုခံရမယ်၊ ခွေးရူးကိုက်ခံရမယ် စသည်ဖြင့် အဲဒါတွေ အကုန်လုံး ရှောက်ပြီးတော့ ကြောက်နေ တာဘဲ။

ကြောက်နေတော့ အဖိုးကြီး အမယ်ကြီးကိုက စပြီး တော့ လုပ်သွားတော့ သားတွေ သမီး တွေ၊ သမီး တွေကလဲ မလုပ် ဘဲ မနေနိုင်ဘူး၊ အဲဒါ ပရမ္ပရမဟုတ်လား။

တင်ပါဘုရား။

အဲဒီလို ကိုးကွယ်မှုတွေဟာ ပရမ္ပရကိုးကွယ်မှု တွေဘဲလို့ တကာကြီးတွေနှင့်တကွ ဦးဘမောင်တို့က မှတ်ရမယ်၊ ဘုရား အလိုတော်ကျကတော့ ဒါတွေကို ဖျက်ပစ်လိုက်ရမယ်၊ ပြီးတော့ ဒီ ပရမ္ပရတွေကို ဟိုအစဉ်အဆက်က လူကြီးတွေကိုးကွယ်လာကြ တာကကော ဘာကြောင့်လဲ။

ယောကေစိသရဏံ ယန္တိ၊ ပဗ္ဗတာနိ ဝနာနိစ။

အာရာမ ရုက္ခစေတျာနိ၊ မနုဿာ ဘယတဇ္ဇိတာ။



မနုဿာ၊ လူအပေါင်းတို့သည်။ ဘယတဇ္ဇိတာ၊ ဘေးဥပဒ်ကြောင့် ...ထိတ်ခြင်း လက်ငင်းပက်ပင်းပါတွေကြုံရမဲ့ ဒုက္ခတွေကို ကြောက် ...ထိတ်လန့်ပျံ့နှံ့သည်ဖြစ်၍။ သရဏံ ယန္တိ၊ အဲဒီအစဉ်အဆက်က ...းကွယ်လာခဲ့တဲ့ ပစ္စည်းတွေကို-

ပရမ္ပရသဘောနှင့်ပေါ့လေ ဟုတ်လား။

တင်ပါဘုရား။

အဲဒီ ပရမ္ပရ ကိုးကွယ်လာခဲ့တဲ့ နတ်ကွန်းတို့၊ နတ်နန်းတို့၊ ...ဘာစိုးသစ်ပင်တို့၊ တောင်ကြီး တို့၊ ကျောက် ဆောင် ကြီး တို့ ...သည်ဖြင့် အဲဒါတွေကို၊ သရဏံယန္တိ၊ ကိုး ကွယ် တတ် ကြ လေ ...နဲ၏။

အဲဒီလို လူ.....သ လုပ်လာကြတာ ဘာကြောင့်လဲ၊ ပရမ္ပရ ...သဘောကြောင့် မိရိုးဘလာသဘောဖြင့် လုပ်လာခဲ့ကြတာဘဲ။

ရှေးလူကြီးတွေ လုပ်လာကြတာတွေမဖျက်ကြနဲ့၊ ရှေ့အစဉ် ...လာ မဖျက်ကြနဲ့တဲ့။

ဦးပဥ္စင်းတို့မြန်မာပြည် စကားပုံ တခုရှိတယ်၊ ထာတဲ-ရှေး ...းလဲမပယ်နဲ့၊ ရှေးသုံးလဲမလွှယ်နဲ့ တဲ့၊ ကဲ ဒီနေရာမှာ သွက် ...က် လယ်ရှော့မဟုတ်လား၊ အဲဒီတော့ ဒကာကြီးတို့ အကျန် ...း ပရမ္ပရဘက် ရိုက်သွင်းလိုက်ထာ တမျိုးလုံး ဝင်သွားတာဘဲ ...ဟုတ်လား။

တင်ပါဘုရား။

အဲဒီလောက်ဖြစ်နေတဲ့ဦးပဥ္စင်းတို့မြန်မာလောကကြီးအတွက် ...ရေးတကြီးလိုတဲ့ ကိစ္စက အဲ ဒီ နံပါတ် အခုဟာ ဘယ် ...လောက် ရှိသွားပလဲ ၂-သွားပြီ၊ အဲဒီနံပါတ် ၂-နဲ့ တကာကြီး ...တွေ၊ တကာမကြီးတွေ တိုက်ကြည့်ရမယ်။

www.burmeseclassic.com

www.burmeseclassic.com



ကဲ ဦးဘမောင်တို့ ဘယ်နှစ်ခါ တိုက်ကြည့်ဘူးပလဲ။

မတိုက်ဘူးပါဘုရား။

မတိုက်ဘူးဘူးဟုတ်လား၊ အဲလှည်းစနေ၊ လှေ-ရုဟုတဲ့ ဗ ကာမကြီးများအတွက်ဟုတ်လား၊ ရေကြောင်းနဲ့ သွားမဲ့ကြုံ ဘယ်နေသွားရမယ်၊ လှေဆိုတော့ သဘောလဲ ပါသွား ဟုတ် လား။

တင်ပါဘုရား။

အဲဒီ ဒေဗဒင်ဆရာက ပထမရေးပစ်ခဲ့တဲ့ လှည်း-စနေ၊ လှေ ရုဟုက လေယာဉ်ပျံမပေါ်သေးတဲ့ခေတ်အတွက် အခု လေယာ ပျံနှင့်တော့ ဘယ်နေ့ တွက်ရမှန်းမသိ ဖြစ်နေပြန်တယ်။

အဲဒီ အစဉ်အလာတွေဟာ တော်တော် မျက် စိ သယ် စ ကောင်းတယ်၊ ဒီအစဉ်အလာတွေကို တကာကြီးတွေ၊ တကာ ကြီးတွေက ရတနာသုံးပါးနဲ့ တန်းတူထားပြီးတော့ ယုံနေကြ တယ်မဟုတ်လား။

မှန်ပါဘုရား။

ဘုရားသာ ကိုးကွယ်ရာလို့ ဆိုတော့ဆိုတယ် မဟုတ်လား။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ။

ဓမ္မော မေ သရဏံ အညံ နတ္ထိ။

သံဃော မေ သရဏံ အညံ နတ္ထိ။

ဘုရား၊တရား၊သံဃာ, ရတနာသုံးပါးမှတပါး တခြားကိုး ကွယ်စရာ မရှိလို့ ဆိုသာဆိုတယ်၊ တိုကျတော့ နတ်ရေကာ ကြီးက ထင်လိုက်လို့ဘဲ မဟုတ်လား။

တင်ပါဘုရား။

အဲ နတ်ရေကာပွဲကြီးရဲ့ ဘေးနားမှာခုခေတ်ကျတော့ ဝိဇ္ဇာ



ပွဲက တိုးလာပြန်ပြီ၊ ဝိဇ္ဇာတွေ ပေါ်လာပြန်ပြီတယ် မဟုတ်လား။

တင်ပါဘုရား။

အဲဒီလို ဗီ-ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာ သုံးပါးကို ဦးထိပ်ထားပြီး တကယ်တိကျတဲ့၊ မှန်ကန်တဲ့ ယုံကြည်ချက် အပြင် ဘာမှမရှိဘူးလို့ ဆိုပါရက်ကယ်နဲ့ ဟိုနားက တိုလိုတဲ့လောင်း၊ ဒီနားကတိုလိုတဲ့လောင်းချချပြီးထော့တိုးတိုး သာတဲ့ကိစ္စတွေဟာ ဘာလဲဆိုတော့ ပရမ္မရတွေ မဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

ရှေးလူကြီးတွေက လုပ်ပစ်ခဲ့တဲ့ ထုံးစံတွေ အများကြီး ရှိတဲ့ အထဲမယ် ဗိနတ်တွေ၊ ဘာတွေဆိုတာဟာလဲ ရှေးလူကြီးတွေ လုပ်ပစ်ခဲ့တဲ့ ထုံးစံတွေဘဲ။ အချို့သော ရှေးထုံးစံဟာ တော် တော်ဘဲ ရယ်စရာကောင်းတယ်။

ဦးပဥ္စင်းတို့ ဒီအညာ နိုင်ငံမှာပေါ့လေ၊ အတိအကျ ဆိုရင် ဦးပဥ္စင်းတို့ တောင်တွင်းမှာဘဲ ဆိုပါတော့၊ တနေ့တော့ ဦး ပဥ္စင်းတို့ နတ်မှိုကျောင်းနေတဲ့ ကျောင်းသားတယောက် ရှင်ပြု တယ်၊ သူတို့ရွာ ရှင်ပြုအလှူမှာ တရားဟောရန် ကြွတော်မူပါ လို့ ပင့်လျှောက်လေတော့ ဦးပဥ္စင်းကလဲ လိုက်သွားတယ်။ ဦးပဥ္စင်းတို့ကျောင်းနဲ့တော့ ခရီး၆-မိုင်လောက်ဝေးတယ်။ သူတို့ ရွာထဲ ရောက်သွားတဲ့အခါကျတော့ ရွာအရှေ့ တံခါးနားက ဝင်ပြီးတော့ လာစဉ်ထဲက ဦးပဥ္စင်းက-

ဟေ့ ကောင် - မင်းတို့ရွာမှာ နတ်စင် ရှိသလားလို့ မေး တယ်၊ မရှိဘူးဘုရားဆိုတော့ ဦးပဥ္စင်းကလဲ ဒီရွာဟာ တယ် ဟုတ်ပါလား၊ ရွာဆန်းဘဲ၊ နတ်စင်မရှိတာထူးတယ်၊ ရှင်ယောင်း ပြုတော့ ဒီရွာကလူတွေဘယ်သွားပြုကြပြန်သလဲလို့ တွေးမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှာ ဆိုးစည်နဲ့ ၊ဒိုးပတ်နဲ့ ရှင်လောင်းတွေ ဘာတွေ လှဲညှိလာကြတယ်။

တဲ့ - ကောင်တွေ ဘယ်သွားကြမှာလဲလို့ ကလေးတွေကို မေးကြည့်တော့ နတ်ပြသွားမလို့ လို့ ပြောကြတယ်။

ဒါနဲ့ ဦးပဋ္ဌင်းကလဲ ရှာအရှေ့ဘက် ကျောင်းသား ၂-ယောက်၊ ၃-ယောက်ခေါ်ပြီး အညောင်းမြေ ရှောက်သလိုလို တာလိုလိုနဲ့ ဘယ်များသွားပြီး နတ်ပြကြသလဲလို့ အကဲခတ်တယ်။ တို့ချောင်းထဲက သဲသောင်ခုံ သွားပြတယ်၊ အဲဒီ နေရာမှာ နတ်စင်လဲ မရှိဘူး၊ နတ်ရုပ်လဲမရှိဘူး၊ တာသစ်ပင်မှုလဲ မရှိဘူး၊ ကိပြင်ဘာမှုလဲမရှိဘူး၊ အဲဒီမှာ မိုးတွင်းအခါ ရေအမြဲစီးနေတဲ့ ချောင်းအလယ်ခေါင် သဲသောင်ခုံကို သွားပြီးနတ်ပြကြတယ်။ ဦးပဋ္ဌင်းက နားမလည်တာနဲ့ ပြန်လာကြတဲ့အခါ မေးကြည့်တယ်။

မင်းတို့ ဘာပြုလို့ အဲဒီနေရာသွားပြီး နတ်ပြသလဲလို့ မေးတော့ တပည့်တော်တို့ ဘိုးစဉ်၊ ဘောင်ဆက်က အဲဒီနေရာမှာ ပြခဲ့ကြတာဘဲတဲ့။

တို့-အစ ဘိုးတော့၊ တိတွေ လက်ထက်တုန်းက အဲဒီ နေရာမှာ ညောင်ပင်ကြီး ရှိခဲ့တယ်ဘုရားတဲ့။

အဲဒီညောင်ပင်ကြီး မင်းတို့မြင်လိုက်သလားလို့ မေးတော့ တပည့်တော်တို့တော့ မမြင်လိုက်ရပါဘူး၊ တပည့်တော်တို့ ဘိုးများ၊ ဘွားများတောင် မမြင်လိုက်ရ ပါဘူးတဲ့။ ကဲ - အဲဒါ ပရမ္မရ မဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။



အခု အဲဒီနေရာမှာမရှိဘူး ချောင်းဖြစ်နေပြီ၊ အဲဒီချောင်းဖြစ်နေပေမယ်လို့ ပရမ္မရသဘောနဲ့ ရှေးတုန်းက ဘိုးဘွား ဘိဘင်များက အဲဒီနေရာမှာ နတ်ပြခဲ့တယ်ဆိုပြီးတော့ အဲသလို နတ်ပြနေကြတာဘဲ၊ နတ်လဲနေစရာမရှိဘူး၊အဲဒါလောက် ဦးပဋ္ဌင်းတို့ရဲ့ ပရမ္မရ စွဲတွေက မများဘူးလားလို့ ။

မှန်ပါ၊ များပါတယ်ဘုရား။

အဲဒီပရမ္မရစွဲတွေကို ဘုရားသခင်က ဖြုတ်စေလိုတဲ့ အတွက် အဲဒီပရမ္မရ သဘော အားဖြင့် ပြုလုပ်လာလို့ အနည်း အဆက်မပျက်မကွက်ဘဲနှင့် တခေတ်ပြီးတခေတ် ဆက်ခါဆက်ခါယူလာခြင်းကြောင့် အဲဒီကိစ္စဟာ မှန်တယ်လို့ ငါ၏ချစ်သားကာလာမမင်းများတို့ မယုံကြည်ကြနဲ့ တဲ့ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီမယုံကြည်ကြနဲ့ လို့ ဟောတဲ့အတိုင်းဦးပဋ္ဌင်းတို့ လက်တွေ့အားဖြင့်လိုက်နာကျင့်သုံးရင် ဘာဖြစ်မလဲဆိုတော့ တကယ်သက်သာမယ်ဟုတ်လား၊ ပေါ့သွားမယ်၊ ပေါ့ကိုသွားတာ။

ဘာပြုလို့ လဲဆိုတော့ အဲဒီကိစ္စဟာ ဟုတ်လဲမဟုတ်ဘဲနဲ့ ခုနကတုန်းက ပြောသလိုဘဲ၊ လည်းနဲ့ သွားရင် ဘယ်နေ့မှသွားကောင်းတယ်၊ လှေနဲ့ သွားရင် ,ဘယ်နေ့မှ သွားကောင်းတယ်စသည်ကို ယုံကြည်ခဲ့ကြတယ်။

ဒါမှတပါး ခရီးသွားလို့ ထိုရပ်ကွက်နှင့်၊ သက်သက်နေ့ ဆိုတဲ့ပရမ္မရယုံကြည်မှုတွေကလဲ အများကြီး ရှိသေးတယ်။ အဲ-ဈေးသယ်တယောက် ဈေးရောင်းမယ်လို့ ထွက်သွားတယ်၊ ထမင်းရောက်တဲ့အခါကျတော့သူတောင်းစားတွေ့တဲ့အခါမှ မပေါ်သော

www.burmeseclassic.com



မြစ်လို့ ဈေးကျအောင်မသွားဘဲနှင့် အိမ်ပြန်လာရမယ် ဆိုတာတွေ ရှိတယ်မဟုတ်လား။

တင်ပါဘုရား။

အဲဒီအမက်လာတွေလဲ ဒီပရမ္မရထဲဝင်လာတာဘဲ၊ ဦးပဉ္ဇင်းတို့ မြန် မာ ပြည် က တော့ တော်သေးတယ်။ ကုလား ပြည်များရောက်တော့ ကုလား ကုန်သည်တယောက် ဈေးထွက် လာလို့ ထမ်းမှာ ဘုန်းကြီးတွေရင် အိမ်ပြန်သွားတာဘဲ၊ ဘုန်းကြီးတွေ့လို့ အိမ်ပြန်မသွားတဲ့နှင့် ဈေးကိုတန်းသွားရင် ဈေးမရောင်းရဘူးတဲ့။

အဲဒီလောက် ကျုပ်တို့ဘုန်းကြီးတွေလဲ ဟိုမှာအသွားအလာခက်တယ်။

တင်ပါဘုရား။

ဦးပဉ္ဇင်းတို့ ဇာတ်တော်ကြီး ထဲမှာ ပါတယ်မဟုတ်လား။ မှတ်ဆိုးဟာ တောထဲလိုက်ပြီးတော့သားကောင်တွေကို လိုက်ရှာတဲ့အခါမှာ ထွက်သွားတုန်းက ဘုန်းကြီးနှင့် တွေ့သွားတာနဲ့ သားကောင် တကောင်မှမရဘဲ ဖြစ်ခဲ့တယ်။ အပြန် ကျတော့ ဗီတုန်းကြီးနဲ့ ဘဲတွေ့ပြန်လို့ တကာထဲ ခွေးနဲ့ ရှုးတိုက်တဲ့ ဝတ္ထုကြားဘူးတယ် မဟုတ်လား။

အဲဒီလို အစဉ်အလာ သဘောအားဖြင့် ယုံကြည်မှု တွေဟာ မမှန်ဘူး၊ မှားတယ်။

အဲဒီလို အစဉ်အလာ ယုံကြည်မှုတခုပေါ် ပေါက်လာပြီဆိုရင် တကာကြီး ဦးဘမောင် တွေမှာအမှန်ဘဲ။ ဦးဘမောင် မိတ်ဆွေ သင်္ဂဟထဲက အစဉ်အလာ ယုံကြည်မှုတခုခုတွေ့လာတယ်။ အဲဒီ



အခါမှာ ခင်မျှားရဲ့ အစဉ်အလာ ယုံကြည်မှုဟာ မကောင်းဘူး မမှန်ဘူးလို့ သွားမပြောနဲ့။

အဲဒီ ခင်မျှားရဲ့ အစဉ်အလာ ယုံကြည်မှုကို သစ္စာ လေးပါးထဲသို့ ထည့်ကြည့်ကြစို့လား ခင်မျှားလို့ ပြောလိုက်ပါ၊ အဲဒီလို ပြောလိုက်ရင် သူ့ စိတ်ထဲမှာ နည်းနည်းစဉ်းစားသွားလိမ့်မယ်။ အဲဒီလိုပြောလို့ သူကသဘော တူလာရင် ကဲ-ကောင်းပြီ၊ အဲဒီ ယုံကြည်မှုကို သစ္စာလေးပါးထဲ သွင်းကြည့်ကြ စို့ရဲ့ ပြောရမယ်၊ အဲသို့ကလိုမဟုတ်ဘဲ ပထမထဲက စပြီးတော့ သူ့ ယုံကြည်ချက်ကို အပြစ်ပြောနေရင် သူ့ အယူကိုသူ ဘယ်တော့မှမစွန့်ဘူး။

တင်ပါဘုရား။

သေသေချာချာသဘောပေါက်လောက်အောင် သစ္စာလေးပါးနဲ့ တိုက် ၍ ဖြစ် စေ၊ (သို့မဟုတ်) ကုသိုလ်၊ အကုသိုလ် ကောင်း၊ မကောင်း၊ ဆိုတဲ့တရား မှတ်ကျောက်နဲ့ တိုက်၍ ဖြစ်စေ ကြည့်ရမယ်။ ကုသိုလ်ဖြစ်သလား (သို့မဟုတ်) အကုသိုလ်ဖြစ်သလား။

ကုသိုလ် ဖြစ်တယ် ဆို ရင် လဲ ဘဲ ပုည ကိရိယာ ၁၀ ပါးနဲ့ တိုက်ကြည့်ပေါ့၊ အဲဒီလိုကိစ္စတွေကို ဘာပြုလို့ ဒါလောက်လုပ်နေရသလဲဆိုတော့ ပရမ္မရ ယုံကြည်မှုရဲ့ နှိပ်စက်မှုဟာ ဦးပဉ္ဇင်းတို့ မြန်မာတမျိုးတည်းမဟုတ်ပါဘူး၊ လောကရှိတဲ့လူမျိုးတိုင်း လူမျိုးတိုင်း ခံနေရလို့ပါ၊ ပရမ္မရ ယုံကြည်ချက်ရဲ့ နှိပ်စက်မှုကြောင့် သတ္တဝါတွေဟာ ပရမ္မရ ယုံကြည် မှုရဲ့ အောက်မှာ ဝပ်နေကြတယ်။ လူမျိုးတိုင်း၊ လူ မျိုး တိုင်း ပရမ္မရ ထုပ်ဝန်ပိုးကြီးတွေပိပြီးတော့ ညပ်နေကြတယ်ဟုတ်လားဦးဘမောင်။

မှန်ပါဘုရား။

www.burmeseclassic.com



အဲဒီတော့ကော ဘုရားသခင် ကိုယ်တော်မြတ်ကတော့ အင်မတန် သနား ကြင်နာတဲ့အတွက် လောကလူသားကြီးတရပ်လုံးကိုအမှန်ပြခဲ့တယ်။ အဲဒီအမှန်တရားကိုလိုက်နာကြရင် သက်သာမသွားဘူးလား ဦးဘမောင်။

သက်သာသွားပါတယ် ဘုရား။

အင်မတန်သက်သာပါတယ်၊ အဲဒီ သက်သာတာကို ဦးပဥ္စင်းတို့က မလိုက်နိုင်ဘူး၊ ဦးပဥ္စင်းတို့က အချောင် လိုက်ချင်တယ်၊ ဘာပြုလို့လဲဆိုတော့ ဟိုကြောက်ထာတွေ အကြော၊၊ ပြောသွားအောင်လာဘ်လာဘတွေတိုးလာအောင် ပရမ္ပရတွေလိုက်နာလုပ်ကိုင်ကြတယ်။

အဲဒီလို လာဘ်-လာဘ တိုးလာအောင် လုပ်တာ မှန်သမျှတွေဟာ ပရမ္ပရထဲချည့် အကုန်ထည့်၊ အဲ-ကျုပ်တို့ တောင်မှ ငယ်ငယ်တုန်းက မန္တလေးတို့-ဘာတို့မှာ ဆွမ်းခံ တုန်းကလေ၊ ရှင်သီဝလိ ရုပ်ကလေးကို ခါးကြားထဲမှာ ညှပ်သွားခဲ့ဘူးသေးတာ၊ ဘာပြုလို့လဲဆိုတော့ ဆွမ်းရအောင်လို့လေ။

တင်ပါ့ဘုရား။

အဲဒီလိုကိစ္စတွေ ဦးပဥ္စင်းတို့ငယ်ငယ်တုန်းကလဲ ယုံခဲ့တာဘဲ။

အခုတော့ ပြန်စဉ်းစားကြည့်တယ်။ ဦးပဥ္စင်းတို့ အနောက်ပြင်မှာနေတာ သုံးနှစ်လား ကြာတယ်၊ သုံးနှစ်လုံးလုံးဆွမ်းခံ သိပ်ပျက်ခဲ့တာ မဟုတ်ဘူး။

ဒါပေမယ်လို့ ဟင်းသုံးခွက်ထက်ကျော်ပြီး တခါမှ မရခဲ့ဘူးဘူး ပြန်စဉ်းစားကြည့်တော့မှ သိလာတယ်၊ ရှင်သီဝလိကလဲ ဘာလုပ်ဖို့ဆောင်ဒါလဲဆိုတော့ ပရမ္ပရက အစဉ်အဆက်က လာဘ်



ပေါများတတ်တယ်လို့ ယုံကြည်ပြီး လုပ်လာခဲ့ကြတဲ့ အတွက် ဦးပဥ္စင်းတို့ကလဲ လိုက်လုပ်ကြတာဘဲ။

သို့ရာတွင် တကာကြီးတွေ၊ တကာမကြီးတွေကို မလုပ်ရဘူးလို့ ဦးပဥ္စင်းတို့က မဆိုလိုပါဘူး၊ မတားမြစ်လိုပါဘူး ဟုတ်လား။

တင်ပါ့။

စဉ်းစား ကြည့်ဘို့ တိုက်တွန်း ဒါပါ၊ ငါတို့မှာ ပရမ္ပရ သဘောအားဖြင့် အစဉ်အဆက်က လုပ်လာလို့ လုပ်နေတဲ့ အလုပ်တွေ ဘယ်လောက်များသလဲ၊ အဲဒီလို လိုက်နာကျင့်သုံးပြီး တော့ ကိုယ်ကဘဲ ဘာမှမသိဘဲနှင့် လုပ်နေတဲ့အလုပ်ဟာ ဘယ်လောက်များ ရှိသလဲလို့ စဉ်းစား ကြည့်ကြဦးမယ်ဆိုရင် မကောင်းဘူးလား။

ကောင်းပါတယ်ဘုရား။

လူတွေလုပ်ကိုင်နေကြတဲ့ကိစ္စတွေ အကုန်လုံး ရှောက်ထုတ်ကြည့်၊ တကာကြီး ဦးဘမောင်တို့ လုပ်သမျှကိစ္စ၊ ယုံကြည်သမျှကိစ္စတွေဟာ ပရမ္ပရ သဘောနှင့် ယုံကြည်တဲ့ ကိစ္စတွေလား (သို့မဟုတ်) အမှန်တွေ့လားဆိုတဲ့ သဘောတရားကို သေသေချာချာ ထင်လျှားအောင်ဆိုရင်တော့ သစ္စာလေးပါးနှင့် တိုက်ကြည့်မှသာလျှင် ဒီကိစ္စတွေကို အမှန်နဲ့အမှားခွဲခြားလို့ရမယ်၊ ဒီပြင်တိုက်စရာ မှတ်ကျောက်မရှိဘူး၊ သစ္စာလေးပါးဘဲ ရှိတယ် မဟုတ်လား ဦးဘမောင်။

တင်ပါ့ဘုရား။

အဲဒီတော့ကာ သစ္စာလေးပါးရဲ့ ဘောင်ထဲမဝင်တဲ့ဟာတွေ မှန်သမျှဟာ မမှန်ဘူးပေါ့။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မမှန်တာတွေ လိုက်လုပ်နေရင်၊ ပရမ္မရသဘောကိုလိုက် လုပ်နေတဲ့လူတွေရဲ့ စာရင်းထဲက တကာကြီးဦးဘမောင်တို့ကင်း လွတ်ကြမယ် မဟုတ်ဘူး။

မှန်ပါဘုရား။

အဲဒီတော့ လောက လူတွေ အကုန်လုံးရှိသမျှ ယုံကြည်နေ ကြတဲ့ ယုံကြည်ချက်တွေ စစ်စစ်ပြီးတော့ ကြည့်ရင် အမှန်က သစ္စာလေးပါး ဘောင် မ ဝင် တာ တွေ က တော် တော်များနေ တယ်။

ဦးပညွင်းတို့ မြန်မာပြည်မြန်မာ လူမျိုးတွေဟာအိမ်ဆောက်၊ ကျောင်းဆောက်ကစပြီးတော့ အစဉ်အလာ ရိုးရာက လုပ်ကိုင် တဲ့ ကိစ္စတွေ တွေ့ဘူးရဲ့ လား ဦးဘမောင်။

တွေ့ဘူးပါတယ်ဘုရား။

အဲ ဦးပညွင်းတို့ကိုယ်တိုင်ဘဲ ယခုနှစ်ကျောင်းမှာ စရပ်ကလေး တဆောင် လာဆောက်တယ်၊ ဆောက်တော့ လက်သမား ၂- ယောက် ၃-ယောက်ငှားပြီးတော့ အဆောက်ခိုင်းတယ်၊ လက် သမားတွေက ပြောတယ်၊ ဆရာတော်ရဲ့ကျောင်း စရပ်ဆောက် ရတဲ့အခါမှာ တခုတော့ လျှောက်ပရစေလို့ လက်သမားဆရာ ကပြောတယ်၊ ကဲ-လျှောက်ချင်လျှောက်ပေါ့ဗျာ၊ ဘာလျှောက် မတုန်းလို့ မေးတော့ ဆရာတော်တို့က နတ်ကိုးကွယ် ပသ, မှုကို မလုပ်တော့ တပည့်တော်တို့ စရပ်ဆောက်တဲ့အခါမှာ လှေခါး တော့ မထပ်ရဲဘူးတဲ့၊ အဲဒါခက်တာဘဲ၊ တကာကြီး စရပ်ကြီး တဆောင်လုံး ဆောက်ပြီးတော့မှ ဒီလှေခါးကလေးကျမှ မတပ် ရဲဘူးလို့ ဆင်ခံနေတာတော့ မကိုက်ဘူး တကာကြီးလို့ ပြောတဲ့ အခါလှေခါးတော့ မလုပ်ရဲဘူး ဆရာတော်လို့ အတင်း ငြင်း

www.burmeseclassic.com



တယ်၊ နို့-နတ် ယကာပွဲ မတင်ဘဲနဲ့ လှေခါးလုပ်ရင် ဘာဖြစ် တတ်တုန်းလို့ မေးတော့ ဒီစရပ်ပေါ်နေတဲ့လူကို ထိခိုက် ထတ် တယ်တဲ့၊ ဘည်တော့ ခင်ဗျားတို့နေမှာ မဟုတ်ပါဘူး၊ ကျုပ်တို့ တက်ပြီးနေမှာပါ၊ ထိခိုက်ချင်လဲ ထိခိုက်ပါစေ၊ လုပ်သာလုပ် ပါလို့ ပြောပေမဲ့ မရဘူး။ ငုတ်ထစ်နေတယ်။

အဲဒီလောက် လူတွေမှာ လက်သမားဆရာကအစ ပရမ္မရ အစွဲဟာ ဘယ်လောက်ကြီးသလဲ၊ မလုပ်ဘူးတဲ့၊ အခု လှေခါး ဘန်းလန်းနဲ့ ထားပစ်ခဲ့ရတယ်၊ နောက်ယက်သမားရှာပြီးတော့ လုပ်လိုက်ကြပေတော့ကွာလို့ ပြောပြီး ထားခဲ့ရတယ်။

အဲဒီလို ဦးပညွင်းတို့ မြန်မာ လောကကြီးမှာ အိမ်ဆောက်၊ ကျောင်းဆောက်ရာမှာတောင် ပရမ္မရက ဒီအင်မတန် အခရေး ကြီးတဲ့ကိစ္စ ဖြစ်နေတာလား။

တင်ပါဘုရား။

အဲဒါ ပန္နက်ရိုက်တာက အစ ဘယ်နေ့သားက ဘယ်ကစ၊ ဘာကိုင်နဲ့၊ အဲဒီလို ကိစ္စတွေလဲရှိတယ်မဟုတ်လားဦးဘမောင်။

မှန်ပါဘုရား။

အဲ နောက် ''ခရီးသွားလို၊ ထိုရပ်ကြိုဟ်နှင့်၊ အက်ကို နော သား၊ ဂ ခုစားလော့'' ဆိုတာကလဲ လာသေးတယ်။

တင်ပါဘုရား။

အဲဒီဟာတွေကလဲ တဖြေးဖြေး စဉ်းစားကြည့်တဲ့ အခါကျ တော့ ဘာမှ သစ္စာလေးပါးဘောင်ထဲ မဝင်တဲ့ ယုံကြည်ချက် တွေချည့်မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီပရမ္မရသဘောတွေကလဲ ဦးပဥ္ဇင်းတို့ မြန်မာလောကမှာ အများကြီးရှိတဲ့အတွက် အမြင်းအထန် ဦးပဥ္ဇင်းတို့က ပြောနေရတာ ဟုတ်ကဲ့လား။

ဟုတ်ပါတယ်ဘုရား။

အဲဒီတော့တချို့လူတွေကလဲပြောတာပေါ့လေ၊ ဗိဘုန်းကြီးပြောမှဖြင့် ဒို့အစဉ်အလာ မဟုတ်တာတွေကြီး ဖျက်ဖျက်ပစ်နေတယ်ဆိုတော့ကာ တခါခါတော့လဲ စိတ်ထဲ အောက်မေ့တယ်၊ တရားဟောဘုန်းကြီးကျော်ကျော်ကြားကြားဖြစ်လေအောင် သူတို့ယုံကြည်ချက်တွေ မြှောက်ပေးဦးမှဘဲ ဆိုပြီး အဲဒီလို မြှောက်ပေးရင် တကာကြီးတွေက တရားပွဲမှာ ငှက်ပျောသီး အုန်းသီးတွေတောင် ပါလာချင် ပါလာအုန်းမှာ။

တင်ပါဘုရား။

အခုကြည့်ပါလား၊ ပရမ္မရနဲ့ မမြှောက်တော့ ရှေ့နားက တရားပွဲဆိုတာမျိုးတောင် မပါဘူး၊ ဘာမှလဲမရှိဘူးလေ။

အဲဒီလို ငှက်ပျောသီးနဲ့၊ အုန်းသီးနဲ့ မြိုင်မြိုင်ဆိုင်ဆိုင်ကြီးဖြစ်လာအောင် ဗီပရမ္မရတွေကိုအပြစ်မပြောဘဲနှင့် သူတို့မြှောက်မြှောက်ပြီး ပြောရရင်တကာကြီးတွေ တကာမကြီးတွေ၊ သဘောကျပြီးစားပေါက်လေးဟန်ဟန်ဦးမလားလို့ ဦးပဥ္ဇင်းလဲအောက်မေ့တယ်။

ဒါပေမယ်လို့ ကိုယ့်လိပ်ပြာကိုယ် လန့်လန့်နေတယ်၊ အဲဒါကြောင့် တကာကြီး ဦးဘမောင်တို့ ဒေးဒရဲလာပြီး တရားဟောတာ တော်တော်လေး များသွားပါပြီ၊ အဲဒီ များတဲ့ အထဲမှာ ဦးပဥ္ဇင်း ဘာများ အရှုံခံဘူးသလဲ၊ မြှောက်ပင့်ပြီး များကောဇက္ကာရိတွေနဲ့ ဆွယ်ဘူးသလား။



မဆွယ်ဘူးပါ။

ဒီနေ့ညတော့ ဘုရားက ပရမ္မရနဲ့ ပတ်သက်ပြီးတော့မှာ ပရမ္မရာယ ဂဏ္ဍိ ဥ္။

အဲဒီလို ဟောထားတဲ့ ဒေသနာတော်နဲ့ သွားပြီး တန်တိုးတော့ကာ ကိုယ်ဟောချင်တဲ့ဟာတွေကလဲ ဒီအထဲတော်တော်းတယ် ဟုတ်လား။

အဲလူတွေ လုပ်နေကြတာကလဲဘဲ မဟုတ်တာတွေ အတော်းတယ်၊ အဲဒီ အတော်များတဲ့ မဟုတ်တာတွေကို ဘုရားကယ်ရမယ်လို့ ဟောခဲ့တယ်၊ အဲဒါကိုပြန်ပြီး ဖေါက်သယ်မှာကလဲ အားနာစရာ၊ အဲဒီတော့ ကိုယ်တော်က အားနာမှာ ဟောနေတာဘဲ ဆိုတာသိရင်လဲ တော်ပါ သေးရဲ့လို့ ာက်မေ့ရတယ် ဟုတ်ကဲ့လား။

တင်ပါဘုရား။

အမှန်ကတော့ ဟိုခေတ်တုန်းက သူ့ခေတ်နဲ့ သူ လုပ်ခဲ့တာကဲ၊ သူ့ခေတ်နဲ့ သူလုပ်ခဲ့တော့ သူ့ခေတ်တုန်းက အင်မတန်ကောင်းတယ်၊ အင်မတန် မှန်မြတ်တယ်လို့ အများ တကာကမြင်နေကြပေမယ်လို့ အခုခေတ် ရောက်လာပြန်တော့ ဘာလဲဆိုရင် ဦးဘမောင်တို့ခေတ်တုန်းကလို တာမစားတော့ဘူး။

တာမစားတော့ပေတဲ့ တရားကမှန်ပါတယ်ဘုရား။

အဲတာမစားတဲ့ အခါကျတော့ကာ ဦးပဥ္ဇင်းတို့ လူသားရဲ့ ခြေအနေဟာ ဟိုရှေးရှေးခေတ်က လူသားတို့ရဲ့ အခြေအနေကပေါ့လေ၊ ပင်စိမ်းပင်ဒုထောက်တဲ့ခေတ်နဲ့ အခုတကာကြီးဘမောင်တို့ရဲ့ခေတ်နဲ့ တူပမလားလို့-

www.burmeseclassic.com

မတူပါဘူးဘုရား။

အဲမတူတော့ဘူး၊ ဒီတော့ ဦးပဥ္စင်းတို့ အိန္ဒိယနိုင်ငံမျှားသွား ကြည့်လိုက်ရင် ယုံကြည်ကိုးကွယ်မှု အမျိုးမျိုးတွေ့ရမယ် ထကာ ကြီးတို့၊ ဘုရားဖူးများရောက်တဲ့အခါသွားကြည့်ခဲ့ကြ၊ အင်မတန် စိတ်မျက်စရာကောင်းတယ်၊ ပင်စိမ်းပင် ရှိခိုးတဲ့လူနဲ့၊ နွားရုပ် ရှိခိုးတဲ့လူနဲ့ ဟုတ်ကဲ့လား။

တင်ပါဘုရား။

မျောက်ရုပ် ရှိခိုးတဲ့လူနဲ့၊ ထကထဲသောက်သောက်လဲလို့၊ အဲဒီလိုမဟုတ်တာတွေကို ရှိခိုးနေတဲ့လူတွေဟာ၊ အဲဒီ မဟုတ်တဲ့ ကိစ္စတွေဟာ ပရမ္မရတွေဘဲ မဟုတ်လား။

တင်ပါဘုရား။

ဦးပဥ္စင်းတို့ဆီကော ဒါတွေ မရှိဘူးလား ဆိုတော့ ရှိတယ်၊ ဒီကိစ္စတွေဟာ တဖြေးဖြေး တစ တစနဲ့ ဘယ်က ဝင်လာသလဲ ဆိုတော့ အိန္ဒိယ နိုင်ငံက ကုန်းကြောင်းလာတဲ့ ဟာတွေနဲ့ တူ တယ်၊ ကုန်းကြောင်းလာတဲ့ဟာတွေ၊ ဒီမဟုတ်တာတွေ၊ ဦးပဥ္စင်း တို့ဆီကို ဘယ်သူသွင်းပေးသလဲဆိုရင်ဦးပဥ္စင်း လက်သယ်ရှာပေ ရရင် ဒီကိစ္စတွေဟာ၊ ဘယ်ကလာသလဲဆိုတော့ မဏိပူရ ကသဲ ပြည်က ကုန်းကြောင်းဖြတ်လာတာ ဟုတ်ကဲ့လား။

တင်ပါ။

ဦးပဥ္စင်းတို့ မန္တလေးမြို့မှာ မဟာမုနိဆိုတဲ့ အရုပ်ကြီးတရုပ် လုံးဟာ အဲဒီ ကသဲပုဏ္ဏားတွေနေတဲ့ ရပ်ကွက်ဘဲ၊ ဒီ မြန်မာရှင် ဘုရင်များကလဲ ဘယ်အထိ ပရမ္မရလိုက်ခဲ့သလဲဆိုရင် အဲဒီပုဏ္ဏား တွေမပါရင် ဒီမြန်မာပြည်က ရှင်ဘုရင်ဟာ ဘုရင်ကို မဖြစ်ဘူး၊ သူတို့ကနေပြီးတော့ တခါတည်း ခရုသင်းကြီးနဲ့၊ သင်္ဃပြပန်းနဲ့၊



ရေချမ်းနဲ့ ထည့်ပြီးတော့ အိသိက်သွန်းပေးမှ ဒီတကာကြီးဟာ ရှင်ဘုရင်ဖြစ်ရဆိုဘဲ။

အဲဒီပရမ္မရ သဘောတွေကြောင့် အစဉ်အဆက်လိုက်နာပြီး တော့ ကျင့်သုံး လာခဲ့တာဟာ ဘယ်အထိလဲဆိုတော့ ဦးပဥ္စင်း တို့ရဲ့ နောက်ဆုံးသိပေါမင်းအထိဘဲ။

အဲသူတို့မှာကတော့ ဒီအစဉ်အဆက် ရေးတဲ့ဆရာတွေက ဘယ် က စလိုက်သလဲဆိုရင်ဟိုဘုရားမပွင့်ခင် ကမ္ဘာအစမဟာသမ္မတက စပြီး လိုက်တယ်၊ အဲဒီပရမ္မရ ယုံကြည်ကြည်မှု အဲဒီဌာနအသီး သီးမှာ ပရမ္မရ ယုံကြည်မှုတွေဟာ အင်မတန် များတယ်၊ လယ် သမား-လယ်သမား အလျောက်၊ ယာသမား - ယာသမား အ လျောက်၊ကုန်သည်-တုန်သည်အလျောက်စသည်ဖြင့်ရှိခဲ့ကြတယ်၊ အဲဒီသစ္စာလေးပါးထဲ သွတ်သွင်းပြီးတော့ ဘောင်မဝင်တဲ့ ယုံ ကြည်ချက်ကလေးတွေ ရှိသမျှကို ဒီတကာကြီးတွေ၊ တကာမ ကြီးတွေပယ်ကြ၊ ဖျက်ကြ၊ ဖျက်နိုင်သမျှ ဖျက်၍ ပယ်နိုင်သမျှ ပယ်ကြ၊ အဲဒီလို ပယ်ဖျက်နိုင်မှသာလျှင် ဘုရားရှင် ကိုယ်တော် မြတ် ဟောတော်မူတဲ့ သစ္စာလေးပါး ဘောင်ဝင်ပြီး ဥပါဒါန် တွေရော၊အစွဲတွေရော၊ အကုန်လုံးကွာကျပြီး သန့်သန့်ရှင်းရှင်း နဲ့ အမြင်မှန် ပေါက်ပြီးတဲ့အမြင် ဗုဒ္ဓဘုရားရှင်ရဲ့ မဂ္ဂင်ရှစ်ပါး ထဲက နံပါတ်တစ် ဖြစ်သော သမ္မာဒိဋ္ဌိ ဘောင်ကို ဝင်နိုင်မယ် မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အခု ဒီကာလသာမ သုတ်၌ ဟောမဲ့ တရားတွေဟာ နောက် ဆုံးပိတ် အခြေခံကျတော့ သမ္မာဒိဋ္ဌိ ဖြစ်အောင်သုံးသဲ့ လုပ်နည်း

www.burmeseclassic.com



တွေလို့ မှတ်ကြပါ။ သာမန်ကိစ္စတွေမဟုတ်ဘူး၊ ဒီအတိုင်းလိုက်နာမှသာလျှင် သမ္မဒိဋ္ဌိ ဆောင်ဝင်သွားမယ်။

ထင်ပါဘုရား။

အဲသမ္မာဒိဋ္ဌိဖြစ်တဲ့အခါကျတော့မှ မဂ္ဂင်ဘောင်ဝင်သွားမယ်

အဲဒါကြောင့် ဦးပဥ္စင်းတို့ကပိဖိစီးစီး ဒီပရမ္မရတွေကို ဖိပြောနေရတာ ဟုတ်လား၊

တင်ပါဘုရား။

အဲဒီတော့ ခုနတုန်းက နံပါတ်တစ်ကဘာလဲ။

မာ အနုဘာဝေန-တဆင့်ကြားဟုတ်လား။

နံပါတ်နှစ်က ဘာလဲ။

မာ ပရမ္မရာယ ဂဏှ ိတ္ထ။

ထင်ပါဘုရား။

## တဆင့်ကြားတဲ့

အဲနံပါတ်သုံးကဘာလဲဆိုတော့-မာ ဣတိကိရာယတဲ့၊ "ဣတိကိရာယ" ဤသို့တဲ့၊ ဤလိုတဲ့ ဟုတ်လား။

တင်ပါဘုရား။

"ဤသို့တဲ့၊ ဤလိုတဲ့"ဟု ဆိုကာမျှဖြင့်လည်း။ မာဂဏှ ိတ္ထ မှန်လှပြီဟု သင်ကာလာမတို့ မယုံကြကုန်လင့် ဟုတ်လား။

ဤသို့တဲ့ဆိုတာက အင်မတန်ကျယ်ဝန်းလာတယ် ဟုတ်လား။

တင်ပါဘုရား။

ရှေးသရောအခါ ဗာရာဏသီက ဆိုရင် ကျုပ်တို့ ယုံကြ ဟုတ်လား။

တင်ပါရာရား။



အဲ ရှေးသရောအခါ ဗာရာဏသီဆိုတဲ့ စကားတွေ ပါလာတယ်၊ အဲဒီတော့သည်လို "ဤသို့တဲ့ – ဤလိုတဲ့"ဆိုတဲ့ စကားတွေကို ဦးပဥ္စင်းတို့ အကျယ်တဝင့် ဖွင့်ပြီးတော့ ဟောပြောနေလို့ ရှိရင် အင်မတန်စုံစုံမြဲမြဲ ဦးပဥ္စင်းတို့အသဲခိုက်အောင် ယုံကြည်နေတဲ့ အချက်တွေကို သွားပြီးတော့ ထိနေလိမ့်မယ်။

ဤသို့တဲ့၊ ဤလိုတဲ့နဲ့ ဘဲ ဦးပဥ္စင်းတို့ ယုံလာကြတာဘဲ။

သို့သော် လက်တွေ့စမ်းသပ်ကြည့်သလား မကြည့်ဘူး။

ဘုရားရှင် ကိုယ်တော်မြတ် ၏ အလိုတော် ကျတော့ကော သန္ဒိဋ္ဌိက၊ အကာလိက၊ ဧဟိပဿိက၊ ဩပနေယျိက၊ ပစ္စတ္တံ ဝေဒိတဗ္ဗ-ဆိုတဲ့ တရားဂုဏ်တော်များကိုကျကျနနသိမြင်အောင်၊ ကျကျနန ဉာဏ်အမြင် ပေါက်အောင် လုပ်ပြီးသကာလ အဲဒီ သန္ဒိဋ္ဌိက-လက်တွေ့ဖြစ်နိုင်၊ မဖြစ်နိုင် စဉ်းစားရမယ်။

လက်တွေ့ဖြစ်အောင်စမ်းသပ်ပြီးတော့ကြည့်ရမည်၊ လက်တွေ့ မျက်တွေ့ စမ်းသပ်ကြစမ်းပါ။

"ဤသို့တဲ့-ဤလိုတဲ့" ဆိုတာတွေဟာ သူပြောလူပြော ခေါ်တယ် မဟုတ်လား။

မှန်ပါဘုရား။

"ဤသို့တဲ့ ဤလိုတဲ့"ဆိုတာ သူပြောလူပြော တဆင့်ကြားကို ခေါ်တယ်။

အဲဒီတော့ ဒေးဒရဲမြို့က လူအများက ဒါတွေကို ယုံကြည်တယ်၊ လူအများက ယုံကြည်လို့ "ဤသို့တဲ့၊ ဤလိုတဲ့"လို့ လူတွေ ပြောကြလွန်းလို့ အဲဒါဖြင့်မှန်ပြီတု ယုံကြည်မှု မပြုလုပ်ကြနဲ့၊ လောကရှိ လူအများတို့တွင် ထရာမှာ ကိုးဆယ့်ကိုးသောက်က "ဤသို့တဲ့၊ ဤလိုတဲ့"ဆိုရင် ကျန်တဲ့ လူတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



အဲဒီအများစုရဲ့ယုံကြည်ချက်ကို ငြင်းပယ်ဘို့ရန် အင်မတန်ခဲယဉ်းလိမ့်မယ်။

ဘာပြုလို့လဲဆိုတော့ ဦးပဥ္စင်းဘို့မြန်မာပြည်မှာ သံသယအားဘုရားမဆန်သာ ဆိုတဲ့စကားပုံရှိတယ် ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲ"ဤသို့တဲ့၊ ဤလိုတဲ့" ဆိုတာဟာ အများစုက ဖြစ်နေရာကျုပ်တို့ လူတွေက ရေယိမ်းလိုက် အသားယိမ်းလိုက် ဆိုတဲ့အတိုင်း ရောပြီး ယိမ်းနေကြတာက များတယ်။

အဲဒီတော့ တကယ့် သစ္စာဉာဏ်နဲ့ သမ္မာဒိဋ္ဌိဉာဏ်ထဲ ဝင်အောင်၊ သောင်ကိုက်အောင် ကြံဆောင်ပြီးမှ သာလျှင် အဲသဘာဝတခုကို၊ အဲဒီကြားထားတဲ့ အရာတခုကို၊ အဲဒီမှတ်သားထားတဲ့ ကိစ္စတခုကို မှန်တယ်၊ မမှန်ဘူးဆိုတာ ဆုံးဖြတ်ရမယ်။

အဲဒီလို ဆုံးဖြတ်ပြီးမှသာလျှင် မင်းတို့လူစုဟာ လက်တွေ့မျက်တွေ့ ကျင့်သုံးကြ၊ မမှန်ရင်လဲ စွန့်ပယ် ကြပေါ့၊ အဲဒီအလို ၂ ခုဘဲမဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

စစ်စစ်မှာတော့ မှန်တာကို ယုံကြည် လိုက်နာ ကျင့်သုံးရမယ်၊ မမှန်တာကို စွန့်ပယ်ရမယ်တဲ့၊ ဦးပဥ္စင်း တို့မှာ ခက်နေတာကမမှန်တာနှင့်မှန်တာကို ခွဲခြမ်းဝေဖန်မှုကိုလဲ ကိုယ်က မလုပ်တာဘဲ အဲ-လုပ်တတ်လို့ အသိဉာဏ် ပေါ်ပေါက်လာသဖြင့် အမှားနဲ့အမှန်ကို ခွဲခြမ်း စိတ်ဖြာ ပြီးတော့သိနိုင်တဲ့ဟာကျပြန်နေတော့အဲဒီအမှားကြီးက ကျင့်သားရပြီး နေသိပရမ္ပရာသဘောနဲ့ စွဲနေခြင်းကြောင့် အဲဒီအမှားကြီးနဲ့ မခွဲနိုင်ကြဘူးဟုတ်လား ဦးဘမောင်။



အဲဒါလောက် ဒီပရမ္ပရာသဘောက လူတွေကို နှိပ်စက်နေဒါ၊ ဖြင့်အောင်ကြည့်ကြစမ်းပါ၊ ရှေးအစဉ် အလာထဲက "ဟိုလိုတဲ့၊ ဒီလိုတဲ့"ဆိုတာတွေနဲ့ မိကြီး၊ ဖကြီး၊ ဘိုးကြီး၊ ဘွားကြီးစသည်တို့က အဲဒီဒီပြောခဲ့ဆုံးမပစ်ခဲ့၊ တားမြစ်ပစ်ခဲ့တဲ့ ကိစ္စတွေကလဲရှိသေးတယ် ဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

အဲဒါတွေ ဣတိကိရာယ ဆိုတဲ့ ဒီထဲမှာပါတယ်၊ အဲဒီမိထုံးဘွား အစဉ်အလာအားဖြင့် ယုံကြည်ပြီးတော့ အဆက်ဆက်ပုံးမလာတာတွေ၊ ပုံပြင်လာခဲ့တဲ့ကိစ္စတွေလဲ အဲဒီထဲမှာပါတယ်။

အခုတော့ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါ၊ သူ၊ ဘပါး၊ ယောကျ်ား၊ မိန်းမဆိုတဲ့ ကိစ္စတွေမှာလဲဘဲ ဘုရားရှင် ကိုယ်တော်မြတ်ကြီးအလိုအတိုင်း ပရမတ္ထပညတ်တို့၊ နာမပညတ်စတဲ့ အဲဒီပညတ်တရားတွေကို ဖယ်ဘို့အတွက် ဦးပဥ္စင်းတို့ဟောရတာ ဖြစ်တယ်။

အဲဒီလို ဟောရတာကလဲ ဘာလဲ ဒီပရမ္ပရာနဲ့ ဣတိကိရာယတွေကို ပယ်နိုင်အောင်လို့ ဟောတာဘဲ။

အဲဒီ ဣတိကိရာယ ဆိုတာကတော့ ဥပမာအားဖြင့် ဦးဘမောင်တို့အိမ်မှာ ကလေးငယ်ရွယ်စဉ်တုန်းက ဘာလုပ်လိုက်စမ်းဒီ၊ ညာလုပ်လိုက်စမ်းတဲ့၊ ဆလံပေးလိုက်စမ် တဲ့ နင့်အမေသွားတော့ခေါင်းကို လက်သီးနဲ့ ထိုးကြည့်လိုက်စမ်းဟဲ့-စသည်ဖြင့် သင်မပေးခဲ့ဘူးလား။

အဲဒါတွေကို ဒီလို ခိုင်းခိုင်း လာကြတော့ ကလေးငယ်ဟာ ဘာဖြစ်လာသလဲဆိုတော့ အမေ၊ မိဘခိုင်းတာကို တခြေမြေနဲ့ လုပ်ရင်းကိုင်ရင်းကနေပြီးတော့ ဟဒယ သားခိုက်အောင် စွဲသွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါက ဒီလိုဘဲ ဒွိမိဘက ခိုင်းတာဘဲလို့ဆိုပြီး တခါထဲစွဲသွားပါဘဲ။

အဲဒီမှာ ကောင်းတဲ့ဖက်က ခိုင်းကြတာတွေလဲရှိတယ်။ ပမာအားဖြင့် ရဟန်း သံဃာတော်များ ကြွလာတဲ့အခါ လက်အုပ်ချီလိုက်ဟဲ့၊ ဘုရားစင်ရှေ့ ရောက်တဲ့အခါ လူကြီး၊ သူကြီးတွေရှေ့သွားတဲ့အခါ ကုန်းသွားရမယ်ဟဲ့၊ အဲဒီလိုစသည်ဖြင့် ကောင်းတဲ့ဘက်က သွန်သင်မှုတွေကလဲ အများကြီးဘဲ။

ပြီးတော့ မကောင်းတဲ့ ဖက်ကလဲဘဲ အမှုမဲ့၊ အမှတ်မဲ့သွားပြီး ဂရုမထားတဲ့ခိုင်းမိ၊ စေမိတာတွေရှိတယ်။

အဲဒါကြောင့် ကလေးတွေရဲ့ စိတ်ထဲမှာ မကောင်းတာတွေကိုလဲ စွဲသွားတတ်တယ်။

အဲဒါကြောင့် ဉာတိကိရာယ ဆိုတာ "ဤသို့တဲ့-ဤလိုတဲ့ဆိုတယ်"လို့ လူကြီးမိဘများက အစဉ်အဆက် ပြောဟော ဆုံးမပြီးတော့ လာကြတဲ့အတွက် အဲဒီကိစ္စတွေဟာ မှန်တယ်လို့ မယုံကြနဲ့၊ အရှင်ပြုတဲ့ အခါကျတော့ ရှင်လောင်း လှည့်ကြတယ်မဟုတ်လား၊ အဲ-ရှင်လောင်းကလေး မြင်းပေါ်တင်သွား (သို့မဟုတ်) ခုကာလကျတော့ မော်တော်ကားပေါ်တင်ပြီး နတ်စင်သွားကြတယ်မဟုတ်လား။

အဲ-နတ်စင်သွားပြီးတော့ လူကြီးမိဘတွေကတော့ ဘာလုပ်ရသလဲ၊ နတ်စင်ဘက် လှည့်ပြီးတော့ လက်အုပ်ချီကြတယ် ဟုတ်လား၊

မှန်ပါဘုရား။

အဲ-ရှင်လောင်းကတော့ မချီရဘူးဆို မဟုတ်လားလို့ ရှင်လောင်းက ပြုံ့ကလေးပြုံ့ရတာဆို ဟုတ်လား။



တင်ပါဘုရား။

ရှင်လောင်းကိုတော့ နတ်ကရှိခိုးချင် ရှိခိုးရမယ်၊ ဒီလိုမဟုတ်လား။

တင်ပါဘုရား။

ဘုရားကတော့ ရှိမှခိုးရသူ မဟုတ်လား။

မှန်ပါဘုရား။

အဲဒီဟာကော ဘာတဲ့ အစဉ်အလာတဲ့၊ သူ့မပြောကော သူအဆယ့်နှယ်လုပ်မလဲ၊ သူ့မပြဘဲနဲ့ ဆိုရင် ရှင်အမနှင့် ရှင့်ဘကာဖြစ်နေတဲ့ မိဘလုပ်တဲ့ သူတွေကို စိတ်ထဲမှာ ချမ်းကိုမချမ်းသာကြဘူး။

အောင်မယ်လေး-နတ်မှ မပြလိုက်ရရင် ဘာကဲ့ထဲ အလှူမရှုပ်ပြီးများ လေတိုက်ပြီး ပျက်တော့မလိုဘဲပေါ့လေ၊ အဲဒီလောက်ပွင့်ပြင်းထန်ထန် ဦးပဉ္ဇင်းတို့ လူတွေဟာ အစဉ်အလာတွေကို ယုံကြည်မှုတွေ ရှိနေကြတယ်။

အဲဒီ ယုံကြည်မှုတွေဟာ ဘာဖြစ်သလဲ ဆိုရင် ဘာမှ မဟုတ်ဘူး၊ သစ္စာတောင်လဲမဝင်ဘူး၊ လူကိုကော ဘာအကျိုးပြုတတ်သလဲ ဘာကျိုးမှမပြုတတ်ဘူး မဟုတ်လား။

တင်ပါဘုရား။

အမှန်ကတော့ ဦးပဉ္ဇင်းတို့ ကိုယ်တိုင် ရှင်ပြုခဲ့တာမှာ ဘယ်နတ်စင်မှသွားမပြခဲ့ဘူး၊ ဒီအတိုင်း ကတုံး-တုံးပြီး သင်္ကန်း ဝတ်သွားခဲ့တာဘဲ၊ ဘာမှမဖြစ်ပါဘူး။

ဒါပေမဲ့ လူတွေက အဲဒါလောက်မရဲကြဘူး၊ မလုပ်ဝံ့ကြဘူး၊ ဘာပြုလို့လဲဆိုတော့ အစဉ်အလာကို စွန့်ရမဲ့ကိစ္စက အင်မတန်ခက်တယ်၊ ခယဉ်းတယ်၊ မလွယ်ဘူး၊ မကောင်းတာ မှန်း

www.burmeseclassic.com

www.burmeseclassic.com



သိရက်ကနဲ့ မစွန့်နိုင်တာတွေလဲ အများကြီးရှိတယ် မဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

သိန်းစွဲနေတဲ့ လူဟာ ဘယ်လောက်ဘဲ မိဘကဖြစ်စေ၊ ဆရာ သမားကဖြစ်စေ၊ မင်းစွဲနေတဲ့သိန်းဟာ မကောင်းဘူးလို့ ပြောပေမယ်လို့ သူကိုယ်တိုင်ကလဲ မကောင်းမှန်း သဘောပေါက် လာပေမယ်လို့ အစွဲကနာ၍ နေလေတော့ အဲဒီသိန်းကို မဖြတ် နိုင်ဘူး မဟုတ်လား။

အဲဒါကြောင့် ဦးပဉ္စင်းတို့မလဲဘဲ ဘယ့်နှယ် ဖြစ်နေသလဲ ပရမ္ပရစွဲက ဘယ်လောက်မြဲလာသလဲဆိုတော့ အဖြတ်ရကို ခက် နေတယ်။ အဲဒီဟာကိုဖြတ်လိုက်ရင် တကယ် ရှုန်းတိုး မိုးမျှော် အကုန်လုံး ကိုးရိုးကားယားတွေ ဖြစ်ကုန်လိမ့်မယ်လို့ စိတ်ထဲ စွဲလန်းမှု၊ ထိတ်လန့်မှုတွေ ဖြစ်နေကြတယ်၊ အဲဒီလို စွဲနေသမျှ ကာလပတ်လုံး ဘုရားရှင်ကိုယ်တော်မြတ်၏ အလိုအားဖြင့်တော့ မင်းတို့ အဲဒီဘောင်ထဲက မလွတ်ကြဘူးတဲ့ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီဘောင်ထဲက လွတ်ပြီးတော့ သစ္စာဉာဏ် ပေါက်လာတဲ့ အခါကျတော့မှ လူဟာ ရဲရင့်လာတယ်၊ သတ္တိရှိလာတယ်၊ အဲဒီ တော့ ဦးပဉ္စင်းတို့ သစ္စာလေးပါး တရား ဖြစ်တဲ့ ဓမ္မစကြာ တရားကို အဖန်ဖန် ဟောတာ၊ ဘာဖြစ်လို့လဲ ဆိုတော့ အမှန် တရားကို တကာကြီးတွေ၊ တကာမကြီးတွေ အမှန်အတိုင်းသိမြင် ဘို့ဘဲ။

တင်ပါဘုရား။



အမှန်တရားကို သိမြင်တဲ့အခါကျတော့ တကာကြီး ဦးဘ မောင်တို့ဟာ အမှန်ဘက်တော်သားတွေဖြစ်မယ် ဟုတ်ကဲ့လား။

တင်ပါဘုရား။

အမှန်ဘက်သား နာမည်ခံပြီး အမှန်ဘက်ကို ရောက်သွားတဲ့ လူများဟာ ဘာမျှ ကြောက်စရာ မရှိတော့ဘူး၊ ကြောက်လဲ မကြောက်တော့ဘူး၊ ဘာမှဘဲ ဖြစ်ဖြစ် အမှန်ဘက်က နေရတဲ့ သူဟာ မကြောက်စရာ လိုသေးသလား ဦးဘမောင်။

ကြောက်ရန် မလိုတော့ပါ ဘုရား။

အဲဒီတော့ ဘာပဲသွားရာ ခရီးသွားလုပ်နေကြတဲ့ တကာကြီး တော့၊ တကာမကြီးတွေမှာ အမှန်ဘက်က များနေမိရင် ဘာမှ ကြောက်စရာမရှိဘူး ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီတော့ အခုကြောက်နေရတာက ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်ဟာကိုယ် မှန်မှန်းလဲမသိ၊ မှားမှန်းလဲမသိ၊ ဘယ်ဘက် သားမှန်းလဲမသိ၊ ညာဘက်သားမှန်းလဲမသိ၊ အဲဒီလိုဖြစ်နေကြတဲ့ အတွက်ကြောင့် ကိုယ့်ကိုယ်ကို မဆုံးဖြတ်နိုင်မှု ဝိစိကိစ္ဆာတွေ ဖြစ်နေကြခြင်းကြောင့် အဲဒီကြောက်လန့်မှုတွေ ပေါ်လာတာ၊ ဒါကြောင့် ဒီကြောက်လန့်မှုတွေ မရှိအောင် ဘာလုပ်ရမလဲ၊ ရှေးက သွင်းပစ်ခဲ့တဲ့ အယူစွဲ၊ ပရမ္ပရဟာ ဘာနဲ့တူသလဲ ဆိုရင် ဆေးလုံးနဲ့တူတယ်၊ ဦးဘမောင် ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီဆေးလုံးကိုချပစ်မှ၊ အဲဒီဆေးလုံးမကျသမျှ ဒီလူအများ မပျောက်ဘူး ဟုတ်ကဲ့လား။

တင်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုဘဲ သတ္တဝါတွေဟာ ပရမ္မရကနေပြီးတော့ စုံလာခဲ့တဲ့ အစွဲ တွေလုံးကြီးကို ဦးပဥ္ဥင်းတို့ ရက်ရက် စက်စက် ဖြိုဖျက်ပြီး တော့ ချနိုင်မှ ဖြစ်မယ်၊ အနာခံပြီးတော့ ချရမယ်။

တော သုံးချတယ်ဆိုတာ တကာထဲ အန်ဆေးတွေ တာတွေတိုက် ပြီး တခါထည်း ပျို့အန်ပြီးတော့ တကာထဲ အစာတွေရော၊ ဘာ တွေရော၊ တကာထဲ လူ့ကို တော်တော်ပင်ပန်းမှ ကျတယ်။

အဲဒီလိုတော်လုံးကျအောင် လုပ်ချသလိုဘဲ တကာကြီး ဦးဘ မောင်နှင့်တကွ ဦးပဥ္ဥင်းတို့ အားလုံး ပရမ္မရစွဲတွေကိုဘုရား၏ ဒေသနာတော် ဆေးချဆေးတွေနဲ့ ဖျက်ပြီးချမှ ဦးပဥ္ဥင်းတို့ဗိုက် ထဲက ပေါ်သွားမယ်၊ အဲဒီ သဘာဝဟာ ဦးပဥ္ဥင်းတို့ ယခုညဥ့် ပြောတဲ့ ပရမ္မရထဲမှာ ပါသွားပြီး ဣတိကိရာယ ဣတိကိရာယ ဆိုတာလဲဘဲ အဲဒီအတိုင်းဘဲ၊ "ဤသို့တဲ့-ဤလိုတဲ့" ဆိုတာလဲ သူများပြောဘဲ ဟုတ်ကဲ့လား။

တင်ပါဘုရား။

ကိုယ့်မျက်စိနဲ့ တွေ့ခဲ့တာမဟုတ်၊ ကိုယ့်နားနဲ့ ကြားတာ မဟုတ်၊ ကိုယ့်နှာခေါင်းနဲ့ နံတဲ့ကိစ္စမဟုတ်၊ ကိုယ့်လျှာနဲ့ လျက်ကြည့်လို့ သိရတဲ့ကိစ္စမဟုတ်၊ ကိုယ့်ကိုယ်နဲ့ ထိလို့ သိခဲ့ ရတဲ့ကိစ္စလဲမဟုတ်၊ အဲဒီတော့ စမ်းသပ်မှုကို လုပ်ရန် ဘုရားက ဦးဘမောင်ကြီးတို့ကို နည်းပေးခဲ့တယ်မဟုတ်လား။

တင်ပါ ဘုရား။

မျက်စိနဲ့ ကြည့်စမ်း၊၊ မျက်စိနဲ့ကြည့်လို့မြင်ရရဲ့လား၊ မမြင် ရဘူး၊ မမြင်ရရင် အဲဒီ မမြင်တာကို တကာကြီး ဦးဘမောင် ယုံသေးသလားလို့။

မယုံပါဘူးဘုရား။



မျက်စိနဲ့ မမြင်ရတာ တခုကို ယုံချင်ရင် နားနဲ့နားထောင် ကြည့်စမ်းပါ ဟုတ်ကဲ့လား။

တင်ပါဘုရား။

နားနဲ့ကိုယ်ဘိုင်ထောင်လို့ ကိုယ်တိုင် တိုက်ရိုက် ကြားရရင် မျက်စိနဲ့ မမြင်ရစေကာမူ ယုံပါတော့၊ နားနဲ့ ကြားရတာကို ယုံပါအုံး၊ အခု ဟိုရေဒီယိုထဲက ဖွင့်နေတယ် မဟုတ်လား၊ အိမ်တွေမှာ ဖွင့်နေတဲ့ ရေဒီယို ဆိုတာ ရှိတယ် မဟုတ်ဘူး လားလို့။

ရှိပါတယ်ဘုရား။

အဲဒါဘီလပ်က စကားပြောတာဆိုတာ မယုံနဲ့ဦး၊ သွားပြီး နားနဲ့ ထောင်ကြည့်တော့ ဟိုကပြောနေတာကို ကြားရတယ်၊ မျက်စိနဲ့တော့ မမြင်ရဘူး၊ ဟိုကပြောနေတဲ့ လူကိုခကာ မမြင် ရဘူးမဟုတ်လား။

မမြင်ရပါဘုရား။

သို့ရာတွင် နားနဲ့တော့ ကြားရတယ် အဲဒီနားနှင့် ကြားရင် လဲဘဲ စိတ်ချလောက်တဲ့ အထောက်ထားနဲ့ မှန်တယ်လို ယုံနိုင် ပါသေးတယ်။

တင်ပါဘုရား။

ဒီတော့တကာကြီး ဦးဘမောင်တွက်ကြည့် နားနဲ့ မျက်စိနဲ့ တတန်းထဲနေတယ်။

အဲ အမှန်တရားကို လိုက်လံ ရှာဖွေစုံစမ်းတဲ့အခါ သည်ဝ ထောက်ခံရင်၊ ဒီ ၂ခုက မှန်သဟေ့လို့ သက်သေခံရင် ဦးဘမောင် ယုံပါတော့ ဟုတ်ကလား။

မှန်ပါဘုရား။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



တကာကြီးတွေ၊ တကာမကြီးတွေ နားနဲ့လဲ မကြားရဘူး၊ မျက်စိနဲ့လဲမမြင်ရဘူး၊ အဲဒါကို တကယ်ယုံနေတဲ့လူတွေ အများကြီး ရှိနေကြတယ်မဟုတ်လားလို့-

ရှိပါတယ်ဘုရား။

အဲဒီကိစ္စဟာ အခက်တကာ့ အခက်ဆုံးဘဲ၊ ဘယ်နှယ် ပြောလို့၊ ဘယ်နှယ်ဟောလို့မှမရဘူး၊ နားနဲ့လဲမကြားရ မျက်စိနဲ့လဲ မမြင်ရတဲ့ဟာကို ယုံရတာမလွယ်ဘူး၊ ဝိဇ္ဇာဘိုးတိုးဆောင်ကြွလာတယ်သာဆိုတယ်၊ ခြေသံလဲမကြားရဘူး ဟုတ်လား။

ထင်ပါဘုရား။

ကြွလာပြီးတော့ အခန်းထဲပြင်ထားတဲ့ ထမင်းပွဲတော်ကြီးလဲ စားသွားလိုက်ထာ ပြောင်လို့ ဆိုရအောင်လဲ စားတာလဲ မမြင်ရဘူး၊ အဲဒီလိုပြောလို့သာပြောတယ်၊ ထမင်းတလုံးမှလဲ ထမင်းပန်းကန်ထဲမှာ မလျော့ဘူး၊ ဟင်းကလဲမရွှေ့ဘူး၊ အဲဒါ သာပြီးတော့ စားသွားလို့ တကာထဲနောက်တခါထပ်ပြီးတော့ ချက်ထည့်ရန်း၊ အဲသည်လိုယုံကြည်မှုတွေဟာ မှန်ပမလား။

မမှန်ပါဘူးဘုရား။

အဲရွာအရှေ့ဘက်ကနတ်စင်သွားပြီးတော့ လုပ်ကြပြန်ပါပြီး နတ်ကွန်း၊ တက်တယ်တဲ့၊ ဦးပဥ္ဇင်းတို့ အညာ အရပ်မယ်တော့လုပ်ကြတယ်၊ အောက်အရပ်မယ်တော့ မလုပ်ဘူးထင်တယ် အောက်တော လုပ်ကြသေးလား။

လုပ်ပါတယ်ဘုရား။

ဦးပဥ္ဇင်းတို့ဆီတော့ မိုးဦးကျ မိုးမရွာနိုင်တဲ့အခါမယ်နတ်စင်သွားပြီးတော့ ထီးကျမ်းထီးကျမ်းနဲ့ ကကြတာဘဲ၊ အဲဒီနတ်ကွန်းတက်ထာကို ဦးပဥ္ဇင်းကတခါတခါ လိုက်ကြည့်တယ်၊ လိုက်ကြည့်



တော့ ဘာတွေသလဲဆိုတော့ ဒီကခမြာတာ ယိုကကြာမဲ့ လူလဲမရှိဘူး။

အဲဒါမမြင်ရဘဲနဲ့ တခါတခါ ကိုမင်းကျော်ဝင်ချနေလိုက်ထာ တခါထဲ အဲဒီထဲက အကောင်ထကောင်က ကိုးရိုး ကားယား ထလုပ်ရင် တကာထဲ သူ့ကိုဘဲ အရယ်ကိုးမောင်းတိုက်ရတယ်၊ အဲဒါ မှုးတော့သူမှုးလို့-

ကဲ ကိုမင်းကျော်ထွက်သွားပြီဆိုမှဘဲ ဟန်ကျပန်ကျ၊ ဆိမ်ပြန်မှတာ (သို့မဟုတ်) မပြန်ရဘူး။

တင်ပါဘုရား။

အဲဒါ ထွက်သွားတာလဲ မမြင်လိုက်ဘူး၊ ဝင်လာကြတာလဲ မမြင်လိုက်ဘူး၊ ဟို လူတွေက ကိုမင်းကျော်ကို ကိုမင်းကျော်ဆိုလို့သာ ကြောက်လန့်ပြီး အရက်ဝယ် တိုက် သိုက် ရ တာ ဟုတ်လား။

အဲဒီလို မျက်စိနဲ့လဲ မမြင်ရ၊ ဒီနားနဲ့လဲ မကြားရတဲ့ကိစ္စတွေကို ဦးပဥ္ဇင်းတို့ရဲ့ ပရမ္မရ အစဉ်အဆက် သတော့ အားမြင့် ယုံကြည်လာကြတာ ဘယ်လောက် ပေါသလဲလို့ အများကြီးရှိတယ်။

မှန်ပါဘုရား။

အဲဒီတော့ဘုရားက မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ ဟဒယဟုဆိုအပ်တဲ့ အိမ်ခြေ ၆-မျိုးနဲ့ မင်းတို့ချိန်ထိုးပြီးတော့ ကြည့်လိုက်လို့ အိမ်ခြေ ၆-မျိုးနဲ့ အသုံးချနိုင်တဲ့ပစ္စည်းမှန်က တကယ်ရှိတယ်ဆိုတာ မှန်သည်၊ အဲဒီယုံကြည်တဲ့ ဟုတ်လား။

တင်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုမှမဟုတ်ရင် ဣတိကိုရာယတိထဲ ပါသွား လိမ့်မယ် ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီ ဣတိကိုရာယထဲ မပါအောင် ဦးပဥ္စင်း တို့ဟာ တယ်ကိုစွမ်းဘဲဖြစ်ဖြစ် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ဟဒယ အဲဒီ ၆-ခုဟာ ဘာလုပ်မှုလဲဆိုတော့ ဦးဘမောင်တို့လို လူသားမှာ အမှား၊ အမှန်ကို ဆုံးဖြတ်နိုင်အောင် ကူညီတဲ့ သဟာယ အကြောင်း တရားတွေ မဟုတ်ဘူးလား။

ဟုတ်ပါတယ် ဘုရား။

အဲဒီတော့ အဲဒါတွေ အသုံးမပြုဘဲနဲ့ မျက်စိမှိတ်ပြီးတော့ နှုတ်မှိတ်ပြီးတော့ ယုံနေရတဲ့ ပစ္စည်းတွေ မရှိဘူးလား။

ရှိပါတယ်ဘုရား။

အဲဒါကြောင့် ဘုရားအကြိုက် မဟုတ်သေးဘူးလို့ အသိဉာဏ်ထဲမှာ အောက်မေ့ကြ ဟုတ်လား။

မှန်ပါဘုရား။

အဲဒီလို အသိဉာဏ်ထဲမှာ အောက်မေ့နိုင်မှ ဒါတွေဟာ တန်ဖိုးကျတယ်။

(သို့မဟုတ်)ဒါတွေက ပရမ္မရ သဘောအားဖြင့် မယုံမဖြစ်တော့မလို ဖြစ်နေကြတဲ့ သဘောတွေ အများကြီး ရှိနေတယ်။ မူလအခြေခံအားဖြင့် ကိုယ်ပိုင်သိနဲ့ ကိုင်ထားဘိုဟာက ကိုယ်မှာရှိတဲ့ ရုပ်ကြည် အိန္ဒြေပစ္စည်း ၆-ခု၊ အဲဒီအိန္ဒြေ ၆-ခုနဲ့ ထပ်ပြီးတော့ ကြည့်ရမယ်၊ စမ်းပြီးတော့ကြည့်ရမယ်၊ အဲဒီလို အစမ်းနိုင်မှ မိမိတို့ရဲ့ ယုံကြည်မှုကိစ္စ ပြီးသွားမယ်။



ဒါကြောင့် ဘုရားရှင်က မင်းတို့ ပေါ့ပေါ့ ဆဆ မနေကြနဲ့ ကာလာမ မင်းသားများ ပရမ္ပရ သဘောတွေကလဲ လာတယ်၊ ရှေးအစဉ်အလာက ပြောဆိုကြတဲ့ ဤသို့တဲ့၊ ဤလိုတဲ့ဆိုတဲ့ကြားရတဲ့ စကားတွေကလဲ ရှိနေတယ်။

အဲဒီကြားရတဲ့စကား ဣတိကိရာယာ—နားနဲ့ ကြားရတာ ဟုတ်ကဲ့လားဦးဘမောင်။

နားနဲ့ ကြားရတောင်မှ တဆင့်စကား၊ တဆင့်ကြားရတာမျိုး တိုက်ရိုက်ကြားတာ မဟုတ်ဘူးဆိုရင်မယုံနဲ့ဦး၊ တိုက်ရိုက်ကြားတာဆိုရင်တောင်နားကလဲ ယုံကြည်ထိုက်တဲ့ပစ္စည်းဘဲ မဟုတ်ဘူးလား၊ မျက်စိကလဲ ယုံကြည်ထိုက်တယ် မဟုတ်လားလို့—

မှန်ပါ။

အဲဒီတော့ တိုက်ရိုက် ကြားတာ မဟုတ်ဘဲနှင့်တော့ ဣတိကိရာယာယဆိုတာဘဲဖြစ်မယ်. တဆင့်ကြားပေါ့။ တဆင့်ကြားဆိုတာ ဥပမာ- ရန်ကုန်ကပြန်လာတဲ့သူ ကိုယ်တိုင်က ပြောတာ မဟုတ်ဘူး။ အဲဒီလူနဲ့တွေ့ခဲ့တဲ့ လူတယောက်က ပြောပြလိုက်တယ်။

ရန်ကုန်မြို့လူထူး၊ လူသန်းပေါလို့တဲ့၊ ဘယ်လိုဟာ ဘာဖြစ်လို့တဲ့ ပျောက်စေဆရာ ပေါလို့တဲ့ဆိုတော့ မနက်ဖြန်ခါမနက် သဘောနဲ့ လိုက်ရပြန်ပြီ။

အဲဒါတာလဲဆိုတော့ ဣတိကိရာယာတိ လိုက်ရတာဘဲ၊ ဤသို့တဲ့ ကြားရုံနဲ့ လိုက်တာဘဲ၊ ကြားရုံနဲ့လိုက်တော့ ဟိုကျတာမှ ဟုတ်ဘူး ပြန်လာခဲ့ရတာဘဲ။

အဲဒီနောက် ဦးပဥ္စင်းတို့မြန်မာပြည် မြန်မာများရဲ့ ယုံကြည်မှုတွေထဲမှာ မဟုတ်ကတ်၊ ဟုတ်ကတ်နဲ့ တိုအရပ်က ပြောလိုက်

www.burmeseclassic.com



ထာတွေ၊ ခိုးရစ်ကကြားခဲ့တာတွေ၊ အဲဒီကြားတာဟာ တဆင့်စကားကြားတာ၊ သူကိုယ်တိုင်လဲ တကယ်မသိ၊ တိုက်ရိုက်မြင်ခဲ့ကြားခဲ့တာလဲ မဟုတ်ဘူး။

တကယ်လိုက်တဲ့ အခါကျတော့ အဲဒီ ကြားတဲ့ဟာလဲ တဆင့်စကားဖြစ်နေ၊ အဲဒီ တဆင့်စကားကြားတဲ့ လူကပြောလို့ ဦးပဥ္စင်းတို့က ကြားပြန်တော့လဲ တဆင့်စကားဘဲ၊ အဲဒီတဆင့်စကားတွေဟာ အဆင့်ဆင့် ကြားလာတဲ့ အခါကျတော့ကာ အမှန်ကြား မဟုတ်တော့ဘူး ဦးဘမောင်၊ အမှားဘက်ရောက်သွားပြီ။

မှန်ပါဘုရား။

အဲဒါကြောင့် ဘုရားက "အဲဒီလိုကြားသိတဲ့၊ ဂုနဲ့လိုတဲ့" တဆင့်စကားတွေကို မင်းတို့မယုံကြနဲ့တဲ့၊ ကြားရင် ကိုယ်တိုင် သွားကြည့်လိုက်ပေါ့၊ ပင်ပန်းတာမှမဟုတ်ဘဲ ဟုတ်ကလား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒါကြောင့် ကာလာမပုတ္တား၊ ကာလာမ မင်းသားတွေအင်မတန်ကြီးကျယ်တဲ့ သံသယကုက္ကုစ္စတွေ ဖြစ်လာရခြင်းဟာဘာကြောင့်လဲဆိုတော့ အဲဒီအစဉ်အလာနဲ့ ယုံကြည်လေးစားပြီးလာခဲ့ကြတဲ့ ဆရာကြီးတွေ၊ သမားကြီးတွေ၊ တရားဟောဆရာကြီးတွေက လာဟောတဲ့ စကား အမျိုးမျိုး အဖုံဖုံစုံနေအောင်ကြားရတဲ့အတွက် ဘုရားက မင်းတို့ ဒီလို၊ ဒီလို ပြောကြတာတွေကို အလကားမှ သက်သက် အရမ်းမဲ့ ဘော့ဖြင့် မယုံလိုက်ကြနဲ့ဟောဒီ အခု ဦးပဥ္စင်းတို့ ကေသမုတ္တိသုတ်မှာ မှတ်ကျောက်စံချိန်ထိုးကြည့်ဘို့ဘဲ။

အဲဒီစံချိန်ထိုးကြည့်အထဲမှာ ဒီကနေ့ညာ၃-ခု ပြီးသွားပြီ၊အဲ၃-ခုပြီးသွားတော့ကာ ဒီတကာကြီးတွေလဲ ညောင်းလှ ညာလှရောပေါ့ ဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

အဲဒီ ၃-ခုအလာက် ပြီးသွားတဲ့အခါကျရင် နောက်ဘယ်နှစ်ခုကျန်သလဲ၊ ၇-ခု ကျန်သေးတယ်၊ အဲ၇-ခုဟာ မနက်ဖြန်ခါနှင့်ပြီးမလား၊ သဘက်ခါကျမှ ပြီးမလား မပြောတတ်ဘူး ဟုတ်လား။

တင်ပါဘုရား။

ပြီးတော့ ဒီတရားနာရတဲ့အခါမှာ တကာမကြီးတွေ၊ တကာကြီးတွေအတွက် အရေးအကြီးဆုံးအချက်က ဘုရားကဘာဟောသလဲ၊ ဘာလိုလားသလဲဆိုတော့ စမ်းသပ်ဘို့ဘဲ ကျင့်ဘို့၊ ကြံဘို့ပြောတာ မဟုတ်ဘူး ဦးဘမောင်။

မှန်ပါဘုရား။

ကျင့်ဘို့၊ကြံဘို့ဆိုတာက တမျိုးဘဲ. ဒေါ်ဘော်ကြာ တောင်ကြီး ဆရာတော် ဦးဥက္ကဋ္ဌကလာဟောသွားတယ်၊ကြားလို့အတိုင်းလာဟောရင် နာယူလိုက်ပြီးတော့ ဒီကိုယ်တော် ဟောတာကို မှတ်ကျောက်ကလေးနဲ့ တိုက်ကြည့်လိုက်ဆိုး၊ မှန်ရင်ဟုတ်ရင် လိုက်နာ ကျင့်သုံးကြဘို့ပေါ့၊ မဟုတ်ရင် ပယ်လိုက်ပေါ့၊ နောက်ဘယ်သူလာဟောဟော ဆရာကြီး ဦးဘခေါင် တို့ဆီလာပြီး ဆရာကဘဲ ဟောဟော၊ ဟောတဲ့အခါ နားထောင်၊ နားထောင်ပြီး တကာကြီးတွေက ဦးပဥ္စင်း ကနေ့ညဟောခဲ့တဲ့ မှတ်ကျောက်ရပြီမဟုတ်လား။

www.burmeseclassic.com



အဲဒီမှတ်ကျောက်ရတော့ကာ အဲဒီတရားဟောသလောက်တဲ့ ပုဂ္ဂိုလ်ရဲ့ ဟောပြချက်တွေကို နားနှင့်နာယူပြီးတော့ ကိုယ်ရရှိထားတဲ့ မှတ်ကျောက် ကလေးအပေါ်မှာ တင်ကြည့်လိုက်၊ အဲဒီလိုတင်ကြည့်တဲ့ အခါကျတော့ မှတ်ကိုက်ရင် ဟုတ်ပြီ၊ မှတ်မကိုက်ရင်တော့၊ မှိုအညာ ထိရတော့မယ်ဆိုတာ အဲသည်လိုအမှားနှင့် အမှန်ကြားတန်ကို ကျကျနန ဆုံးဖြတ်ပြီးသကာလ အမှန်ကိုလိုက်၍ အမှားကို ပယ်စွန့်နိုင်ကြရန်အလို့ငှါ ဦးပဥ္စင်းက ကာလာမသုတ်ကို ကျယ်ကျယ်ပြန့်ပြန့်နှင့် တကာမကြီးတွေလဲ နားလည် တကာကြီးတွေလဲ သဘောပေါက်ပြီးတော့ မှတ်ကျောက် ကလေးတွေ ကိုယ်စီကိုယ်ငှ အမြဲစွဲကိုင်ထားရအောင် ဆိုပြီးတော့ ဓိသုတ်ကို ဟောပြခြင်းဖြစ်တယ်၊ မနက်ဖြန်ညကျမှ ဆုံးချင်လဲဆုံးသွားမယ် မဆုံးချင်သေးလဲ နောက်တည ဆက်ပေါ့၊ အဲ ယနေ့ ညတော့ တော်ကြဦးစို့ရဲ့။

**မစန္ဒက တရားဆက်**

နံပါတ်လေးက–

မာ ပိဋက သမ္ပဒါနေန။

ပိဋက သမ္ပဒါနေန၊ မိမိတို့ သင်ယူ ခလ ကျက်မှတ်သားထားအပ်သောကျမ်းနှင့် ညီကာမျှဖြင့်၊ မာဂဏှ ဇ္ဇ၊ မှန်ပြီဟူ၍ မမှတ်ယူကြကုန်လင့်။

အည်တော့ သည်စကားဟာ ဘာသာဝင် ဘာသာဝင် ဖြစ်တဲ့ ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်းအတွက် အင်မတန် အရေးကြီးတယ်။

ဘာ့ကြောင့်လဲဆိုတော့ ဘာသာဝင်တိုင်းမှာ ကိုယ်တွယ်ထားတဲ့ တရားမွေဆိုင်ရာ ကျမ်းစာအုပ်တွေ အမျိုးမျိုးရှိကြတယ်။



အဲဒီ ကျမ်းစာအုပ်တွေ ထဲမှာပါတဲ့ ပစ္စည်းမှန်က အဲဒီကျမ်းစာအုပ်တွေထဲမှာ ရှိထားတဲ့ တရားစကားတွေမှန်က အတုန်လုံးမှန်တယ်လို့ လူတိုင်းလူတိုင်းက ယူကြတယ်။

ခရစ်ယာဘာသာဆိုင်ရာ ပုဂ္ဂိုလ်တွေကို သွားမေးတဲ့ အခါကျတော့ သမ္မာကျမ်းစာ ခေါ်တဲ့ ဓမ္မဟောင်း၊ ဓမ္မသစ် အဲဒီ၂-ခုထဲမှာပါသမျှအကုန်မှန်၊ အဲဒီဓမ္မဟောင်း၊ ဓမ္မသစ်ဆိုတဲ့ ကျမ်းစာ ၂-ခုထဲ၌ အမှားဆိုက တလုံးမှမပါဘူးတဲ့၊ အတုန်လုံး အမှန်ချည့်ပဲတဲ့၊အဲဒါက ခရစ်ယံရဲ့အလို-

ပြီးတော့ အစ္စလာမ်ဘာသာဝင်တဲ့ ပသီလူမျိုးများရဲ့ ကျမ်းစာ သွားကြည့်လိုက်ဦးတော့လဲ ကိုရမ်ကျမ်း၊ အဲဒီကိုရမ်ကျမ်းထဲမှာ ပါတဲ့ တရားသာလျှင်မှန်တယ်၊ ခုနကပြောတဲ့ သမ္မာကျမ်းစာထဲမှာ ပါတာတွေဟာ မှန်ချင်မှမှန်မယ်တဲ့ ဟုတ်လား။

တင်ပါဘုရား။

ဟိန္ဒူ လူမျိုး တယောက်ကို သွားပြီးတော့ မေးလိုက်ရင်သဲ သူကလဲ သူ့စာအုပ်ကြီးတွေကို ပြမှာဘဲ။

ဗီဒေဒကျမ်းကြီးလေးကျမ်းတို့၊ ဥပနိသာဒကျမ်းတို့၊ နောက်ဆုံးပိတ်သူတို့မှ အရေးအကြီးဆုံးဖြစ်တဲ့ ဟိန္ဒူလူမျိုးတိုင်းလူမျိုးတိုင်း အမြတ်နိုးဆုံးဖြစ်တဲ့ ကျမ်းစာ၂-ခုရှိပြန်တယ်၊ ရာမာယနကျမ်းရယ်၊ ဘဂဝဂီတာ ကျမ်းရယ်။

အဲဒီကျမ်းတွေလဲ ပါသမျှကိစ္စတွေဟာ အကုန်လုံး မှန်တာချည့်ဘဲတဲ့၊ အဲဒီကျမ်းစာတွေထဲမှာ မပါတဲ့ ခုနကပြောတဲ့ ခရစ်ယာန်အယူရှိတဲ့ ပုဂ္ဂိုလ်များရဲ့ သမ္မာကျမ်းစာမှာ ပါတာတွေရော ပသီဘာသာဝင်ဖြစ်တဲ့ ပုဂ္ဂိုလ်များရဲ့ ကိုရမ်ကျမ်းစာတော်မှာ ပါတဲ့ စကားတွေရော၊ အဲဒါတွေဟာ အကုန်လုံး ဟိန္ဒူဘာသာ

www.burmeseclassic.com

www.burmeseclassic.com



ဝင် ဆိုင်ရာတို့က မှားတယ်တဲ့၊သူတို့တာသာချင် မှန်တယ်။အဲဒီ တော့ ရာမာယနကျမ်းဆိုတာ သူတို့က အကုန်မှန်။

အဲဒီတော့ ဘယ်လောက် ပြင်းပြင်းထန်ထန် စွဲသလဲ ဆိုရင် သူတို့မှာ ကျမ်းစာအုပ်ကို မြင်လိုက်တာနဲ့ တပြိုင်နက် ထကတဲ့ ရှိခိုးရတယ်။ ဒီကျမ်းစာကိုမြင်ရမယ် (သို့မဟုတ်) ကျမ်းစာကို ဖတ်ရမယ်ဆိုရင် ကုသိုလ်တွေ တလုံးတထွေးကြီး ရနေတာဘဲတဲ့၊ အဲဒီလောက် ပြင်းပြင်းထန်ထန် ယုံကြည်တာ။

ဒီတော့ ဦးပဥ္စင်းတို့ ကိုယ်တိုင် အကျိုး အမြတ် ရှိခဲ့တာက အိန္ဒိယနိုင်ငံမှာသွားပြီး ပညာသင်စဉ်အခါတုန်းက ဟိန္ဒူစာနှင့် သက္ကတစာလဲ သင်ချင်တဲ့ စိတ်ကရှိတာနဲ့ ဆရာငှား ဖတ်ရပြန် လဲဘဲ တလ ၁၅-ကျပ်၊ ၂၀-ကျပ်ပေးရတော့ အင်မတန် အကုန် အကျမျှားနေတုန်း အယူသီးတဲ့ ပုဏ္ဏားကြီးတယောက်နဲ့ သွား တွေ့တယ်။

ဦးပဥ္စင်းက ပြောတယ်၊ ခင်ဗျား ရာမာယန ကျမ်းစာကို ပြပေးမလားလို့ ဦးပဥ္စင်းက မေးကြည့်တယ်၊ သူကပြပေးပါ မယ်တဲ့။

အဲဒီကတော့ပြပေးခတယကို ခင်ဗျား လခဘယ်လောက်ပေး ရမလဲလို့ မေးတော့ ဟာ-ဆွာမိကြီးနှယ်၊ ရာမာယန ကျမ်းပြလို့ ပိုက်ဆံယူရင် ကျုပ်အဝီစိ ကျမှာပေါ့ဗျာတဲ့။

အဲဒါတော့ ကိုယ့်အကြိုက်နဲ့ သွားတိုက်နေတာ တအာထဲ ဘယ် လောက် တောင် သူက စိတ်အား ထက်သန်သလဲ ဆိုရင် ၁၂-နာရီ ထိုးရင် ဦးပဥ္စင်းဆီ ရောက်လာပြီး ညနေ ၄-နာရီ ၅-နာရီထိုးမှ တောင်းပန် လွှတ်လိုက်ရတယ်၊ ဒီပြင် အလုပ်ကို လုပ်စရာကို မရှိဘူး။

သူပြတဲ့စာချည်း ဖတ်နေရတာ၊ သူကဘယ့်နှယ် ဖြစ်နေသလဲ ဆိုတော့ သူက ဖတ်မဲ့လူရှိလို့ ပြနေရသေး၊ပြနေရတဲ့ အချိန်တိုင်း၊ အချိန် တိုင်းမှာ သူ့မှာလောကုတ္တရာ ကုသိုလ်တွေတိုးပွားလာဘဲ လို့ သူယုံတယ်၊ အလကားနေပြီး အချိန်ဖြုန်းနေမဲ့ အစား အနိုးကြီးဆီလာပြီးတော့ စာပြနေရတာက ကုသိုလ်တွေအင်မ တန် တိုးပွားပါတယ်ဆိုဘဲ။

တခါတလေများ ညတောင်ဆက်ပြီး လာပြရှာတယ်၊ သူက ဒီကျမ်းစာဖတ်မဲ့လူ လိုက်ရှာနေတာ အဲဒီလောက် စာအုပ်စွဲ သလဲ ရှိတယ်။

ပြီးတော့ သူတို့ထဲမှာ အမြတ်နိုးဆုံးဖြစ်တဲ့ ကျမ်းစာ တခု ရှိသေးတယ်၊ ဘဂဝဂ်ီတာကျမ်းဆိုတာဘဲ၊ အဲဒီဘဂဝဂ်ီတာကျမ်း ကလဲဘဲ လူကြိုက်ဘယ်လောက်များသလဲဆိုရင် ရင်းကိုဖတ်ရှုတ် တွအား အဲဒီကရစ်ရှနာ ကိုးကွယ်တဲ့ ဟိန္ဒူကုလားတိုင်းက ပူဇော် ကြတယ်၊ အလေးပြုကြတယ်၊ မှန်မှန် သရေစာတောင် ကျွေးလိုက် မွေးလိုက်သေးတယ်၊ အဲဒီလောက် သူတို့ကမြတ်နိုးတာ၊ ယုံကြည် တာကိုး။

နို့-ဒီထဲမှာ ပါတာတွေက ဘာလဲဆိုတော့ တကာကြီးတွေ ကြားဘူးမှာပေါ့၊ ရာမမင်းဆိုတာ သီတာမိဖုရားနိုးတဲ့ ဒသဂီရိ ခေါင်း ၁၀-ခုတို့၊ ဘာတို့၊ဟာနုမာတို့၊ သူ့ဗျိုင်းတို့၊ ဘာလီတို့ ထုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီဇာတ်လမ်းကြီး ရှောက်ဖတ် နေရတာ ၂-နှစ် တိုင်အောင် တော်ခဲ့တာဘဲ မတုန့်ဘူး။

www.burmeseclassic.com



အဲဒီဇာတ်လမ်းဟာ သူတို့က အင်မတန် သာယာတယ်။

အနို့ ဘဂဝါဂီတာကျမ်း ဆိုတာကလဲ အင်မတန် နှစ်သက်ကြတဲ့၊ အင်မတန် မြတ်နိုးကြတဲ့ ကျမ်းစာဘဲ။

ကမ္ဘာ့ပေါ်မှာ၊ အကောင်းဆုံး စာအုပ်တအုပ်လို့ သမုတ်ထားပြီး ကိုးကွယ်နေကြတာဘဲ။

ဒီဘဂဝါဂီတာ ကျမ်းစာ ဖြစ်ပေါ် လာပုံကတော့ အိန္ဒိယ သမိုင်းဝင် စစ်ပွဲကြီးနဲ့ ဆက်နေတယ်၊ မဟာဘာရတ စစ်ပွဲမှာ ကရစ်ရှနဘုရားကိုယ်တိုင်က ရထားကို မောင်းတယ်၊ အဲဒီရထား ပေါ်မှာ စီးပြီးတော့ လိုက်တဲ့ စစ်သူကြီးက အဇ္ဇုနတဲ့၊ အဲဒီ မဟာဘာရတစစ်ပွဲကြီးကို တိုက်ခါနီးကျတော့ စစ်ဗိုလ် လုပ်ထား အဇ္ဇုနမင်းသားက ပြောတယ်။

အရှင်ဘုရား–

ဟောဒီ စစ်မျက်နှာ ၂-ခု ကြားထဲမှာ လျှောက်ပြီးတော့ ရထားကို မောင်းလိုက်စမ်းပါလို့ ဆိုတော့ မျက်နှာ ၂-ခုက မျက်နှာချင်း ဆိုင်နေကြတာကိုး၊ ဟိုဘက်က ပဏ္ဍဝတို့၊ ဒီဘက်ကလဲ ကောရဗျတို့ဆိုတဲ့ မင်းသားတွေ၊ စစ်သည်တော်တွေနဲ့ ရထားတွေ စည်ပြီးတော့ ရှိနေတဲ့ အကြားမှာ အဇ္ဇုနက ရထားကို အမောင်း ခိုင်းလိုက်တာ ရထားပေါ်က နေပြီး သေသေချာချာ ကြည့်တာပေါ့လေ။ ဟိုဘက်ကြည့်လိုက်၊ ဒီဘက်ကြည့်လိုက်. ဘယ်သူတွေ ပါသလဲဆိုတာ သိချင်တာကိုး။

အဲဒီလို အဇ္ဇုနက အမောင်း ခိုင်းလို့ ကရစ်ရှနဘုရားက ရထားကို မောင်းနှင်လိုက်တဲ့ အခါမှာ အဇ္ဇုနရဲ့ လက်ထဲမှာ ကိုင်ထားတဲ့ လေးဟာ တုန်ပြီးတော့ လွတ်ကျတယ်။



ဘာပြုလို့လဲ ဆိုတော့ ဟိုဘက် ကြည့်လိုက်တဲ့ အခါကျလဲ သူ့ဆရာတွေပါတယ်၊ သူ့အကိုတွေပါတယ်၊ သူ့ဦးကြီးတွေ ပါတယ်၊ ဒီဘက် ကြည့်လိုက် ပြန်တော့လဲ သူ့အကိုတွေ၊ သူ့ ညီတွေ စသည်ဖြင့် ပါနေတယ်။ အဇ္ဇုနမင်းသားက ကရစ်ရှန ဘုရားကို လျှောက်တယ်။

အရှင်ဘုရား။

တပည့်တော် ဒီစစ်ပွဲတော့ မတိုက်ပါရစေနဲ့တော့၊ ကိုယ့် ဆွေမျိုးသားချင်းတွေ သတ်ပြီးမှရမဲ့ မင်းစည်းစိမ် ချမ်းသာတွေကို တပည့်တော် မလိုချင်ဘူးတဲ့။

အဲဒီလို ဆိုတော့မှ အပေါ်က မြင်းလှည်းမောင်းတဲ့ ခရစ်ရှန ဘုရားက ခုံပေါ်က နေအောက်ကို ငုံ့ပြီး ကြည့်တယ်၊ "ဟေ့ အဇ္ဇုန-မင်းဟာ ခတ္တိယဇာတ်ဝင် မဟုတ်ဘူးလား-"တဲ့။

ဟောဒီ စကားလုံးက စမေးပြီးတော့ ဘယ်လောက်ဘဲ လူတွေ သတ်သတ်၊ သတ်ပေမဲ့ ပါဏာတိပါတကံ မထိုက်တဲ့ အကြောင်း ဟောတော့တာဘဲ၊ နက်နက်နဲနဲ ခက်ခက်ခဲခဲ ဝေဖန်ပြီးတော့ ရုပ်သည်အတ္တမဟုတ်၊ နာမ်သည်အတ္တမဟုတ်၊ အတ္တဆိုသော အရာသည် မင်းသတ်လို့ မရဘူး စသည်ဖြင့် ဟောတော့တာဘဲ။

တဝ်ပါဘုရား။

အဲဒီလောက် ခိုင်ခိုင်ခံ့ခံ့ အတ္တဝါဒကို ဟောသွားတဲ့ ကျမ်းကြီးကို အမှန်ဆုံးဆိုပြီး ဟိန္ဒူ ဘာသာဝင်တို့က ယုံနေကြတယ်။

ဒီအထဲမှာပါလဲ ကျမ်းစာတွေကို ခရစ်ယာန်တို့၊ ပသီတို့က မယုံကြဘူး၊ နို့ - တကာကြီးတို့ ဗုဒ္ဓဘာသာကတော့လဲ ဒီအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



ဘဲ မဟုတ်လား၊ ကိုယ့်စာအုပ်ကြီးထဲ မပါရင်ဘယ်နှယ်နေပါ့မလဲ။

မမှန်ပါဘူးဘုရား။

အဲ-မမှန်ဘူးလို့ကို ထင်ကြမှာချည့်ဘဲ၊ ဦးပဥ္စင်းတို့ အထက် အညာဆီရောက်တော့ ခရစ်ယာန်သာသနာပြုဆရာတွေက စာရွက်ကလေးတွေ၊ စာအုပ်ကလေးတွေ လိုက်ပြီးဝေကြတယ်။ အဲဒီ စာအုပ်၊ စာရွက်တွေကျတော့ အချို့ခရစ်ယာန်မဟုတ်တဲ့ လူတွေက ဆေးလိပ်ဖင်ပိတ်လုပ်လိုလုပ်၊ နေ့အက်ဖေးအိမ်သာ သုံးလိုသုံး သုံးဖြစ်ကြတာ၊ ကိုယ့်မြန်မာစာရွက် ဆိုတော့ မှင်မင်းမှုတွေ ရေး ထားတဲ့ သတင်းစာက စာရွက်တောင် မကျော်ရဲဘူး ဟုတ်ကဲ့ လား ဦးသမောင်။

တင်ပါဘုရား။

ဘာဖြစ်လို့လဲ ဆိုတော့ ကိုယ့်စာအုပ်ထဲမှာ ပါတဲ့ ကိစ္စ ကလေးကိုသာလျှင် ကိုယ်က ဟုတ်တယ်လို့ ယူနေကြတဲ့ အတွက် ဘဲ၊ ဒီလိုစွဲနေကြရင် တကယ်မှန်တာကို တွေ့ပါမလား ဦးသ မောင်။

မတွေ့ပါဘူးဘုရား။

အဲဒါကြောင့် ဘုရားက မာပိဋကသမ္ပဒါနေန၊ မိမိတို့လေ့ လာသင်ကြား ရွက်ဖတ်ပြီးတော့ ထားကြတဲ့ ကျမ်းတွေထဲမှာ ပါကာမျှဖြင့်၊ မာကထုံ သွာ-မှန်ပြီဟူ၍ သင်ကာလာမတို့ မမှတ်ယူ ကြကုန်လင့်တဲ့။

ကိုယ့်စာထဲ ပါတာမှ မှန်တယ်ဆိုရင် ဒီလူ ဈေးယောက် ရန်ဖြစ်မှာဘဲ ရှိတော့တယ် မဟုတ်လား။

တင်ပါဘုရား။



ခရစ်ယာန်ရယ်၊ ပသီရယ်၊ ဟိန္ဒူရယ်၊ ဗုဒ္ဓဘာသာ ရယ်လေ။

မှန်ပါဘုရား။

အဲဒါ - ဒါးထမ်း ထွက်ဖို့ဘဲ ရှိတယ်၊ ဘယ့်နှယ် လုပ်လို့မှ မရဘူး။

အဲဒါကို ဘုရားက အဲဒီအတိုင်း ဟောခဲ့တော့ တကာကြီး ဦးဘမောင်တို့ စိတ် ထဲမှာ တကယ် ဆင်ခြင် စဉ်းစား၊ အဲစဉ်းစား ဉာဏ်ကလေး ပေါ်ပေါက်လာရမယ် မဟုတ်လား။

တင်ပါဘုရား။

ဘုရား ကိုယ်တိုင်က မာပိဋကသမ္ပဒါနေန-လို့ ဟောခဲ့တဲ့ အတွက် ဒီ့ဘတော့ ယုံကြည် ပုံကိုတော့ ဘုရားကြိုက် ဖြစ်ပုံပေါ် ရဲ့လား၊ မပေါ်ဘူးလား ဆိုတာကို ဒီ့တကာကြီးတွေ၊ တကာမ ကြီးတွေ စဉ်းစားတို့ မကောင်းဘူးလား။

ကောင်းပါဘုရား။

အဲဒီတော့ ဘုရားဟောဆို လိုရင်း အဓိပ္ပါယ်က ဘယ်စာ အုပ်ထဲမှာဘဲ ပါပါ၊ ဘယ်ပေထုပ်ထဲမှာ ပါပါ၊ တကာကြီး ဦးဘမောင်ရဲ့ ပစ္စုပ္ပန် အကျိုးလား၊ (သို့မဟုတ်)သံသရာမှာ လည်နေမဲ့ တမလွန်အကျိုးလား။ အဲ-ပစ္စုပ္ပန် အကျိုးမှာထဲဘဲ တကာကြီး ဦးဘမောင်ရဲ့ အသိဉာဏ်ပညာ တိုးတက် ရေး (သို့မဟုတ်) အသိဉာဏ်ပညာ ဆုတ်ယုတ်ရေးလား၊ ဒီ့တကာ ကြီး၊ တကာမကြီးတွေရဲ့ ကုသိုလ်တရား ပွားများ ရေးလား၊ အကုသိုလ်တရား ဆုတ်ယုတ်ရေး ဖြစ်နေမလား ဟုတ်ကဲ့လား။

လောဘတရားပပျောက်ပြီးတော့ အလောဘတရား တိုးပွား ရေး ဖြစ်သလား၊ မဖြစ်ဘူးလား။ အဲဒီအခြေခံလေးကို ရှုပြီး စဉ်းစားလိုက်ရင် စာအုပ်လိုသေးသလား။

www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘုရား။

အဲ စာအုပ်ထဲပါတာ မှန်တယ်ဆိုတော့ အဲဒီစာအုပ် ရေးတဲ့ လူက တောက်တီး ကောက်တဲ့တွေ ရေးပစ်ခဲ့ရင် ဘယ့်နှယ်လုပ် မလဲ၊ လောဘ ဒေါသ၊ မောဟ တရာ စွတ်မလျော့ဘဲ တိုးနေရင် မခက်ပါလား။

အဲဒီလို ကိစ္စတွေဟာ ဦးပဉ္စင်းတို့ မြန်မာ လောကမှာလဲဘဲ အများကြီးစဉ်းစားရမဲ့ကိစ္စတွေဖြစ်တယ် ဟုတ်တယ်မဟုတ်လား။

မှန်ပါ။

အဲဒီတော့ အခုသုံးနေကြတဲ့ စာအုပ်တွေ ကြည့်လေး ဟိုက ထွက်၊ သည်ကထွက်နဲ့ တကာကြီး ဦးဘမောင်လဲ ရေးစွမ်းရှိလို့ ရေးထုတ်လိုက်ရင် စာအုပ်ကြီး ဖြစ်မလာဘူးလားလို့။

ဖြစ်ပါတယ်ဘုရား။

အဲ ဖြစ်လာရင် ဒီစာအုပ်ကြီးထဲပါတာနဲ့ မှန်ရမလား၊ အကုန် မမှန်နိုင်ဘူးပေါ့။ ဖတ်တဲ့လူက ဘယ်လိုဖတ်ရမလဲဆိုတော့ ဦးဘမောင်ဘဲ ရေးရေး၊ ဘသူဘဲ ရေးရေး၊ ရေး ချင် တဲ့ လူ ရေး ရေးတဲ့လူကို သွား ပြီး တော့ ဥပါဒါန် ကပ်နေဘို့ လိုသေးသလားလို့။

မလိုပါဘူးဘုရား။

အဲ ဥပါဒါန်သွားပြီး ကပ်မနေနဲ့၊ ရေးတဲ့ပုဂ္ဂိုလ်၊ ပြောတဲ့ ပုဂ္ဂိုလ်၊ ဟောတဲ့ပုဂ္ဂိုလ်ဆိုတာကို ဥပါဒါန်စွဲမနေနဲ့၊ ဘာကိုသာ စွဲရမလဲဆိုတော့၊ ခုနတုန်းက ပြောတဲ့ကျမ်းစာအုပ်ထဲမှာ ပါလာ ရင် အဲဒီကျမ်းစာအုပ်ထဲမှာပါတဲ့ အဆုံးအမကို လိုက်နာ ကျင့် သုံးခြင်းအားဖြင့် ဒီလိုက်နာကျင့်သုံးတဲ့ ယောကျာ်း၊ မိန်းမတွေ ခန္ဓာ အစဉ်၌ အစွဲ ကင်းကင်းနဲ့ ကုသိုလ်တရား တိုးပွား မှန်



လောဘ၊ ဒေါသ၊ မောဟဆိုတဲ့ ကိလေသာ အကုသိုလ်တရား ဆုတ်ယုတ်ပျက်ပြားမှုဆိုတဲ့ ၂-ခုကို အခြေတည် ကြည့်လိုက်ရင် ဒီစာအုပ်ကြီး ကိုင်နေစရာလိုသေးသလား ဦးဘမောင်။

မလိုတော့ပါ ဘုရား။

ဘာပြုလို့ ဟိုဆိုင်ဘာဘကာ ယခုခေတ်ယခုအခါမှာ ရှေးခေတ် ရှေးသမယတုန်းကလို အင်မတန်ထူပိန်းတဲ့၊ အတဲ့၊ နုံတဲ့ကာလလဲ မဟုတ်ဘူး။

ဘယ်စာကို ကောက်ဖတ်ဖတ် ဖြစ်နိုင်တယ်၊ တရားဆိုတာလဲ ဘယ်စာနဲ့ ဖြစ်ဖြစ် ရေးထားတာကို တွေ့နိုင်တယ်။ အင်္ဂလိပ်လို ရေးထားတာဆိုတာ ပိဋကတ်တော် အတုန်ရှိကြပြီ။

အဲဒီတော့ တရားဆိုတာ စာအုပ် သေးသေး လေးတွေလဲ ရှိတယ်၊ စာအုပ် ကြီးကြီးတွေလဲရှိတယ်၊ အကုန်လုံး ဝယ်ဘတ် နိုင်တယ်။

ဖတ်တဲ့အခါကျတော့ ဘာကြည့်ရမလဲဆိုရင် အခု ဦးပဉ္စင်း ဟောနေတဲ့ မာ ပိဋကသမ္ပဒါ နေနဲ့-ဆိုတဲ့ ဟာကလေးကိုစိတ် ထဲကမှတ်ကျောက်ကလေးထားကြ၊ ဘယ်စာအုပ်ဘဲဖြစ်ဖြစ်ကြည့် အဲဒီကြည့်ပြီးတော့ စာအုပ်ထဲ ပါတာကို ကိုယ့်မှတ်ကျောက်နဲ့ တိုက်ကြည့်၊ မှတ်ကျောက်နဲ့မှ မတိုက်ရင်တော့ဖြင့် မယုံနိုင်ဘူး ပေါ့၊ မဟုတ်ဘူးလား ဦးဘမောင်။

မှန်ပါဘုရား။

မှတ်ကျောက်နဲ့ တိုက်ရင်တော့ဖြင့် ဘယ်သူရေးတာဘဲ ဖြစ် ဖြစ် ရွှေဆိုရင်ဘယ်ဆိုင်ကဝယ်ဝယ်ဒီရွှေဟာ အကောင်းဘဲမဟုတ် ဘူးလား။

တင်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဘုရားက ကာလာမတို့-မင်းတို့သည် စာအုပ်ကြီးတွေထဲမှာ ပါတဲ့အတွက်ကြောင့်မှန်တယ်လို့ မင်းတို့လဲမှတ်မနေကြနဲ့လို့ အဲဒီလိုဟောခဲ့တယ်။

မှန်ပါဘုရား။

မသိဋ္ဌကသမ္မဒါနေနဲ့၊ ဒီအချက်က အင်မတန် အရေးကြီးလို့ ဦးပဥ္ဇင်းတို့ ဟောနေရတာဖြစ်တယ်၊ မြန်မာလောကကြီးနှင့်တကွ ကမ္ဘာ လောကကြီး တခုလုံးမှာ ရှိကြတဲ့ ခုနက တုန်းက အစီအစဉ်နဲ့ ပြောခဲ့တဲ့ ခရစ်ယာ၊ ပသီ၊ ဟိန္ဒူ၊ ဗုဒ္ဓဘာသာဆိုတဲ့ ဘာသာကြီး လေးရပ်ဝင် ပုဂ္ဂိုလ်တို့က အဲဒါအကြီးဆုံး ဘာသာတွေ ပြောတာနော်-ဦးဘမောင်၊ ဒီပြင် ဂျူးဘာသာ ဆိုတာ ရှိသေးတယ် ခတ်နဲ့နဲ့ရယ်။

ပြီးတော့ ကွန်မြူးဘာသာဆိုတာ ရှိသေးတယ်၊ခတ်နဲနဲဘဲ၊ သူတို့က လူဦးရေမများလှဘူး။

အဲဒီတော့ ဒီအထဲမှာဘဲ စာချင်းမတူလို့ ကွဲနေကြတာတွေရှိတယ်၊ဦးပဥ္ဇင်းတို့ ဗုဒ္ဓဘာသာမှာ ကြည့်လိုက်တဲ့ အခါကျတော့ တကမ္ဘာလုံး ဟှဉ်ကြည့်လိုက်မည်ဆိုရင် ဗုဒ္ဓဘာသာက ဘယ်နှယ် ဖြစ်နေသလဲ ၂-ပိုင်းကွဲနေတယ်။

မှန်ပါဘုရား။

တောင်ပိုင်း ဗုဒ္ဓဘာသာတဲ့၊ မြောက်ပိုင်း ဗုဒ္ဓဘာသာတဲ့၊ တောင်ပိုင်း ဗုဒ္ဓဘာသာကို ကမ္ဘာက ဘယ်နှယ် ခေါ်သလဲ ဆိုတော့၊ ဟိနယာနဗုဒ္ဓဘာသာတဲ့၊ နောက်ထေရဝါဒတဲ့ ခေါ်တယ်။ မြောက်ပိုင်းဗုဒ္ဓဘာသာကို ဘယ်နှယ်ခေါ်သလဲ ဆိုတော့ မဟာယာန ဗုဒ္ဓဘာသာတဲ့ ဟုတ်လား ဦးဘမောင်၊ ၂-မျိုးကွဲနေတာ မတွေ့ဘူးလား။



တွေ့ပါတယ် ဘုရား။

အဲဒီတော့-ဦးပဥ္ဇင်းတို့ မြန်မာနိုင်ငံမယ်လဲ ကြည့်အုန်း၊ ရွှေကျင်ဗုဒ္ဓဘာသာတဲ့၊ဒွါရဗုဒ္ဓဘာသာတဲ့၊ သုဓမ္မာ ဗုဒ္ဓဘာသာတဲ့၊ ကံဗုဒ္ဓဘာသာတဲ့၊ ဒီလိုဖြစ်မနေဘူးလား။

ဖြစ်နေပါတယ်ဘုရား။

ဗုဒ္ဓဘာသာကလေး တခုထဲကကို အမျိုးမျိုးကွဲလို့ အဲဒါနဲ့ကလေးကွဲနေတာ၊ ဟိုဦးပဥ္ဇင်းတို့ မဈိမဒေသတို့ သီဟိုဠ်ကျွန်းတို့မှာတုန်းက ဘယ်လောက် ကွဲသလဲဆိုရင် ဗုဒ္ဓဘာသာဂိုဏ်းပေါင်း ၁၈-ဂိုဏ်း ကွဲခဲ့တယ်။ ဦးပဥ္ဇင်းတို့ မြန်မာပြည်မှာ သုဓမ္မာရယ်၊ ရွှေကျင်ရယ်၊ ဒွါရရယ်လို့ ၃-၄ဂိုဏ်းဘဲ ရှိတယ်။ ဟုတ်လား။

အာ-မြောက်ဖက်တရုပ်ပြည်တို့၊ ဟိုအရှေ့ဖျားက ဂျပန်ပြည်တို့၊ မွန်ဂိုလီယားတို့၊ မန်ချူးရီးယားတို့၊ တိဗက်တို့ ဘာတို့ရောက်သွားတဲ့ အခါကျတော့-အဲဒီ မဟာယာန ဂိုဏ်းကလဲ ဂိုဏ်းပေါင်း ၁၀ ဂိုဏ်း၊ ၁၉-ဂိုဏ်း ကွဲလို့ အဲဒါ တွေ ဟာ ဘာလဲဆိုတော့ စာအုပ်မှီပြီးတော့ ကွဲနေကြတာ၊ ဦးပဥ္ဇင်းတို့ဆီက စာအုပ်နဲ့ သူတို့ဆီကစာအုပ်မတူဘူး၊ အဲဒါလိုမတူတာနဲ့ အကုန်လုံး ရှောက်ကွဲကုန်တာဘဲ ဦးဘမောင်။

သူတို့ဟာ မှားတယ်၊ ကျုပ်တို့ဟာက မှန်တယ်နဲ့ ဖြစ်ကုန်တာဘဲ၊ အဲဒီလို ဗုဒ္ဓဘာသာအချင်းချင်းမှာ ကွဲနေကြပေမဲ့ အကုန်လုံး တူညီကြတာတော့ ရှိတယ်၊ ဘာလဲ။

သစ္စာလေးပါးဖြစ်တယ်၊ ဟုတ်ကဲလား ဦးဘမောင်။

မှန်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မဟာယာနမှာလဲ သစ္စာ လေးပါးရှိတယ်၊ ဟိနယာနမှာလဲ သစ္စာလေးပါးဘဲ၊ထိုကိုတ်မှာလဲ ဒီသစ္စာလေးပါးဘဲမဟုတ်လား

တင်ပါဘုရား။

ရွှေကျင်မှာတော့ ဒီသစ္စာ လေးပါး ပါဘဲ၊ အဲဒီ ရွှေကျင်သုမ္မာ၊ ကံ၊ ဒွါရ စသည်ဖြင့် မြန်မာပြည်မှာ ကွဲနေကြသလို ကမ္ဘာမှာလဲ ဗုဒ္ဓဘာသာဂိုဏ်းတွေ ကွဲနေကြတာ အများကြီးပေါ့လေ။ ဗုဒ္ဓဘာသာ အားလုံးမှာ တူညီတဲ့ဟာ ဘယ်မှာ သွားတွေ့လဲဆိုတော့ အဲဒီသစ္စာလေးပါးမှာဘဲ အားလုံးတူနေကြတယ်၊ သစ္စာလေးပါး အပြင်ဘက်ရောက်သွားရင် သူတို့နိုင်ငံက ပညာရှိတွေ၊ နိုင်ငံအသီးသီးက ထိပ်သီး ပညာရှိကြီးတွေ ရေးပစ်ခဲ့တဲ့ ကျမ်းစာအုပ်ကြီးတွေကို ထိုးထိုးပြကြလေတော့ တယောက်နဲ့ တယောက် ငြင်းကြ ခုံကြဖြစ်ပြီးတော့ အကုန်လုံး ရှောက်ရှုပ်ကုန်တာဘဲ။

ဒါကြောင့် ဘုရားက ဦးဘမောင်တို့ကို အပြင်းအထန် သတိပေးခဲ့တာက-

မာ ပိဋကသမ္ပဒါနေန၊ ကိုယ့်စာအုပ်ကြီးတွေထဲမှာ ပါလို့ မှန်တယ်လို့ မင်းတို့ကထယ်ချစ်မနေကြနဲ့ယော-တဲ့ ဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒါ အစွဲလေးများ နဲ့နဲပါးပါးလျော့ပါစေတော့လို့ ဘုန်းကြီးက အပြင်းအထန်ပြောနေရတာ၊သို့ ဒီအစွဲက ဘယ်လောက်ကြီးသလဲဆိုတော့ ဦးပဉ္ဇင်းလဲသိပါတယ်၊ ကိုယ်လဲမြန်မာလူမျိုးဘဲဟာ၊ ကိုယ့်အစွဲတွေကလဲ ရှိသားကိုး။

ဒီလောက်ခပြောပေမယ့်လို့ လျှပ်တောင် မလှုပ်ဘူး ဟုတ်လား ဦးဘမောင်။

တင်ပါဘုရား။

မလှုပ်ဘူး ပြုပ်သွားဘို့ နေနေသာသာ လှုပ်တောင် မလှုပ်သေးဘူး ဟုတ်ကဲ့လား၊ ဦးဘမောင်။

တင်ပါဘုရား။

အဲဒါကြောင့် တကာကြီးတွေ သေသေချာချာစဉ်းစားကြ၊ လေးလေးနက်နက် ဆင်ခြင်ကြ၊ မှုအမှန် ဆိုတာ စာအုပ် လိုက်ပြီးတော့ မှန်တာ၊ မှားတာ မဟုတ်ပါဘူး၊ သစ္စာ လေးပါးဆိုတဲ့ အမှန်တရားဟာ ကုလားစာအုပ်ထဲမှာဘဲပါပါ၊ ဆက်သိပ်တွေရဲ့ စာအုပ်ထဲမှာဘဲပါပါ၊ မြန်မာတွေရဲ့ ပေထုပ်တွေမှာဘဲပါပါ သစ္စာလေးပါး ခွဲခြားလို့ ရပါမလား၊ မရပါဘူး။

အဲဒီသစ္စာလေးပါးမှာ အားလုံးသော ဗုဒ္ဓဘာသာတွေ ထယ်ထဲ သဘောတူညီကြသလို ဒီပြင်နေရာတွေကျတော့ တူညီကြရဲ့လားလို့-။

မတူပါဘုရား။

အဲဒါလေးဟာ တကာကြီးတွေ၊ တကာမကြီးတွေ လက်ငင်းကိုယ်သေပြရမယ် မတူဘူး၊ သစ္စာလေးပါးသာ တူတာ၊ ဒီပြင်ဟာတွေကျတော့ မတူကြတော့ဘူး။

အဲဒါကြောင့် ဗုဒ္ဓ ဘာသာ ဖြစ်သော်လည်း ဦးပဉ္ဇင်းတို့မြောက်ပိုင်း ဗုဒ္ဓဘာသာတွေများမှာ ကမ္ဘာလှည့်တုန်းက တွေ့ခဲ့ကြတဲ့ သူတို့ဘုရားကျောင်းတွေထဲသို့ ကြွပြီး ကြည့်စမ်းပါဦးဆိုလို့ သွားကြည့်လိုက်တယ်၊ အမယ်လေး လက်တော် ရှည်ကြီး ဘုရားတွေလဲရှိတယ်၊ အထက်ကမျက်နှာ ချက်တော်တွက်

www.burmeseclassic.com



သွားတယ်။ အဲဒါကောင်းကင်ကို ညွှန်ပြတဲ့လက်ဆဲ့၊အဲဒီလောက် ကြီးကြီးကျယ်ကျယ် ဘုရားကြီးတွေကို နဲ့တာမဟုတ်ဘူး၊ တွေ့ခဲ့ရတယ်။

ထို့ပြင် အဝလောကီရှေ့ရတို့ ဘာတို့ကျတော့ ဘုရားတောင်မှ အဖြစ်အမျိုးမျိုး ပြောင်းလဲနေတာကို တွေ့ရတယ်။

ဘယ်ကနေ ဘယ်အထိပြောင်းသလဲလို့ဆိုတော့ ဦးပဥ္စင်းတို့ စတုတ္ထသံဂါယနာ ခေတ်လောက်ကနေပြီးတော့ အဝလောကီ တော့ရရဆိုတာ အစက ကွယ်ရင်ဆိုဘဲ့ နတ်သမီး၊ အခု တရုပ်ပြည် ရောက်တော့ နတ်သားဖြစ်နေတယ်။

အဲဒီလို စာအုပ် အမျိုးမျိုး၊ ပေထုပ်တွေ အမျိုးမျိုး၊ ကျမ်းပြု ဆရာ့ အသီးသီးတို့က သူတို့ဉာဏ်နှင့် သူတို့စိတ်ကူးနှင့် ဖန်တီးပြီးတော့ လူတွေ သဒ္ဓါတရားဖြစ်အောင်၊ ယုံကြည်မှု တိုးတက်လာအောင်ဆိုပြီး ရေးသားခဲ့ကြတဲ့ ကျမ်းစာအုပ်ထဲမှာ ပါတဲ့ အချက် အလက်တွေ သစ္စလေးပါးနှင့် ကိုက်ကြည့်လို့ မရရင် မှန်တယ်လို့ မမှတ်ကြနဲ့တဲ့။

မှန်ပါ။

သစ္စာလေးပါးတော့ မလွတ်နဲ့နော်- ဦးဘမောင်။

တင်ပါ။

အဲ သစ္စာလေးပါးလွတ်လိုက်ရင် ဦးဘမောင် ဘယ်နှယ်ဖြစ်သွားမလဲဆိုတော့ ပဲ့တက်မပါသော မော်တော်ဘုတ်လို ဖြစ်သွားမယ်၊ စက်ကရုတ်တော့ခုတ်ပါရဲ့ လိုရာနေရာကိုရောက်ပါမလား။

မရောက်ပါဘုရား။



အဲ မရောက်သူးပေါ့၊ အဲဒါကြောင့် တကာကြီးတွေ၊တကာမကြီးတွေ တရားနာနေ ပေမယ်လို့ ကိုယ်ဆောက်ချင် တာလေး ရောက်အောင် သာလေး လိုနေသလဲ ဆိုတော့ သစ္စာ လေးပါးဆိုတဲ့ ပဲ့တက်လေး လိုနေတာမဟုတ်လား။

တင်ပါဘုရား။

အဲဒီ ပဲ့တက်ကလေးမပါရင် ဒီသံသရာထဲမှာ ချာလည် ချာလည်နှင့် နေကြမှာဘဲ။

အဲဒါကြောင့် မာပိဋကသ သမ္မဒါနေနဲ့ဆိုတဲ့ အတိုင်း သစ္စာလေးပါး နဲ့သာ တိုက်တိုက်ကြည့်၊ ဘာအဲဖြစ်ဖြစ် ခရစ်ယာန်က လာပြီးတော့ တရားဟောရင် နာလိုက်အုန်း၊ ပြီးတော့ ကိုယ်ကြားရတဲ့ ခရစ်ယာန်တရား သစ္စာလေးပါးဘောင်ထဲကိုသွင်းကြည့်၊ ထိုးကြည့် ဝင်ဘူးလား၊ မဝင်ရင် အသာဖယ်ထားလိုက် ဟုတ်ကဲ့လား၊ ဗုဒ္ဓတာသာ ဘုန်းကြီးတပါးပါး လာပြီးဟောလဲ အဲဒီအတိုင်းဘဲ တရားကိုနာလိုက်၊ နာယူပြီးတော့ အဲဒီကိုယ်ကြော်ဟောတဲ့ တရားကို သစ္စာလေးပါးထဲ ထည့်ကြည့်လိုက် မဝင်ဘူးလား၊ မဝင်ရင် အသာထား၊ ဝင်ရင်တော့ မှတ်သားပြီး ကျင့်ပါတော့။

အဲဒီကျင့်ရ၊ ကြံရမှာကျတော့ သစ္စာလေးပါးနဲ့ ကိုက်ညီရင် တကာ ဦးဘမောင်တို့ ဘာမှနောက်တွန့်ပြီး မနေကြနဲ့၊ ရှုပြီး မနေကြနဲ့၊ ဆုပ်ပြီးတော့သာ ယူကြပေတော့။

အဲဒီလို သစ္စာလေးပါးနဲ့ တိုက်ရှုမှန်ကန်တဲ့ လမ်းစဉ်ကိုတွေ့ရင် သွက်သွက်ကြီးသာလိုက်၊ သွက်သွက်ကြီးသာ အားထုတ်၊ သွက်သွက်ကြီးသာ အလုပ်လုပ်လိုက်ရင်ယခုတဝအပေါ် အပ ၂-ဦး

www.burmeseclassic.com

ထိုကာစပြီးတော့ တပ်ဆင်ပေးလိုက်တဲ့ ဥပါဒါန်တွေ အကုန်လုံး မပြုတ်နိုင်ဘူးလား။

ပြုတ်ပါတယ်ဘုရား။

ဥပါဒါန် ပြုတ်သည်နှင့်တပြိုင်နက် ဇုပ်တုတ်က နေပြီးတော့ နိဗ္ဗာန်ရမယ်၊ မဟုတ်လား။

မှန်ပါဘုရား။

အဲဒါကြောင့် ဗုဒ္ဓဘာသာ လူထုရဲ့ ရည်မှန်းချက်ကဘာလဲ။ နိဗ္ဗာန်ရဖို့ဘဲမဟုတ်လား၊ ဟုတ်ကဲ့လားဦးအေးမောင် မှန်ရဲ့လား။

မှန်ပါတယ်ဘုရား။

မှန်ရင် နိဗ္ဗာန်ရဘို့လုပ်ငန်းကဘာလဲ ဥပါဒါန်ပြုတ်ဘို့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ဥပါဒါန်ပြုတ်ရင်နိဗ္ဗာန်ရ မရတွေးကြည့်၊ ရမလား ဦးအေးမောင်။

ရပါတယ်ဘုရား။

အဲရရင် ဥပါဒါန် ပွားများအောင်၊ ဥပါဒါန်တွေ တိုးလာအောင်၊ စိစိကိစ္စတွေ များများလာအောင် ရေးထားတဲ့ ကျမ်းစာတွေထဲကဟာတွေ၊ ဒဏ္ဍာရီတွေလိုမျိုးလိုက်မှားမိရင်ဥပါဒါန် ပြုတ်ပါ့မလား။

မပြုတ်ပါဘုရား။

အဲဒါကြောင့် ဘုရားက—

မာ ပိဋကသာမှ ဒေနေ- မိမိတို့သင်ကြား လေ့ကျက် နာယူ မှတ်သားနေကြတဲ့ ကျမ်းစာတို့ရဲ့ အဆိုစကား ဖြစ်ကာမျှဖြင့်လည်း၊ မာဂရု ဒိတ္ထ- မှန်လှပြီဟူ၍ သင်ကာလာမတို့ မမှတ်ယူကြကုန်လင့်တဲ့။

အဲဒါကြောင့် ဘုရားက အထပ်ထပ် ကာလာမ မင်းသားများကို ဟောကြားခဲ့တာ ဟုတ်ကဲ့လား ဦးအေးမောင်။

မှန်ပါဘုရား။

ပြီးတော့ နောက်တခုကူးကြစို့ နောက်တခုက ဘာလဲ။

## တွေးတောဆင်ခြင်မှု

မာ တက္ကဟေတုတဲ့၊ တက္ကဆိုတာ ဘာလဲ။

တက္ကဆိုတာ စဉ်းစားမှု၊ ဆင်ခြင်မှု၊ အဲဒီစဉ်းစား ဆင်ခြင်မှု တက္ကကိုအင်္ဂလိပ်လိုတော့ (လော့ဂျစ်)လို့ ခေါ်တယ်ဟုတ်လား။

တင်ပါဘုရား။

အဲဒီတက္ကဆိုတဲ့ဟာက အင်မတန်ကြီးကျယ်တဲ့ ဘာသာကြီး တရပ်ဘဲ၊ အင်္ဂလိပ် စာပေမှာရော၊ ဦးပုဏ္ဏ်းတို့ ပါဠိ စာပေနယ်မှာရော၊ နေတ္တိတို့၊ ပေဋကော ပဒေသတို့ဆိုတာ အဲဒီတက္ကနယကို ဖွင့်ဆိုထားတဲ့ ကျမ်းစာတွေပေါ့၊ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီတော့ တက္ကနယဆိုတာက စိတ်ကူးဘဲ၊ အကြောင်းတခုကို မိမိတို့ရဲ့ စိတ်ကူးနဲ့ တဲ့ပြီးတော့စိတ်ကူးထဲ့အခါ ဆုံးဖြတ်ချက် ချဘို့ကျကျနနစဉ်းစားတယ်၊ အဲသလိုစိတ်ကူးစဉ်းစားပြီးတော့မှ ဆုံးဖြတ်ချက်ချတာဘဲ၊ အဲဒီဆုံးဖြတ်ချက်ဟာ မှန်ရောတဲ့လား။

တင်ပါဘုရား။

ဒီလော့ဂျစ်ခေါ်တဲ့ တက္ကနယကျမ်းက ဒီအတိုင်းဘဲ၊ အယူဝါဒကိုဘဲဖြစ်စေ၊ စကားဝါကျ တမျိုးကိုဘဲဖြစ်စေ၊ ကျမ်းစာ

www.burmeseclassic.com



တအုပ်ကိုပင် ဖြစ်စေ၊ မှန်၊ မမှန် စစ်သေးတဲ့ ကျမ်း ဖြစ် တယ်၊ ဦးဘမောင်။

တင်ပါဘုရား။

ဒီကျမ်းစာမျိုးတွေရဲ့ အကြောင်းကို ဦးဘမောင်တို့ ကြားတော့ ကြားဘူးတယ်မဟုတ်လား။

မှန်လှပါ ကြားဘူးကြောင်းပါဘုရား။

အဲဒီတော့ဦးဘမောင်ကလာပြီး တရားဟောတယ်၊ ဦးပဥ္စင်းကလဲဟောတယ်၊ ဘယ်သူကလာဟောဟော ဟောလိုက်တဲ့တရားတခု ကြားလိုက်သည်နှင့် တပြိုင်နက် ယိုတက္ကနယကို လက်ကိုင်ထားတယ်ဆိုတဲ့လူက ဘာလုပ်သလဲဆိုတော့ အဲဒီတက္ကဆိုတဲ့ပညာကို အသုံးပြုပြီး ဘ ကာ လ သူ့ စိတ် ကူး ထဲ သူထည့် ဝေ ဖန်ကြည့်တယ်။

အဲဒီတော့ တက္ကနယ ပညာဆိုတာက အဆိုရယ်၊ ဆင်ခြေရယ်၊ ဆုံးဖြတ်ချက်ရယ် အဲဒါလို ၃-မျိုးရှိတယ် ဟုတ်လား။

မှန်ပါဘုရား။

အဆိုရယ်၊ ဆင်ခြေရယ်၊ ဆုံးဖြတ်ချက်ရယ် ၃-မျိုး ကိုက်ညီလို့ရှိရင် အဲဒီတရားဟာ (သို့မဟုတ်) အဲဒီစကားပါ စါကျဟာ မှန်တယ်လို့ယူဆတယ်၊ အဲဒီတော့ တက္ကနယ လုပ်ပုံကလေးဟာ တော်တော်ဆန်းကြယ်တယ်၊ဒွိတကားကြီးတွေထဲက မလေ့လာဘူးတဲ့ လူကျတော့ တော်တော်ဆန်းတဲ့ ပညာပဲ၊ နောက်ဆုံးပိတ် အမှန်ရအောင် လုပ်လာတယ်၊ ရှုံးကအမှုစစ်တဲ့ တရားသူကြီးတွေလေ။

စကားကလေးတလုံး ကြားလိုက်တယ်ဆိုရင် ဥပမာအားဖြင့် အလွယ်ဆုံးလုပ်ပုံ၊ လုပ် နည်း တခုကို ဦးပဥ္စင်းက နည်း နည်း



ဥပမာ-ပြောပြမယ်၊ အဲဒီတော့ဒီသူက ပထမရှေးဦးစွာ လူသည် သေမျိုးဖြစ်သည်ဆိုတဲ့ စကားကိုကိုင်တယ်၊ လူသည်သေမျိုးဖြစ်၏ ဆိုတော့ကော ဦးဘမောင်ကျေနပ်တယ် မဟုတ်လား။

မှန်ပါ ကျေနပ်ပါတယ်ဘုရား။

ကျေနပ်တယ် ဒါမှန်ပမလား၊ မှန်တော့ မမှန်သေးဘူး ချက်ခြင်း သေနေဘာက မတွေ့သေးဘူး ဟုတ်လား။

လူသည် သေမျိုး ဖြစ်သည် ဆိုတာကတော့ ကိုယ့်ဟာကို ကြားဘူးနားဝနဲ့ မှန်ချင်မှန်နေမယ်ဆိုတဲ့သဘောဘဲ၊ အဲဒီတော့ ဦးဘမောင် သေမျိုးဖြစ်တယ်ဆိုတာကျတော့ ကြိုက်မလား။

မကြိုက်ပါဘုရား။

မကြိုက်ဖူးဟုတ်လား၊ အဲဒီတော့ လောဂျစ်ဆိုတဲ့ ပညာက လူသည် သေမျိုးဖြစ်ပြီးသော့ နောက်ထဆင့်ဘယ်နှယ် ထက်လာသလဲဆိုတော့ ဦးဘမောင်သည် လူဖြစ်၏၊ သည်ကျတော့ ဦးဘမောင်က ငြင်းအုံးမလား။

မငြင်းနိုင်ပါဘုရား။

မငြင်းဘူး၊ ဦးဘမောင်သည် လူဖြစ်၏ဆိုတာကို အထုန်လုံးကလဲ ကြိုက်ညီတယ် မဟုတ်လား။

တင်ပါဘုရား။

ပထမ အဆိုပေးခဲ့တာက ဘယ့်နှယ်ပေးခဲ့သလဲ၊ လူသည် သေမျိုးဖြစ်၏၊ ဦးဘမောင်သည် လူဖြစ်၏ ဟုတ်လား၊ အဲဒါကြောင့် ဦးဘမောင်သည် သေမျိုးဖြစ်၏၊ အဲဒါက ဆုံးဖြတ်ချက်ချတာဘဲ၊ ဒီကျတော့ ဦးဘမောင် ငြင်းလို့ရပါမလား။

မရတော့ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



လောဘဂျစ်ဆိုတာ အဲဒီအယူအသွားမျိုးတွေဘဲ၊ တရားလဲ ဒီလိုဘဲ အဲဒီတော့ ဒီဦးပဥ္စင်းတို့ရဲ့ သစ္စာလေးပါးကိုလဲ ဒီလိုတဲ့ကြည့်မယ် ဟုတ်လား။ သစ္စာလေးပါး ကြည့်တဲ့ အခါကျတော့ ပထမဆုံး ကိုင်ရမယ်။

ဒုက္ခကို ခုနလို တက်ကြည့် လိုက်လို့ရှိရင် အားလုံး ရှိရှိသမျှ သင်္ခါရတို့သည် ဒုက္ခဖြစ်၏။ လက်ခံတယ် မဟုတ်လား။ ခုနတုန်းက လူသည် သေမျိုးဖြစ်၏ ဆိုတုန်းက ဦးဘမောင် လက်ခံတယ် မဟုတ်လား။

တင်ပါဘုရား။

လက်ခံတယ် ဟုတ်လား၊ အဲဒီတော့ နောက်တဆင့်က သင်္ခါရ တက်လာသလဲဆိုတော့ ဦးဘမောင်သည် သင်္ခါရဖြစ်၏၊ အဲဒါကြောင့် ဦးဘမောင်သည် ဒုက္ခတွေဖြစ်၏။ ဒီကျတော့ ငြင်းနိုင်သေးသလား။

မငြင်းနိုင်ပါဘုရား။

အဲဒီလို သင်္ခါရ မှ အနေနဲ့ လိုက်ပြီး ကြည့်လိုက်တဲ့အခါ ရှိသမျှ ရုပ်နာမ် မှသင်္ခါရတို့သည် ဒုက္ခဖြစ်၏၊ ဦးဘမောင်သည် သင်္ခါရ စာရင်းဝင် ဖြစ်၏၊ ဒါကြောင့် ဦးဘမောင်သည် ဒုက္ခ ဖြစ်၏။ ကိုယ်မကြိုက်တဲ့ ဒုက္ခဟာ ကိုယ့်ဟာကိုယ်တပ်ဆင်ကြည့် လိုက်တဲ့အခါကျတော့ ပြေးရှုလွတ်သေးရဲ့လား။

မလွတ်တော့ပါဘုရား။

အဲဒီလို လောဘဂျစ်ဆိုတဲ့ ဆင်ခြင်တုံတရားများနှင့် မကိုက်ညီ ရှိမှုနှင့်လဲ မင်းတို့က မမှန်ဘူး မမှတ်နဲ့ ဟုတ်လား။

မှန်ပါဘုရား။



အဲဒီလို ကိုက်ညီလို့ မှန်တယ်လို့ ဆိုပြီး လူတွေ အများက ပြောနေကြတယ်။

ဒီတော့ ဂေါတမဘုရားက ဘယ့်နှယ် ဖောက်ဝင်ထိုး သလဲ ဆိုတော့ အဲဒီလို မင်းတို့၊ လောဘဂျစ်တို့၊ တက္ကနယနတို့၊ ပေဒ္ဒကော ပဒေသတို့ ဆိုတဲ့နည်းတွေနဲ့ လုပ်ကြည့်လို့ မှန်ရုံမျှနှင့် တရား တခုမှန်ပြီဟု မင်းတို့မှတ်ယူကြနှင့်တဲ့။

သည်တော့ ဂေါတမဘုရားက တမျိုးထွင်လိုက်တယ်။

တင်ပါဘုရား။

အဲဒီတော့ ခုနတုန်းက လောကမှာ သုံးကြတဲ့ တက္ကနယနှ ကြံစည်နည်းတွေနဲ့ ပထဝီသည် မာ၏ ဆိုတာ ဘယ့်နှယ်လုပ် ယက်ဘေးပြမလဲ၊ အဲဒီလို တက္ကနယနနဲ့ လုပ်မရတော့ ပထဝီ သည် မာ၏ ဆိုတာ မှားတယ်လို့ ဆိုမလား။

မှဆိုနိုင်ပါဘူးဘုရား။

အဲဒါကြောင့် မာတက္ကဟေတု–ဆိုတဲ့ အတိုင်း မိမိတို့ရဲ့ ကြံ စည်တွေးတောမှု၊ အမှန်ကတော့ ဝိတက်၊ ဝိစာရပါဘဲ ဦးဘ မောင်။

မှန်ပါဘုရား။

အဲဒီ ဝိတက် ဝိစာရကြောင့်၊ ကြံစည် တွေးတော မှုကြောင့် ရရှိအပ်သော အသိဉာဏ် (သို့မဟုတ်) ရရှိအပ်သော တရားဟာ မှန်တယ်လို့ မင်းတို့ ကာလာမများက တထစ်ချ မဆုံးဖြတ်ထား ကြနဲ့ တဲ့၊ မှန်ချင်လဲမှန်မယ်၊ မှားချင်လဲမှားမယ်ပေါ့။

မှန်ပါ။

www.burmeseclassic.com



## ကာလေသာကို စစ်ဆေးကြည့်မှု

နောက်တခုက ဘာလဲ–

မာနယဟောတုံ၊ မာနယဟောတုဆိုတာ လောကကြီးမှာ မှန်တဲ့တရားရှာတဲ့နည်းပေါင်း ဦးပဥ္စင်းတို့ ဗုဒ္ဓဘာသာမှာ ၄၀ ရှိတယ်၊ အဲ ဦးတာမောင်တို့ ယယ်ယယ်ဘုန်းက သင်ဘူး မှာပေါ့၊ သဒ္ဒါး ပုဒ်စစ်၊ သဒ္ဒါစစ်၊ နည်းလေးဆယ်၊ သဝဏ္ဏနာဆိုတာလေ။

အဲဒီနည်းလေးဆယ်ဆိုတာဟာ ပြောလိုက်တဲ့ စကား ဝါကျ တခုမှန်၏၊ မှား၏လို့ အဲဒါကို စစ်ဆေးတဲ့နည်းတွေ ဟုတ်လား။

အဲ ပြောလိုက်တဲ့ စကားတခုကိုမှန်၏၊ မှား၏လို့ စစ်ဆေးတဲ့နည်းတွေ၊ အဲဒီနည်းစုံရှိတဲ့ အနက်က နည်းအမျိုးမျိုးနဲ့၊ နည်းမျိုးစုံ ၄၀-နဲ့ စမ်းသပ်ကြည့်ခြင်းကြောင့် မှန်ပြီ၊ အဲဒီလိုမှန်တဲ့အတွက် ဒီဟာတော့ အစွာ တရားဖြစ်ပြီလို့ မင်းတို့ မယုံနဲ့ ဆုန်းတဲ့။

အဲဒီတော့ အရေးကြီးနေတာက ဂေါတမဘုရားက သာအရေးကြီးနေတာတဲ့ဆိုတော့ အဲဒီမှာ ဦးဘမောင် တို့အဘို့ အမျင်မပြတ်စေနဲ့၊ မျက်ခြေ မပြတ်စေနဲ့၊ ဘာနည်းနှင့်ဘဲ လုပ်လုပ် ဦးဘမောင်ရဲ့ ခန္ဓာကိုယ်မှာ လောဘခေါင်းပါးမှု၊ ဒေါသခေါင်းပါးမှု၊ မောဟခေါင်းပါးမှုဖြစ်၊ မဖြစ်။ ဘာနည်းနှင့်လုပ်လုပ်၊ မိမိရဲ့ ခန္ဓာကိုယ်မှာအလောဘဖြစ်သလား၊ အဒေါသဖြစ်သလား၊ အမောဟဖြစ်သလား အဲဒါ အဓိကဘဲ။

အလောဘ ဖြစ်ရေး တိုးတက်သလား။ အဒေါသ ဖြစ်ရေး တိုးတက်သလား။ အမောဟဖြစ်ရေး တိုးတက်သလား ဆိုတဲ့ တရားလေးတွေ ကြည့်ကြည့်ပြီးတော့ အဲဒီ အကျိုး တရားထဲက



အပြင်ကို စဉ်းစားတဲ့နည်းဟူသမျှ မှားတယ်လို့ မှတ်ရမယ်၊ အဲဒါကို မျက်မှန်းတန်းပြီးတော့–

အတ္တာဒတ္ထံ ပရတ္ထေန၊

ပဟူနာပိ န ဟာပယေ၊

လို့ ဓမ္မပဒမှာ ပါတယ်။

မိမိအကျိုးအတွက် မိမိအကျိုးက တကျပ်သား ရှိလိမ့်မယ်၊ သူတပါးရဲ့ အကျိုးက ၁၀-သား ရှိချင်ရှိလိမ့်မည် ဆိုတဲ့ အတွက် ကိုယ့် အဓလာဘ အကျိုးတကျပ်သား မယုတ်စေနှင့်တဲ့၊ ဘုရားက အဲဒါနိဗ္ဗာန်သွားလိုတဲ့လူ ပြောတာနော်။

နိဗ္ဗာန်သွားလိုတဲ့လူ ဆိုတာက ကိုယ်ကျိုးကို အဓဏ္ဏပဒုဓေသာ သိယာ - ကိုယ်ကျိုးကို လေ့ကျက်ရမယ်၊ ကိုယ်ကျိုးကို ဇောင် ရှောက်ရမယ်၊ ကိုယ်ကျိုးကို တိုးပွားပြီးတာကို မပျောက်ပျက်အောင် ထိန်းသိမ်းရမယ်ဆိုတာ ဒီလောဘ၊ ဒေါသ၊ မောဟ ဘို့မဟုတ်ဘူး၊ အဲဒါတွေလျော့အောင် ပြောတာ။

မှန်ပါဘုရား။

ကိုယ်ကျိုးဆိုတာဘာလဲ။ ကိုယ့်မှာရှိတဲ့လောဘတွေပျောက်၊ ဒေါသတွေပျောက်၊ မောဟတွေပျောက်။

ပြီးတော့ အလောဘ၊ အဒေါသ အမောဟတွေ ရောက်လာအောင် အားထုတ်ရမယ်လို့ ဟောတဲ့တရားဖြစ်တယ်။

အဲဒီတော့ ဘယ်နည်းနဲ့လုပ်လုပ်၊ လုပ်ချင်တဲ့နည်းနဲ့လုပ်၊ လောဘ ပျောက်မပျောက်၊ ဒေါသပျောက်မပျောက်၊ မောဟ ပျောက်မပျောက်၊ အဲဒီလိုကြည့်တဲ့အခါကျတော့ လောဘလဲ မပျောက်၊ ဒေါသလဲမပျောက်၊ မောဟလဲမပျောက်ဆိုရင်ဒီနည်းဟာ မှန်နိုင်ပါ့မလား။

—

www.burmeseclassic.com

www.burmeseclassic.com



မမှန်နိုင်ပါဘုရား။

အဲမမှန်နိုင်ဘူး၊ သစ်တပင်ရင်း၊ ဝါးတပင်ရင်းမှာ ထိုင်ချ ထိုင်၊ ၄၉-ရက်ဘဲ ထိုင်ထိုင်၊ ရက် ၉၀-ဘဲထိုင်ထိုင်၊ အဲဒီ ဦးဘ မောင် ခန္ဓာကိုယ်ထဲက လောဘ တကျပ်သား လျော့မလျော့ ကြည့်၊ ဒေါသ တကျပ်သား လျော့၊ မလျော့ကြည့်၊ မောဟ တကျပ်သား လျော့၊ မလျော့ကြည့်၊ အဲဒီဟာကတော့ ဦးပဥ္စင်း တို့လို တရားဟောတဲ့ ဘုန်းကြီးက ပြောလို့ ဖြစ်ပါ့မလား ဦးဘမောင်။

မဖြစ်ပါဘုရား။

အဲသလို လောဘလျော့မှု၊ တိုးမှု၊ ဒေါသလျော့မှု၊ တိုးမှု၊ မောဟလျော့မှု၊တိုးမှုဆိုတာဟာ ကာယကံရှင်ဖြစ်တဲ့ဦးဘမောင် က ဆုံးဖြတ်ရမဲ့ ကိစ္စဖြစ်တယ် မဟုတ်လား။

မှန်ပါတုရား။

အဲဒီတော့ ဦးဘမောင် ကိုယ်တိုင်က ဆုံးဖြတ်ရင် မှားပါ့ မလား။

မမှားတော့ပါဘူး ဘုရား။

အဲစာအုပ်ထဲက အခုနတုန်းကနည်း ၄၀-နဲ့ ဆုံးဖြတ်ရင်မှန်ပါ့ မလား။

မမှန်ပါဘူးဘုရား။

မမှန်ဘူး၊ ဦးပဥ္စင်းကနေပြီးတော့ ဘေးကဆုံးဖြတ်ပေးလိုက် ရင်ကောမှန်ပါ့မလား။

မမှန်ပါဘုရား။

အဲဒီတော့ ဘုရားပြောတဲ့ အတိုင်း မာနယဟောတု နည်းအ မျိုးမျိုးနဲ့ ကျင့်သုံးတိုက်ဆိုင်ပြီးတော့ ယူကာမျှဖြင့်လည်း။ မဟာ



ကျဲ့ဝိတ္ထ၊ မှန်ပြီဟု မယူကြကုန်လင့်တဲ့။

အဲဒီတော့ လောကမှာ နည်းမျိုးစုံရှိတယ်မို့လား၊ စမ်းတဲ့ နည်းတွေလေ။

မှန်ပါရှိပါတယ်ဘုရား။

အဲဒီ စမ်းတဲ့နည်းတွေနဲ့ စမ်းကြည့်လို့ မှန်သည်လို့ ထိုရုံမျှ နှင့် မယုံနဲ့ အုန်းတဲ့ ဟုတ်လားဦးဘမောင်၊ အဲပြည့်စုံသောက်ပြီ နောက်တခုက တာလဲ။

## အရမ်းလဲမယုံရ အရမ်းလဲမပယ်ရ

မာ ဗိဋ္ဌိနိဿနက္ခန္တိယာ ရောက်လာပြီ၊ မာ ဗိဋ္ဌိနိဿ နက္ခန္တိယာဆိုတာဘာလဲ၊ မိမိလေ့လာကျင့်သုံးပြီးတော့ ထားတဲ့ အတိုင်း မိမိ ယုံကြည်ချက်နှင့် ကိုက်ညီကာ မျှဖြင့် မှန်လှပြီဟု မအောက် မေ့နဲ့တဲ့။

ဒါလေးဟာတကာကြီးဦးဘမောင်မှာမွေးကထဲက အစအဆ သမားနှင့်တကွ ရပ်ရွာဒေသဆိုင်ရာ ယုံကြည်မှု၊ စွဲသမ်းမှုကလေး တွေ ရှိကြတယ် မဟုတ်လား။

ရှိပါတယ်ဘုရား။

အဲဒီကိုယ်ငယ်ငယ်ကထဲက သင်ကြား မှတ်ယူပြီးတော့ လိုက် နာ ကျင့်သုံးခဲ့တဲ့ကိုယ်ကျင့်တုံးကလေးတွေနဲ့ ကိုက်ညီကာမျှဖြင့် လဲ မှန်တယ်လို့ မယူနဲ့ တဲ့ ဘုရားက၊ အမှန်ဆိုတာ ကိုယ်သဘော ကျမှ ယူနိုင်တယ်ဆိုတဲ့ မြန်မာစကားဟာဂေါတမ ဘုရားနဲ့ ဆန့် ကျင် ပြောတဲ့ စကားဘဲမဟုတ်လား။

မှန်ပါဘုရား။

www.burmeseclassic.com



ဂေါတမဘုရားကတော့ ကိုယ့်သဘောနဲ့ ကိုက်သည် ဖြစ်စေ၊ မကိုက်သည်ဖြစ်စေ မှန်တာ ဆိုလျှင် ယူရမယ်၊ လိုက်နာရမယ်၊ ကျင့်သုံးရမယ်၊ အခုလူများက ဘယ့်နှယ် ဖြစ်ထလဲ ဆိုတော့ ကိုယ့်သဘောနဲ့ ကိုက်မှတဲ့ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

တရား နာတာ တောင်မှ ကိုယ်သဘောကျတဲ့ မေ့ကထိက ဘုန်းကြီးဟောမှ သွားပြီးနားထောင်တာ၊ နာတာ၊ အမှန်ပြောရင် နာယူမယ်၊ မှန်သောတရား ကျင့်ကြံမယ်၊ မှန်သောတရား ရအောင်အားထုတ်မယ်၊ မှန်သော သစ္စာလေးပါးကို ကိုယ့်ရင်ထဲ ဖိုက်နိုင်မယ်၊ မှန်သော နိဗ္ဗာန်ဆိုတဲ့နိရောဓကို မျက်မှောက်ပြုနိုင်မယ် အစရှိတဲ့ သဘောကို စိတ်ထဲကမတွက်ကြဘူး။

ကိုယ်သဘောကျတဲ့လူနဲ့၊ ကိုယ်သဘောကျတဲ့ဘုန်းကြီးနဲ့၊ ကိုယ်သဘောကျတဲ့ တရားဟောဆရာနဲ့ ဒီလိုချဲ့ပြီးတော့ တရားနာနေကြတာတွေက များတယ်၊ ဒီတော့ ဘုရားက ဘာပြောခဲ့သလဲ။ မင်းတို့စိတ်ထဲမှာ ရှိပြီးသား၊ မင်းတို့ ယုံကြည်ပြီးသားနဲ့ မကိုက်ထာနဲ့ ဒီဘုန်းကြီးဟောတာမှားတယ်၊ ဒီဆရာပြောတာပြင့်မမှန်ဘူး၊ အဲဒီလိုမယူကြနဲ့တဲ့ ဟုတ်လား ဦးဘမောင်။

မှန်ပါ။

အဲဒီတော့ ကိုယ့်မှာရှိတဲ့ အခံဓါတ်ကလေးနဲ့ ကိုယ်နားက ကြားတဲ့တရားနဲ့ ကိုက်ချင်မှလဲကိုက်မယ်၊ ထိုတရားကလဲ မှန်ချင်မှန်နေလိမ့်မယ်ဆိုတဲ့ သံသယလေး ရှိရမယ်ဟုတ်လား။

တင်ပါ။

အဲဒီ သံသယကလေးဟာက ဘာပေးတတ်သလဲ ဆိုတော့ အလင်းညာဏ်ကိုပေးတတ်တယ်၊ အမှန်သို့ ပို့ဆောင်နိုင်တဲ့ သတ္တိ



ရှိတယ်၊ အဲဒီတော့ မူလကထဲက စပြီးတော့ လူအား လုံးမှာ ယုံကြည်ချက်တွေ ရှိကြတယ်။ အခု ဗုဒ္ဓဘာသာတွေ၊ ခရစ်ယာန်တွေ၊ ပသီတွေ၊ ဟိန္ဒူတွေ အချင်းချင်းသာသနာ ပြုနေကြတာဟာ ဘာလဲ။

သာသနာပြုတယ်ဆိုတာ အင်မတန် ယဉ်ကျေး သိမ်မွေ့တဲ့ စကားကလေး၊ အလုပ်က ဘာလဲဆိုတော့ဦးဘမောင်ကြီး မူလထဲက ယုံကြည်လာတဲ့ ဗုဒ္ဓဘာသာဆိုတဲ့ ယုံကြည်ချက်ကို ဖျက်ပြီးတော့ ဒီတရားဟောဆရာရဲ့အက် လိုက်ဘို့လုပ်တဲ့ အလုပ်ကို ဆိုတာ ဒါဘဲမဟုတ်လား။

တင်ပါ။

ဒီထက်ထူးခြားတာ မဟုတ်ဘူး သာသနာ ပြုတယ် ဆိုတာ ဒါဘဲ။

အဲဒီတော့ သာသနာပြုတဲ့ အခါကျတော့ ဦးဘမောင်ကြီးက ဒီဗုဒ္ဓဘာသာက နေပြီးတော့ ဟိုဖက် ထဘာသာ တခုခုကို ချန်တူးပြီး ယုံကြည်ရမယ်ဆိုတဲ့အခါကျတော့ တကာကြီး ဦးဘမောင်က အလကား မဲ့သက်သက်၊ မစစ်ဆေးဘဲနဲ့ လိုက်နိုင်မလား၊ မစဉ်းစားဘဲနဲ့ လိုက်သွားတဲ့ လူတွေလဲ ရှိထာပေါ့ ဟုတ်လား။

တင်ပါဘုရား။

အဲဒီတော့ စဉ်းစားရမယ်၊ ငါ့-ဗုဒ္ဓဘာသာက ဘယ်လို ဆိုတယ်၊ ကဲကိုယ်တော်တို့ ဘာသာက ဘယ်လိုဆိုသလဲ၊ ပြောပြပါဆုန်း ၂-ခုလုံး ယှဉ်ပြီးတော့များ တိုက်ပြီးတော့၊ မပြည့်ရဘူးလား။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုစိတ်ထဲမှာ ဖြစ်လာရင် တကာကြီး ဦးဘမောင်ရဲ့ ကြည်ချက်နှင့်တကွ လုပ်ဆောင်ချက်ဟာ တခါတည်းအမှန်သ ကို အများကြီးရောက်လာပြီ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီလိုဘာသာပြောင်းပြောင်းသွားကြတဲ့လူတွေအများကြ ရှိတယ်မဟုတ်လား၊ မြန်မာတွေထဲမှာ ၄ စ်ယံတွေ အများကြ ရှိတယ်မဟုတ်လား။

မှန်ပါဘုရား၊

ပသီတွေလဲအများကြီးရှိတယ်၊အဲဒီလိုသူတို့ဘာသာအယူ ပြောင်းသွားပေမယ်လို့ ခင်ဗျားတို့ ဗုဒ္ဓဘာသာနဲ့ ပတ်သက်လို့ ဘာသိသလဲဆိုတော့ ဘာမှမသိဘူး၊ နို့ ဗုဒ္ဓဘာသာကို သေခ ချာချာ နက်နက်နဲနဲ မသိပေမယ်လို့ ခရစ်ယံ ဘာသာ ကိုကော ခင်ဗျားတို့သေသေချာချာ သိသလားဆိုတော့ အဲဒါလဲမသိဘူး။

အဲဒီလိုဖြစ်တာဘာလဲဆိုတော့ အပြောကောင်းလို့ မိတ်ဆွေ သင်္ဂဟနဲ့၊ အပေါင်းအသင်းနဲ့၊ ရာထူးဌာနန္တရ ကိစ္စတွေနဲ့ ပတ်သက်လို့ ပြောင်းသွားတာတွေ အများကြီးဘဲ၊ ကိုယ်ယူ တဲ့ ကိစ္စတွေဟာ၊ သံသရာ အတွက် ကိစ္စတွေဟာ၊ သံသရ အတွက် ထွက်လမ်းအဖြစ်မထားတော့ဘူး။ ပစ္စုပ္ပန်ခဏကေ လေးကြည့်ပြီးတော့ ဘာသာအယူဝါဒ အမျိုးမျိုးသက် ပြောင်း သွားတဲ့ လူတွေ အများကြီး ဦးပဥ္စင်းတို့ တွေ့ဘူးတယ် ဦးဘ မောင်။

တင်ပါဘုရား။

အဲဒီတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘုရားက ပြောခဲ့တာက ကိုယ့်မှာ ရှိပြီးသား ဖြစ်တဲ့ဟာ ကိုလဲ တထစ်ချ မှန်တယ်လို့



မယူနဲ့၊ ကိုယ့်ဟာမှန်တယ်လို့ မယူရရင် သူများဟာကျတော့ ပိုမဆိုးပေဘူးလား။

ဆိုးပါတယ် ဘုရား။

အဲ–ဒိပြင်လဲ ကိုယ်မှာရှိပြီးသားဖြစ်တဲ့ ကိုယ်သိပြီးသားဟာ မှန်လှပြီဆိုတဲ့အစွဲနဲ့ သဲသဲမဲမဲမယုံကြည်နဲ့၊ ဒီလိုဆိုသဖြင့် အခြား သူ၊ အခြားသူတို့ရဲ့ ယုံကြည် ယူဆချက် ကျရင် သာပြီးတော့ ဝေဖန်ရမယ်လို့ ဆိုလိုတယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

မိမိရဲ့ ယုံကြည်ချက်ကို မိမိကိုယ်တိုင် ဝေဖန်ဘူးရဲ့လား ဦးဘမောင်။

မဝေဖန်ဘူးပါဘုရား။

မဝေဖန်ဘူး ကိုယ့်ဟာကိုယ်ကျတော့ ချောနေတာဘဲ ဟုတ် ကဲ့လား။

တင်ပါဘုရား။

တာဘဲဖြစ်ဖြစ် ကိုယ့်ဟာကိုယ်ကျတော့ ရှောရှောရှုရှုချည်း ဘဲ၊ ကိုယ့်ဟာကိုယ်ကျတော့ မဝေဖန်ချင်ကြဘူး၊ အဲဒီလောက် ပြင်းပြင်း ထန်ထန် အစွဲဟာ ဘာစွဲခေါ်သလဲ ဆိုတော့ အတ္တစွဲ ခေါ်တယ်။ သို့သော် အတ္တစွဲတွေဝင်နေလို့ မဖြစ်ဘူး။

ဒီနေ့ည အပြီးပြောရမယ်၊ ဆရာတော်များကလဲ ဒီနေ့ည အဆုံးသတ်ပြောပြီးတော့၊ မနက်ဖြန်ခါကျပြီးတော့ ရပ်သိမ်း မယ်ဆိုတော့ မပြီး - ပြီးအောင်၊ ဆယ်ခုလုံး စုံအောင် ဒီနေ့ည ပြောရမယ်။

အဲဒီတော့ ဒီကိုယ်ယုံကြည်တဲ့ ကိစ္စဟာမှန်တယ်၊ သူများ ယုံ ကြည်တာ မှားတယ်၊ အဲဒီလို တကာကြီးတို့ စိတ်ထဲမှာ မရှိဘူး

www.burmeseclassic.com

www.burmeseclassic.com



လား၊ ရှိသလား။

ရှိပါတယ်ဘုရား။

အဲဒါကြောင့် ကမ္ဘာလောကကြီးမှာ ရှိတဲ့လူတွေဟာ ရှုပ်ဖြစ်နေကြတာ၊ အဲဒီတော့ ကိုယ်ယုံကြည်တာ ကိုယ်ကမှန်တယ်၊ သူများယုံကြည်တာမှားတယ်၊ အဲဒီလိုမဖြစ်စေကြနဲ့တဲ့။

ဘုရားက မင်းတို့ယုံကြည်တာပေမယ်လို့ အစုနကငါပေးတဲ့ မှတ်ကျောက် သစ္စာလေးပါးနဲ့ တိုက်ကြည့်ကြတဲ့။

မှန်ပါဘုရား။

သစ္စာ လေးပါးတော့ မလွတ်နဲ့နော်၊ ဦးတမောင် ဟုတ်ကဲ့လား။

တင်ပါဘုရား။

သစ္စာလေးပါး မပါရင် ပဲ့တက်မပါသော လှေကြီးလိုဖြစ်နေ စိမ့်မယ်၊ ချာလယ် ချာလယ်နှင့်၊ အဒါကြောင့် ဘုရားက ဘယ်နေရာမှာဘဲ ဖြစ်ဖြစ် ဒီသစ္စာလေးပါးက အရေးကြီးတယ်။

မိမိမှာ ရှိပြီးသား တရားတွေ ဘယ်လောက် များသလဲ ဆိုတော့ လွယ်အိတ်ကြီးနှင့် တလုံးပေါ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

လွယ်အိတ်ကြီးနှင့်တလုံး အပြည့်လွယ်ထားတာ၊ ညကျ သူခိုးမခိုးအောင် သိမ်းထားတာ၊ အဲဒီထဲကြည့်တဲ့ အခါကျတော့ ဘာတွေ တွေ့သလဲဆိုတော့ ဦးဘမောင်ရေ့၊ ကျုပ်တို့ ပုထုဇဉ်လူသားတွေ လွယ်အိတ်ထဲကိုကြည့်ရင် ဘယ်လွယ်အိတ်မှတခုနဲ့ တခု မတူးပါဘူး။ အိုးခြမ်းကွဲတွေရော၊ သံတိုမယ်နတွေရော စုပုံပြီး လမ်းကစုတ္တသမျှတွေ အကုန်လုံး ကောက်ထည့်ထားတာဘဲ ရှိတယ်။



အဲဒီတော့ ဘုရားက ဘာပြောသလဲ၊ ဘယ်လိုလုပ်ရမယ်လို့ ဟောခဲ့သလဲဆိုတော့ အဲဒီ ပစ္စည်းတွေဟာ မင်းမှာ အင်မတန်နှလေးနေတယ်၊ တကာဦးဘမောင်တို့ရေ၊ မင်းတို့ရဲ့ လွယ်အိတ်ထဲက ပစ္စည်းတွေကို သေသေချာချာ လှန်လှော ကြည့်ကြစမ်း အုန်းတဲ့။

တင်ပါဘုရား။

အိမ်ကျတော့ ကိုယ်ကိုယ်တိုင် တယောက်ထဲ မပြီးသေးရင် အိမ်က တကာမကြီးပါခေါ်ပြီး တကထဲ စကောကြီးထဲ ဖျာကြီးထဲသို့ အကုန်သွန်ချပြီး ကြည့်စမ်းပါတဲ့၊ ရွေးစမ်းပါတဲ့၊ မတော်တာတွေများ တွေ့ရင် လွှင့်ပစ်ရမှာတွေဘဲ ဆိုပြီး လွှင့်ပစ်လိုက်မယ်ဆိုရင် အဲဒီလို လွှင့်ပစ်ဘို့ ပစ္စည်းတွေ လွယ်အိတ်ထဲမှာ တော်တော် များများ ရှိနေလိမ့်မယ်လို့ မထင်ဘူးလား ဦးဘမောင်။

ထင်ပါတယ်ဘုရား။

အဲဒီလို ထင်ပေမယ်လို့ မစွန့်ရက်ဘူး၊ မပစ်ရက်ဘူး၊ တွဲထားတုန်းဘဲ ဦးတမောင်ရ။

ဘာပြုလို့လဲဆိုတော့ အနှစ်နှစ် အလလက မိဘာရိုးရာကစပြီးတော့ မနေ့က ဟောသလို ဝါရှုရက အစွဲဆိုတဲ့ တက်အူလှည့်နဲ့ ကျကျနန တင်းကြပ်ထားတဲ့ ပစ္စည်းတွေ ဖြစ်ခြင်းကြောင့် တချို့ဟာတွေဟာ တကထဲ ခွဲခွါဘို့ စွန့်ပစ်ဘို့နေနေသာသာချွတ်လို့တောင်မရအောင် ကိုက်နေကြတယ်။ အဲဒါကြောင့်အရှေ့မှာ တဲ့အစွဲက ကိုယ့်ကိုကိုစွဲပြီး ကိုယ်ယူတာမှန်တယ်၊ ဗွတ်ပြနေတာဘဲ၊ တကာကြီးတို့ဆီတော့ မပြောတတ်ဘူး၊ ဦးပုညင်းတို့ ဆီမှာတော့ ဟောဒီလိုကျောင်းကြီးတွေက ဥပုသ်ရာပ်တွေမှာ ဦးတာ

www.burmeseclassic.com

www.burmeseclassic.com



မောင်တို့လို အရွယ်ကြီးတွေ၊ ဗီနားက တကာကြီးများ အရွယ်ကြီးတွေပေါ့လေ၊ သင်္ကြိုတ် ဆရာကြီးတွေပေါ့၊ ဥပုသ်စရပ်မှာ ထကာထဲ လက်သီး လက်ရုံးတန်းပြီးတော့ သွယူတာ မှားတယ်၊ ငါယူတာမှန်တယ်၊ ဘယ်စာအုပ်ကလေး တအုပ်ထဲက ဟာလဲ မမှန်ဘူး၊ စာအုပ်ကြီးထဲကမှ မှန်တယ်၊ ဒီအတိုင်းငြင်းနေကြတာ ထချို့များ ၃-၄-နှစ် စကားတောင် မပြောကြတော့ဘူး ဦးဘမောင်ရ။

တင်ပါဘုရား။

အဲဒါဘာလဲဆိုတော့ ငါယူနေတာက မှန်တာ၊ မင်းယူနေတာက မမှန်ဘူး ဆိုတာကစပြီးတော့ ဖြစ်ထာဘဲ။

သို့သော်သူတို့ကဘုရားထဲသွားပြီးအပြတ်ငြင်းနေကြတာ၊ ဒီပြင်အိမ်ရောက်ရင် သူတို့ကထကယ် သူတော်ကောင်းကြီးတွေဆိုပြီး အိမ်ဦးခန်းကထိုင်ပြီးတော့ လဘက်ခွက်နှိုက်ပြီး အရင်ဆုံးစားတဲ့ လူတွေပေါ့လေ။

ဒါပေမဲ့ ထဲတာ မဟုတ်ဘူး၊ သူတို့သဂြိုဟ်သွားငြင်းရင် တခါတည်း သွက်သွက်လယ်သွားဒါဘဲ၊ အဲဒါဘာလဲဆိုတော့ ငါသိတာနှင့် ငါမှန်တယ်လို့ ဆိုတာကိုတိုလူတယောက်က မှားပါတယ်လို့ ပြောရင် ဦးဘမောင် ဘယ့်နှယ်ဖြစ်မတုန်း။

မခံနိုင်ပါဘူး ဘုရား။

အဲပုထု လာတယ်၊ အဲဒီလို ပြောရုံနှင့် ခင်ဗျားတို့ အတွက် ပစ္စုပ္ပန် ကျိုးများ ဘာလျော့သွားသလဲ။

မလျော့ပါဘူး။

ကိုယ်အလေးချိန်တော့ လျော့ပါး၍ သွားသလော။

မလျော့ပါဘူး။]

သောမနဿ အဟာဂုဏ် ယုတ်တယ်၊ မဟုတ် ငြင်းရုံနဲ့ ထပြီး သာနုလုံး ဆောင်မှာ ဆရာတွေရှိတာ မဆေးနာလား။

ဟောဒီမှာ ဘုရားရှင်က မင်းတို့စိတ်ထဲ မှန်လှုပြီလို့ ယုံနေတဲ့ အယူစိတ်တွေ လျော့ပါးသွားအောင် လုပ်ရမယ်။ အဲဒီလိုလျော့အောင် မလုပ်နိုင်ရင် တကာကြီးတွေ နိပ္ပါန်ထစ်ဖြစ်တဲ့ သောတာ ပတ္တိမဂ်ကို ဖြေလှမ်းနိုင်ဘို့မကော်ဘူးလား။

ခက်ပါတယ်ဘုရား။

အဲဒါကြောင့် ဦးပဥ္စင်းတို့ အခု ဟောနေတာ:က တကာကြီးတွေ၊ တကာမကြီးတွေ သိပြီးသား၊ စွဲပြီးသားဖြစ်တဲ့ အဲဒီအစွဲလေးခုတွေကို ဘုရားရဲ့ တရားတော် အမှန်နဲ့တွေ့ရင် ဖယ်ဖယ်နိုင်အောင်လို့ ဟောနေတာ။

အဲဒါတွေ မဖယ်နိုင်ရင် အရိယာမဂ်ပေါက် ဂိတ်ကျတော့ သက်မခံဘူး ဟုတ်လားဦးဘမောင်း

မှန်ပါဘုရား။

ဒီအစွဲပါလာရင် ယိုဂိတ်က လက်ကိုမခံဘူး၊ အဲဒါကြောင့် ဂိတ်ပေါက် ရောက်ရင် တခြားဟာ၊ ဒီပြင်ဟာ စစ်ထားမဟုတ်ဘူး၊ ဒီအစွဲဥပါဒါန်ကို စစ်တယ်မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီအစွဲစစ်တဲ့အခါကျတော့ ခင်ဗျားတို့ အစွဲ တခဲ့သားနဲ့ သွားပြီး လောကုတ္တရာ ဂိတ်ပေါက်သွားတိုးနေရင် အလကားဘဲ၊ ချွေးထွက်ရုံဘဲရှိမယ်၊ ပြီးပြန်လာရမှာဘဲ၊ အထုပ်ကြီး ထမ်းလို့၊ အစွဲထုပ်ကိုလေ ဟုတ်ကဲ့လား။

တင်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီတော့ ဘုရားရှင်က မင်းတို့အစွဲထုပ်ကြီးကို ထိုဘက်နား ရှုပ်ပစ်ခဲ့ကြ၊ အဲဒီတော့မှ ငါ့ဒိဋ္ဌိကင်းပေါက်ကိုလာပြီး အစစ်ခံပါ၊ အစစ်ခံတဲ့အခါကျတော့မှ မင်းတို့ဟာ ဥပါဒါန်ချုပ်၊ မချုပ်၊ အစွဲလေးတွေ ပြုတ်၊ မပြုတ်၊ လောဘ၊ ဒေါသ၊ မောဟ ကိလေသာတွေ တခါထဲ လှန်လှောကြည့်မယ်၊ စစ်ဆေးမယ်။

အဲဒီကျမှ ရေဝန်ရိုးကလာတဲ့အရာရှိတွေစစ်သလိုစစ်တာမျိုး။ အဲဒီအစွဲတွေ ဘာမှ မရှိတော့မှ ဦးပဥ္စင်းတို့ သောတာပတ္တိမဂ်ပေါက်ထဲ ဝင်နိုင်ကြမယ်။

အဲဒါကြောင့် ကိုယ့်မှာ ရှိပြီးသားဖြစ်တဲ့ ယုံကြည် စွဲလမ်းမှုဟာ အမြစ်ကစပြီး နဲနဲတော့ လှုပ်သွားကရောမဟုတ်လား။

တင်ပါဘုရား။

အမြစ်နဲနဲလှုပ်သွားတဲ့အခါ မကောင်းတာဆိုရင်ပြုတ်ထွက်သွားမယ်၊ ဟုတ်တာဆိုရင်ပြန်ခိုင်သွားမယ် ဟုတ်တယ်မဟုတ်လား။

ဟုတ်ပါတယ်ဘုရား။

အဲဒါကြောင့် ဘုရားက မိမိဘို့ယုံကြည်စွဲလမ်းနေတဲ့ တရားတွေကိုလဲဘဲ ရှာရှာပြီးတော့ စစ်ဆေးကြစမ်းပါ၊ ကိုယ်ယုံကြည်တာတွေဟာဘာလဲ။ ငါဘာယုံကြည်သလဲ၊ ဒါတို့ ငါယုံကြည်ရင် ဟုတ်လောက်ရဲ့လားလို့ ဝေဖန်စဉ်းစား ကိုယ်နိုင်ဉာဏ်နှင့် မပိုင်သေးဘူးဆိုရင် မိတ်ဆွေတယောက်ဆီသွားပြီး မိတ်ဆွေရေ-ကျုပ်တော့ ဟောဒီလို စိတ်ထဲမှာ ယုံကြည်နေတယ်။

အဲဒါခင်ဗျား နဲနဲကလေး ဝေဖန်စမ်းပါ ဆိုရင် ဟို လူက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ဝေဖန်နိုင်တဲ့ အရည်အချင်းရှိတဲ့လူဆိုရင်နဲနဲပါးပါးဝေဖန်ပြလိုက်မှာဘဲမဟုတ်လား။

တင်ပါဘုရား။



အဲဒီလိုဝေဖန်ပြလိုက်ရင် ဦးဘမောင်ရဲ့ဉာဏ်ထဲမှာ အလင်းကလေး ဝင်လာတယ် ဟုတ်ကဲ့လား။

ဟုတ်ပါတယ်ဘုရား။

အဲဒီ အလင်းကလေး ဝင်လာတဲ့အခါ ကျတော့ခါ ဟိုလူက အပြည့်အစုံ မဝေဘန်နိုင်သော်လဲ ဦးဘမောင်ရဲ့ ဝေဖန်ဉာဏ်အိပ်နေတာကိုတော့ ဟိုလူကနဲနဲနှိုးပေးလိုက်ထဖြင့် အလင်းဉာဏ်ရလာပြီးတော့ ဒီအမှားတွေကို မြင်လာတယ်၊ မြင်လာရင် အဲဒီလိုမြင်တဲ့နေ့မှာ စွဲလမ်းမနေဘဲ စွန့်ပစ်လိုက်ရမယ်ပေါ့။

**အမှန် ထင်ရုံနဲ့လဲ မစွဲယူရ**

ဒိဋ္ဌိနိဇ္ဈာနက္ခန္တိယာသိုရာ၌ နိဇ္ဈာနဆိုတာက တွေးတော၊ ဒိဋ္ဌိက အယူ၊ ခန္တိက ကိုယ်ကသဘောကျတာ။

အဲဒီတော့ စေ့စေ့စပ်စပ် ကိုယ်တိုင်ကိုယ်ကျ အကြောင်းအမျိုးမျိုး၊ နည်းအမျိုးမျိုးနဲ့ ဝေဖန်သုံးသပ်ပြီးတော့ ဆင်ခြင်စဉ်းစားလို့ရသော အယူနှင့် မကိုက်ညီ ခြင်းကြောင့် မမှန်ဘူးလို့ မယူကြနဲ့တဲ့ဟုတ်လား။

မှန်ပါဘုရား။

အဲဒါလေးဟာ တော်တော် ကျယ်စန်းတယ် နော် ဦးဘမောင်။

အဲဒီ နိဇ္ဈာနက္ခန္တိယာဆိုတာ ဦးပဥ္စင်းတို့ လယ်တီဆရာတော်ဘုရားကြီးများ ဖွင့်ခဲ့တဲ့ ပရမတ္ထဒီပနီ ရှုလာကျတော့ ဘယ်နှယ်ဖွင့်သလဲဆိုတော့။

ဒိဋ္ဌိ နိဇ္ဈာနက္ခန္တိယာတိ ပညာယပေါ အတ္တနော ရုစ္စိယပေါ ကာရဏာ ကာရဏံ ဝိစိန္တိတွာ ဂဟေတွာ-တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဗိဋ္ဌ နိဗ္ဗာနကျွန်တိယာတဲ့၊ ဗိဋ္ဌ နိဗ္ဗာနကျွန်တိ ဟူသည် ဤလောက ပညာယာ၀ါ။ မိမိ၏အသိ ပညာဖြင့်ရှုင်း။ အတ္တနော၊ မိမိ၏ သဗ္ဗိယာ၀ါ၊ အလှုပါဒအားဖြင့်ရှင်း။ ၂မျိုးဖွင့်ထားတယ် လှုတ် လား။

မှန်ပါ။

ကိုယ့်မှာရှိတဲ့ ဉာဏ်ပညာနဲ့ ဘဲဖြစ်ဖြစ် (သို့မဟုတ်) ကိုယ် ယူထားတဲ့၊ ကိုယ်လိုထားတဲ့ ၀ါဒနဲ့ ဘဲဖြစ်ဖြစ်၊ အဲဒီ ၀ါဒရယ် ကိုယ့်ပညာ ၂ခုနဲ့ ကိုယ်ကြားတဲ့တရားကို သေသေ ချာချာ ဝေဖန်ပါတဲ့။

အဲဒီလို ဝေဖန်ပြီးမှ ယူခြင်းသည်၊ လိုက်နာခြင်းသည်၊ ကျင့် သုံးခြင်းသည် ဗိဋ္ဌနိဗ္ဗာနကျွန်တိယာ အဲဒီလိုဝေဖန်လို့၊ ပိုင်းခြား လို့၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်လို့ ရပြီးတဲ့ အတွက် အဲဒီလို မှန်ခြင်းကြောင့် ဒါဟာသဲဘဲ ယကယ်ကိုယ် မှန်ပါပြီလို့ ဂေါတမဘုရားက မယုံနဲ့တဲ့။

အဲဒီတော့-

ဘယ်လိုမှ ယုံရမလဲဆိုတော့ ဒီလို တွေးတောမှု၊ စဉ်းစားမှု ဆင်ခြင်မှု၊ စမ်းသပ်မှုတို့ကြောင့် မှန်တယ်ဆိုတဲ့တရားကို ကျင့် သုံးခြင်းအားဖြင့် တကာကြီး ဦးဘမောင်မှာ လောဘ၊ ဒေါသ၊ မောဟ လျော့သော အကုသလပက္ခဖြစ်တဲ့ တရားတွေ လျော့ သလား၊ မလျော့ဘူးလားကြည့်။

မလျော့ဘူး တိုးသာ လာတယ်ဆိုရင် မမှန်ဘူး ဦးဘမောင်။

မှန်ပါဘုရား။

အဲဒီလို ဆိုတဲ့ အတိုင်း လောဘ၊ ဒေါသ၊ မောဟ အတွ သိုလ်ကဏ္ဍပက္ခက မည်းနက်တဲ့ တရားတွေ တဖြေးဖြေးပြုတ်ပြုတ်



ပြီးတော့ ကျဆုန်ထင်းဆိုရင် အဲဒီတရားဟာ မှန်ပြီ၊ ဒီတော့ ဒီတရားကို မင်းတို့ လိုက်နာ ကျင့်သုံးကြလို့ ဘုရားက ဟော ညွှန်ခဲ့တယ်။ နောက်တခုက ဘာလဲ။

## ဂုဏ်ပွဲ ပုဂ္ဂိုလ်ပွဲသက်သက်

မဘာဝူ ရှပေန-တဲ့။ ဘဗ္ဗရူပေနကျတော့ ပုဂ္ဂိုလ်ရုပ်ပါလာပြီ၊ အဲဒီ ဘဗ္ဗရူပ-ဆိုတာက ဘာလဲ။

အင်္ဂမတာန် ထင်ရှားတယ်၊ ကျော်ကြားတယ်၊ ဖွဲ့ထွားဂုဏ်ထူး တွေ အဆင့်ဆင့်ရတယ်၊ ပထမကျော်အောင်တယ်၊ မှော်စရိယ အောင်တယ် ဆိုတဲ့ ပြောင်မြောက်တဲ့ ပုဂ္ဂိုလ်ကြီး တပါးက ပြောလိုက်တဲ့ အတွက် ဒီဟာ မှန်တယ်၊ ဒီလိုယုံကြတယ် ဆိုတဲ့ သဘောဘဲ။

မှန်ပါဘုရား။

အဲဒီလိုယုံကြည်ရှိလာတာဘဲ ဦးဘမောင်၊ ဒါကိုဘာပြုလို့ ဟောရ၊ ပြောရသလဲဆိုတော့ လယ်တီဆရာတော်ကြီးဆီကထပညာ တော် ကြားလာခဲ့တာ၊ ဘယ်လောက် ထင်ရှား ကျော်ကြားတဲ့ ပုဂ္ဂိုလ်ကြီးထံမှ ကြားခဲ့တာ၊ အဲဒါမမှန်ဘဲ နေမလား။ မှား သည်လို ဖြစ်လာတာ။

အဲဒီတော့ ကလေး ပေါက်စတွေကျတော့လဲ အမှန်ကျွန်ုပ်နဲ့ သော၊ သူတို့ရဲ့ အမှန်ကျတော့ အမေနဲ့ အဖေ ပြောတဲ့ကြားလို့ မှန်လာတာ ဟုတ်တယ်မဟုတ်လား။

တင်ပါဘုရား။

အမေနဲ့ အဖေ ပြောလို့ မှန်တာက နေပြီးတော့ တက်ပြီးထက် လိုက်တယ်၊ ဘယ်လိုတက်လာသလဲဆိုတော့ ဂုဏ်ထားအရွယ်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လို့ ကျောင်းဗို့လိုက်တဲ့ အခါကျတော့ ဆရာမကြီးက ပြောလို့၊ ဆရာကြီးကပြောလို့ မှန်လာပြန်တယ်၊ အကုန်လုံး မှန်နေတာဘဲ ဟုတ်လား။

မှန်ပါဘုရား။

အဲဒီကနေ တဆင့် တက်လာလို့ (၇)တန်းတို့ (၁၀)တန်း တို့ရောက်တော့လဲ ဆရာကြီးကပြောဒါနှင့် ဆရာမကြီးကပြော အာတို့ မှန်းစုန်းရှိသေးတယ်မဟုတ်လား။

တင်ပါဘုရား။

တိုက်စကူးကျော်ပြီးတော့ ကောလိပ်တို့၊ ဘာတို့ရောက်သွား ဆဲ့အခါ ကျတော့ ဒီကျောင်းသားဟာ သူပြော၊ လူပြောကို တယ်မမှန်ချင်တော့ဘူး၊ ဘယ်သူပြောတာမှ တယ်မမှန်ချင်တော့ ဘူး။

ဘာပြုလို့လဲဆိုတော့ သူ့မှာ သူသင်လာရတဲ့ ပညာထဲမှာ အမှား၊ အမှန် စစ်ဆေး ဝေဖန်နိုင်တဲ့ ဝိဇ္ဇာဓမ္မဓရိတို့၊ အယ်လ်ဂျီဗရာ ဆိုဆိုတဲ့ ပညာတွေ၊ ဗိဗ္ဗသေဒတွေ၊ လောဂျစ်တွေ အသင့်အတင့် ပါလို့ တက်မြောက်သွားပြီ။

အသင့်အတင့် တတ်သွားတော့ သူစဉ်းစားတယ်၊ စဉ်းစား တော့ ဝေဖန်တယ်၊ ယူနီဗါစီတီရောက်တော့ ပါမောက္ခတွေက ပြောချင်ရာပြော၊ သူစာမေးပွဲ အောင်ဘို့သာ မှတ်ထားတာ၊ သူ့ရဲ့ပညာ တိုးတက်ဘို့သာ သူထိုးထိုးထည့်တာ ဟုတ်ကလား။

မှန်ပါဘုရား။

အဲဒီ ကျောင်းတော်သားကြီးဟာ တထစ်ချ အနေနဲ့ ဟိုသူ ငယ်တန်းတုန်းက ဆရာကြီး၊ ဆရာမကြီး ပြောစဉ် တုန်းကလိုကို ကောင်းမှန်တယ်လို့ ယုံတုန်းကလောက် သူယုံသေးသလား။



မယုံတော့ပါဘူးဘုရား။

အဲဒီလို မယုံတဲ့အတွက် သူ့မှာပညာ ဘာဖြစ်သတုန်း။ ကြီး ထွားလာတယ်၊ တိုးပွားလာတယ်၊ ဆရာကြီးစတို ပညာနဲ့ ပတ် သက်လို့ မေးနိုင်တယ်၊ မြန်းနိုင်တယ်၊ ဆင်ခြေဆင် သက်တက်နိုင် တယ်။

အဲဒီလို ဖြစ်လာတဲ့ အခါကျတော့ ဦးဘမောင်တို့ လူစုလဲဘဲ ယခုအခါ ဗုဒ္ဓဘာသာ တရားတော်နဲ့ ပတ်သက်ရာ၌ တက္ကသိုလ် ပညာအဆင့်လောက် ရောက်နေပြီမဟုတ်လား။

ဒီတော့ကာ ဟိုသူငယ်တန်း တုန်းက ဆရာမကြီး ပြောတာ မှန်တယ်လို့ တကယ်ချက်စိမိုက်ပြီးတော့ လိုက်နာ ယုံကြည်နေ တဲ့ အမြင်မျိုး ဖြစ်နိုင်ပါတော့မလား။

မဖြစ်နိုင်တော့ပါဘုရား။

မဖြစ်ဘူး၊ အဲဒီတော့ ဦးပဥ္စင်းတို့ လောကကြီးမှာ ရှိတာက "ဘဝ္ဗရူပ" ဆိုတာ ပုဂ္ဂိုလ်စွဲ၊ ဒို့ဆရာကြီးတို့က ပြောလိုက်တာကွ မင်းတို့ ဘာပြုလို့ ခံငြင်းနေရမှာလဲဆိုသော စကားဟာ မကြီး ကျယ်ဘူးလား။

ကြီးကျယ်ပါတယ်ဘုရား။

ဒါငါပြောတာ မဟုတ်ဘူး၊ ငါ့ဆရာကြီးပြောတဲ့ အတိုင်း ငါပြောတာ၊ ဒီမှာအဲဒီပြောတဲ့ ပုဂ္ဂိုလ်ရဲ့ ဂုဏ်ပကာသန ထည့် လိုက်ရသေးတယ်။

တင်ပါဘုရား။

အဲဒီ ဂုဏ်ပကာသနကြီးတဲ့လူက ပြောတဲ့ တရားမှာလဲ မှန်မ လိုလို ဖြစ်နေတယ်၊ လူတွေမှာ အစွဲအသန်းကလဲ ရှိနေတယ်။

တင်ပါဘုရား။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီ တရား ဟောတဲ့ဘုန်းကြီးက ဘယ်လိုဘုန်းကြီးများမှတ်သလဲ၊ အံမာ-နဲ့တဲ့ဘုန်းကြီးမဟုတ်ဘူး (မဇ္ဈိမဝရိယ) ဆိုတဲ့ အတန်းကို အကုန်လုံးအောင်ပြီးပြီ၊ ပထမကျော်တဲ့ဗျ၊ အံမာသေးသူပြုထားတဲ့ ကျမ်းစာတွေကလဲ ၂၀၀-ကျော်ရှိနေပြီ၊ အင်မတန်တော်တဲ့ ဘုန်းကြီးပေါ့။

အဲဒီလို စသည်ဖြင့်လာရတော့ ဒီဘုန်းကြီးဟောတဲ့ တရားမှန်ရတော့မယ်လိုလို ဖြစ်နေပြီး လာနာတဲ့ လူတွေထဲမှာ ဒီလိုလူမျိုးတွေကိုလဲ တွေ့ဘူးတယ်မဟုတ်လား ဦးဘမောင်။

တွေ့ဘူးပါတယ်ဘုရား။

အဲဒီတော့ ဒီလိုမဟုတ်ဘူးဦးဘမောင်၊ ဘဝရှုပဆိုတဲ့ အတိုင်း အင်မတန်တော်တဲ့ အင်မတန် ထင်ရှားတဲ့၊ အင်မတန် ကျော်တဲ့ ကမ္ဘာမှာ အထင်ရှားဆုံးဖြစ်တဲ့ ပုဂ္ဂိုလ်ကြီးက ပြောထားတာ ကမ္ဘာမှာ အထင်ရှားဆုံးဖြစ်တဲ့ပုဂ္ဂိုလ်ကြီးက ပြောထားတာနဲ့ ဒီဟာမှန်တယ်လို ဦးဘမောင်တို့ မယုံကြနဲ့တဲ့။

ဒီတော့ ဂေါတမဘုရားနဲ့ တွေ့ရင် အတုန်ဗုဒ္ဓများကုန် တာ တဲ့၊ ဟို - ဘုရား လက်ထက်တုန်းက ဗုဒ္ဓများထာဘဲ ဟုတ်လား ဦးဘမောင်။

တင်ပါ့။

အဲ ဘုရားလက်ထက် တုန်းက ဘုရားဆီ ရောက်လာကြတဲ့ သောဏဒဏ္ဍ ပုဏ္ဏားကြီးတို့ ကူဋဒန္တ ပုဏ္ဏားကြီးတို့ ဆိုတာ အသက်ကလဲ (၁၂၀) ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်ထက် အများကြီး ကြီးပြီးနေတဲ့ပုဏ္ဏားကြီးတွေ၊ အင်မတန်ကို အသက်ကြီးတယ်။



သူတို့ဟာသူတို့ အင်မတန်ကို မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ကြီးတွေလို့ လဲထင်နေတယ်။

အဲဒီလိုအထင်ကြီးတာခွဲသားလောက်နဲ့ ဘုရားရှင် ထံတော်သို့ လာကြပေမဲ့ ဂေါတမဘုရားက မင်းတို့ရဲ့ ဝါဒဟာ မမှန်ပါဘူးလို့ ပြောပြီး သူတို့ကို တရားအမှန် ပြလိုက်တယ်။

ဘုရားရှင်က ဟောပြောတဲ့အမှန်ကို ကြားတော့မှ သူတို့ရဲ့ ဝါဒတွေကို စွန့်လိုက်ရတယ်။

အဲဒီလိုစွန့်ပြီးတာတောင်မှ သရဏဂုံ ဆောက်တည်တဲ့ အခါမှာ ခြင်းချက်ကလေးတွေနဲ့ ဆောက်တည်ကြတဲ့လူတွေတဲ့။

အဲဒါကြောင့် အတွင်းမှာရှိပြီးသား၊ ယုံကြည်ပြီးသား၊ကိုယ်တတ်ပြီးသား၊ ကိုယ်မြင်ပြီးသားလို့ ထင်နေတဲ့ အယူအဆတွေ၊ စာပေပညာတွေဟာ ဘယ်လောက်ပြင်းပြင်းထန်ထန်ခံနေသလဲလို့ ဆိုတော့ အဲဒါတွေကြောင့် အမှန် မရောက် နိုင်ကြဘူးတဲ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ဘဝရှုပ-ဆိုတာ အဲဒါဘဲ၊ ဦးဘမောင် စိတ်ထဲမှာ ပုဂ္ဂိုလ်ရဲ့တွေ ရှိနေသမျှ ကာလပတ်လုံး ဘယ်ပုဂ္ဂိုလ်ပြောတာမှ မှန်တယ်။ အဲသူကတော့ လက်တွေ့လုပ်နေတာ၊ စာပေလဲတတ်တယ်၊ ကမ္မဋ္ဌာန်းတရားလဲ အားထုတ်နေတယ်၊ ဘာပေါက်တယ်၊ညာပေါက်တယ် စသည်ဖြင့် အဲဒီလိုနာမည်ကြီးပြီး ပြောင်ပြောင် သတင်းထွက်နေတဲ့ ပုဂ္ဂိုလ်ထူးကြီးတယောက်က ဟောလိုက်၊ ပြောလိုက်တဲ့ အတိုင်း ဟောပြောချင်းကြောင့် တကယ် အမှန်တရားလို့ မင်းတို့ မယုံကြည်ကြနဲ့ တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘုရားက ဘယ်လိုဟာ ယုံရမယ်ဆိုတော့ ခုနက အတိုင်းဘဲ။ ဒါထပ်တုံတာလဲလဲ ကျနေပြီ၊ ဦးဘမောင် ကိုယ်တိုင် ဒီ့ထက်ဘာမ ကြီးတွေ၊ တကာကြီးတွေ ကိုယ်တိုင် အဲဒီ တရားကို လိုက်နာ ကျင့်သုံးကြည့်ခြင်း အားဖြင့် လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ အကုသိုလ် တရားတွေ ခေါင်းပါးရင် အဲဒါမှန်ပြီ။

အဲဒါပြောတဲ့လူဟာ ပါမောက္ခဘဲဖြစ်ဖြစ်၊ လူအဘဲဖြစ်ဖြစ်၊ အရာမပုဂ္ဂိုလ်ကြီးဘဲဖြစ်ဖြစ်၊ အလွန် အောက်တန်းကျတဲ့ လူဘဲ ဖြစ်ဖြစ် ဇာနွဲ့မနေနဲ့တဲ့။ ဘဗ္ဗရူပ-ဆိုတာက အဲဒါဘဲ၊ နန်းတော် ပေါ်ကလူနဲ့ တဲကုတ်ကလူ အတူတူဘဲထားရမယ် မဟုတ်လား။

မှန်ပါဘုရား။

အကျိုးရှိရာတရားကိုဟောရင် မျက်နှာကြီးကဟောလို့၊ မျက်နှာငယ်ကဟောလို့ စသည်ဖြင့်ဖြစ်မနေနဲ့၊ အမှန်ကိုသာအလေး ထင်းပေးရမယ်တဲ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

တဗ္ဗရူပ-ဆိုတာအလှဲဘဲ အင်မတန်ကျယ်ဝန်းတယ် ပြောမယ်၊ ဟောမယ်ဆိုရင် အများကြီးဆဲ၊ ဒီတော့ ဘဗ္ဗရူပနဲ့ ဒီ့တကာ ကြီးတွေနဲ့ ဝက်ဒီ တိုးမနေဘူးလား။ အစွဲက ပုဂ္ဂိုလ်စွဲ၊ ကိုယ့် ကျောင်းဘုန်းကြီးမှကိုယ်ဟုတ်နေတာ ဒီတော့ခက်တယ်။ဒီတရား ဟောရတာ ဘိပ်မလွယ်လှဘူး ဦးဘမောင်။

တင်မပါဘုရား။

အဲ-မလွယ်လှဘူး၊ ဟိုကျောင်း၊ဒီကျောင်း၊ အရှေ့ကျောင်း၊ အနောက်ကျောင်း ရှိလဲ မျက်စောင်းက ထိုးနေကြတာ ဟုတ် ကဲ့လား။



အဲဒီတော့ ကိုယ့်ကျောင်း ဘုန်းကြီးက ဟောတဲ့ တရားမှ မှန်တယ်၊ ကိုယ့်ကျောင်း ဘုန်းကြီးမဟုတ်တဲ့ ဒီပြင် ဘုန်းကြီး ဟောလိုက်ရင် တရားက ရွှတ်ချော်ချော်ကြီးပါကွာ၊ ဘယ်စာ အုပ်ထဲက ကြည့်ဟောတာမှန်း မသိပါဘူး၊ ဟောသည်လိုပြော လိုက်ထာနှင့် ဒုက္ခဖြစ်ထာဘဲ။

ဒါကြောင့် ဒီလိုလဲ မလုပ်ကြနဲ့၊ နာမည်ကြီးတဲ့ လူကဘဲ ဟောဟော၊ နာမည်သေးတဲ့ လူကဘဲဟောဟော၊ အဲဒီလိုဟော တဲ့ တရားကို မင်း(?) ဘေး ထောင် ကြ စမ်း ပါ၊ နားထောင်ပြီး ...တော့ မင်းတို့မှာ မှ(?) ငါပေးထားတဲ့ သစ္စာလေးပါး မှတ် ကျောက်နဲ့ တိုက်ကြည့်ပါ။ အဲဒီ သစ္စာဘောင် ဝင်ရင် လူငယ် တာ၊ ကြီးတာ၊ ဂုဏ်ရှိတာ၊ ဂုဏ်မဲ့တာ၊ ဆင်းရဲတာ၊ ချမ်းသာ တာတွေ မတွက်နဲ့တဲ့။ သစ္စာလေးပါး ဘောင်ဝင်မှုသာတွက်၊ ပြီးတော့ယုံကြည်ကြစမ်းပါလို့ ဘုရားကဆိုထာဘဲ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

ဒါလေးတော့ သဘောပေါက်သွားပြီ မဟုတ်လား။ အဲ- ပေါက်ရင်ပြီးရော၊ နောက်ထခုဘာကျန်သလဲ။

## ဒီ့ဘုန်းကြီးမှဆိုတဲ့အစွဲ

နံပါတ် ၁၀-ရောက်တဲ့ အခါကျတော့ ရင်းလဲ ပုဂ္ဂိုလ်စွဲဘဲ၊ နံပါတ် ၁၀-က

မာ သမဏော နော ဂရု။

အယံသမဏော၊ ဤရဟန်းသည်။ နော၊ ငါတို့၏၊ ဂရုဆရာ တည်း-ဆိုတာက ဟောတဲ့၊ ပြောတဲ့ပုဂ္ဂိုလ်ရဲ့ ဂုဏ်ဘဲ။

www.burmeseclassic.com



အဲဒီ ဂုဏ်ဆိုတာက သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တွေ ဖြစ်တယ်၊ ဒါတွေကို မလိုက်တော့ဘူး၊ ဆရာသမားဆိုတဲ့ ဂုဏ် တရုံ့ ဘဲ မှန်နေတာဘဲ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီ ဆရာသမား ဆိုတာက နေပြီးတော့ ဘယ်ထိအောင် သွားနိုင်သလဲဆိုတော့ ဘာသာရေး ခေါင်းဆောင်ဖြစ်တဲ့ ဘုရားအထိ မသွားနိုင်ဘူးလား ဦးဘမောင်။

သွားနိုင်ပါတယ်ဘုရား။

အဲဒီအခါကျတော့ ဒီအတိုင်းဘဲ၊ ဟိန္ဒူတို့၊ ခရစ်ယာန်တို့၊ ပသီတို့ သည်ဖြင့် ဘာသာ အသီးသီးရဲ့ ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးတွေက ဟောတဲ့ အတွက် မှန်တယ်လို့ အဲဒီလို ယူဆ ယုံကြည်နေကြတဲ့ အချက်တွေ မရှိဘူးလား။

ရှိပါတယ်ဘုရား။

အဲဒါကို မဝေဖန်ရဲဘူး၊ မလွန်ရဲကြဘူး၊ အဲဒီ နေရာကျတော့ ကမ္ဘာ ပေါ်မှာရှိတဲ့ ဘာသာ၊ သာသနာ တွေမှာလဲ ဒီအတိုင်းဘဲ။

တည်တော့ ခရစ်ယာန်ဘာသာဘက်ကြည့်ပြန်လဲ ဒီအတိုင်းဘဲ တွေ့ရတယ်မဟုတ်လား။

မှန်ပါဘုရား။

ပြီးတော့ ပသီဘာသာ ဆိုင်ရာမှာလဲ ဒီအတိုင်းဘဲ၊ သူတို့ရဲ့ သခင် ယေရှုဘုရားကဖြစ်စေ၊ မဟာမက် သခင်ကဖြစ်စေ၊ ဟိန္ဒူဘုရားတွေကဖြစ်စေ၊ အဲဒီ ဘုရား အသီးသီးက ဟောပါတယ် လို့ဆိုတဲ့ စကားကို အဲဒီ ဘာသာ ဝင်တွေက မေ့ပြီးတော့



ပြန်ပြီးတော့ မကြည့်ရဘူး၊ ဘယ်နည်းနဲ့မှ ဝေဖန်လို့ မရဘူး မဝေဖန်ကောင်းဘူးတဲ့။

အဲဒါကို ဦးပွင့်တို့ ဂေါတမဘုရားက “ မာ သမဏော နော ဂရုတိ ” ဆိုတဲ့စကားဖြင့် ချေဖျက်ခဲ့တယ် မဟုတ်လား။

မှန်ပါဘုရား။

အဲဒီအစွဲတော့ မင်းတို့မထားကြနဲ့၊ ပုဂ္ဂိုလ်စွဲမရှိစေနဲ့ တဲ့၊ ဒီတော့ ဘုရားရှင် ကိုယ်တော်မြတ်၏ ဆိုလိုရင်း အဓိပ္ပါယ်ကို ဦးပွင့်စိတ်ထဲမှာ တွေးကြည့်တဲ့အခါ ဘယ်လို ပေါ်လာသလဲ ဆိုတော့ ဦးပွင့်တို့ ဂေါတမ သခင်၏အလိုက တရားတော်ဟာ ဦးဘမောင်တို့ လူရာက ငါကိုယ်တိုင်ဟောလို့ မှန်တယ်လို့ မယုံစေချင်ဘူးလို့ ထင်တယ်။

ဘယ်တော့မှ ဘယ်လိုမှ ယုံစေ ချင်သလဲ ဆိုတော့ တကဲ့ကို တိကျမှန်ကန်မှာ စုံစမ်းစစ်ဆေးပြီးလို့ သဘောပေါက်တော့မှ အမှန်ဟုသာ ယုံစေချင်တယ်။

ဝက္ကလိ မှန်တာများကို ဘုရားက အလိုရှိပါသလား။ ဝက္ကလိက ဂေါတမဘုရားရဲ့ ရူပကာယတော်ကို ကြည့်ပြီးတော့ ကြည်ညို နေတာ၊ ချစ်နေတာ၊ သဘောကျနေတာ၊ အဲဒီလိုကြည့်ပြီးတော့ ချစ်နေတဲ့ ဝက္ကလိဟာ သူဘုရားရဲ့ ပါးစပ်က ထွက်လာသမျှ တရားမှန်သမျှ အကုန်အမှန်ချည်ဘဲ။

အဲဒီတော့ ဝက္ကလိက ကောင်းကောင်းကြီး မှန်မှန်နေပါမျိုး ကို ဘုရားရှင်မကြိုက်ဘူး၊ လိုလားဘူး။

မှန်ပါ။

အဲဒီလို ဝက္ကလိ ယုံကြည်တဲ့ ယုံကြည် နည်းမျိုးကို ဦးပွင့်၊ တို့ဘုရားက လိုလားတယ် ဆိုရင် ဝက္ကလိကို အနားက နှင်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မပစ်ပေဘူးပေါ့။

မှန်ပါဘုရား။

အဲဒီတော့ ဘုရားက သဘောမကျတဲ့ အတွက် ဝက္ကလိကို အနားက နှင်ပစ်လိုက်တယ်။

ဝက္ကလိက ဒီမျက်နှာတော်ကြီးကိုမှ အမြဲတမ်း ကြည့်လို့ မနေရရင် ငါသေတာ ကောင်းမယ်ဆိုပြီး ဂိဇ္ဈကုဋ် တောင်ပေါ်တက်ပြီး ခုန်ချမယ်လုပ်ခဲ့တာ မဟုတ်လား။

မှန်ပါဘုရား။

အဲဒီလောက် ပြင်းထန်အောင် စွဲလမ်းတဲ့ပုဂ္ဂိုလ်ရဲ့၊ ဘုရားရဲ့ အဲဒီအစွဲကို ဘုရားရှင် ကိုယ်တော်မြတ်က ဝက္ကလိကို မြည်တွန် တောက်တီးပြီးတော့ ဝက္ကလို မင်းငါ့အနားမှာ မနေနဲ့၊ သွားတော့လို့ အဲဒီလို အမိန့်ပေးလိုက်တယ်။

တင်ပါဘုရား။

အဲဒီလို အမိန့် ပေးလိုက်တော့ တကယ် စိတ်ညစ် ပြီးတော့ပေါ့လေ၊ အဲဒီလို ကိုယ့်ကိုယ်သေကြောင်း ကြံစည်တဲ့အထိ ဖြစ်လာရတာ၊ အဲဒီကျမှ ဘုရားရှင်ကိုယ်တော်မြတ်ကလဲ သူ့ ဒီတောက်တီး တောက်တဲ့နဲ့ ဝက္ကလိဆိုတဲ့ ရဟန်းဟာ တကယ် ဂိဇ္ဈကုဋ်တောင်စောင်းကမျှားနေပြီး ခုန်ချလိုက်မှဖြင့် ဗုဒ္ဓမျှား ရချည့်ရဲ့ ဆိုပြီး အဲဒီသူခုန်ချမဲ့နေရာ သွားပြီးတော့ ဘုရားရှင်က ဝက္ကလိကို နှုတ်ခွန်းဆက်ရတာ ဟုတ်ကလား။

တင်ပါဘုရား။

နှုတ်ခွန်းဆက်တော့မှ ဝက္ကလိရဲ့ စိတ်ဟာ ဘယ်လို ဖြစ်သွားသလဲ တည်ငြိမ်သွားတယ်။

တင်ပါဘုရား။



အဲဒီလို တည်ငြိမ်သွားတဲ့ အခါ ကျတော့မှ သူရဲ့ လောဘ၊ ဒေါသ၊ မောဟ တရားတွေ၊ ကိလေသာ တရားတွေ ကုန်းခမ်းခြင်းသို့ ရောက်သွားတယ်။

အဲဒီလိုဘဲ ဘုရားရှင်က ပုဂ္ဂိုလ်စွဲဆိုတဲ့ သဘောကို အလိုမရှိဘူး၊ ဦးပဥ္စင်းတို့ ဘုရားရှင်က ဒီပြင် ဘုရားတွေနဲ့ မတူဘူး။

ဒီပြင် ဘုရား တွေကတော့ ငါပြောတာယုံကြ၊ ငါပြောတာ လိုက်နာကြ၊ ငါသည် မင်းတို့ကို ကယ်တင်မယ်။ အဲဒီလို ဆရာစွဲမျိုးနဲ့ စွဲအောင် လုပ်ထားတယ်။ ဒီ–နံပါတ် ၁၀-က အဲဒီ ကိုယ့်ဆရာပုဂ္ဂိုလ်ကပြောခြင်းကြောင့် မှန်တယ်ဆိုတဲ့သဘောဝကို ငါချစ်သား ကာလာမများ မယုံကြနဲ့၊ အဲဒီလိုမင်းတို့ဆရာစွဲနှင့် ယုံကြည်ရင် အမှန် မရောက်နိုင်ဘူး၊ အဲဒါကြောင့် အစွဲမှန်သမျှ အကုန်ဖြုတ်လိုက်လို့ ဗုဒ္ဓကဆိုလိုတယ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

လူတွေမှာ စွဲပြီးနေကြတာက အယူစွဲရှိတယ်၊ ဘာသာစွဲ ရှိတယ်၊ စာစွဲရှိတယ်၊ ဆရာစွဲရှိတယ်၊ ဒေသစွဲ၊ ဆွေစွဲ၊ မျိုးစွဲ၊ မိဘစွဲ၊ ရိုးရာစွဲကစပြီးတော့ အဲဒီအစွဲတွေဟာ လူသားတိုင်းမှာရှိနေကြတော့ ပယ်ဘို့ရန်၊ဖျက်ဘို့ရန် အင်မတန်ခက်ခဲတဲ့ အစွဲတွေပဲ။

ဒီအစွဲတွေကို တနေ့ပြီးတနေ့၊ တခုပြီးတခု ဖြုတ်ဖြုတ်ပြီးတော့ ပစ်လိုက်နိုင်မှသာလျှင် ဂေါတမဘုရားရှင်ရဲ့ သဘောကျ ဖြစ်ပေလိမ့်မယ်။

ဦးပဥ္စင်းတို့ အစွဲအမျိုးမျိုးကိုအခုကာလာမ မင်းသားတို့ကို ဟောကြားတဲ့ နေရာကျတော့ကော ဘုရားရှင် ကိုယ်တော်မြတ်က နောက်ပိတ်ဆုံး ဘာနဲ့ နိဂုံး ချုပ်လိုက်သလဲ လို့ဆိုရင် အဲဒီ အနုဿဝဆိုတဲ့ တဆင့်စကား၊တဆင့်ကြားကစပြီးတော့ ဆရာစွဲ၊

www.burmeseclassic.com

www.burmeseclassic.com



အမားစွဲအတိ အစွဲ ဝဋ်ချက်ကို ပယ်ဖျက်ပြီးလျှင်သင်ချစ်သား ကာသာမဟုတ်သည့် အဲဒီ ကြားကြားသမျှ တရားတွေရဲ့ အစီ အနှစ်ကို စူးစိုက်ပြီး နားလည်သိနေကြရန်သာ မဟုတ်ဘဲနဲ့. အဲဒီ ကြားတဲ့တရားတွေအတိုင်း ကျင့်ကြံကြိုးကုတ် လက်တွေ့ ရှုလို့ ကြည့်ရမယ်တဲ့။

အဲဒီကို လက်တွေ့လုပ်ကြည့်တဲ့ အခါကျတော့ကော အဲဒီဆရာ ကပြောသည့်အတိုင်း၊ အဲဒီစာထဲမှာ တွေ့သည့်အတိုင်း၊ လောဘ ဒေါသ၊ မောဟအစရှိသော ကိလေသာတရား အကုသိုလ်တရား တွေ ခေါင်းပါးမှုဖြစ်၊ မဖြစ်ကိုကြည့်ရမယ်၊ ဆင်ခြင်ရမယ်၊ အဲဒါ ဦးသာမောင်တို့ကိုယ်တိုင်ဆုံးဖြတ်ရမဲ့ကိစ္စတွေဘဲ မဟုတ်လားလို့။

ဘုရားကလဲ ဦးသာမောင်ကိုဘဲ တာဝန် ပေးခဲ့ တာဘဲမဟုတ် လား။

မှန်ပါဘုရား။

ဒီတော့တရားဟောဘုန်းကြီးက သူဟောချင်တာ ဟောပေါ့၊ အဲဒီ ဟောချင်တာတွေ ဟောသွားပြီးတဲ့နောက် ဦးသာမောင်တို့ လုပ်စရာက ဘာကျန်သလဲဆိုတော့ သည်ဟောတဲ့အတိုင်း လုပ် ကြည့်ကြဖို့ဘဲ။

ဦးသာမောင်တို့ရဲ့ တာဝန်အရ သည်လိုလုပ်ကြည့်တဲ့အခါမှာ သူဟောတဲ့အတိုင်း၊ သူညွှန်တဲ့အတိုင်းမဖြစ်ရင် ဒါမမှန်ဘူးလို့ ဆိုပြီး ပယ်ပစ်ဖို့တာဝန်ကလဲ ဘယ်သူ့တာဝန်လဲ၊ ဦးသာမောင်တို့ တာဝန်ဘဲ မဟုတ်ဘူးလား။

ဟုတ်ပါတယ်ဘုရား။

အဲဒီပယ်ပစ်ဖို့ကလဲဦးသာမောင်တို့ရဲ့ တာဝန်၊ လိုက်နာကျင့်သုံး ဖို့ကလဲ ဦးသာမောင်တို့ရဲ့ တာဝန်၊ အဲဒီတာဝန်ကို ဦးပဥ္စင်းတို့က



ပြီးတော့ မဖြည့်စွမ်းနိုင်ဘူး ဟုတ်ကဲ့လား။

တင်ပါဘုရား။

ဦးပဥ္စင်းတို့ ထပ်နိုင်တာကဘာသလဲ၊ ဒီချမ်းစာ ပေစာထဲမှာ ပါတဲ့အတိုင်း၊ ဦးပဥ္စင်းတို့က ဘုရား၏ဓမ္မဒေသနာတော်ကို ထဲထဲဝင်ဝင် ပါကိုဘယ် ချတဲ့အနေဖြင့် ဟောပြသရုံထား ရှိတာ။

အဲဒီ ဟောပြောပြသတဲ့အတိုင်း၊ လက်တွေ့ကျင့်သုံး သောက် သည်ပြီး မှားတာနှင့်မှန်တာကို ဆုံးဖြတ်ဖို့ တာဝန်က တကာ ကြီးတွေ၊ တကာမကြီးတွေရဲ့ တာဝန်ဘဲ။

ဒါကြောင့် ဘုရားက အရမ်းယုံရယ်၊ အကန်းယုံရယ်၊ အ ကန်းယုံဆိုတာက မျက်စိ မမြင်တဲ့လူဟာ သူများပြောတာ အ ကန့်လုံး ယုံနေရတယ် မဟုတ်လား။

အဲ သူများ ပြောတယ်ဆိုတဲ့ ပြလိုက်ရတာဘဲ၊ မဲတယ်ဆိုလဲ မှ လိုက်ရတာဘဲ၊ သူ့မျက်စိက မမြင်ဘဲကိုး၊ အဲဒီလိုယုံကြည်နည်း ယုံကြည်ပုံမျိုးကိုတော့ ဗုဒ္ဓ ဂေါတမဘုရားရှင် ကိုယ်တော်မြတ်က မလိုလားပါဘူး ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အရမ်းယုံ၊ အကန်းယုံဆိုတဲ့ ယုံကြည်နည်းမျိုးနှစ်ခုကိုမင်းတို့ ပယ်ဖျက်ကြတဲ့။

ဒီ ဗရုတ်ကြီးတဲ့ ကိစ္စက ဘာလဲဆိုတော့ ဘုရားရှင်ကိုယ်တော် မြတ် နှုပါတဲ့ ၁ အနေအားဖြင့်ပထမဦးဆုံး ဟောသမိုင်းတဲ့သစ္စာ လေးပါး တရားဘဲ။

အဲဒီ သစ္စာလေးပါးတရားဟာ လူတိုင်း၊ လူတိုင်း ကျင့်သုံး နိုင်တယ်၊ လူတိုင်း၊ လူတိုင်းနဲ့ သက်ဆိုင်တယ်၊ လူတိုင်း၊ လူတိုင်းရဲ့ လက်ထဲမှာ မှတ်ကျေအောင် ထမ့်ယ်ဖြစ်တယ်၊ ဘယ်ကို သွား

www.burmeseclassic.com

www.burmeseclassic.com



သွား အဲဒီ မှတ်ကျောက်အသေး ပါတဲ့လူဟာ ရွေ့ဝယ်တဲ့ အ[illegible] ကျရင် မမှားနိုင်တော့ဘူး မဟုတ်ဘူလား။

မှန်ပါတယ်ဘုရား။

အဲဒီတော့ ဒီလို မမှားနိုင်တဲ့ ဒုက္ခ၊ သမုဒယ၊ နိရောဓ [illegible] ဆိုတဲ့ ဒီသစ္စာ လေးပါးကို ကြပ်ကြပ်သတိထားကြ၊ ကြပ်ကြ[illegible] အာရုံပြုကြ။

အဲဒီသစ္စာလေးပါးနဲ့ ကိုက်၊ မကိုက်ကိုဆင်ခြင်သုံးသပ်ရမ[illegible] ဘယ်တရားကိုဘဲ နာလာလာ၊ အဲဒီ သစ္စာ လေးပါးနဲ့ ကို[illegible] ကြည့်လိုက် လို့မှ မကိုက်ရင် မမှန် သေးဘူး၊ မဟန် သေးဘူ[illegible] ဟုတ်ကဲ့လား။

မှန်ပါဘုရား။

သမ္မာဒိဋ္ဌိဆိုတာ သစ္စာလေးပါးထဲမှာ ပါတယ်မဟုတ်လာ[illegible] အဲဒီ သမ္မာဒိဋ္ဌိဟာ ဦးပဉ္ဇင်းတို့ မနေ့ညကစပြီးဟောခဲ့တဲ့ ကော[illegible] မှတ္တိသုတ်တသုတ်လုံး သဗ္ဗနာမ်ပေါင်းပြီး ပြန်သိမ်းပြီးတော့ ရှု[illegible] လိုက်ရင် သမ္မာဒိဋ္ဌိမဂ္ဂင်ထဲ အကုန်ဝင်မသွားဘူးလား၊ဦးဘမောင်။

ဝင်ပါတယ်ဘုရား။

အဲဒီ သမ္မာဒိဋ္ဌိမဂ္ဂင်ထဲ ဝင်တဲ့ အတွက် အမြင်မှန်ရှိတဲ့ ပုဂ္ဂိုလ် ဟာ-

အဲ့ ကာလာမ မင်းသားတို့ကို ဘုရားရှင် ကိုယ်တော်မြတ် [illegible] ဟောပြတဲ့ ၁၀-ချက်သော အစွဲတွေကို စွဲပါဦးမလား။

မစွဲတော့ပါဘုရား။

အဲ မစွဲရင် ဘာဖြစ်သလဲ၊ သမ္မာဒိဋ္ဌိဖြစ်မယ်၊ ဒီကာလာမ [illegible] သု မှာလာတဲ့အတိုင်း အစွဲအစွာကို တိုက်ပြီးတော့ ချလိုက်ရင် [illegible] ဆင်မထန်ရှင်းတဲ့ သမ္မာဒိဋ္ဌိဖြစ်မသွားဘူးလား။

ဖြစ်ပါတယ်ဘုရား။

ဟိုထုန်းက ဆိုခဲ့တော့ အစွဲတွေကို ကြပ်ဖန်တောင် ဟောခဲ့ရသေး[illegible]ယ်၊ အခုတော့ အစွဲတွေက ၁၀-ခုတောင် တွေ့နေရတော့ကော [illegible]စွဲတွေကို ဦးပဉ္ဇင်းတို့က ထချပြီးတခုထုချဖြိုခဲ့ ပယ်နိုင်ရွှေသော [illegible] မိမိတို့ရည်မှန်းကြတဲ့ ကိလေသာကုန်ခမ်းပြီး အေးချမ်းတဲ့ [illegible]ဘုခကို ရမယ်လို့ ကြေနှမှတ်ယူနိုင်တယ်။

အဲဒီတော့ ဘုရားရှင်ရဲ့ ရည်မှန်းချက် ဖန်းတိုင်က ဘာလဲ- [illegible]သုခ ငြိမ်းချမ်းရေး။

အဲ - ငြိမ်းချမ်းရေး ဆိုတာက ကာယ၊မနဟု ဆို အပ်သော [illegible]ယ်၊ စိတ်နှစ်ရပ်လုံးမှာ အေးငြိမ်းမှု၊ ချမ်းသာမှု၊ သက်သာမှု [illegible]ခုပြောတဲ့ ၁၀-ခုသော အစွဲတွေ ပြုတ်နေတဲ့ လူသားတယောက် [illegible] အေးငြိမ်းမှု သန္တိ သုခကို လက်ငင်း မရနိုင် [illegible] [illegible]မောင်။

ရနိုင်ပါတယ်ဘုရား။

ရဘို့အလွယ်ကလေးရှယ်၊ ဘူ့မှာဆုတောင်းနေစရာ လိုသေး[illegible] လား။

မလိုပါဘူးဘုရား။

အဲဒီတော့ ဒီသန္တိသုခဟာ ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာ ဝင်များ [illegible] အရေးအကြီးဆုံး သုခဘဲ။

ဟုတ်ပါဘုရား။

အဲသန္တိသုခဟာ အသလဲ ဆိုတော့က အကျယ် ချဲ့ပြီးတော့ [illegible] ပြောမယ်ဆိုရင် ဝေဘိက၊ ကာယ၊ ဗျာသိ၊ မရဏ စသည်ရှိသော [illegible] [illegible] အသားလုံး [illegible] [illegible] ငြိမ်းရာလို့ ခေါ်ဆိုတယ် မဟုတ် လား။

www.burmeseclassic.com



မှန်ပါ။

အေးငြိမ်းမှုဆိုတာ ခန္ဓာကိုယ်ကြီး တည်မြဲ နေသမျှ ကာလ ပတ်လုံး ဒီသန္တိသုခဆိုတာ မရနိုင်ဘူးလား။

ရနိုင်ပါတယ်ဘုရား။

အဲ-သန္တိသုခ ရနိုင်သည်ဖြစ်သောကြောင့် အရှင်လပ်လပ်နဲ့ ရမဲ့ သန္တိသုခနဲ့ သေပြီးမှရမဲ့ သန္တိသုခတွေ့ ၂-မျိုးကို တကာ ကြီး ဦးဘမောင်ကို တကယ်လို့ အခုနေအခါ တစုံတယောက် လာပေးခဲ့ရင် ဘယ်သန္တိသုခကို ယူမလဲ။

ရှင်တဲ့ သန္တိသုခ ယူပါမယ်ဘုရား။

အဲ-အရှင်လပ်လပ်ခံစားရမဲ့ သန္တိသုခကိုသာလျှင် တကာကြီး တွေ၊ တကာမကြီးတွေ လိုချင်ကြတာ မဟုတ်လားလို့-

မှန်ပါဘုရား။

ဟိုသချိုင်းကုန်း ဟိုဘက်ရောက်မှ ဘာဖြစ်လိမ့်မယ်။

ဘာဖြစ်လိမ့်မယ်လို့ ဦးဘမောင် ယုံနိုင်သေးသလားလို့-

မယုံနိုင်တော့ပါဘူးဘုရား။

အရေးကြီးတာက အဲဒါဘဲ၊ အခုကာလာမ မင်းသား တို့ကို ပေးသစ်ခဲ့တဲ့ အစွဲ ၁၀-ချက် ဆိုတာလဲ ပယ်ဖျက်ဖို့ဘဲ၊ ဒီအစွဲ ၁၀-ချက်မျှ မကဘဲနဲ့ ဒို့တကာကြီးတွေ၊ တကာမကြီးတွေမှာ စွဲနေတာတွေ အများကြီးရှိသေးတယ် မဟုတ်လား။

မှန်ပါရှိပါတယ်ဘုရား။

အဲအများကြီးရှိတယ်၊ ဗမာလူမျိုးကလဲ ဗမာလူမျိုးအစွဲနဲ့၊ ကုလားလူမျိုးကလဲ ကုလားလူမျိုးအစွဲနဲ့၊ အဲဒီအစွဲတွေကို ဘာ လုပ်ရမှာလဲလို့ ဆိုတော့ ယုံယုံယယ ထွေးပိုက်ပြီးတော့ ထားဖို့



အစွဲတွေမဟုတ်ဘူး၊ အကုန်လုံးစွန့်ခွာပြီးတော့ ဖျက်ပစ်လိုက်ဖို့ အစွဲတွေ။

အစွဲတွေ ရှိနေသမျှ ကာလပတ်လုံး အေးငြိမ်းတဲ့ သန္တိသုခ ကို ဘယ်တော့မှမရနိုင်ဘူး ဟုတ်ကလား။

တင်ပါဘုရား။

အဲဒီအစွဲက ဘာကိုဖြစ်စေ တတ်သလဲ ဆိုတော့ အေးငြိမ်းမှုကို မဖြစ်စေဘဲနဲ့၊ သတ္တဝါတို့ကို ပူပန်မှုတွေချည့်ဖြစ်စေတတ်တဲ့ သဘောပေါက်ထားရမယ်။

မှန်ပါဘုရား။

အဲဒီတော့ စွဲတာနှင့်မစွဲတာ အင်မတန် ကွာခြားတယ်၊ သား တယောက်၊ သမီးတယောက် ကိုယ့်မှာရှိတယ်၊ အဲဒီသားနှင့်သမီး ကို စွဲတယ်၊ အဲဒီသားလေး နေမကောင်းရင် ကိုယ့်ကို အပူ ဆူ တယ် ဟုတ်ကလား။

မှန်ပါဘုရား။

အဲဒီသမီးကလေးသေသွားရင် ကိုယ့်ကို ဒုက္ခကူးတယ်၊ အဲဒါ ဘာကြောင့်လဲ အစွဲနဲ့လို့၊ အစွဲမနာတဲ့လူ သေတာကျတော့ မပူဘူး လောကကြီးမှာ တနေ့နေ့ သေနေတဲ့လူတွေဟာ ဘယ် လောက်များမလဲ။

အများကြီးပါဘုရား။

ရန်ကုန်မြို့မှာ သေနေတာတွေ ကြန်တောသချိုင်းတို့ သယ်ပို့ သွားနေကြတာတွေ နေ့စဉ်မပြတ်ဘူး။

ဒါပေမဲ့ တကာကြီး ဦးဘမောင်ရဲ့ စိတ်ထဲ ဘာမှဖြစ်သလဲ ဘာမှမဖြစ်ဘူး၊ ဒေးဒရဲ မြို့ထဲ မှာလဲ သေ သေသွားတဲ့ လူတွေ အများကြီးဘဲ မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



တင်ပါဘုရား။

အဲဒါ ဘာမှ မဖြစ်ဘူး ဦးဘမောင်၊ သို့ရာတွင် ကိုယ့်အိမ်ပေါ်သို့ ရောက်လာတဲ့ အခါကျတော့ ဘယ့်နှယ် ဖြစ်လာသလဲ တမျိုးဖြစ်လာတယ်။

တင်ပါဘုရား။

အဲဒါဟာလဲ အစွဲလေးကြောင့်ဘဲ၊ ဒီတော့ ဒီတစ်ကွေမှာရှိတဲ့ အစွဲတွေဟာ ဒို့ကိုသန္တိသုခ ပေးသလား၊ မပေးဘူးလား။ တွက်ကြည့်၊ သန္တိသုခ ပေးရင်တော့ စွဲပေါ့။ အဲ-အစွဲမှန်သမျှ ဘုရားက ဘာပြောသလဲ ဆိုတော့ အစွဲမှန်သမျှဟာ မင်းတို့ကို သန္တိသုခ မပေးဘူးတဲ့၊ အင်မတန်ပူပန်တဲ့ သောကား ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေကို ဖြစ်စေတတ်တယ်တဲ့ ဟုတ်လား ဦးဘမောင်။

မှန်ပါ။

သည်တော့ ဦးပဥ္စင်းတို့ လုပ်သွားလှက ဘာလုပ်ရမလဲဆိုတော့ အဲဒီကိုယ်ထိုက်လိုချင်တဲ့ သန္တိသုခ စည်းစိမ်ချမ်းသာ အေးမြသော သုခမဂ်လာကို တကယ် လိုလားတောင့်တတယ်။

အဲဒီလို လိုလားတောင့်တတဲ့အတိုင်း အခု တကာကြီး ဦးဘမောင်တို့မှာ ကိုယ်ရော စိတ်ရော မအားရအောင် မနေမနား ကြိုးစားအားထုတ်ရတယ်။

အဲဒီလို အားထုတ်သည့် အတွက် ကိုယ်လိုချင်သော သန္တိသုခ ကို ရ-မရဆိုတာကို သေးက လူတယောက်က လာပြီး ဆုံးဖြတ်ပေးလို့ ရနိုင်ပါ့မလား ဦးဘမောင်။

မရပါဘုရား။

မရဘူး၊ အဲဒါကြောင့် ဦးဘမောင် ကိုယ်တိုင် ကိုယ်စွဲနေတဲ့ အစွဲတွေဟာ လွဲနေတယ်၊ မှားနေတယ် ဆိုတာကို မြင်အောင်



ကြည့်ပြီးတော့ အဲဒီဟာဖြုတ်လိုက်ရင် သန္တိသုခဟာ ယုတ်ဆရော့ စင်ပြီးတော့ ဦးဘမောင်ရဲ့ ခန္ဓာကိုယ်နဲ့ ကိန်းအောင်း နေလိမ့်မယ်ဆိုတာကို ယုံကြည်ရဲ့လား။

ယုံကြည်ပါတယ်ဘုရား။

အဲဒီလို ယုံကြည်မှုရှိရင် ဘုရားက ဘာပြောသလဲ၊ ဒီအစွဲ တွေ ဖြုတ်ပြီးတော့ ဘာလုပ်ရမလဲတဲ့။ မင်းတို့ရဲ့ သုခချမ်းသာကို လိုသားတဲ့အတိုင်း မင်းတို့ကိုယ်တိုင် ရ၊ မရကို မင်းတို့ကိုယ် မိုင်ညဏ်ဖြင့် ချင့်ချိန် ပြီးတော့ကြည့်၍ မင်းတို့ သုခ လိုလားတဲ့ အတိုင်း ရလာတယ်ဆိုရင် မင်းတို့ အဲဒီလမ်းကို လိုက်ကြတော့ တဲ့၊ အဲဒီတရားကို မင်းတို့ ကျင့်သုံး ဆောက်တည်ကြ တော့တဲ့။

အဲဒီလို ကာလာမ မင်းသားတို့ကို ဘုရားရှင်က နောက်ဆုံး ဆုံးမတော်မူလိုက်တာ ဟုတ်လား။

မှန်ပါဘုရား။

အဲဒီ ဆုံးမတော်မူလိုက်တဲ့အတိုင်း အခုဦးဘမောင်တို့ အေး ဒရဲက တကာကြီးတွေ၊ တကာမကြီးတွေလဲဘဲ ဘုရားရှင် ထိုက် တော်မူတဲ့က ကာလာမ မင်းသားတို့ကို မှာကြားတဲ့ အတိုင်း အခုဟာပြခဲ့ပြီးတဲ့ အစွဲ ၁၀-ချက်ကို အကုန်ဖြုတ်ပြီးတော့ မိမိတို့ကျမ်းစာ၊ ပေထုပ်တွေထဲမှာ တွေ့သမျှတရား ကျင့်ကြံရော၊ အားထုတ်စရာ တရားများကို ကိုယ်ထိ လက်ရောက် ကျကျနန ကျင့်ကြံ ကြိုးကုတ် အားထုတ် စမ်းသပ်ခြင်းဖြင့် မိမိတို့လိုလားတဲ့ သန္တိသုခအစစ်ကို တကယ်ရနိုင်၊ မရနိုင်၊ ပိုင်ပိုင် နိုင်နိုင်ပြီး ဆုံး ဖြတ်မဲ့ တရားသူကြီးဟာ ဦးဘမောင် ကိုယ်တိုင်ဘဲ ဖြစ်တယ်လို့ နားလည်သွားပြီ မဟုတ်လား။

နားလည်ပါပြီဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲ နာ၊လည်း သွားရင် တကာမ ကြီးတွေလဲ ဒီ အတိုင်းဘဲ ကိုယ်ချမ်းသာဘို့ အတွက် လှူမျှားတကာက လာပြီးတော့ မပေးနိုင်ဘူး။

အဲ-အိုက်တဲ့အခါကျရင်ဖြင့် သူများတကာက ယပ်ခတ်ပေးနိုင်တယ်၊ အဲဒါလေးဘဲ ဖြစ်စရာရှိရဲ့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲ-လာယိက သုခ၊ စေတသိက သုခဆိုတဲ့ ကိုယ်နဲ့ စိတ် ၂-ခုလုံးတို့၌ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ရဲ့ အထွဋ်အထိပ်အလိုလားဆုံးဖြစ်တဲ့ သန္တိသုခဆိုတာ ကျတော့ မိမိကိုယ်တိုင်၊ မိမိကိုယ်ပိုင် အလုပ်လုပ်ယူမှ ရတယ်လို့ ဆိုတာကို သေဖေသ ချာချာ သဘောပေါက်ကြရင် ဘုရားရှင် ကိုယ်တော်မြတ်တရားတော်ကို နာရကျိုး၊ ဘုရားရှင် ကိုယ်တော်မြတ်၏ သာသနာ တော်နှင့် တွေ့ကြုံရကျိုး။

အဲဒီလို မိမိတို့ ဆရာသမားအဖြစ်နဲ့ သံဃာတော် အရှင်မြတ်တွေကို ကိုးကွယ်ရကျိုး၊ အဲဒီလို ယခုအချိန်အခါမျိုးတွင် တရားတော်တွေကို ကြားနာ မှတ်သားခွင့် ရတဲ့ သဒ္ဓမ္မဿဝန ဒုလ္လဘမျိုးကို ရရှိခြင်းသည် အင်မတန်မြင့်မြတ်တဲ့ လူ့ဘဝတန်ဘိုးအရှိဆုံးသော ကိစ္စတွေဘဲဖြစ်ပါတယ်။

အဲဒီကိစ္စတွေကို ငွေကုန် ကြေးကျမခံဘဲနှင့် သက်သက်သာသာ အင်မတန် အရေးကြီးတဲ့ ဒုက္ခကုန်ငြိမ်းရာ၊ သန္တိသုခရရာ ရကြောင်းဖြစ်တဲ့ နည်းကောင်း၊ လမ်းကောင်း၊ တရားကောင်းတွေကို ကြားနာရခြင်းသည်ပင်လျှင် တကာကြီးများ၊ တကာမကြီးများနှင့်တကွ ဦးပဥ္ဇင်းတို့ အားလုံးအတွက် အင်မတန် မြင့်မြတ်တဲ့ ဆုလာဘ်ကြီး တခုဘဲလို့ ကိုယ်တိုင် ကိုယ်ကျ မှတ်ယူ



ပြီးတော့ ကိုယ်တိုင် ကိုယ်ကျ ကျင့်ကြပါတဲ့ ဘုရားကဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

သည်တော့ ဦးပဥ္ဇင်းတို့ တရားပွဲမှာ အရေးကြီးတဲ့ ကိစ္စကဒါဘဲ၊ အစွဲကွာဘို့၊ ခါတိုင်းခါတိုင်းလဲ ဒီ-ဒေးဒရဲထောက်လာတဲ့အခါ ဒီအစွဲကွာရေး တရားတွေ တော်တော် ဟောပြီးပါပြီ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီတော့တချို့လူတွေမှာ ဘယ်နှယ်ဖြစ်သလဲဆိုတော့ အစွဲဆိုတာဟာဘယ်လောက် ပြင်းထန်ပြီးတော့ဘယ်လောက် အခွါရခက်တယ် ဆိုတာကို ဦးပဥ္ဇင်းတို့ တရားဟောတဲ့ ဘုန်းကြီးကပြောလို့ မဖြစ်ဘူး ဟုတ်ကဲ့လား။

မှန်ပါဘုရား။

ဘာပြုလို့လဲဆိုတော့ ကိုယ့်ကိုယ်တိုင် အစွဲတွေနဲ့နေကြတဲ့ ဦးဘမောင်တို့ကိုယ်တိုင်သာလျှင် ဘယ်လောက် ပြင်းထန်တယ်၊ ဘယ်လောက်ကပ်၍ ဘယ်လောက် စွဲတယ်၊ မြဲတယ် ဆိုတာကို ဦးဘမောင်တို့ ကိုယ်တိုင် သိမှာယ်မဟုတ်လား။

မှန်ပါ သိပါတယ်ဘုရား။

အဲ - သိပေါ့၊ အဲဒီလို ကိုယ်တိုင် သိရမယ်။ ဦးပဥ္ဇင်းတို့ကျတော့ ဘာဖြစ်သလဲ၊ သူ့မှာစွဲစရာမရှိလို့ ထင်ရာတွေ ရှောက်ပြောနေတာ၊ ဒီလို ခအောက်မေ့ချင် အောက်မေ့မယ် ဟုတ်ရဲ့လား။

တင်ပါဘုရား။

www.burmeseclassic.com



ကိုယ်လဲ ဘာမှစွဲစရာ မရှိဘဲဟာကိုး၊ ဒါပေမယ့်လို့ ဦးဘမောင်တို့ကျတော့ အိုးနဲ့၊ အိမ်နဲ့၊ သားနဲ့၊ သမီးနဲ့၊ ခြေရံသင်းပင်းနဲ့၊ စည်းစိမ် ဥစ္စာရတနာတွေနဲ့၊ အဲဒီတော့ အပြစ်ဖို့ ဥာဏ်တွေက အများကြီးရှိသေးတယ် မဟုတ်လား။

မှန်ပါဘုရား။

ဦးပဥ္စင်းတို့ကျတော့ အဲဒါတွေက ဘယ်လိုဖြစ်နေသလဲဆိုတော့ အလိုအလျောက် ကွာကျနေတယ်၊ ဘုရားက ဒါတွေကို မသုံးရဘူးဆိုကထဲက ဒါတွေ ပစ်ပယ်လာခဲ့တာ၊ ဒါပေမဲ့ အစွဲကျန်တန်သလောက် ကျန်နေသေးတာဘဲ အကုန်လုံး မခွါနိုင်သေးဘူး။

ဦးပဥ္စင်းတို့မှာလဲ အစွဲမရှိဘူးလို့တော့ မဆောက်မေ့ကြနဲ့၊ အနုနှင့်နှင့်အများ ရှိသေးတာဘဲ။ တကာကြီးတွေ၊ တကာမကြီးတွေဆီက လက်ပြောင်းပေးလိုက်တဲ့ အစွဲဘဲ။ အဲ-ကျောင်းထိုင်းထဲလာပြီးတော့ ကျောင်းလေး တဆောင်ဆောက်ပြီး လှူယ်ခဲ့တယ်ဆိုပါတော့။ အဲဒီကိုယ်တော်မှာအခက်ကြုံလာပြီ၊ အဲဒါကလေးကို တလဲသွားပြီး စွဲပြန်တယ်။ ကိုယ်ကိုယ်တိုင် ကလဲဆောက်ထာ မဟုတ်ဘူး၊ သူများတကာက ရေစက်ချပြီးတော့လဲပစ်ခဲ့တာနဲ့ အဲဒီဘုန်းကြီးက အဲဒီ ဟာလေးကို သွားပြီစွဲရပြန်တယ်။

ဒီတော့ ဦးပဥ္စင်းတို့အစွဲက မခွဲနိုင်၊ မခွါရက်လောက်အောင် စွဲထဲ့ ပြင်းထန်တဲ့ အစွဲတော့ မဟုတ်ဘူးလို့ ဆိုနိုင်ပါရဲ့၊ သို့မေမယ်လို့ စွဲတော့ စွဲကြတာဘဲလေ၊ မယုံ အဲဒီဇရပ်ကလေး ခိုနဲ့ပေါက်ကြည့်ကြပါလား။



အဲဒီလိုအစွဲကလေးတွေဟာ တဖြေးဖြေး များလာတဲ့အခါကျတော့ အင်မတန်ပြင်းထန်တဲ့ အစွဲကြီးတွေ ဖြစ်လာနိုင်တယ်။

အဲဒီလို အစွဲကြီးတွေ ဖြစ်လာရင် ကိုယ်ကျင့်ကြံ ကြိုးထုတ်အားထုတ်နေတဲ့ အလုပ်က ဥပါဒါန် အစွဲတွေ အကုန် ပြုတ်ပြီးတော့ သန္တိသုခရဖို့၊ ကိုယ်လုပ်နေထာက အစွဲတွေ တိုးပွားဖို့ ဖြစ်မနေတော့ပါကလား။

အဲဒီလို ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက်လွဲပြီးတော့ နေတဲ့ ကိစ္စတွေ အများကြီး တွေ့ရတဲ့ အတွက် တကာကြီးတို့၊ ဦးဘမောင်တို့ လူစုမှာ အဲဒီလို တဲ့လွဲကြီးမဖြစ်အောင် ကိုယ်သိုချင်တဲ့ သန္တိသုခကို တကယ်စစ်စစ် ရနိုင်တဲ့နည်းကတော့ အဲမနေ့ကပြီးယခုအထိ ကြားနာလာခဲ့ကြတဲ့ ကာလာမ မင်းသားများအား ဘုရားကဟောခဲ့တဲ့ အဲဒီ၁၀-ချက်သော အစွဲတရားတွေကို ဘာတခုမှ ချန်မထားဘဲနှင့် အမှန် တရားကို လက်ခွေ ကိုယ်တိုင်ကျင့်သုံး ဆောက်တည်မှသာလျှင် ဖိုလ္လတွေရဲ့ ပဓါနလုပ်ငန်းဘဲလို့ မှတ်ယူကြပါ။

မှန်ပါဘုရား။

ဒီတော့ ဒီအစွဲ ၁၀-ခု ပြုတ်လိုက်ရင် ဘာလုပ်ဖို့ ကျန်သေးလဲ၊ သစ္စာ လေးပါးကို လိုက်နာ ကျင့်သုံးကြဖို့ဘဲ ကျန်တော့တယ်၊ ဟုတ်ကဲ့လား ဦးဘမောင်။

မှန်ပါဘုရား။

သစ္စာလေးပါး ဆိုတာက စွဲနေဖို့ လိုသလား။

မလိုပါဘူးဘုရား။

အဲ-စွဲနေဖို့မလိုဘူး၊ ဒုက္ခဆိုတာ တကာကြီး ဦးဘမောင်ထနဲ့ချင်စွဲ၊ မစွဲချင်နေ၊ ဒုက္ခဟာ ဒုက္ခဘဲ၊ ဒီလိုမဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com



တင်ပါဘုရား။

အဲ-ဒုက္ခဘဲ၊ ဒုက္ခဘဲ စွဲနေလို့ သုခဖြစ်ရင်တော့ ဟုတ်ပြီပေါ့။

တကာကြီးက မစွဲလဲ ဒုက္ခဟာဒုက္ခဘဲ၊ စွဲလဲဒုက္ခဘဲ၊ မစွဲလဲ ဒုက္ခဟာ ဒုက္ခအတိုင်းပါဘဲ၊ အဲဒီတော့ တကာကြီး ဦးဘမောင်က ဒီဒုက္ခကိုမစွဲဘူး၊ အင်မတန်မုန်းတယ်၊ အင်မတန်ရွံရှာတယ်၊ အင်မတန်ကို စက်ဆုပ်တယ်၊ အိမ်ပေါ်ကို အတက် မခံချင်ဘူး ဆိုတဲ့ ဒီဒုက္ခဟာ တကာကြီး ဦးဘမောင်မှာ သမုဒယ ကလေး ရှိသမျှ ရှိနေမှာဘဲ မဟုတ်လား၊ မနေဘူး၊ အိမ်ပေါ် ရောက် ရောက်လာတယ် ဟုတ်ကလား။

မှန်ပါဘုရား။

အဲဒီတော့ ဒီလောက် မှန်တဲ့တရားကို ကိုယ်ကသိထားရမယ်၊ သိထားတော့ကာ ဒီဒုက္ခကိုစွဲခြင်း၊ မစွဲခြင်း၊ ချစ်ခြင်း၊ မုန်းခြင်း တို့ဟာ အပိုဘဲ။

လုပ်ရမှာကဘာလဲ - အဲဒီသမုဒယကို ဖြုတ်ရမယ်၊ သမုဒယ ကို ဖြုတ်လိုက်ရင် ဦးဘမောင်က အဲဒီဒုက္ခကို ဘယ်လောက်လို ချင်၊ လိုချင်လာပါအုန်းမလား - မလာတော့ဘူး။

အဲဒီ သမုဒယ မဖြုတ်ရင် သမုဒယကို တင်းထား လေလေ၊ ဒုက္ခတွေ တိုးတက်လာလေလေ၊ ပွားများလာလေ၊ ဒီလိုမဖြစ် ဘူးလား။

အဲဒီတော့ ဘုရားက အဲဒီ သစ္စာလေးပါးကျတော့ အနာနဲ့ ဆေးနဲ့ တွဲအောင် ပေးသွားတယ် မဟုတ်လား။

မှန်ပါဘုရား။

အဲဒီလို တွဲအောင် ပေးသွားတဲ့ အတွက် တကာကြီး ဦးဘ မောင် လက်ထဲမှာ ဆေးနည်းလဲရှိတယ် ဟုတ်လား။



မှန်ပါဘုရား။

အနာရောဂါ ပျောက်ဖို့ ဆေးကောင်းလဲ ရှိတယ်၊ အဲဒါ အပြင် အနာရောဂါတိုးဖို့ အဆွေ့ာ်တွေလဲ ထက်ထက်တ ကိုင် လို့ ရှိတယ်၊ ကဲ-သည်တော့ အဲဒီနည်းတွေထဲက ကြိုက်တာကို သုံးချင်ရာသုံးပေါ့။

တကာကြီး ဦးဘမောင် ကိုယ့်ကိုယ်ကို သနားရင် အဲဒီဒုက္ခ တွေပျောက်တဲ့ သမုဒယကို သတ်တဲ့ဆေးကိုသုံးပါဖို့ ဟုတ်ကဲ့ လား။

မှန်ပါတုရား။

အဲကိုယ့်ကိုယ် မသနားဘူးဆိုရင် ဒုက္ခတွေကို တိုးပွားရာ တိုးပွားကြောင်း၊ ကြီးပွားရာ ကြီးပွားကြောင်းဖြစ်တဲ့ ဆေးကို သုံးလိုက်ပေတော့ ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒါကြောင့် ကိုယ့်မှာရှိတဲ့ ဒုက္ခ ပျောက်ကင်းရာ ပျောက် ကင်းကြောင်းဖြစ်တဲ့ သမုဒယသတ်နည်းကား ဆေးက အလွန် ကလေးပါ၊ တာမှများတာ မဟုတ်ပါဘူး ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီ သမုဒယ သတ်ဖို့ရန် အတွက် ကျကြသမုတ္တို သုတ်ထို ဟောတဲ့အထဲက ၁၀-ချက်သော အစွဲတို့ကို မဂ္ဂင် ရှစ်ပါးထဲပါ တဲ့ သမ္မာဒိဋ္ဌိနဲ့ တိုက်ချပြီး အမြင်မှန် ပေါက်လိုက်တည်းနှင့် ဇာ ပိုင်နက် ဒီအစွဲတွေ အကုန်မပျောက်ဘူးလား။

ပျောက်ပါတယ်ဘုရား။

အဲပျောက်တယ်၊ အဲဒီသမ္မာဒိဋ္ဌိ အမြင်မှန် ရအောင် ကြိုးစား ပြီးတော့ ကိုယ့်ဟာကိုယ် အားထုတ်ပြကြမယ်ပါ၊ မိမိအချင်းတို့

www.burmeseclassic.com



ကြိုက်တဲ့ အားထုတ်ရမဲ့ ကိစ္စကသမ္မာဒိဋ္ဌိ အမြင်မှန်ပေါက်အောင် လုပ်ဖို့ပါဘဲ။

သမ္မာဒိဋ္ဌိမဂ္ဂင်ဟာ မနော်မျက်စေ့အရေးကြီးတယ်ဆိုတာကို ဦးဖွင့် တို့က ကြည့်ရမယ်၊ ကြည့်တဲ့အခါ ကျတော့ သုံးမယ်ပွယ်ရာတွေမြင် တရားတွေဟောပြီး လာခဲ့တယ်၊ အစွဲ ၁၀-ချက်ကိုလဲ အဝေးသန် ပစ်ပစ်ခါခါ လှင့်ပစ်ရမယ်လို့ ဦးပဥ္စင်းတို့ ဟောခဲ့တယ်၊ အဲဒီ အစွဲတွေဟာ ဒို့လူ့စုမှာ မရှိဘူးလား၊ ရှိသလား ကိုယ်တိုင် မေး ကြည့်ပါ၊ ရှိနေရင် ဒီအစွဲကိုဘာနဲ့ ဖြုတ်ရမလဲ၊ အဲဒီ သမ္မာဒိဋ္ဌိ မဂ္ဂင်နဲ့ ထဲ ဖြုတ်ရမယ်။

သမ္မာဒိဋ္ဌိ မဂ္ဂင် ဆိုတာကလဲဘဲ ကိုယ်ပိုင် ဥာဏ်နဲ့ ဆင်ခြင် စဉ်းစားပြီးတော့ ဒါ ဒုက္ခလား၊ ဒါ သုခလား၊ ဒါ ဒုက္ခ၏ အ ကြောင်းလား၊ ဒါသုခ၏အကြောင်းလား၊ အဲဒီ လေးချက်ကို သေသေချာချာတွက်ကြည့်လိုက်ရင် ဒီတရားကြီးတွေ၊ တရားမ ကြီးတွေ မမြင်နိုင်ဘူးလား ဦးဘမောင်။

မြင်နိုင်ပါတယ်ဘုရား။

ဆင်းရဲတခုတွေ့ရင် ဒီဆင်းရဲကို ညည်းနေလို့ မဖြစ်ဘူး၊ အဲဒီ ဆင်းရဲဟာ ဘာကြောင့်ဖြစ်သလဲ၊ ဟောဒီ ဒါလေးကို မေးလိုက်ရင် ဒီဆင်းရဲဟာ နဲနဲတော့ လက်ငင်း သက်သာသွားလိမ့်မယ် ဟုတ် ကဲ့လား။

မှန်ပါဘုရား။

အဲဒီ ဆင်းရဲသက်သာသွားရင် ဆင်းရဲတဲ့ အကြောင်းကို ဦး ဘမောင်တွေ့လိမ့်မယ်၊ ပျော်ပျော်ပါးပါး၊ ရွှင်ရွှင် လန်းလန်း နေလို့ တနေ့လုံး၊ ရည်းစားနှုတ်ဆက်ကာနှင့် အင်မတန်ပျော်မွေ့စရာ ကောင်းတဲ့ သုခကလေးကို တွေ့ရင် ညကျတော့ စဉ်းစားကြည့်



ပါ၊ ငါဒီ သုခကို ဘာ့ကြောင့်ရသလဲ၊ အဲလို ပြန်ကြည့်လိုက် ရင် အဲဒီ သုခချမ်းသာဆိုတဲ့ ပျော်ရွှင်မှု၊ မြူးရွှင်မှုတို့ကို ဖြစ်စေ တတ်တဲ့အကြောင်းကို သွားရှာတွေ့လိမ့်မယ်။

အဲဒီအကြောင်းတရားဟာ မှန်သလား၊ မမှန်ဘူးလား၊ တခါ ပြန်တွက်ကြည့်၊ မမှန်တဲ့ အဲဒီအကြောင်းနဲ့ ပျော်ရွှင်မြူးတူး မှုဖြစ်သလား၊ မဖြစ်ဘူးလား၊ ကြည့်[illegible] ပမာ အားမြင့် လူတယောက်ဟာ ခိုးလာလို့ ပစ္စည်းတွေ အများကြီး ရလာတယ်၊ ပုလိပ် လက်ကလဲ လွတ်လာတယ် ဆိုရင် သူ့မှာ ဝမ်းမြောက်မှု ရွှင်လမ်းမှု မဖြစ်ဘူးလား ဦးဘမောင်။

ဖြစ်ရပါမယ် ဘုရား။

အဲဒီဝမ်းမြောက်မှု ရွှင်လမ်းမှုဟာ ကောင်းသလား မကောင်း ဘူးလားဆိုတာ သူမစဉ်းစား၊ အဲဒီတော့ ဓိပ္ပာယ်ရလာလို့ ဝမ်း မြောက် ရွှင်လမ်းမှု ဖြစ်တယ်ဆိုတော့ အဲဒီ ဝမ်းမြောက် ရွှင် လမ်းမှုဟာ ကုသိုလ်ကြောင့် ဖြစ်သလား၊ အကုသိုလ်ကြောင့် ဖြစ်သလား။

အကုသိုလ်ကြောင့် ဖြစ်တာပါဘုရား။

အကုသိုလ်ကြောင့် ဖြစ်တယ်ဆိုရင် အဲဒီ ရွှင် လမ်း မှု တာ ဟန်ပမလား။

မဟန်ပါဘူး ဘုရား။

မဟန်ဘူးပင်လယ်ထဲသွား ငါးထောင်တဲ့ လူတယောက်ဟာ ငါးတွေအများကြီးရရင် ဝမ်းသာတယ် မဟုတ်လား။

မှန်ပါ၊ ဝမ်းသာပါတယ် ဘုရား။

အဲဒါ ပီတိသုခဖြစ်ပမလား။

မဖြစ်ပါဘူးဘုရား။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ဓလေ့အကြောင်းပြုတဲ့ တရားတော်၊ ဒါကြောင့်သမ္မာဒိဋ္ဌိ ဆိုတာက ကိုယ်မှာဖြစ်လာတဲ့ သုခ၊ ဒုက္ခတွေနဲ့ ပတ်သက်ပြီး အမြင်မှန်ဖို့လိုတယ်၊ အဲဒီ သုခ၊ ဒုက္ခ ၂မျိုးတို့ရဲ့ အကြောင်းမှန်ကို လိုက်လံစစ်ဆေးပြီး ကြည့်တတ်တဲ့ ဥာဏ်ပညာရဲ့ ဂုဏ်ကို သမ္မာဒိဋ္ဌိခေါ်တယ် မဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

ဒီတော့ ဦးပွင့်တို့နဲ့ ဘယ်လိုနယ် ဖြစ်နေသလဲဆိုတော့ ထိပေါက်တဲ့ လူတယောက် သွားမေးကြည့်ရင် နေ့ခက်အဝတန်းက ပြုခဲ့တဲ့ ကုသိုလ်ကြောင့်တဲ့၊ တကယ် သွက်သွက် လယ်ရော မဟုတ်လား။

ဟုတ်ပါဘုရား။

ယခုဘဝ ထိထိုးတာကို သူထည့် မတွက်ဘူးနော်၊ အဲဒီထိုးတာကို ထည့် မတွက်ဘူး၊ အဲဒီမှ မြသပ္ပာတို့ရဲ့ ကမ္ဘာကြီးတလမ်းစဉ်ပေးအနာကြီးက ဘယ်ခေတ်ကဆိုချော်ပြီး ဒီဗွီဘာသာ ထဲရောက်လာသလဲ မသိတော့ဘူး၊ အဲဒီလို ဖြစ်ရတဲ့ အတွက် ဘုရားက မဟုတ်ဘူး၊ မင်းတို့ ကောင်းတာတဲ့ဖြစ်ဖြစ်၊ ဆိုးတာတဲ့ ဖြစ်ဖြစ်၊ ကမ္ဘာလောကကြီးထဲမှာ ဖြစ်ဖြစ်သမျှ သင်္ခါရမှုတွေဟာ အကြောင်းမရှိဘဲ ဘယ်တော့မှမဖြစ်ဘူး၊ အဲဒီအကြောင်းကို မင်းတို့လိုက်နိုင်မှ၊ အဲဒီအကြောင်းတိုမြင်မှ၊ သမ္မာဒိဋ္ဌိဖြစ်မယ်လို့ ဦးပွင့်တို့ ဘုရားရှင် ကိုယ်တော်မြတ်က ဟောကြားခဲ့တယ်။

ရှင်အဿဇိနဲ့ သာရိပုတ္တရာ အလောင်း ဥပတိဿတို့ တွေ့တဲ့အခါမှာ သာရိပုတ္တရာ အလောင်း ဥပတိဿက မင်းတို့ဆရာ ဘုရားက တရားဟောသလဲကွဲ့လို့ မေးတယ်၊ အဲဒီလိုမေးတဲ့ အခါ



ကျတော့ အဿဇိမထေရ်က—

ယေဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော အာဟ ကို ပြန်ဖြေလိုက်တယ်။

ဟောဒီ အပုဒ်ကလေးကို ကြားလိုက်တာနဲ့ ဥပတိဿဟာ သောတာပတ္တိမဂ်သို့တချက်ထဲ ဆိုက်ရောက် သွားတယ်လို့ ဆိုတယ် မဟုတ်လား ဦးဘမောင်။

ဟုတ်ပါဘုရား။

အဲဒီတော့ကျွတ်တမ်းဝင်တာတယ်လောက်မြန်သလဲ ဒီဂါထာကလေးထဲမှာ တာခုတွေများပါသလဲလို့ စဉ်းစားစရာ မကောင်းဘူးလား၊ တကာကြီးတွေ၊ တကာမကြီးတွေ စိတ်ထဲမှာ အံ့ဩသွားစရာ မကောင်းဘူးလား၊ အဲဒီအံ့ဩသွားစရာ ကောင်းတာက ဘာပြုလို့လဲဆိုတော့၊ ကိုယ့်ဟာကိုယ်ဘဲ ဓမ္မတရားကိုသိနေတာဘဲ၊ သိပေမယ်လို့ တရားကို ကိုယ့်ဟာကိုယ့်ကို ထပ်ဆင့် မကြည့်လို့၊ မသိသယောင်ဖြစ်နေတာ။

ယေဓမ္မာ ဟေတုပ္ပဘဝါ တေသံ ဟေတုံ တထာဂတော - ဦးဘမောင်ဆိုတဲ့ လူတယောက် ကိုယ့်ဟာကို ထိုအယောင်လို့ အသိသာ၊ ဒီခန္ဓာကိုယ်ကြီးကိုလဲ နေ့စဉ် တွေ့မြင်နေရတယ်၊ ထိုး သပ်ကြည့်လို့လဲ တွေ့နေရတယ်၊ ဒါပေမယ်လို့ အဲဒါဘာ့ကြောင့် ဖြစ်သလဲ ဆိုတာ ကိုတော့ ဦးဘမောင် စဉ်းစားဘူးရဲ့လား။

မစဉ်းစားဘူးပါဘုရား။

အဲ မစဉ်းစားဘူးဘူး၊ အဲဒီလို မစဉ်းစားတော့သာ ဦးဘမောင်ဖြစ်ကြောင်း အခြေခံ သဘာဝကို မသိတော့ဘူး၊ ဦးဘ

www.burmeseclassic.com

www.burmeseclassic.com



မောင်ဟာ ဦးဘမောင်လို့ နာမည်တပ်ထားတဲ့ ဝိဉာဉ်ရုပ်ကြီး အပေါ်မှာ စွဲတဲ့အစွဲဟာ လျော့စပါးပြီးသွားပြီမထား။

မလျော့ပါဘူး ဘုရား။

မလျော့ဘူး၊ ကိုယ့်ရုပ်ကိုမှ မသိသ်နဲ့၊ ကိုယ့်ဟာကိုဘာမှန်း ကိုမသိဘူး၊ စွဲတယ်ဆိုတာတကာကြီးတွေအဲဒါပါဲ၊ ကိုယ့်ဟာကို ဘာမှန်းမသိလို့ စွဲတာ။

အဲဒီတော့ ဒီဘုရား ဟောတာက ယေမျှ ဟောတုပ္ပတ္တိ တာသံ ဟေတုံ တထာဂတော-အခု မြင်နေရတဲ့ ဦးဘမောင်တို့ ကစပြီး သစ်ပင်၊ တော၊ တောင်၊ ရေ၊ မြေ၊ သမုဒ္ဒရာ-ရှိရှိသမျှ သင်္ခါရတွေဟာ မိုးပေါ်ကျ အကြောင်းမဲ့သက်သက် ပေါ်လာ ကြတာမဟုတ်လို့ စွဲစရာပစ္စည်းတွေ မဟုတ်ဘူး၊ သူတို့ဖြစ်ပေါ် ခြင်း၏ အကြောင်းတရားရှိတယ်။

အဲဒီအကြောင်းတရားကိုမြင်မှ မင်းတို့လူရဲ့ အမြင်မှန်ပေါက် မယ်ထဲ့ မဟုတ်ကဲ့လား။

မှန်ပါတုရား။

အဲဒီတော့ ကိုယ့်ဟာကိုယ် စဉ်းစား ကြည့်ရမယ်၊ ငါဘာ လဲ လူဘဲ၊ လူဖြစ်ရင် ငါဘယ်ကလာတာလဲ မသိဘူး။

ဟော-အဲဒီလိုဖြစ်ထာ၊ အဲဒီကျတော့မှ တခါထဲ ပိုဘက် ဆက်ရှောက်သွားရင်မသိဘူး၊ မသိဘူး အဖြေပေးရတာတွေဟာ အများကြီး ရှိလာလိမ့်မယ်၊ အဲဒါမောဟဘဲ။

မောဟတွေအားကြီးရင် အဝိဇ္ဇာ၊ ဒီလူဟာ အမှောင်ကြီး ထဲ ရောက်သွားတာဘဲ၊ အမှောင်ကြီးထဲ ရောက်သွားရင် တော် တော်ကြာကျတော့ အဲဒီ အမှောင်ကြီးက မိုးပြ များတဲ့အခါ



ကျတော့ သုခလဲ သုခမှန်းမသိတော့ဘူး၊ ဒုက္ခလဲ ဒုက္ခမှန်း မသိ တော့ဘူး၊ အဲဒီ သုခ-ဒုက္ခတွေကို ဇွတ်ထိုးတော့တာဘဲ။

အဲဒီသတ္တဝါဟာ သံသရာထဲမှာ ကျင်လည်တို့ လမ်းစရှာနေ တဲ့ လူတွေဖြစ်လာတယ်။

အဲဒီတော့ သံသရာထဲက ထွက်ဘို့လမ်းစ တွေ့တဲ့လူက ကိုယ့် ဟာကိုယ် ဘာဆိုတာသိတယ်၊ အဲဒီတော့ ငါဟာဘာလဲ-လို့ဆို တဲ့ အခါကျတော့ ဒီအမှာဒိဋ္ဌိ ဉာဏ်ရှင်က ဘယ်လို သိသလဲ။

ဤခန္ဓာကိုယ်ဟာ ဘာလဲ၊ ဓာတုမဟာဘူတိကာသာ၊ မဟာ ဘုတ်လေးပါးဖြင့်ပြီးသော၊ ဩဒနကုမ္မာသုပစယသာ၊ ထမင်း မုန့်ဖျော် ယမကာ တို့ဖြင့် ကြီးပွားရ၍ လာရသော၊ ရူပကာယာ ယသ္မိ၊ ဤခန္ဓာကိုယ်-ထဲ့၊

ဦးဘမောင်ဆိုတဲ့ ခန္ဓာကိုယ်ဟာဘာလဲ၊ မဟာဘုတ်လေးခုဘဲ မဟုတ်လား။

မှန်ပါဘုရား။

အဲဒီ မဟာဘုတ်လေးခုဟာ ထမင်းစားတယ်၊ ရေသောက် တယ်၊ လေရှူတယ်ဆိုတဲ့ ဒီသုံးချက်ကြောင့် ဒီလောက်ကြီးကျယ် ထွားကြိုင်းတဲ့ ခန္ဓာကိုယ်ကြီး ဖြစ်လာတယ်၊ ဘယ်ဘုရားသခင် ကမှ ဖန်ဆင်းပေးတာ မဟုတ်ပါဘူး၊

အဲဒီသဘောတွေ ပေါက်လာတဲ့ အခါကျတော့ ဦးဘမောင် လို့ ဖြစ်နေရခြင်းရဲ့ အကြောင်းသို့တပြေးပြေးဆိုက်သွားတော့ မယ် မဟုတ်လား။

မှန်ပါဘုရား။

အဲဒီနေ့က မနပြီးတော့ နောက် ပြန် လိုက်ရတယ်၊ အဲ နောက်ပြန်လိုက်တဲ့ အခါကျတော့ ဘယ်ရောက် သွားသလဲ ဆို

www.burmeseclassic.com

www.burmeseclassic.com



တော့ အမေနဲ့ အမေ့ဆီ ရောက်သွားတယ်။

အဲဒီအမေနဲ့ အမေ့ဆီရောက်တော့မှ မောင်ဘုန်းဘုမောင်က ဖေးမှာ ထိုင်သေးသေး ကျေးဇူး ပုလုတွေ့လေးက စပြီး တော့ အဲဒီ ဒုက္ခတွေဟာ တခြေခြေမြီး ခံစားလာရတဲ့ ဒုက္ခတွေ ဟာ သူများအဖို့ မသိတယ်၊ ငါ့ရဲ့ခန္ဓာကိုယ်မှာတော့ အပြည့်အဝ ဖြစ်နေပါပကောလား-ဆိုတဲ့ ဒုက္ခဥာဏ် ဖြစ်လာမယ် မဟုတ်လား။

မှန်ပါဘုရား။

အဲဒီ ဒုက္ခဥာဏ်-ဖြစ်ရအောင်က ဒုက္ခ သမုဒယ ဥာဏ်က လာရမြဲတယ်။ အဲဒီပုလုတွေးလေး ကိုဘမောင် ကလေးက စပြီးတော့ ထွားကြိုင်းတဲ့ ယခု ဦးဘမောင်ကြီးအထိဖြစ်လာတဲ့ အဲဒီဖြစ်စဉ်မှာ ကြည့်လိုက်တဲ့ အခါကျမှတော့ ဒုက္ခကိုလက်ငင်း ချက်ခြင်း လိုက်ပေးနေတဲ့ သမုဒယဖြစ်မှုကလေးတွေကို သွား၍ တွေ့ရတယ်။

သွားတွေ့တော့ ဦးဘမောင် တာဝန်က အဲဒါတွေကို လုပ်ရ မှာလဲ၊ ထခြားဟိုဟာ ဒီဟာတွေ ရှောက်ပြီး လုပ်မနေနဲ့တော့၊ အဲဒီသမုဒယကလေးကို ခွါဘို့၊ သတ်ဘို့ဘဲ မဟုတ်လား။

မှန်ပါဘုရား။

အဲဒီ သမုဒယ ကလေးတွေကို ငြိမ်းသွားအောင် လုပ်ဘို့ဘဲ၊ သတ်နိုင်ရင် ချိုးဖြတ်အောင် ဖြတ်ပစ်လိုက်ဘို့ဘဲ။

အဲဒီ သမုဒယ ဖြစ်မှုတွေကို ချိုးဖြတ်အောင် ဖြတ်နိုင်ရင် ဦးဘမောင်၏ သန္တာန် အစဉ်၌ ဦးဘမောင် လိုလားတဲ့ သန္တိသုခကို ချက်ခြင်း၊ လက်ငင်း ဖြစ်ပေါ်၍ ရနိုင်ပါသည်။ အဲဒါ သဘောပေါက်ရဲ့လား ဦးဘမောင်။



ပေါက်ပါတယ်ဘုရား။

အဲသလိုပေါ်ပြီးမှ အကြီးကြီးတွေရော၊ အားလုံး ထက်ဘယ ကြီးတွေလည်းနိုင်ရင် အကျန်တော့လဲ၊ ကိုယ်တိုင်လုပ်မှ အဖွားဘဲ ကျန်တော့တယ် မဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒီသမုဒယကလေးကို ပယ်လိုက်ရင် ဦးလိုလားတဲ့သန္တိသုခ တော့ ရဖို့လွယ်ပြီဆိုဘာ ထာဝရချသာမှတ် ဟုတ်ကဲ့လား။

မှန်ပါဘုရား။

အဲဒါ မြမှားဘူး၊ ရန်ကုန်မြို့က ကာလသမ မင်းသားများကို ဘုရားပေးသတဲ့ အဖွဲ့ ဘုရားခန်းနဲ့ စိတ်ကြည့်တော့ ဖြတ်ရမှာတွေ တွေ့ပြီး အစွဲမြင်တဲ့ ဥပါဒါန်ဖြတ်ရင် သမုဒယဖြတ်မယ်၊ သမုဒယ ဖြတ်ရင် တကဲကို ဒုက္ခလဲ ဖြတ်တွက် ရတော့မယ်ဆိုတာ ဗုဒ္ဓ ဘုရားက စပြီးတော့ ယခုဦးဘမောင်တို့အထိ လက်ခံရွှေ့ ကျင့် ရမဲ့ တရားတဲ မဟုတ်လား။

မှန်ပါဘုရား။

လူများ မြော့ဖို့ မလိုတော့ဘူး၊ အဲဒီ သူများ မြှော်မှာလိုတဲ့ သမုဒယဖြတ်ရင် ဒုက္ခကုန်ရမယ်၊ ချုပ်ရမယ်ဆိုတဲ့ တရား ဆဲလို တထစ်ချ ဖုတ်ပြီး သဘောသ ထား တခြား မိမိတို့ ခန္ဓာ ကိုယ်နှင့် စိတ်သန္တာန် အစဉ်၌ ရှိပြီးနေတဲ့ ဥပါဒါန်ကို တရား တနေ့တခြား ခေါ်ပြီး စိတ်ချမှန် ယခုမျက်မှောက် ဘဝမှာပင် တစေတစ ပေါ်ပြီး ချမ်းသာလာမယ်။

တတ်နိုင်ပါက အကုန်လုံး သမုဒယ ဆိုတဲ့ ထတ္တာကိုပြီး နိုင်တဲ့ယာဘကျွားကောင်း၊ မိန်းမမြတ်ဖြစ်ဖို့ အလေ့ ပြုနေပေ ဦးဘမောင်။

www.burmeseclassic.com



ကြီးပါတယ်ဘုရား။

အဲဒါကြောင့် ဗုဒ္ဓပူဇနိယ ဗုဒ္ဓဘာသာ ခေတ်ကြီးရဲ့ ကြိုးကြိုက်ပြီး တော့ နေရတဲ့ ဦးပဉ္ဇင်းတို့ လူတုံမှာ အရေးကြီးတာက ဟိုဘက် ဘဝမှာ အာဖြစ်ဖို့၊ ဒီဘက် ဘဝကျွမ်း ဘာရဖို့၊ ညာရဖို့ ဆိုတာ တွေကို မအမျှော်ကြ၊ မမှန်းကြပါနဲ့လို့ ဦးပဉ္ဇင်းတို့က တောင်း ပန်လိုတယ်၊ ယခုလက်ငင်း တွေ့နေရတဲ့ ဗုဒ္ဓဂေါတမ ဘုရားနဲ့ သာသနာအတွင်းမှာဝင် ဗုဒ္ဓဂေါတမ ဘုရား ကိုယ်တော်တိုင်က ညွှန်ပြတဲ့ လမ်းစဉ်အတိုင်း အဲဒီဒုက္ခကို ဖြစ်စေတတ်တဲ့ သမုဒယ အငုတ်ကလေးကို ဖြုတ်ပစ် လိုက်ကြစမ်းပါ ဟုတ်လား။

မှန်ပါဘုရား။

ဒီဘဝတာဝန်ဟာဒါပါဘဲ၊ အဲ-သမုဒယအငုတ်ကလေးကို လုံးဝ မဖြုတ်နိုင်ဘူးဆိုရင် နဲ့ သွားအောင် လုပ်ကြစမ်းပါ၊ လုပ်သွား ရင် တနေ့ပြုတ်ဖို့ မွယ်လာပြီမဟုတ်လား ဦးဘမောင်။

မှန်ပါဘုရား။

အဲဒါကြောင့် ရှေးဘုရား အစရှိသော အရိယာ အပေါင်း သူတော် ကောင်း တို့ရဲ့ လုပ်ငန်းဆိုတာ အဲဒါဘဲ၊ ချက်ခြင်း လက်ငင်း ပက်ပင်းပေါ် တွေ့ကြုံနေရတဲ့ မိမိတို့ရဲ့ ဒုက္ခတရားတွေ ကို မြင်မြင်း၊ သိခြင်းအားဖြင့် အဲဒီဒုက္ခတွေ၊ ဆင်းရဲ တွေရဲ့ ရေသောက်မြစ်ကို ပယ်နုတ် ခုတ်ဖြတ်လိုက်တော် မူကြခြင်းဖြင့် လွတ်ငြိမ်းကြတယ်။

ဒီ-ဒုက္ခတွေဟာ အကုန် သေပြီးတော့ အကုန် ကျေသွားမယ် ဆိုရင် လူသားအားလုံးထဲမှာ သန္တိသုခ ဆိုတဲ့ နိဗ္ဗာန်ဓာတ်ကို မသောဘဲ ရရှိတွေ့မြင်ကြရတာဘဲ။



အဲဒါကြောင့် ရေသောက် မြစ်အဖြယ် ဖြစ်တဲ့ အစွဲတွေ အလယ်တွေ [illegible] မျိုးဖြိုသည့် အနက်ကို ယခု နှစ်ည ထိုင်တို့ ပေါ်လာခဲ့တဲ့ [illegible] ချက်ကို ရက်ရက်စက်စက် နိုတကာကြီး တွေ ပယ်ဖျက် ကြစမ်းပါ လို့ နောက်ဆုံးပိတ် အရေးကြီးလို့ ဦးပဉ္ဇင်းက တောင်းပန်တာပါ ဟုတ်ကဲ့လား။

တင်ပါဘုရား။

အဲဒီလို တောင်းပန်တဲ့အတိုင်း တကာကြီးတွေ၊ တကာမကြီး တွေက ကိုယ့်အစွဲကိုယ်သိသိတယ် ဟုတ်ကဲ့လား။

တင်ပါဘုရား။

ဦးပဉ္ဇင်းတို့က မသိဘူး၊ တကာကြီး ဦးဘမောင် ဘာစွဲတယ် ဆိုတာကို ဘေးလူက မသိဘူးမဟုတ်လား။

တင်ပါဘုရား။

အဲဒီလိုမသိတော့ ကိုယ့်အစွဲတွေကို တခုစီ၊ တခုစီ သေသေ ချာချာ ကိုယ့်မျက်စိအောက်မှာ ချချပြီးသကာလ အရေးမကြီး တဲ့ အစွဲတွေက စပြီးဖြုတ်ကြည့်ကြပေါ့။

အဲဒါကြောင့် ဘယ်သင်းဟာ အရေးမကြီးတဲ့ အစွဲဘဲဆိုတာ မှန်းထဲ ခင်ဗျားတို့ကိုယ်ဘိုင် သိကြပါတယ် ဟုတ်လား။

မှန်ပါဘုရား။

အဲ-ဦးပဉ္ဇင်းတို့ အုန်းကြီးဘွေကို ကြည့်လေ၊ အုန်းကြီးတွေ အရေးမကြီးတဲ့ အစွဲတွေကို အကုန် သုံးဖြုတ်ထားတာ၊ အခု ငုတ်ခနဲ ပေါ်လာတာပါဘဲ မဟုတ်လား။

မှန်ပါဘုရား။


အဲဒီတော့ အစွဲတွေအကုန်ပြုတ်တဲ့တနေ့ကျရင် ဒုက္ခတွေ အ ကုန်ချုပ်ငြိမ်းမယ်၊ ဒုက္ခတွေအကုန်ချုပ်ငြိမ်းရင် [illegible]

www.burmeseclassic.com



တန်ဖိုးသူခကို အပြည့်အဝရကြမယ်၊ အဲဒီလိုရနိုင်ကြရန်အလို့ငှါ သမ္မာဒိဋ္ဌိမှင်ကို အပြည့်အစုံရအောင် အမြင်မှန်ပေါက်ဖို့ လေ့လာသုံးသပ်ကြပါ။

အဲဒီအစွဲအလမ်းဆိုတဲ့ မျက်စိမှာကပ်နေတဲ့ ချေးတွေ၊ သျှော်တွေ၊ တိမ်သလာ တွေနဲ့ တူတဲ့ အစွဲတွေကို ခွဲပြီးတော့၊ ဖြိုပြီးတော့၊ ဖျက်ပြီးတော့ ချလိုက်ကြရင် သမ္မာဒိဋ္ဌိဉာဏ်နှင့် ကြည်ကြည် လင်လင်ကြီး အမှားနှင့် အမှန်ကို ခွဲခြား၍ မြင်ပါလိမ့်မယ်။



## သ–နိရောဓ မတ္တကာင်းခြင်း

ဗုဒ္ဓ၏ ဗျူဟ်ဂိုဏ်တို့တွင် အကြီးမြင့်ဆုံးနှင့် အထူး အခြားဆုံး တော်ယူရမည့် အချက်တစ်ချက်မှာ ၎င်း၏ "သ–နိရောဓပကျ"(၀၁) မိမိကိုယ်ကိုမိမိ ၎ တွက်မှုထင်းခြင်းပင်ဖြစ်သည်။

ထို့ကြောင့် "အတ်" သို့မဟုတ် "ငါ" ဟူသော စကားများ ဒါမျိုးဖြင့် ဆိုင်းသဥ်းလျက်ရှိချေသည်။ ယခုတော့လည်း ကျွန်ုပ်တို့သည် "ဂေါတမ-ဗုဒ္ဓ" ဟူသော နာမကို ပေးထားရုံမျှ၍ ပြောဆိုနေကြကုန်၏။ ၎င်းရာတွင် ၎င်းသည်အထိမ်းအမှတ် သက်သက်မျှသာဖြစ်သည်။ ဒါမှန်မှာ ဗုဒ္ဓပုဂ္ဂိုလ် နေ့ထိဉ္စရဲ၊ ရွေ့ဦးဟုံး "ဂေါတမ" ဟူသော ပုဂ္ဂိုလ်ရှိနေရန် မလိုသလောက် ဖြစ်ချေသည်။ သို့မှသာလျှင် "သိ·သူ" ဟူသော "ပုဂ္ဂလ" ပျောက်၍ တစ်စစ်ဖြစ်သော "နိရောဓ" အသိဉာဏ် သက်သက်ပေါ်ထွက်တင်မှား၍ လာနိုင်ခဲ့ချေမည်။

သန့်ရှင်းစင်ကြယ်သော၊ "အသိဉာဏ်" သည်သာလျှင် ဗုဒ္ဓ၏ အသွင် သဏ္ဌာန်ကို ဆောင်ယူ၍ ထင်ရှားလာ၏။ ဤသို့သော သဘာဝကို သနားတွယ်တာငဲ့သော ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် အဘယ်မှာ နားလည်နိုင်အံ့နည်း။

'ထို့ကြောင့်ပင်' သူသည် သားတော် ရှုတ်နုက် ယက်ခဲ့ပြီး ကပိလဝတ်မြို့တွင် လမ်းကြီး၊ လမ်းငယ်တို့၌ ဆွမ်းခံ ကြွသည်ကို မကျေမနပ် ရင်ပတ်စည်တီး ငြူစူခဲ့ရ၏၊ သို့ပင် ဖြစ်စေကာ အကြွင်းအခါ၌ ငါ၏သားတော်သည်၊ ယခု ဂေါတမဘုရားမည်သင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေပြီဟု အိမ်မြင်လော်၏၊ ထိုအခါ သူ၏ မျက် စိ ပွင့် သွား လေ၏၊

ထိုနောက် ၎င်း၏ကြွင်ယာတော် ယသော်ဓရာလည်း "ဗုဒ္ဓ သရဂုဏ်" တည်လေသည်၊ ဤနေရာ၌ "ဗုဒ္ဓသရဏဂုဏ်" တည် မှုမှာ တစုံတယောက်သော ပုဂ္ဂိုလ်ကို ကိုးကွယ်မှု၊ ဆည်းကပ်မှု မျိုး မဟုတ်ချေ။

အဟုတ် အ မှန် ကား စင် ကြယ် လှ သော ဉာဏ်တော်၏ "မဟာတ္တဂုဏ်"ကို အသိဉာဏ်ပြုခြင်း သက်သက်မျှသာဖြစ်သည် ဆိုသည်။ ထို့ကြောင့် အခုအခါ ဗုဒ္ဓသည် ဂေါတမ၏ အမြေ အရံအားလုံး ကုန်စုံအောင်တို့ကို ...ဗ်ဆက်စက်ဖြစ်သော မျက် စိဖြင့်ကြည့်ရှုလေပြီ၊ သို့ဖြစ်ရကား ...သော်ရောသည်ယင်းသည် အခါ၌ ဂေါတမ၏ ချစ်အပ်သော ဇနီးသယ်ကလေး မဟုတ် တော့ပြီ၊ ၎င်းသည်ဗုဒ္ဓ၏"အနန္တသိမ မဟာကရုဏာ"ကိုပြီးစေသူ တဦးသာဖြစ်တော့သည်။

ထို့ပြင် သားတော် ရာဟုလာသည်လည်း သကျသာကီဝင် မင်းမျိုး၏ အမွေခံ၊ အမွေဆက် မဟုတ်တော့ပြီ၊ သူသည် ဗုဒ္ဓ၏ "အတုလနိယ" အတုမရှိ၊ အတုမရှိသော ဓမ္မရာဇ်၏ အမွေခံ သည်သာလျှင် ဖြစ်တော့၏။ ရာဟုလာအို ဓမ္မအမွေ ပေးရာ၌ ဗုဒ္ဓသည် အရှင်သာရိပုတ်အား၊ သာရိပုတ္တရာ - ရာ ဟု လာ ကို ဆံပင်ရိတ်လျှ၍ ဖန်ရည်ဆိုးအဝတ်ဖြင့် ရဟန်းဘောင်သို့ သွင်း လိုက်လော့ ဟု မိန့်ခဲ့လေ၏။

ဗုဒ္ဓ၏ ထိုမျှ ငါအတ္တ၊ အတ္တနိယ သဘောမှ ကင်းခြင်းကို ကြည့်လော့၊ မိမိ၏တဦးတည်းသော သကျနိုင်ငံ၏ ထီးမွေ၊ နန်း မွေခံဖြစ်သော သားတော်ကြီး ဩရသကို အနာဂါရိက ဆိုးမဲ့



အိမ်မဲ့ဘဝသို့ သွပ်သွင်းနိုင်ခဲ့သော မဟာ ပုရိသကား လက်ရှိ ကပ္ပါရာဇဝင်တို့၌ မထင်ရှားသော အချက်တရပ် ဖြစ်ခဲ့သည်။

ယင်းသို့ဖြစ်ရာ အနုပါဒါန် သဘောတရား၏ အထွတ်အထိပ် ကျလှသော (၀၁) အမြင့်မြတ် ဆုံးသော သာဓကကို ကျွန်ုပ်တို့ သည် ဗုဒ္ဓ၏ဖြစ်စဉ်၌သာ တွေ့ရှိနိုင်လေသည်။

## သဘာဝ အမှန်သည် ဗုဒ္ဓအတွက်ဖြစ်ခြင်း

ယနေ့ ကမ္ဘာ လောကအတွင်းရှိ သဘာဝ အမှန်သည် ဗုဒ္ဓအ တွက်သာ ဖြစ်ကြလေသည်၊ မှန်လှ၏၊ ဗုဒ္ဓသည် မိမိဆောင်ရွက် လုပ်ကိုင်သမျှ၊ ဟောပြော သမျှသော လုပ်ငန်းကိစ္စ တရားမှု တို့၌ ငါ့ဖွဲ့တည်းဟူသော အတ္တဝါဒုပါဒါန်ကို ဝင်ရောက် နှောင့် ယှက်ခွင့် မပေးသည့်အပြင် အမြဲတစေ ၎င်းကိုချေမှုန်းပယ်ဖျက် ခဲ့၏၊ ထို့ကြောင့် သဘာဝအမှန်သည် ဗုဒ္ဓအတွက် ဖြစ်ခဲ့၏။

## ဗုဒ္ဓသည် သဘာဝမှန်ကန်ရေးအတွက် မဟုတ်

ယနေ့လက်ရှိ ဗုဒ္ဓဘာသာဝင်တို့၏ ယူဆချက်ကား ဗုဒ္ဓသည် လောက သဘာဝ မှန်ကန်ရေးအတွက် ဖြစ်ပေါ် လာသည်ဟု ယူဆပြောဆိုနေကြ၏၊ မှားလေစွ၊ အမှန်မှာ ဗုဒ္ဓသည် သဘာဝ မှန်ကန်ရေးအတွက် ဖြစ်ပေါ်လာသည်မဟုတ်၊ သဘာဝ အရှ ကသာလျှင် ဗုဒ္ဓအတွက် ဖြစ်ပေါ်လာရသည်၊ မှန်လှပေ၏။

ဥပ္ပါဒါ ဝါ တထာ ဂတာနံ၊
အနုပ္ပါဒါ ဝါ တထာ ဂတာနံ၊
ဌိတာဝ သာ ဓာတု၊
ဓမ္မဋ္ဌိတတာ ဓမ္မနိယာမတာ။

စသော ပါဠိတော်များဖြင့် ထင်ရှားစေခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



အဓိပ္ပါယ်ကား "တထာဂတ" ဟူ၍ ဗုဒ္ဓရှင် ပွင့်တော်မူခြင်း၊ မပွင့်ပေါ်သော အခါမှာသော်လည်း မပြန်ဆန်အပ်သော ထိုသဘာဝ အမှန်ဖြစ်သော သဘောတရားများ တည်ရှိသည်သာ လျှင်ဖြစ်သည်။ ထိုနည်းအတူပင် ကာလသမ ပုဂ္ဂိုလ်တို့ကို ဖော်ပြသော ဒေသနာ၌လည်း ပုဂ္ဂိုလ်တို့ ပယ်ဖျက်၍ ရှာဖွေ တော်သာလျှင် အမှန်တရားကို တွေ့နိုင်သည်ဟူ၍ မိန့်မြွက် ခဲ့လေသည်။

**အနုပါဒါန တရားထင်ရှားခဲ့ပုံ**

ဤသည်မှ အနုပါဒါန သဘောတရားသည် ဗုဒ္ဓပွင့်ပြီး နောက် ပိုင်းတွင် (၀၁)မူ၌ ပရိနိဗ္ဗာန်ပြုခါနီး အခါကာလ သမယတွင် ပေါ်လွင်ထင်ရှားခဲ့သည်။

မှန်လှ၏၊ "အရှင်မြတ်ဘုရား ကြွင်းကျန်ရစ်သော တထာဂတ ၏ ရှိမှသာ ကိုယ်ကာယကို တပည့်တော်များ မည်သို့ ပြုလုပ်ရ မည်နည်း"-

ဟူ၍ ဗုဒ္ဓ ပရိနိဗ္ဗာန်ပြုခါနီး၌ အရှင်အာနန္ဒာက မေးလျှောက် လေပြီ။ တုယ်တာ၊ ၎င်း ကွက်ခြင်း ကမ်းတော်မူသော "အနုပါဒါန မူ" သည် မည်သို့ ပြန်လည်မိန့်ကြားရှ် ဖြေဆိုတော် မူသနည်း၊ ကြည့်စမ်းပါဦးလော့။

**ဗုဒ္ဓက ပြန်လည်ဖြေကြားသည့်စကား**

အာနန္ဒာ သင်တို့သည် တထာဂတ၏ ကိုယ်ခန္ဓာကို ပူဇော် ခြင်းဖြင့် မိမိတို့ကိုယ်ကို မိမိ အနှောင်အဖွဲ့ မဖြစ်ပါစေလင့်၊ သင် တို့သည် မိမိတို့အရေးအတွက် အမှန်ကို စုံမြဲစွာ ရှာဖွေကြိုးကုတ် အားထုတ်ကြလော့။ အမှန်မှုကို ရှာဖွေရာ၌ မိမိတို့၏ လုံ့လ



ဝီရိယကို အသုံးပြုကြလော။ မိမိကိုယ်ကို မိမိ၏ ကိုးကွယ်ရာ၊ အားထားရာအဖြစ်၌ တည်ပါစေလော့။ မိမိမှတပါး အခြား သော သူတပါးတို့ကို ပိုမိုရှ်အားထားမပြု၊ မလုပ်ကြလေနှင့်-ဟု ဗုဒ္ဓက အရှင်အာနန္ဒာအား ပြန်လည်ဖြေကြားတော် မူခဲ့၏။

**အနုပါဒါန မိန့်ခွန်း**

ထို့ပြင် ပရိနိဗ္ဗာန် ပြုခါနီး၌ ဘိက္ခုသံဃာအတွက် ဝိသေသ မှာထားချက်များ ထားခဲ့ပါဦးဟူ၍ အရှင်အာနန္ဒာက လျှောက် ထားပြန်သော အခါ၌လည်း ဗုဒ္ဓကပြန်ကြားခဲ့သော အနုပါဒါန မိန့်ခွန်းမှာ "ဘယ်လိုလဲ - အာနန္ဒာ -" သင်တို့၏ ဘိက္ခုသံဃာ သည် ငါ့ထံမှ ဘာကိုအလိုရှိသနည်း။ "ဘယ်လိုလဲ - အာနန္ဒာ" သင်တို့၏ ဘိက္ခု သံဃာက ငါသည်ဘိက္ခုသံဃာကို ဦးဆောင် နေသည်၊ ဘိက္ခုသံဃာသည် ငါ၏အလိုအတိုင်း ဖြစ်သည်။ ထို့ ကြောင့် ဘိက္ခုသံဃာအတွက်တစုံတခုသော အမိန့်စကားထားခဲ့ ပါအုန်း။

ဒီလိုလား အာနန္ဒာ - အဲဒီလို ငါရဲ့ သဘော မထားဘေး အနန္ဒာ၊ ငါသည် သင်တို့ဘိက္ခုသံဃာသည် ဦးဆောင်၍ သင်တို့ ဘိက္ခုသံဃာသည် ငါ၏နောက်လိုက် ဖြစ်တယ် လို့ ငါထုံးစံ သဘောမှထားခဲ့ဘူး။

ဒါကြောင့် "သင်တို့ဘိက္ခု သံဃာတွေအတွက် ငါသာစကြား ခဲ့ရအုန်းမှာလဲ" ဟူ၍ အနုပါဒါနမိန့်ခွန်းတို့ကို မြွက်ကြားတော် မူခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## ယနေ့ဘိက္ခုတို့ စဉ်းစားရန်

ထိုသည့် ဗုဒ္ဓ၏အနုပါဒ်န မိန့်ခွန်းကို အပြန်ပြန်၊ အထပ်ထပ် လေ့လာ သုံးသပ်အပ်သည့်ရှိသော် ယခု ဘိက္ခုတို့လိုက်နာကျင့် သုံးနေကြတဲ့ ဝိနည်းကို ဗုဒ္ဓရဲ့ အာဏာ ဒေသနာလို့ သုံးစွဲထုံး လုပ်ကာ ပြောနေကြတာဟာ ဘယ်လိုပါလဲ။ အထက်က ဖော် ပြထားခဲ့ပြီးဖြစ်တဲ့ အနုပါဒ်နှ မိန့်ခွန်းဟာ ဗုဒ္ဓရဲ့ မိန့်ခွန်း ဟုတ် ခဲ့သော် အာဏာ ဒေသနာတော်လို့ ဆိုတာ ဟုတ်၊ မဟုတ်၊ မှန် မမှန် ယနေ့ဘိက္ခုတို့ စဉ်းစားရန်ဖြစ်သည်။

## ဗုဒ္ဓစကားမှန်က ဥပါဒါန် လုံးဝမပါ

"အံမိစတ္တာနုပဿုပ္ပါဒါနက္ခန္ဓာပိဒုက္ခာ" ဆိုတဲ့ ဗုဒ္ဓရဲ့ စကားကို ထောက်ထားဘိသော် ဗုဒ္ဓရဲ့ စကားမှန်က ဥပါဒါန်လုံးဝ မပါ ဘူးဆိုတာ အလွန်ထင်ရှားပါတယ်။ ၎င်းမြင်-

"ငါ - သူတပါး - ယောကျ်ား - မိန်းမ၊
မစွဲမှလျှင်၊ အစွဲစင်မှ၊
ပြည်ခွင်နိဗ္ဗာန်၊ ရောက်ကြောင်းမှန်သည်၊
ကေန်ဗုဒ္ဓ ဟောထုံးတည်း"

ဆိုတဲ့ဗုဒ္ဓဖြစ်စဉ်ကို ထောက်ထား ပြန်ရင်လဲ ဗုဒ္ဓစကား မှန်က အစွဲ အလမ်းဆိုတဲ့ ဥပါဒါန် လုံးလုံး ကင်းစင် နေတယ်ဆိုဒါ ကောင်းကင်ယံမှာ ဗျိုင်းပျံအသို ထင်ရှားနေပြန်တယ်။

အဲဒါလိုဖြင့်လဲ ယနေ့ဘာသာရေး ခေါင်းဆောင် လုပ်နေ ကြတဲ့ဘိက္ခုများနှင့်တကွ ဗုဒ္ဓဘာသာလို့ အမည်ခံယူ ထားကြတဲ့ လူသားတွေလဲ စဉ်းစားရန်ဖြစ်ပြန်တယ်။



## ယနေ့ဝိနည်း

ယနေ့ ဘိက္ခုထံတာလို့ ဆိုတဲ့ ဂိုဏ်းပေါင်းစုံ ဘုန်းကြီးတွေ လိုက်နာကျင့်သုံးနေကြတဲ့ ဝိနည်းကို မင့်ညှာဘဲ လေ့လာ သုံး သပ် ကြည့်လိုက်ရင် ဥပါဒါန် စာလုံး တခဲကြီး ဖြစ်ရှိနေဒါကို တွေ့ရပြန်တယ်၊ ယနေ့ဝိနည်းက-

"ငါ-သူတပါး၊ ယောကျ်ား-မိန်းမ၊
ဝိသေသမှု၊ စွဲကြစေရန်၊
မိန့်တော်ပြန်သည်၊ လာဟန်ဝိနည်း၊
ဟောထုံးတည်း"

အဲဒီလိုဖြင့် "ဗုဒ္ဓ၏ ထူးခြားပုံ" အရပ်ရပ်က စာရှုမရှိသတ် တွေ အထူးပင် သိအပ်လှပေသည်။

## ဗုဒ္ဓ၏ ထူးခြားချက်

ဤကမ္ဘာလောကအတွင်း ပေါ်ပေါက်ခဲ့သမျှသော ခေါင်း ဆောင်တို့တွင် မည်သည့်ခေါင်းဆောင်မျှ မိမိထည်ထောင် ခန့် ဆင်းထားတဲ့ ဘိက္ခုသံဃာ အဖွဲ့အစည်း အဖျုးကို ဒါခယောက် စင်ကြယ်သန့်ရှင်းတဲ့ အနုပါဒ်နှ ဖြင့် (ဝါ) အစွဲ အလမ်း လုံးဝ မရှိဘဲ ဖွဲ့စည်းထားခဲ့ မသွားခဲ့ဘူးသေးချေ။

ဒါပေမယ်လို့ ဗုဒ္ဓမှာတော့ ဥပါဒါန် ဆိုလို့ (ဝါ) အစွဲ အလမ်းဆိုလို့ အနံ့အသက်မှ မထင်ခဲ့ပေ။ ဤသို့ဥပါဒါန်ကင်း လွတ်ကင်းတဲ့ အကြောင်းကြောင့်သာလျှင် သူ၏ ရိုက်ရာတိုင်း သံဃာတွေကို ဦးဆောင်မှုပေးရန် ခေါင်းဆောင် ထားခဲ့ခြင်း မရွေးချယ်ခဲ့ခြင်း၊ မရည်ညွှန်းခဲ့ခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဓမ္မာဓိဋ္ဌာန်အားဖြင့် သူ၏ ဘိက္ခု သံဃာကို ဓမ္မ ဝိနယဆိုတဲ့ လမ်းမှန်သာလျှင် ထားခဲ့ခြင်းကို ထောက်ရှုခြင်းအားဖြင့် ဗုဒ္ဓရဲ့ ပုဂ္ဂလာဓိဋ္ဌာန် ကင်းမှုနှင့် ဓမ္မာ ဓိဋ္ဌာန် အားကြီး မှုကို တွေ့မြင်နိုင်လေသည်။

ဤမျှ ဓမ္မာဓိဋ္ဌာန် ကင်း၍ ထိုမျှ ပုဂ္ဂလာဓိဋ္ဌာန် ကင်းတဲ့ အခြား သာသနာတခုကို ကမ္ဘာ့သမိုင်း၌ တွေ့ရှိနိုင်ရန် မလွယ်ကူလှချေ၊ အခုလို အမြွက် လောက်ဖော်ပြခဲ့တဲ့ အချက် တွေကို ထောက်ရှု ဆင်ခြင်ခဲ့ရင် ဗုဒ္ဓရဲ့ အနုပါဒါနနဲ့ အနိရုပယေက္ခ သဘောတရား များသည် ထင်ရှားစွာပေါ်လွင်၍လာချေမည်။

ဤသည်တို့ကို ထောက်ရှု၍ပင် ဗုဒ္ဓဟာ လောကအမြင်ဘက် သို့ ရောက်နေပြီဖြစ်၍ လောကသား တို့နှင့် အရာရာ တိုင်းတွင် တိုက်ဆိုင်တော့မည် မဟုတ်ချေ၊ လောကနှင့် လောကသားတို့၏ အလုပ် မှန်သမျှကို အမြဲတမ်း အပြစ်ရှာနေတဲ့ သူတော် သူမြတ် တဦးသာ ဖြစ်သည်ဟူသော မှားယွင်းတဲ့ ယူချက်လဲ ပေါ်ထွက် လာတတ်ချေသည်။

အမှန်မှာ ဒီလိုလဲ မဟုတ်ခဲ့ချေ၊ ဗုဒ္ဓဟာ အဲဒီ ရှုပ်ထွေးချက်နဲ့ ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်လျက် တည်ရှိသည်၊ သူသည် ဗုဒ္ဓ အဖြစ်သို့ ရောက်သည်နှင့် တပြိုင်နက် ထောက်ထား ညှာတာ အလွန်ကြင်နာတတ်တဲ့ ဆရာတဦးလဲ ဖြစ်လာလေသည်၊ လူသားနှင့်ထက္ကသော လူ့ လောကကြီး တခုလုံးသည် ဗုဒ္ဓရဲ့ အမြဲတမ်း ဖတ်ရှုရန် သင်ခန်းစာ စာအုပ်ကြီး တအုပ် ဖြစ်လာလေသည်။

ပြည့်စုံတဲ့အနုပါဒါနသမားတဦးအဖြစ်မှ မလှုပ်မယှက်ကြဲ့ ခိုင် တည်ရှိနေသူ ဖြစ်စေကာမူ ဗုဒ္ဓသည် ဘိက္ခုသံဃ အဖွဲ့ အစည်း ကြီးတရပ်ကို စည်းစနစ်ကျစွာ တည်ထောင်ခဲ့လေပြီ၊ အသီးသီး



သော သာဝက (ဝါ) တပည့်၊ သာဝိကာ (ဝါ) တပည့်မတို့ရဲ့ အဝတို့ကို သီးသန့်ပြီး စဉ်းစား ဆင်ခြင်ခြင်းကို အမြဲပြုခဲ့လေ သည်။

ထို့ကြောင့် ပကတိအားဖြင့် ဗုဒ္ဓရဲ့ သဘာဝဟာ နူးညံ့ သိမ် မွေ့လှ၏၊ သူ့ရဲ့ အရှိန်ဟာ လောကနဲ့ လောကသားတို့ရဲ့ အဝ ကို ယခုခေတ် သမယတိုင်အောင်ဘဲ ဟပ်လျက်ရှိချေသည်၊ သို့ပင် ဖြစ်စေကာ ဗုဒ္ဓဟာလူ့ သဘာဝကို လျစ်လျူရှုပြီး ဥပေက္ခာပြုထား ခဲ့သည်မဟုတ်ချေ။ သူ့ရဲ့ အတ္ထုပ္ပတ္တိ ဗုဒ္ဓဝင်ကို ကြည့်ရှု ထေ့လာ တဲ့ အခါ ကြီးကျယ်တဲ့ ကိစ္စများ၌သာမက သေးငယ်တဲ့ ကိစ္စ ၌ပင် သူဟာ လူ့ သဘာဝကို ထင်ရှားပေါ်လွင်စေခဲ့လေသည်။

ဥပမာ။ ။ခရီးဝေးက ကြွလာတဲ့ ရဟန်းများနဲ့ တွေ့ရ လို့ ရှိရင် သူသည် ရှေးဦးစွာ ဤသို့ မေးမြန်းလေ့ ရှိသည်။

က။ ဘယ့်နှယ်လဲ၊ ချစ်သားကျန်းကျန်းမာမာချမ်းချမ်း သာသာဘဲ မဟုတ်လား။

ခ။ လမ်းခရီးမှာကော ဘေးဥပဒ်တစုံတရာ မတွေ့ခဲ့ဘူး မဟုတ်လား။

ဂ။ ဆွမ်းစတဲ့ ပစ္စည်း၄-ပါးတို့ကို မငြိုမငြင်ရခဲ့ဘဲနဲ့ လား။

အဲဒီလိုဖြင့် လူ့ သဘာဝ မကောင်းတဲ့ အလ္လာပ၊ သလ္လာပစကား တွေကိုလဲ ပြောကြားပြီးတဲ့နောက်—

ချစ်သား-ဝါကော၊ ဘယ်ဝါ ရှိခဲ့ပြီလဲလို့ အလေး သိကွာ၊ ဝါကို မေးမြန်းလေ့ ရှိခဲ့ရ—

ရဟန်း။ ။အရှင်မြတ်ဘုရား - တပည့်တော် ဝါ [illegible] ရပါ သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓ။ ။ချမ်းသာစေလိုသော အသင်သည် အဘယ်ကြောင့် ကြီးမြင့်လှသော ဆောင်းညဉ့်ကို နေ့ခဲ့ရပါသလဲ။

ရဟန်း။ ။အရှင်မြတ်ဘုရား တပည့်တော်ဟာ အလွန်ကြီး ကျယ်တဲ့ လူဘဝ၊ နတ်ဘဝ တို့ရဲ့ အပြစ်အာဒီနဝ တွေကို တွေ့မြင်ခဲ့ရလို့ ပါ။

ထိုမေးလို့စတဲ့ အမေး အဖြေတွေကို ထောက်ရှုခဲ့ရင်လဲ ဗုဒ္ဓဟာ သူ့ရဲ့ တပည့်သာဝကတွေပေါ်၌ မိဘ၊ ဖတို့ရဲ့ ကြင်နာ သနားမှုမျိုး ထားကြောင်း ထင်ရှားလေသည်။

အဇာတသတ် ဘုရင်လို အဖကို သတ်ဖြတ်တဲ့သူ၊ (သို့မဟုတ်) အတယ်မာတာ၊ အမ္ဗပါလီ၊ ဝိမလာစတဲ့ ပြည့်တန်ဆာမ မိန်းမ တစ်မျိုး တို့အား သနား ချစ်ခင် မြင်တွေကို ပေါ် ပြ နိုင် တဲ့ ယောကျ်ားမြတ်ဟာ သူ့ရဲ့ တပည့် သိက္ခာသားတွေ အပေါ်၌ ကရုဏာရှင် ဖခင်ကြီးရဲ့ သဘောကို ဘာ့ကြောင့် ဒလဟော မသုံးဘဲ ရှိတော့မှာလဲ။

ထို့ပြင် လူသားတွေဟာ မကျန်းမာတဲ့ရဟန်းတို့ရဲ့ အနီး အပါးမှာ ရောဂါဝေဒနာရဲ့ အကြောင်းကို မေးမြန်းလျက် အရှေး ကြင်နာစွာ စမ်းသပ်ပြီးနေတဲ့ ဗုဒ္ဓကို ကြိမ်ဖန် များစွာ တွေ့မြင်ရလေသည်၊ ၎င်းတို့တွင် အရှင်အာနန္ဒာနှင့် အတူတကွ ရောဂါဘယ ရဟန်းထံပါးအား ပြုစုတဲ့အကြောင်းကား အလွန် ပင် ထင်ရှားလှချေသည်။

တခါသော် တစုံတခုသော မသင့်တင့်မှုကြောင့် ဆိမ်မှုထွက် ပြေးလာခဲ့တဲ့ ခရီးသည် ပန္တကာတဦးဟာ ဗုဒ္ဓ သီတင်း သုံးတဲ့ ကျောင်းသင်္ခမ်းသို့ ဆိုက်ရောက်၍ လာတယ်၊ ဒီအခါ သူဟာ ကျောင်းတံခါးဝမှာ ထိုင်ပြီးနေပါတယ်၊ အဲဒီသူ ငိုနေတဲ့နေရာ



သို့ ဗုဒ္ဓကြွလာတယ်၊ သူဟာ ကျွန်ုပ်ရဲ့ ဦးခေါင်းကို ပွတ်သပ် ပေးပြီးနောက် ကျွန်ုပ်ကို မေ့ ပိုက်ပြီး ကျောင်းအတွင်းသို့ ပွေ့ ဆောင်သွားကာ ခြေထောက်ပွတ်ခါဖို့ ခြေသုတ်ပုဆိုးကို ပေး ပါတယ်။

ဘဂဝါ တတ္ထ အာဂန္တွာ၊
သိသံ မယှံ ပရာမသိ၊
ဗာဟာယ မံ ဂဟေတွာန၊
သံဃာရာမံ ပဝေသယိ၊
အနုကမ္ပါယ မေ သတ္ထာ၊
ပါဒါသိ ပါဒ ပုဉ္ဆနိ ။ (ထေရဂါထာ)

သတ္ထာ၊ ငါငိုရှိနေတဲ့ ထိုနေရာသို့။ ဘဂဝါ။ ဘုန်းတော်ရှင် သည်။ အာဂန္တွာ၊ ကြွလာရလေပြီး။ မယှံ၊ ငါ၏။ သီသံ၊ ဦးခေါင်း ကို။ ပရာမသိ၊ ကြင်နာစွာ ပွတ်သပ်၍ပေးလေပြီ။ မံ၊ ငါ့ကို။ ဗာဟာယ၊ လက်ရုံးတော်ဖြင့်၊ ဂဟေတွာ၊ ပွေ့ပိုက်၍။ သံဃာရာမံ၊ ကျောင်းအတွင်းသို့။ ပဝေသယိ၊ ဆောင်သွင်းခဲ့လေပြီ။ သတ္ထာ၊ ဗုဒ္ဓ ရှင်သည်။ မေ၊ ငါ့အား။ အနုကမ္ပါယ၊ သနားသဖြင့်။ ပါဒပုဉ္ဆနိ ၊ ခြေသုတ်အဝတ်ကို။ ပါဒါသိ၊ ထိုယ်တိုင်ယူ၍ပေးခဲ့ လေပြီ။

ထိုနည်းအတူပင် မိဖ လင်သား ပစ္စည်းဥစ္စာများပါ ဆုံးရှုံး လာသဖြင့် အဝတ်သန်ဆာမကပ် အရူး ဘဝ ရောက် လာ သော ပဋာစာရီကိုလဲ "နှမသယ် သတိထား သတိထား" လို့ သတိပေး ဆုံးမပြီးလျှင် သိက္ခုနီမ အဖြစ်သို့ မြှင့်တင်ပေးခဲ့လေပြီ။

တဖန် ဗုဒ္ဓရှင်သည် ပရိနိဗ္ဗာန် ပြုခါနီး သမယ်မှာ သုဘဒ္ဒ မည်တဲ့ ပရိဗိုဇ်ကြီး တပါး ဗုဒ္ဓရှင်ကို ဖူးမျှော်ဖို့ ဆိုက်ရောက်

www.burmeseclassic.com



လာခဲ့လေပြီ၊ ထိုအခါ စဉ်းစားဉာဏ်နဲ့ ပြည့်စုံတဲ့ အရှင်အာနန္ဒာ က ဤသို့ပြောဆိုပြီး သူ့ကိုဟန့်တားလိုက်လေပြီ။

"မိတ်ဆွေသုဘဒ္ဒ၊ ထထာဂတကို ဒုက္ခမပေးလိုပါနဲ့၊ ဗုဒ္ဓရှင် ပင်ပန်းနွမ်းနယ်၍ နေရှာပါပြီ"

အဲဒီလို ဟန့်တားလိုက်တဲ့ အရှင်အာနန္ဒာရဲ့ စကားကို ဗုဒ္ဓရှင် ကြားလိုက်တော့ လျင်စွာဘဲ အရှင် အာနန္ဒာအား ဤသို့အမိန့် ချလိုက်လေသည်။

"အနန္ဒာ-သုဘဒ္ဒကို ဟန့်တားခြင်း မပြုပါနဲ့၊ သူဟာ မြင့် မြတ်တဲ့ ဆန္ဒဖြင့် မေးမြန်း လျှောက်ထားရန် လာခြင်းဖြစ် တယ်၊ ငါ့ကိုဒုက္ခပေးရန် လာခြင်း မဟုတ်ပါဘူး၊ အာနန္ဒာ ခွင့်ပေးလိုက်ပါ"

ဒီတော့ ရှင်အာနန္ဒာက မိတ်ဆွေသုဘဒ္ဒ - လာခဲ့ပါတော့ ဗုဒ္ဓ ရှင်ဟာ သင့်အား အခွင့်ပေးခဲ့ပြီလို့ ပြောဆိုခွင့်ပြုလိုက်ရတယ်။

သုဘဒ္ဒ ပရိဗိုဇ်ဟာ အရှင်မြတ်ရဲ့ ထိုကဲ့သို့သော အခြေအနေ မှာဘဲ၊ သူ့ရဲ့ အဆုံးအမနှင့် တရား ဥပဒေတို့ ရလိုက်ပါသေး တယ်၊

ဗုဒ္ဓရှင်အဖို့မှာတော့ တရားဟောရန် အချိန်အခါ မဟုတ်တဲ့ အခါသမယ မရှိခဲ့ပါဘူး၊ သူ့ရဲ့ တရား အတွက် သူတပါးမှာ အ ကျိုးတက်ရန် ရှိမယ်ဆိုရင် ဗုဒ္ဓဟာ အချိန်ရှိသမျှ တရားဟောရန် အသင့်ရှိခဲ့တယ်လို့ ဆိုလိုပါတယ်၊

ဗုဒ္ဓသည် ယောကျ်ား တပည့်များလိုဘဲ သူ့တပည့်မများ ကိုလဲ ထူးခြားတဲ့ ကျင့်နာခြင်းဖြင့် သနား ကျင်နာခဲ့ပါတယ်၊ သူသည် မိန်းမသား တို့ရဲ့ စွမ်းရည်သတ္တိ ဉာဏ်ပညာတို့ကို ချီး ကျူးခဲ့လေ့ ရှိပါတယ်၊ ထိုခေတ်အခါ၌ အထက် တန်းစားတွေ



ပါလို့ ခေါ်ဆိုသတ်မှတ် အပ်ကုန်တဲ့ ယောကျ်ားကြီးတွေအား တရားမှ ဟောပြဆုံးမပြီးနေတဲ့ သူ့ရဲ့တပည့်မများကို ကြိမ်ဖန် များစွာ တွေ့ရှိပါတယ်။

ဓမ္မဒိန္နာ ထေရီမနဲ့ ဝိသာခါ သေဋ္ဌေးကြီးတို့ရဲ့ ဆွေးနွေးပွဲ ကတော့ ထုတ်ဖော်လို့ မပြုရင်မဖြစ်တဲ့ သာဓက တရပ်ဖြစ်ခဲ့ပါ တယ်၊ ထို့မှတပါး သုဘာသုမေဓ၊ ရောဟိနီ၊ ကေလာ၊ သောမာ၊ ပဋာစာရီ၊ မဟာပဇာပတီ စတဲ့ ဗုဒ္ဓရဲ့ တပည့်မ ထေရီကြီးတွေ ဟာ အမြဲတမ်း လူထုတရပ်လုံးကို တရားပြပြီး လူထုတရပ်လုံး ရဲ့ အကျိုးကို သည်ပိုး ရွက်ဆောင်လျက် နေခဲ့ကြပါတယ်။

ဗုဒ္ဓရဲ့ အကြွင်းမဲ့ ဖြစ်ကြတဲ့ တပည့်နဲ့ တပည့်မတွေဟာ သူ တို့ရဲ့ဆရာ ဗုဒ္ဓရှင်အပေါ်မှာ မလှုပ်မယိုင်ကြံ့ခိုင်တဲ့ ယုံကြည် ချက်ကို ထားရှိကြပါတယ်၊ သူမတူတန် အတုလဲ့အောင် သူ့ကို ရိုသေ ဖူလေးစား ခဲ့ကြပါတယ်၊ သာဓကအနေဖြင့် ဗုဒ္ဓရှင် ပရိ နိဗ္ဗာန် ပြုတော့မယ်လို့ ကြားလိုက် ထာနဲ့ တပိုင်နက် အချို့ သော တပည့်များဟာ ရင်ပတ်စည်တီးပြီး သည်းထန်စွာ ငိုကြွေး ကြပါတယ်။ အချို့သော တပည့်တို့သည် ဒါးဖြင့်ခုတ်ဖြတ်လိုက် တဲ့ သစ်ပင်ကဲ့သို့ အရုပ်ကြိုးပြတ် မြေပြင်မှာ လဲကာ ထုကြ လိမ့်ကြ၊ ငိုပွဲဆင်ကြတယ်၊ အရှင်အာနန္ဒာသည်ပင် ကျောင်း တွင်းသို့ဝင်၍ တံခါးတိုင်ကို ကိုင်ပြီး သည်းထန်စွာ ငိုကြွေးခဲ့ တယ်၊ အချို့သော မဟာနန္ဒာကြီးများပင် သတိသမ္ပဇဉ်ကို ရှေ့ သွားပြုလျက် ဒုက္ခကို သည်းခံ၍ နေကြရတယ်။

## ဗုဒ္ဓ၏ မိန့်ကြားချက်

ဗုဒ္ဓသည် သူ့ရဲ့တပည့်တွေအပေါ်၌ သာချစ်ခင်ယူ ဖော

www.burmeseclassic.com

www.burmeseclassic.com



ပြန့်အမြဲထမ်း ကြည့်ရှုလေ့ရှိသဖြင့် တပည့်များ သက်သာရစေကြောင်း ကောင်းမြတ်တဲ့ ဤသည့် စကားကို မိန့်ကြား ခဲ့ပါတယ်။

"ဘယ့်နှယ်လဲ ချစ်သားတို့၊ ချစ်ခင်တဲ့ အရာအားလုံးနဲ့ ကွေကွင်းရလိမ့်မယ်၊ ဖြစ်လာတဲ့သင်္ခါရ ဟူသမျှဟာ ပျက်စီးခြင်းသာ အဆုံး ရှိကြတယ်-ဆိုတဲ့ စကားကို စောစောကြီးက ကြိုတင်ပြီး ငါကိုယ်တိုင် ထုတ်ဖော်သွင် ဟောခဲ့သည် မဟုတ်ဘူးလော၊ ဖြစ်တဲ့ အရာ မပျက်ပါစေနဲ့လို့ ဆိုခြင်းငါ ဘယ်မှာရကောင်းမလဲ ရဟန်း"

ဤသို့လျှင် ပရိနိဗ္ဗာန် ပြုခါနီး ကာလ ခါသမယ၌ ဗုဒ္ဓသည် အိမ်ကျွံ သံဃာနဲ့ အနာဂတ် သားများရဲ့ ကောင်းကျိုးကို လိုလားခဲ့၏။ ထို့ကြောင့်-

"ရဟန်းတို့- ငါသည်အကြင်အကြင်သို့သော တရားတို့ကို ဟောဖော်ပြသခဲ့၏။ ထိုထိုတရားတွေကို သင်တို့သည် ကောင်းစွာ သင်ယူ၍ကျင့်သုံးကြလော့၊ ပွားများအားထုတ်ကြလော့ ငါတို့ဆရာ ဘုရား ကြွသွား ခဲ့ပြီ၊ ငါတို့မှာ ဆရာမရှိတော့ပြီဟူ၍ သင်တို့ ဖြစ်ချင် ဖြစ်လိမ့်မည်။ ချစ်သားတို့-ဤသို့ကား မဖြစ်ကြပါလေနှင့်"

"ငါသည် အကြင် ဓမ္မနဲ့ ဝိနယကို ဟောခဲ့၏၊ ၎င်းသည် ငါလွန်ပြီးနောက် သင်တို့ရဲ့ ဆရာ ဖြစ်ပေလတ္တံ့"

ဤသို့ဖြင့် ဗုဒ္ဓသည် ပရိနိဗ္ဗာန် ပြုခါနီးဖြစ်တဲ့ အနည်းငယ်တို့ကောင်းလှတဲ့ အချိန် ကာလ ဆလေးမှာပင် သူ့ရဲ့တပည့်များအတွက် ထူးခြားတဲ့ စကား တရပ်ကို လေးနက်စွာ မိန့်ကြားညွှန်ပြခဲ့လေသည်။



## ဗုဒ္ဓနှင့် လူ့သဘာဝ

မေ့မဆနာ့ပတိ ရှင်သာရိပုတ်နဲ့ ရှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန် ပြုခါနီး၌ ဗုဒ္ဓသည် သူ့ရဲ့တပည့် ကြီးများအပေါ်၌ မည်မျှအလေးပြု ဂရုစိုက်ကြောင်းကို ပေါ်လွင်စေခဲ့လေသည်။ သို့ပင်ဖြစ်စေကာမူ ၎င်းတို့ သေဆုံးခြင်းဖြင့် သောက၊ ပရိဒေဝ မဖြစ်ခဲ့ချေ၊ ဤကား ဗုဒ္ဓရဲ့ ထူးခြားပြည့်စုံတဲ့ လူ့သဘာဝပင် ဖြစ်ချေသည်။

## ဗုဒ္ဓကျောင်း အထိမ်းအမှတ်

တခါသော် အဇာတသတ်သည် ဗုဒ္ဓရှင်တော်ကို ဖူးမြင်ရန် ဇီဝကနဲ့ အတူ ကျောင်းတော်သို့ သွားတဲ့အချိန်ကား ညနေချမ်းသမယပင် ဖြစ်လေသည်။ အမှောင် ခါတ်သည် တဖြည်းဖြည်း အားပြည့်လျက် အမှောင်တုံး၊ အမှောင်ခဲကြီး ဖြစ်၍လာသည်မှာ ကန့်လန့်ကာ မဲကြီး ကာသီး ထားသကဲ့သို့ ဖြစ်လေသည်၊ ဗုဒ္ဓရဲ့ ကျောင်းတော်အနီးသို့ ချဉ်းကပ်တဲ့အခါ အဇာတသတ်မှာ ကြက်သီးမွေးညှင်းထပြီး ထိတ်လန့်သွားလေသည်။

ထိုအခါ အဇာတသတ်က ပြောသည်မှာ-

အမျှင်း ဇီဝက - သင်သည် ငါ့ကိုလိမ်ပြီး ခေါ်လာတာ မဟုတ်ဘူး မဟုတ်လား၊ ဘယ့်နှယ်ကြောင့် ဒီကျောင်းမှာ သံဃာတော် ၁၂၀၀ ကျော်နဲ့ ဗုဒ္ဓရှင် သီတင်းသုံးတယ် ဆိုပြီး ခေါ်လောက် များတဲ့ သံဃာတော်တွေထဲမှာ ချောင်းဆိုးသံ ချေသံကလေးမှ မကြားရပါကလား၊ အဟုတ်မှ ဟုတ်ရဲ့လား ဆရာရယ်-ဟု ပြောရ လောက်အောင် ထိတ်ထိတ်ပျာပျာ နှစ်ခါ ဖော်သည်။

www.burmeseclassic.com



ဥပဂကိုပြန်ပြောသည်မှာ အို-အရှင်မင်းမြတ် - မကြောက်ပါနဲ့၊ ဖြောင့်ဖြောင့် ကြည့်တော်မူပါ၊ အဲဒီ မဏ္ဍပ် အတွင်းပါ မီးကလေး လက်နေပါကို မြင်တော်မူပါစ၊ အဲဒီနားမှာ အရှေ့ မျက်နှာ တွဲတွဲလှဲပြီး ထိုင်နေသူဟာ ဗုဒ္ဓရှင်ပါပဲလို့ ပြပြီး ပျောက်ကွယ်သွားတော့မှ သက်သာရာရသွားခဲ့ဘူးလေသည်။

ယင်းသို့ဖြင့် ဆိတ်ငြိမ်မှုနဲ့ သန့်ရှင်း မှုတို့ဟာ ဗုဒ္ဓကျောင်းတော်ရဲ့ အထိမ်းအမှတ်များ ဖြစ်လေသည်။

## ငြင်းခုံမှုကို အလိုမရှိတဲ့ ဗုဒ္ဓ

ဗုဒ္ဓသည် ယခုခေတ်သား သာသနာပြုဆရာများကဲ့သို့ သူ၏ ဝါဒဖက်သို့ လူသားတွေကို ဆွဲရန် ထူးကဲစွာ မလုံးပမ်းခဲ့ချေ။ မှန်လှပေစွာ၊ သိဟစစ်သူကြီးနှင့်ပါလိသေဋ္ဌေးတို့ရဲ့ အတ္တုပ္ပတ်ကို ထောက်ခြင်းအားဖြင့် သူ၏ ကျယ်ပြန့်တဲ့ နှလုံးသားကို တွေ့မြင်လေသည်။ သူသည် ဗုဒ္ဓဝါဒီဝင် ဖြစ်ပြီးကုန်သော (ဝါ) သော တာပန် အဖြစ် သို့ပင် ရောက်ပြီး ကုန်သော (ဝါ) လူသောရင် လူဖြစ်နိုင်သော အကြောင်းရှိက လူသားဖြစ်တယ်လို့ အမှန် သိမြင်ပြီး ဖြစ်ကုန်သော ဥပါလိနှင့် သိဟတို့အား ဗုဒ္ဓဝါဒီဝင် ဖြစ်ပြီးနောက်၌ သူတို့ရဲ့ဆရာဟောင်း၊ သမားဟောင်းများကို ရှေးကလို လှူဒါန်းပေးကမ်းခြင်းကို ရိုသေ ကိုင်းရှိုင်းခြင်းအမှုကို ပြုကြကုန်လော့-ဟူ၍ အမိန့်ရှိလေသည်။

ဗုဒ္ဓရှင်သည် သူ၏ တပည့်များကိုလဲ ဤသို့ပင် ဆုံးမလေ့ ရှိလေသည်။ သူသည် မည်သည့် အယူဝါဒနဲ့ ပုဂ္ဂိုလ်ကိုမျှ ကဲ့ရဲ့ ပြစ်တင်လေ့မရှိချေ။ ငြင်းခုံမှုကို အရိယာ-ပရိယေသန လမ်းစဉ်၌ အမှန်ရဲ့ လက္ခဏာတရပ်ဖြစ်တယ်လို့ ဘယ်အခါမှ အသိအမှတ်



မပြုခဲ့ချေ။ စဉ်းစားဆင်ခြင်မှု၊ စမ်းသပ်မှုတို့သာ အမှန် ဖက်သို့ သွဲ့ဆောင်တဲ့ လမ်းညွှန်များ ဖြစ်ကြကုန်၏ ဟုဆုံးမ လေ့ရှိလေသည်။ ဤသို့ဖြင့် ဗုဒ္ဓသည် ငြင်းခုံမှုကို အလိုမရှိဖြစ်သည်။

## ရှင်ခြင်းထက် သေခြင်းကို မြင့်မြတ်သည်ဟုယူဆသော ဗုဒ္ဓ

ဗုဒ္ဓသည် အသက်ရှင်လျက်နေမှု၌ မြင့်မြတ်လှပါ၏။ ဒါပေမယ်လို့ သူသည် သေမှု၌ ထိုထက်ပင် ပိုမိုကြီးမြင့်လှပေသည်။ အမှန်မှာ သူ၌ သေမှုပင် မဖြစ်ခဲ့သေးချေ။ အကယ်လို့ သာ ဗုဒ္ဓသေသွားခဲ့ရင် ဗုဒ္ဓသာသနာရဲ့ အနက် အဓိပ္ပါယ်မရှိ ဖြစ်တော့မည်။ အကြောင်းမူကား ဗုဒ္ဓသည် မွေးခြင်း၊ အိုခြင်း၊ သေခြင်းမှ လွတ်မြောက်မှုကို ပြောပြသူဖြစ်လေသည်။ သို့ပါလျက် သူကိုယ်တိုင်ကတော့ သေအုန်းမယ်ဆိုရင် အဓိပ္ပါယ်မဲ့ချေမည် ဖြစ်သောကြောင့်တည်း။ ဒါဖြင့်ရင် သူသည် အိုခြင်း၊ သေခြင်းမှ လွတ်မြောက်ခြင်းကို ရရှိပါရဲ့လား။

မချွတ် ဧကန် ရသူ မှန်ပါသည်။ ပြဿနာကိုဖြေရန် သူ၏ကိုယ် ကာယ ရုပ်သဘာဝ၌ အိုခြင်း၊ သေခြင်းတို့ရဲ့ နိမိတ် လက္ခဏာများ ထင်ရှားပေါ်လွင်၍ လာကြပါကုန်၏။ ဒါပေမယ်လို့ သူသည် ၎င်းတို့ကို မခံစားတော့ချေ။

www.burmeseclassic.com